


တက္ကသိုလ်
မေတ္တာအစ သိုင်းကျမ်းအဆုံး
ဇာတ်လမ်းအသစ်စက်စက်
ပထမပိုင်း

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တက္ကသိုလ်

# နေလင်းအောင်

# မေတ္တာအစ သိုင်းကျမ်းအဆုံး

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၈၀၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၉၉၀၅၀၇

၂၀၀၅ - ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ - ၅၀၀
တန်ဖိုး ၁၀၀၀/ - ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း
ဖိုးဝအောဖ့်ဆက်
အမှတ် ၁၄၇၊ ၄၅ - လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၂၀၃၃၅

## အခန်း(၁)

# ခရီးကြုံညှော့သည်

လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က သိုင်းလောကတွင် သံမဏိလက်ဝါးဟူသော အမည်ဖြင့် သိုင်းသမားတစ်ယောက်ပေါ် ထွက်လာခဲ့ဖူးသည်။

သံမဏိလက်ဝါးဆိုသည်မှာ ထိုသိုင်းသမားထံ၌ ရှိနေသော သံမဏိဖြင့် ပြုလုပ်ထားသည့် လက်ဝါးပုံကို အစွဲပြုကာ သိုင်းလောကသားများက တင်စားခေါ်ကြခြင်း ဖြစ်ပါသည်။ သူ၏အမည်ရင်းမှာ "ထင်မင်း"ဟု ဖြစ်သည်။ ထင်မင်းသည် ကိုယ်ပိုင်တီထွင်ထားသော သံမဏိလက်ဝါးသိုင်းပညာဖြင့် သိုင်းလောကသို့ ခြေချလာခဲ့သည်။ ထင်မင်း၏ သံမဏိလက်ဝါးသိုင်းပညာမှာ ထူးခြားဆန်းကြယ်ပြီး ထိုသိုင်းကွက်များအား ထင်မင်းက သံမဏိလက်ဝါးပုံပေါ်၌ အသေးစိတ် ရေးသားကာ မှတ်တမ်းတင်ထားခဲ့သည်။ ဤသို့ဖြင့် ထင်မင်း၏ ကိုယ်ပိုင်သိုင်းပညာအဖြစ် မှတ်တမ်းတင်ထားသော သံမဏိလက်ဝါးမှာ သိုင်းလောကတစ်ခုလုံး လိုချင်မက်မောကြသော ရှုးစမ်းလေ့လာချင်ကြသော ရတနာပစ္စည်းတစ်ခုဖြစ်လာတော့သည်။ ထင်မင်းသည်

မကောင်းသူပယ် ကောင်းသူကယ် အထက်လမ်းသိုင်းသမားဘဝကို ခံယူရင်း သိုင်းလောက၌ ဆက်လက်ကျင်လည်ကျက်စားလာမဲ့ရာ နောက်နှစ်အနည်းငယ်အတွင်း ပြိုင်ဘက်ကင်းသော သိုင်းသမားဖြစ်လာခဲ့လေတော့သည်။

ထင်မင်းမှာ သိုင်းလောကတွင် မသိသူမရှိသလောက် ထင်ရှားကျော်ကြားလာချိန်တွင် အရွယ်ကောင်းသောလူရွယ်တစ်ဦး အဖြစ်သာရှိသေး၍ သိုင်းလောကသမီးပျိုများ ဝိုင်းဝိုင်းလည်နေသည် ဆိုနိုင်၏။ သိုင်းလောက၌ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်နေသည်။ ထင်မင်းသည် အချောအလှပဂေးများစွာရှိသည့်အထဲမှ တိမ်ကြားနန်းတော်သခင်မလေး မေဝါးနှင့် သိုင်းလောကမိန်းမချောလေး စုယဉ်တို့ နှစ်ယောက်ကို ပို၍ ဦးစားပေးခဲ့လေသည်။ ဦးစားပေးလောက်အောင် လည်း သူမတို့နှစ်ယောက်က လှပေသည်။ တိမ်ကြားနန်းတော် သခင်မလေး မေဝါးနှင့်အလှရှင် စုယဉ်တို့နှစ်ယောက်အနက် မည်သူကသံမဏိလက်ဝါး ထင်မင်း၏ ဖူးစာရှင်ဖြစ်မည်ကို သိုင်းလောကတစ်ခုလုံး စောင့်ကြည့်နေခဲ့ကြလေတော့သည်။ ဖူးစာဆိုသည်မှာ ဆန်းကြယ်သည်ကိုလည်း သိုင်းလောကအားလုံး သိရှိကြသည်။

တိမ်ကြားနန်းတော်သခင်မလေး မေဝါး၏ မိဘများက ဥစ္စာဓနကြွယ်ဝပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကပင် သိုင်းလောက၌ ရှေ့တန်းရောက်ခဲ့သော မေသိုင်းမျိုးဆက်ဖြစ်သည်။

သခင်မလေး မေဝါးသည် ရုပ်ရည်ရူပကာချောမေလှပပြီး ပြောစရာမရှိအောင် အပြစ်ကင်းစင်သူ ဖြစ်သည်။

အလှရှင်စုယဉ်မှာမူ မိဘမဲ့တစ်ကောင် ကြွက်ဖြစ်ပြီး ငယ်စဉ်ကပင် ဆင်းရဲချို့တဲ့စွာ နေထိုင်ခဲ့ရသူ ဖြစ်သည်။ အရွယ်ရောက်လာသောအခါ ဝါမေတောင်၌သိုင်းပညာသင်ကြားခဲ့ပြီး သီလရှင်မဝတ်လို၍



သိုင်းလောကသို့ ဆင်းလာခဲ့ရာမှ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း အထက်လမ်းသိုင်းလောကသား ဖြစ်လာခဲ့သည်။ သူမတူအောင် ချောမောလှပမှုကြောင့် လူချစ်များလာခဲ့သူ ဖြစ်သည်။ များပြားလှသော သိုင်းသမားများသည် သူမ၏ ချစ်မေတ္တာကို ရယူလိုခဲ့ကြသည်။ သိုင်းလောကသားများသည် စုယဉ်ထက်စာလျှင် မေဝါးကို ဦးစားပေး ရွေးချယ်လိမ့်မည်ဟု ယူဆထားကြသော်လည်း အားလုံးအံ့အားသင့်သွားရအောင်ပင် ထင်မင်းက ဖူးစာရှင်အဖြစ် စုယဉ်အား ရွေးချယ်ခဲ့လေသည်။ ထင်ထားကြသည့်အတိုင်းပင် ဖူးစာကား ဆန်းကြယ်လှပေသည်။ ထင်မင်းသည် စုယဉ်နှင့်လက်ထပ်ပြီးလျှင် သိုင်းလောကအား ကျောခိုင်းလိုက်လေသည်။ လုံးဝဇာတ်မြုပ်သွားသည်။ ရပ်ဝေးတစ်နေရာသို့ ပြောင်းရွှေ့သွားကာ ဇာတ်မြုပ်နေလိုက်တော့သည်။

အလှရှင်မလေး စုယဉ်သည်လည်း သိုင်းလောကသို့ ခြေမချတော့ပါ။

သူတို့၏ မေတ္တာဇာတ်လမ်းပြီးဆုံးသွားပြီဟု အားလုံးက ယူဆလိုက်ချိန်မှာပင် သတင်းဆိုးတစ်ခု ထွက်ပေါ်လာ၏။ ထိုသတင်းဆိုးကား သံမဏိလက်ဝါးထင်မင်းတို့မိသားစု လုပ်ကြံခံလိုက်ရသည့် သတင်းပင် ဖြစ်လေတော့သည်။

ထင်မင်းတို့မိသားစုအား မည်သူမည်ဝါက လုပ်ကြံသွားသည်ဟူ၍ကား အဖြေမပေါ်ဘဲ ရှိခဲ့သည်။ အဖြေမရှိသော ပဟေဠိတစ်ပုဒ်ပမာ ဖြစ်ခဲ့လေတော့သည်။ ထို့အတူ....

ထင်မင်း၏ သိုင်းကွက်များအား မှတ်တမ်းတင်ထားသည့် သံမဏိလက်ဝါးတစ်စုံလည်း ပျောက်ကွယ်သွားခဲ့လေတော့၏။

ဘီလူးတောင်....

ဘီလူးကောင်သည် သိုင်းလောက၌ နာမည်ဆိုးဖြင့် ကျော်ကြားနေသော တောင်တစ်လုံးဖြစ်သည်။ ဘီလူးတောင်သည် ဘီလူးတစ်ကောင်ကဲ့သို့ ပုံဆိုးပန်းဆိုးတော့ ရှိမနေပါချေ။

စိမ်းလန်းသောသစ်တောများ ပန်းပင်များဖုံးလွှမ်းကာ သာယာလှပသော တောင်တစ်လုံး ဖြစ်ပါသည်။

ဘီလူးတောင်နာမည်ဆိုးတွင်နေရခြင်းမှာ တောင်ပေါ်တွင် အခြေချနေထိုင်ကြသူတစ်စုကြောင့် ဖြစ်ပါသည်။ ထိုလူများသည် သိုင်းလောက စည်းကမ်းကို မလိုက်နာဘဲ ထင်ရာစိုင်းကာ ခိုးဆိုးလုယက်ဖို့လည်း ဝန်မလေးကြသူများ ဖြစ်နေခြင်းကြောင့်ပေတည်း။ သူတို့သည် ဘီလူးတောင်နှင့်အနီးပတ်ဝန်းကျင်ကို သူတို့၏ပိုင်နက်ဟု သတ်မှတ်ကာ ဖြတ်သန်းသွားလာကြသူများအပေါ် နိုင်ထက်စီးနင်းပြုလုပ်နေကြသည်မှာ ကြာပြီဖြစ်သည်။

ဘီလူးတောင်ပေါ်၌ နေထိုင်သောလူများ၏ခေါင်းဆောင်မှာ "တာရူ"ဆိုသူ ဖြစ်သည်။

"တာရူ"သည် ထက်မြက်သော သိုင်းပညာရှိသဖြင့် လူဆိုးသွမ်းများအား ခေါင်းဆောင်ကာ အမိန့်ပေးခိုင်းစေနိုင်ခြင်း ဖြစ်သည်။ အနှစ်မရှိသောတောကြက်ဆူပင် မင်းမူနိုင်သကဲ့သို့တည်း။

ယနေ့....

တာရူက သူ၏နောက်လိုက်များအား အမိန့်တစ်ခုထုတ်ပြန်ခဲ့သည်။ ထိုအမိန့်မှာ....

"မကြာခင် သိုင်းဆရာအာဖုံးခေါင်းဆောင်တဲ့ အာမခံအဖွဲ့ဟာ.... ဘီလူးတောင်ပိုင်နက်ထဲကို ရောက်လာကြလိမ့်မယ်.... တိုက်ခိုက်ဖို့ အသင့်ပြင်ကြ...."



ဟူသည့် လုယက်တိုက်ခိုက်ရန် အမိန့်ပင်တည်း။

သိုင်းဆရာအာဖုံး....။

အာဖုံးသည် လျှမ်းလျှမ်းတောက် ကျော်ကြားသူတစ်ဦး မဟုတ်ပါ။

သူ၏အာမခံဌာနသည် အလွန်တန်ဖိုးများသော အာမခံပစ္စည်းများပို့ဆောင်ပေးခဲ့ရဖူးခြင်းလည်း မရှိပါ။

သို့သော် သိုင်းဆရာအာဖုံး၏ အာမခံဌာနသည် အာမခံပစ္စည်း ပို့ဆောင်ပေးရလေတိုင်း ထိခိုက်ပျောက်ဆုံးခြင်း လုယက်ခံရခြင်းမျိုးမရှိဘဲ လိုရာခရီးသို့ ချောချောမောမော ပေးပို့နိုင်ခဲ့သည်ချည်းဖြစ်ပါသည်။ အမှောင်လောကမှ လူဆိုး ဓားပြကြီးများသည် အာဖုံးသယ်ဆောင်လာသော ပစ္စည်းကို စိတ်မဝင်စားဘဲ လျစ်လျူရှုထားလေ့ရှိကြသည်။

သာမန်အဆင့်ထက်မပိုသော ပစ္စည်းများပို့ရသောအခါ သာမန်ခိုးသား ဓားပြများကသာလျှင် စိတ်ဝင်စားပြီး လုယက်ဖို့ကြိုးစားရာ အာဖုံးက ဆုံးမနှိမ်နင်းနိုင်ခဲ့သည်ချည်းဖြစ်ပါသည်။

ယခုတော့....

အာဖုံး၏အာမခံဌာနအား ဘီလူးတောင်မှ 'တာရူ'က စိတ်ဝင်စားနေပြီ ဖြစ်သည်။

မကြာသေးမီက လျှို့ဝှက်သော သတင်းတစ်ခုကို 'တာရူ' ကြားသိခဲ့ရသည်။

ထိုသတင်းမှာ တာရူသည် သိုင်းလောကသားများ ရူးစမ်းလေ့လာလိုကြသော သံမဏိထင်းမင်း၏ သံမဏိလက်ဝါးတစ်ဖုံကို အာဖုံးက သယ်ဆောင်လာပြီး ပြိုင်ဘက်ကင်းသိုင်းသမားကြီး မာလုအား ရှာဖွေကာပေးအပ်မည်ဆိုသည့် သတင်းဖြစ်လေတော့သည်။

ထိုအချိန်က ....

သံမဏိထင်မင်းနှင့်ဇနီးသည်စုယဉ်တို့မှာ မသမာသူများ၏ လက်ချက်ဖြင့် သေဆုံးသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး ဖြစ်ပါသည်။

သံမဏိထင်းမင် သိုင်းလောကမှ ပျောက်ကွယ်သွားပြီး နှစ်ပေါင်းနှစ်ဆယ်အကြာတွင် သူ၏ 'သံမဏိလက်ဝါး'သတင်းပေါ်ထွက်လာခြင်း ဖြစ်သဖြင့် သံမဏိလက်ဝါးသိုင်းကျမ်းသည် အနှစ်နှစ်ဆယ်မျှ တိမ်မြုပ်နေကြောင်း ပေါ်လွင်ထင်ရှားလေ၏။

ထို့ကြောင့် ....

တာစူက သိုင်းလောကသားများအတက် လက်ဦးအောင်ရယူဖို့ ကြံစည်ထားခြင်း ဖြစ်လေသည်။

"ခွပ်ခွပ် .... ခွပ်ခွပ်"

"ခွပ်ခွပ် .... ခွပ်ခွပ်"

မြင်းခွာသံမြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေသည်။ သိုင်းဆရာအာဖုံး၏ အာမခံအဖွဲ့သည် မြင်းလှည်းတစ်စီးကို ခြံရံကာ ဘီလူးတောင်နှင့်မလှမ်းမကမ်းရှိ တောင်ကြားတစ်ခုမှ ဖြတ်သန်းခရီးနှင်နေကြသည်။

သိုင်းဆရာအာဖုံးက မြင်းလှည်းပေါ်၌ ကိုယ်တိုင်ထိုင်ကာ လိုက်ပါလာလေသည်။

ယခုတစ်ကြိမ် ....

သူ၏ဘဝတွင် အရေးအကြီးဆုံးတာဝန်တစ်ရပ်ကို ထမ်းဆောင်ရခြင်းဖြစ်၍ စိတ်လှုပ်ရှားနေ၏။

နဖူးပေါ်မှ စီးကျလာသော ချွေးများကို သုတ်ရင်း ....



"သည်တောင်ကြားကို ဖြတ်ကျော်ပြီးရင် ဘီလူးတောင်နဲ့ဝေးရာကိုရောက်သွားပါပြီ .... စိတ်အေးရပြီဆိုပါတော့ ...."

သူက တီးတိုးရေရွတ်လိုက်မိသည်။

သူသယ်ဆောင်လာသော ပစ္စည်းအကြောင်းကိုသာ သိသွားလျှင် ဘီလူးတောင်မှတာစူက မည်သည့်နည်းနှင့်မျှ လက်လွှတ်ခံလိမ့်မဟုတ်ဟု နားလည်ထား၏။

သူသည် ဘီလူးတောင်၏ အရိပ်အခြည်ကို စူးစမ်းလေ့လာသည်။ တောကြီးမျက်မည်းကြီးသည် ငြိမ်သက်နေ၏။

ယခုတိုင် ဘီလူးတောင်မှ လှုပ်ရှားသည့်အရိပ်အယောင် မတွေ့ရသေးပါချေ။

အာဖုံးသည် ဘာသတင်းမှမကြားသဖြင့် ငြိမ်နေခြင်းဖြစ်မည်ဟု ယုံကြည်လိုက်၏။

သို့သော် တောင်ကြားလမ်းကို ဖြတ်ကျော်မသွားနိုင်မီ သူ၏ ထင်မြင်ချက်မှာ လွဲမှားနေကြောင်း သိလိုက်ရလေတော့သည်။

"ခွပ်ခွပ် .... ခွပ်ခွပ်"

"ခွပ်ခွပ် .... ခွပ်ခွပ်"

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံများက မှန်မှန်ထွက်ပေါ်နေဆဲ ....

အာဖုံး၏ အာမခံအဖွဲ့သည် တောင်ကြားလမ်းအတိုင်း ခရီးနှင်နေဆဲ ....

ရုတ်တရက် ....

ဝါးတစ်ရိုက်ခန့်အကွာတွင် လမ်းဘေးကျောက်တုံးပေါ်၌ ထိုင်နေသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူမှာ အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်တစ်ယောက်

ဖြစ်သည်။

ဖျဉ်ကြမ်းအင်္ကျီဝတ်ဆင်ကာ အဝါရောင်အထုပ်တစ်ထုပ်ကို ပခုံးတွင် လွယ်ထား၏။

ခရီးသွားကျေးတောသားတစ်ယောက်ပမာ နွမ်းပါးသော ပုံသဏ္ဍာန် ရှိသည်။

တောင်ကြားလမ်းမှ ဖြတ်သွားရင်း လမ်းဘေးရှိ ကျောက်တုံးကြီးတစ်တုံးပေါ်ထိုင်ကာ အနားယူနေသည့်ပုံမျိုး ဖြစ်သည်။ အာဖုံး အတွက်ကား ဘီလူးတောင်အနီးတစ်ဝိုက်၌တွေ့ရလျှင် မည်သူ့ကိုမဆို စိတ်ဝင်စားမည်သာ ဖြစ်ပါသည်။ တွေ့သည့်လူတိုင်း မည်သူမဆို ဒုက္ခ ပေးနိုင်သည် မဟုတ်ပါလား။

"ရှိုး....."

ရပ်တန့်ရန် အချက်ပေးသင်္ကေတအဖြစ် လေချွန်လိုက်သည်။ အာမခံအဖွဲ့သားများ ချက်ချင်း ရပ်တန့်လိုက်ကြ၏။ အာဖုံးက မြင်း လှည်းပေါ်မှ ဆင်းလိုက်သည်။

"အားလုံးသတိဝီရိယနဲ့နေကြပါ..... အခြေအနေထူးတယ်"

အဖွဲ့သားများအား တီးတိုးမှာကြားပြီး ကျောက်တုံးပေါ်ထိုင် နေသည့် လူငယ်ထံသို့ သတိဝီရိယဖြင့် လျှောက်သွားကြလေ၏။

လာမည့်ဘေးပြေးတွေ့မည်ဆိုသည်ကား အာဖုံး၏ ဆောင် ပုဒ်ဖြစ်လေတော့သည်။

လူငယ်ကလည်း ကျောက်တုံးပေါ်မှ ခုန်ဆင်းလာရာ နှစ် ယောက်သား မျက်နှာချင်းဆိုင်မိလိုက်ကြသည်။

အာဖုံးက မေးလိုက်လေ၏။

"မောင်ရင်လေးဟာ..... ခရီးသွားတစ်ယောက်ဟုတ်လား"

လူငယ်က ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်ခင်ဗျာ....ကျွန်တော့်နာမည် 'လုကျန်း'လို့ ခေါ် ပါတယ်..... မြောက်ပိုင်းကလာခဲ့တာပါ..... ကျွန်တော့်ရဲ့ ဆရာက သူတော့ သိုင်းပညာဆက်မပေးနိုင်ဘူး...သိုင်းပညာတတ်ချင်ရင် ဆရာ လိုက်ရှာဆိုလို့ ကျွန်တော်ထွက်လာခဲ့တာပါ....ပထမတော့ ရှောင်လင် ကျောင်းကို သွားမလို့ပါပဲ..... ဒါပေမယ့်....."

စကားတစ်ပိုင်းစဖြင့် ရပ်ကာ ပြုံးလိုက်လေသည်။

လုကျန်းဆိုသော လူငယ်သည် ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လို ဖွယ်ကောင်းသော အပြုံးပိုင်ရှင်ဖြစ်လေသည်။ ယောကျ်ားပီသစွာ ချော မောသည့် ရုပ်ဆင်းအင်္ဂါလည်းရှိသည်။ အာဖုံး၏စိတ်ထဲ၌ ရန်ပြုမည့်သူ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဟု ထင်လိုက်မိသည်။

"မင်းက သိုင်းသင်ချင်တယ်ဆိုပြီး..... ရှောင်လင်ကျောင်းကို တော့ မသွားချင်ဘူးဆိုတာ ဘယ်လိုသဘောလဲ....."

လုကျန်က ခေါင်းပွတ်လိုက်သည်။

"ကျွန်တော် ခေါင်းတုံးမတုံးချင်လို့ပါ....."

သူ၏စကားကြောင့် အာဖုံးမှာ ငိုအားထက်ရယ်အားသန်ဖြစ် သွားလေတော့သည်။

"ကဲ..... ရှောင်လင်ကျောင်းကိုမသွားရင်..... ဘယ်ကိုသွားမလဲ ပြောစမ်းပါဦး..... ဘယ်ကိုသွားဖို့ စိတ်ကူးသလဲ....."

"ကျွန်တော် ခြေဦးတည့်ရာသွားမယ်....."

"ဟော....."

"အခုတော့..... ဟိုဟိုသည်သည် လျှောက်သွားရတာကို ကျွန်ကော်ပျော်နေပြီ..... မမြင်ဘူးတာ မတွေ့ဘူးတာ မြင်ဖူးတွေ့ဖူး ရတယ်...အခက်အခဲ ဒုက္ခရောက်နေတဲ့ လူကိုတွေ့ရင်လည်း ကူညီနိုင် တယ်..... အင်မတန် လွတ်လပ်ပြီး ပျော်ဖို့ကောင်းတာပဲ....."

အာဖုံး သက်ပြင်းချလိုက်ကြသည်။

လုကျန်းမှာ လှောင်ချိုင့်မှ လွတ်လာသော ငှက်ကလေးတစ်ကောင်ပမာ ရှိနေသည်ဟု ဆင်ခြင်မိသည့်အပြင် ဒုက္ခပေးမည့်သူမဟုတ်ဟု စိတ်ချသွားသည်။

"မောင်ရင်လေး ပျော်ပျော်နေချင်တာကို ကျုပ်ဘာမှမပြောလိုပါဘူး...ဒါပေမယ့် သည်နေရာမှာ ကြာကြာဆက်နေရင် ပျော်နိုင်မှာမဟုတ်တဲ့အပြင် ဒိုစရာဖြစ်သွားလိမ့်မယ်.... မြန်မြန်ထွက်သွားကာ အကောင်းဆုံးပဲ...."

လုကျန်း မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲဗျာ...."

အာဖုံးက ဘီလူးတောင်အကြောင်း ရှင်းပြလိုက်ရသည်။

လုကျန်း မျက်လုံးပြူးသွားလေသည်။

"တော်တော်ဆိုးပါလား၊ သည်လူတွေ ဘာကြောင့်မကောင်းတာတွေ လုပ်နေကြရတာလဲ...."

"လူဆိုးဓားပြဆိုမှတော့ မကောင်းတာလုပ်မှာပေါ့.... ဘာထူးဆန်းသလဲ.... သူတို့ဥပုသ်စောင့်ကြမယ်လို့ မင်း မျှော်လင့်ထားသလား...."

လုကျန်း လက်မခံပါ။

"မကောင်းတာကို မကောင်းမှန်းသိရင် ဘယ်သူကမှ ဆက်လုပ်ကြမှာ မဟုတ်ပါဘူး...."

အာဖုံး အစက်ကြီးသွားလေသည်။ လုကျန်းက....

"သည်လူတွေ နားလည်သဘောပေါက်အောင် ကျွန်တော်သွားပြီးရှင်းပြမှ ဖြစ်မယ်...သူတို့နားလည်သွားပြီး လူကောင်းတွေဖြစ်သွားကြရင် ကျွန်တော် ကူညီရကျိုးနပ်တာပေါ့...."



အာဖုံး မချင့်မရဲဖြစ်သွား၏။

"သူတို့က ဆိုးတယ်....ကောင်းတယ် မသိဘဲနေပါ့မလား.... သိလျက်နဲ့ ဆိုးသွမ်းမိုက်မဲနေကြတာ...မကောင်းမှု အကုသိုလ်အလုပ်တွေမှာ မွေ့လျော်နေသူတွေက...."

လုကျန်းခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သွားရှင်းပြလိုက်ရင် သူတို့ စိတ်ပြောင်းသွားနိုင်သေးတာပေါ့...."

အာဖုံးခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

"မင်းက အထင်သေးတာပဲဖြစ်ဖြစ် သဘောကောင်းတာပဲဖြစ်ဖြစ် ဘီလူးတောင်ကိုရောက်တာနဲ့ မင်းအသက်ပျောက်သွားမှာပဲ"

လုကျန်း ကြောက်ရွံ့ခြင်း မရှိပါ။

"ကိစ္စမရှိပါဘူးဗျာ.... ကျွန်တော့်ကို ခွင့်ပြုပါဦး...."

စကားဆုံးလျှင် ဘီလူးတောင်ဘက်သို့ လှမ်းထွက်သွားတော့သည်။

သူက အပိုပြောနေခြင်းမဟုတ်ဘဲ တက်သွားတော့မည် ဖြစ်ပါသည်။

အာဖုံးမျက်လုံး ပြူးသွားကြသည်။

"ဟေ့.... ဟေ့.... မင်းသွားလို့ မဖြစ်ဘူး...."

ချက်ချင်း ပြေးလိုက်သွားပြီး ဟန့်တားမိလိုက်လေသည်။

လုကျန်း ခြေလှမ်းရပ်သွားသည်။

အာဖုံးက ရှင်းပြလိုက်သည်။

"မောင်ရင်လေး....မင်းမသွားသင့်ဘူး....သူတို့ဟာ လူနဲ့မတူဘူး....တိရစ္ဆာန်တွေနဲ့တူတယ်....လုယက်တိုက်ခိုက်တယ်....သူတစ်ပါးသားပျိုသမီးပျိုတွေကို စော်ကားဖျက်ဆီးတယ်...အပြစ်မဲ့တဲ့သူတွေကို

သတ်ပစ်တယ်…အတော်ကို ရက်စက်ကြမ်းကြုတ်ပြီး ရိုင်းစိုင်းယုတ်မာကြတယ်….သူတို့ဆီကို မင်းမသွားသင့်ဘူး….”

လုကျန်း ငိုင်သွားသည်။

“သည်လောက်တောင်ပဲလား….”

“ကျုပ်ပြောတာထက်တောင် ဆိုးသေးကယ်….အဲသေအချာပြောပြရင် မင်းမကြောက်တောင် ရှုံသွားမှာသေချာတယ်….”

“ဒါဆိုရင်တော့….သည်လူတွေကို အကူအညီပေးတာထက် ဆုံးမလိုက်တာက ပိုကောင်းမယ်….”

လုကျန်း စိတ်ပြောင်းသွားသည်။

အာဖုံးဝမ်းသာသွား၏။

“ဟုတ်တယ်….သူတို့လိမ္မာယဉ်ကျေးလာစေချင်တယ်ဆိုရင် အယင်ဆုံး ဆုံးမမှ ဖြစ်မှာ….”

လုကျန်း ခေါင်းညိတ်လိုက်သည်။

“ဦးပြောတာမှန်ပါတယ်….မြင်းရိုင်းတွေကို ဆုံးမပြီးမှ မြင်းယဉ်ဖြစ်အောင် **လေ့ကျင့်**ပေးတာ ကျွန်တော်တွေ့ဖူးတယ်….”

“**အေး….အေး**….သည်အတိုင်းပဲ….”

“**ဒါဖြင့်**….ကျွန်တော်သွားပြီး ဆုံးမလိုက်မယ်….”

“ဟေ….”

လုကျန်းဆက်ပြောလိုက်သောစကားကြောင့် အာဖုံး ထိတ်လန့်သွားရပြန်တော့သည်။

“မင်း….မင်း သွားပြီး ဆုံးမမယ်ဟုတ်လား….”

“ဟုတ်တယ်လေ….”

“မဖြစ်နိုင်တာကွာ….သည်လူတွေဟာ တော်တော်ကြောက်စရာကောင်းတယ်ကွ….သိုင်းပညာလည်း မခေကြဘူး….ပြီးတော့



ဘီလူးတောင်ဟာ….သိုင်းသမားစုတွေဖြစ်တဲ့ ရွှေဒဂါးရှကျောင်းတို့ငရဲရေကန်တို့က လူတွေနဲ့မိတ်ဆွေဖွဲ့ထားတာ သူတို့ကိုသွားထိရင် ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးတာထက်တောင် ဆိုးသွားဦးမယ်….”

လုကျန်း ပြုံးလိုက်သည်။

“ကိစ္စမရှိပါဘူး….လူဆိုးတွေဟာ သတ္တိမရှိလို့ အုံနဲ့ကျင်းနဲ့ဆိုးသွမ်းမင်းမူတတ်ကြတာ သဘာဝပါပဲ….သူတို့ရဲ့အန္တရာယ်ကို စိုးရိမ်ပြီး ငြိမ်ခံနေရင် ပိုပြီးရောင်းတက်လာကြပါလိမ့်မယ်….သူတို့ကို ဆုံးမလိုက်မှ နောက်နောင် မဆိုးဝံ့မမိုက်ဝံ့ဖြစ်သွားကြမှာပါ….”

အာဖုံးက….

“နေပါဦး….မင်းသွားပြီး ဆုံးမရအောင် မင်းမှာ သိုင်းပညာဘယ်လောက်ရှိလို့လဲ….”

“သိုင်းပညာက အရေးမကြီးပါဘူး….မတရားတာတွေ့ရင် လက်ပိုက်ကြည့်မနေဘဲ ဖြေရှင်းဖို့က အရေးကြီးတာပါ….မတရားမှုကို ဘယ်သူကမှ လက်မခံကြဘူးဆိုရင်….ဘယ်သူက မတရားလုပ်ဝံ့ကြတော့မှာလဲဗျာ….”

လုကျန်းက ရှင်းပြလိုက်သည်။

အာဖုံးသည် လုကျန်းမှာ မည်သို့သော လူစားမျိုးဖြစ်ကြောင်း သိရှိသွားကာ သဘောကျသွားတော့သည်။ မည်သို့ဆိုစေ ဘီလူးတောင်သို့သွားလျှင် လုကျန်းဒုက္ခရောက်သွားနိုင်ကြောင်း တွေးမိသဖြင့် ပရိယာယ်ဖြင့် ပြောလိုက်သည်။

“မောင်ရင်လေး….ဘီလူးတောင်ကို သွားမယ့်အစား အချိန်မကုန်….မပင်ပန်းရလေအောင် ကျုပ်နဲ့လိုက်ခဲ့ပါလား….ကျုပ် သယ်ဆောင်လာတဲ့ အာမခံပစ္စည်းတွေကို ဘီလူးတောင်ကလူတွေလာပြီး လုယက်မယ့် အန္တရာယ်ရှိနေတယ်….သူတို့ကို ဆုံးမနိုင်မယ့်အပြင်

ကျူပ်ကိုလည်း ကူညီပြီးသား ဖြစ်သွားတာပေါ့....”

လုကျန်း သဘောတွေ့သွားသည်။

“ဟာ .... သိပ်ကောင်းတာပေါ့ဗျာ .... တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ .... ကျွန်တော်လိုက်ခဲ့ပါ့မယ် ....”

ထိုစဉ် ....

“ခွပ်ခွပ်.... ခွပ်ခွပ်....”

“ခွပ်ခွပ်.... ခွပ်ခွပ်....”

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် အာဖုံးနှင့် လုကျန်းတို့ လှည့်ကြည့်လိုက်ကြလျှင် အနောက်ဘက်၌ ဖုန်တထောင်းထောင်းထကာ မြင်းစီးသမားနှစ်ယောက် ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့လိုက်ရလေတော့သည်။

ရွှေစာပေ
၁၅/၁၃၈
၂၁၄၉၉

## အခန်း(၂)

## လူသားဆန်သောလူငယ်

မြင်းခွာသံများနှင့်အတူ မြင်းစီးသမားနှစ်ယောက်သည် အာဖုံးတို့ အားမခံဌာန မြင်းလှည်းအနီးသို့ ရောက်ရှိလာကြလေ၏။

ထိုသူတို့မှာ သန်မာထွားကြိုင်းသော မြင်းညိုကြီးအား အဖော်ပြုကာ စီးနှင်လာကြသော မြင်းစီးသမားလူရွယ်နှစ်ဦး ဖြစ်ကြသည်။

တစ်ယောက်က အနီရောင်၊ တစ်ယောက်က အဖြူရောင် ဝတ်ထားသည်။

ယောက်ျားပီသစွာ ချောမောခန့်ညားသော အသွင်များရှိကြပြီး သိုင်းလောကသားများဖြစ်ကြောင်းလည်း ပေါ်လွင်နေသည်။

ထိုလူရွယ်နှစ်ယောက်အား တွေ့လိုက်ရသည်နှင့် လုကျန်းစိတ်လှုပ်ရှားသွားသည်။

“ဟင်.... သူတို့နှစ်ယောက်ပါလား....”

သူက လွတ်ခနဲ ရေရွတ်လိုက်လေ၏။

အာဖုံးက မေးသည်။

“မင်းက သူတို့ကို သိလို့လား....”

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ခင်ပါတယ် သူတို့ဟာ လူကောင်းတွေပါ.... အဖြူရောင်ဝတ်ထားတဲ့ဝါးရီက သဘောကောင်းတယ် .... အနီရောင်ဝတ်ထားတဲ့ မင်ဖုံးလည်း မဆိုးပါဘူး .... ဒါပေမယ့် သူကနည်းနည်းစိတ်မြန်တယ် .... ကြက်ခေါင်းဆိတ်မခံတဲ့လူစားမျိုးပေါ့ .... "

အာဖုံးသည် ဘီလူးတောင်မှ လူများရောက်လာပြီ ထင်မှတ်ကာ စိတ်ပူသွားသော်လည်း လုကျန်း၏စကားကြားလျှင် စိတ်အေးသွားလေတော့သည်။

မြင်းစီးသမားလူရွယ်နှစ်ဦးအနက် အဖြူရောင်ဝတ်ထားသော ဝါးရီသည် လုကျန်းအား မြင်တွေ့သွားပြီး နှုတ်ဆက်လိုက်လေသည်။

"လုကျန်းပါလား .... "

လုကျန်းက လက်ဝှေ့ယမ်းလိုက်သည်။

"ဟုတ်တယ်...ခင်ဗျားတို့လည်း သည်လမ်းအတိုင်း သွားကြမှာကိုး .... "

အနီရောင်ဝတ်ထားသော လူရွယ်မှာ အဘယ်ကြောင့်မှန်းမသိ မျက်နှာထားတင်းသွားလေသည်။

"ကျုပ်တို့ ဘယ်လမ်းကသွားသွား မင်းအပူမပါဘူး .... "

ခပ်ထန်ထန်ပြောရင်း မြင်းအရှိန်ကိုမြှင့်တင်လိုက်သည်။

ဝါးရီသည် ထိုအနီရောင်ဝတ် မင်ဖုံးဆိုသော လူရွယ်၏စိတ်သဘောထားကို နားလည်ထားသည့်အလား ....

"သွားလိုက်ဦးမယ်ဗျို့ .... "

လုကျန်းကို နှုတ်ဆက်ကာ မြင်းအရှိန်မြှင့်တင်ပြီး မင်ဖုံးနောက်သို့ လိုက်သွားတော့သည်။

မြင်းခွာသံများ၊ ကျယ်လောင်စွာထွက်ပေါ်လာပြီး ဝါးရီနှင့်



မင်ဖုံးတို့နှစ်ယောက် တစ်ခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိသွားကြလေတော့သည်။

အာဖုံးမျက်မှောင်ကုတ်သွား၏။

"မင်းရဲ့မိတ်ဆွေတွေကလည်း မင်းအပေါ်ဆက်ဆံတာ တစ်မျိုးပါလားကွ .... "

လုကျန်းလည်းတွန့်လိုက်သည်။

"သူတို့နှစ်ယောက်စလုံး သဘောကောင်းကြပါတယ်...မင်ဖုံးက စိတ်မြန်လက်မြန်ရှိလို့ပါ .... ပြီးတော့ နေရာတကာ ကျွန်ုပ်တော်စပ်စပ်စုစုလုပ်တာကိုလည်း မကြိုက်ဘူးလေ .... ကျွန်တော်ကလည်းကျွန်တော်ပါပဲ...သူများတွေ အခက်အခဲဒုက္ခကြုံတွေ့နေရင် လက်ပိုက်ကြည့်မနေချင်ဘူး.... ကိုယ်နဲ့ဆိုင်တာ မဆိုင်တာအသာထား.... ဝင်ပြီးကူညီလိုက်ချင်တာကိုး .... "

သူက ပြောပြီးရယ်မောလိုက်သည်။

အာဖုံးသည် လုကျန်းကို အလိုလိုသဘောကျသွားသည်။

ထူးခြားသော လူငယ်လေးတစ်ဦးနှင့် တွေ့လိုက်ရခြင်းဖြစ်ကြောင်းလည်း နားလည်လိုက်လေတော့သည်။

ထို့နောက် ရှေ့ခရီးဆက်ရန် ပြင်ဆင်လိုက်ကြသည်။

လုကျန်းက အာဖုံးတို့နှင့် လိုက်သွား၏။

အာဖုံးသည် လမ်းခရီးတလျှောက်တွင် စဉ်းစားတွေးတောလာလေ၏။ သဘောမကျဖြစ်နေသည်ကို တွေးရင်း စိတ်မကောင်းဖြစ်နေမိသည်။ မင်ဖုံး၊ ဝါးရီတို့နှင့်တွေ့ဆုံးခဲ့ရပုံများကိုလည်း ပြန်ပြောင်းစဉ်းစားနေမိလေတော့သည်။ လုကျန်းကလည်း စဉ်းစားတွေးတောနေပါလေ၏။ သူ စဉ်းစာနေသည်မှာ သူ့အတိတ်ကို ဖြစ်ပါလေ၏။

ჭ⊙ჭ

အပြင်ဘက်မှ ညာသံပေးသံများသည် အခန်းတွင်းသို့တိုင် လွင့်ပျံလာသည်။

စန်းကိုး၏မျက်နှာ တည်ကြည်လေးနက်နေသည်။ သူ၏ရှေ့ တည့်တည့်၌ ခေါင်းငုံ့ထိုင်နေသော လူငယ်လေးကို ကြည့်လိုက်မိသည်။

ထိုလူငယ်လေးမှာ လုကျန်းဖြစ်ပါသည်။

စန်းကိုး သက်ပြင်းချကာ စကားစလိုက်သည်။

"လုကျန်း မင်းကိုငယ်စဉ်ကတည်းက ငါကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်.... ခုချိန်မှာတော့ မင်းဟာအရွယ်ရောက် ကြီးပြင်းလာခဲ့ပြီး လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့ပြီ....သည်တော့ ငါ့တာဝန်ကျေပြီလို့ ဆိုချင်တယ်...."

"ကျွန်တော့်အပေါ်မှာ ကျေးဇူးတွေ ကြီးမားလှပါတယ်.... ကျွန်တော် ပါသနာပါလို့ သိုင်းပညာသင်ပါရစေလို့ ခွင့်တောင်းမိတာပါ ကျွန်တော့်ကို ခွင့်လွှတ်ပါ...."

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

"မင်းကို ငါစိတ်ဆိုးလို့ပြောနေတာ မဟုတ်ဘူး.... မင်းဟာ သဘောကောင်းတယ်....အားနာတတ်တယ်....အနစ်နာခံပြီး ဘယ်သူ့ကိုမဆို ကူညီချင်စိတ် ရှိတယ်...ဒါကြောင့် သိုင်းပညာသင်လို့ မဖြစ်ဘူး၊ ငါဟာ...မင်းရဲ့ဆရာလည်း မဟုတ်ဘူး...ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါက တပည့်အဖြစ်သတ်မှတ်ပြီး ဘယ်တုန်းကမှ သိုင်းပညာမသင်ပေးခဲ့လို့ပဲ...."

"ကျွန်တော် .... ကျွန်တော်"

"လုကျန်း....မင်းရဲ့စိတ်နေသဘောထားနဲ့ သိုင်းပညာသင်ပြီး သိုင်းလောကထဲဆင်းသွားရင် ကျိန်းသေဒုက္ခရောက်ရမှာပဲ...ဒါကြောင့် မင်းကို မသင်ပေးချင်တာ...."



"ဗျာ ...."

"သိပ်သဘောကောင်းပြီး အားနာတတ်လွန်းရင် သူတစ်ပါးကို ကူညီဖို့လောက်ပဲ တွေးနေရင်...မင်းဒုက္ခရောက်ရမှာ မြေကြီးလက်ခတ်မလွဲဘူးကွ....လောကမှာ စိတ်သဘောထားဖြူစင်တဲ့ လူအများစုဟာ ဒုက္ခတွေ့တာချည်းပဲ...."

လုကျန်း ဓာဒက တက်လိုက်လေသည်။

"သိုင်းပညာသင်တာနဲ့ သဘောကောင်းတာ မဆိုင်ဘူး ထင်ပါတယ်ဆရာ...."

စန်းကိုး မဲ့ပြုံး ပြုံးလိုက်သည်။

"အေးလေ....သိုင်းလောကထဲမှာ ထိပ်တန်းသိုင်းပညာတွေ သင်ပေးတဲ့ ရှောင်လင်ကျောင်းတော်ကြီးရှိနေတယ်....ငါ့ရဲ့ ပညာဟာ သူတို့ရဲ့ ခြေဖျားတောင်မှ မမီဘူး...အခြေခံသိုင်းကွက်တွေ ငါသင်ပေးထားပြီးပြီ...သည့်ထက်ပိုပြီး ဆက်သင်ပေးစရာမရှိတော့ဘူး...မင်းသင်ချင်တယ်ဆိုရင် ရှောင်လင်ကျောင်းကို သွားပေတော့...."

လုကျန်းက ....

"ဆရာ....ကျွန်တော် သိုင်းပညာထပ်ပြီး မသင်ချင်တော့ဘူး ဆိုရင်ကော...."

"မင်း မသင်ချင်လည်း ငါ့ဆီမှာ ဆက်ပြီးမထားနိုင်တော့ဘူး၊ ငါ့တာဝန်ကျေပြီ...ရှောင်လင်ကျောင်းကိုသွားတာ အကောင်းဆုံး ဖြစ်မယ်...."

စန်းကိုးက ယတိပြတ်ပြောလိုက်သည်။

သို့ဖြင့် ....

လုကျန်းသည် သိုင်းလောကသို့ ရောက်လာဖို့အကြောင်း ဖန်လာလေတော့သည်။

သိုင်းလောက ....

သိုင်းလောကသို့ လုကျွန်းရောက်လာသည်နှင့် စန်းကိုးပြောသကဲ့သို့ အခက်ကြုံရလေတော့သည်။

နန်ကင်းမြို့တွင် ဖြစ်သည်။

လုကျွန်းသည် ခရီးပမ်းလာပြီး ဗိုက်ထဲဆာလောင်နေသဖြင့် စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်လိုက်စဉ် စားပွဲတစ်လုံး၌ ဆူညံဆူညံ အသံများနှင့်အတူ ပြဿနာဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရသည်။ အနီရောင်ဝတ်ထားသော လူရွယ်တစ်ဦးအား လူကြမ်းကြီးသုံးယောက်က နှောင့်ယှက်နေကြခြင်းပင်တည်း။ ထိုလူကြမ်းကြီးသုံးယောက်မှာ မြို့ခံလူမိုက်များဖြစ်ကြပြီး လူရွယ်ကား ညှို့သည်တစ်ယောက်ဖြစ်ပုံရသည်။

"မင်းကို ကြည့်ရတာ သူဌေးသားတစ်ယောက်ဖြစ်ပုံရတယ်၊ မင်းမှာ ငွေ ဘယ်လောက်ပါသလဲ ပြောစမ်း...."

"ငါတို့အတွက် အရက်နဲ့ဘဲကင်မှာလိုက်စမ်းကွာ ...."

"ဟင်း .... ဟင်း .... ရီးတီးယားတား မလုပ်နဲ့နော် .... ငါကသိပ်ပြီး စိတ်ရှည်တာ မဟုတ်ဘူး.... ထစ်ခနဲဆို လက်သီးစာကျွေးပစ်တတ်တာ .... ငါ စိတ်တိုအောင်တော့ မလုပ်နဲ့နော် ...."

တစ်ယောက်တစ်ပေါက်ပြောနေကြသည်။

အနီရောင်ဝတ်ထားသော လူရွယ်အား အနိုင်ကျင့်ဖို့ ကြိုးစားနေကြခြင်း ဖြစ်ပါသည်။

လူရွယ် ဘာမှပြန်မပြောဘဲ မလှုပ်မယှက်ထိုင်နေ၏။

လုကျွန်းသည် ကိုယ်နှင့်မဆိုင်သော်လည်း လက်ပိုက်မကြည့်နိုင်တော့ပါ။

"ခဏနေကြပါဦးကွာ ...."



ကပျာကယာ လှမ်းသွားလိုက်သည်။

လူရွယ်နှင့် လူကြမ်းကြီးသုံးယောက်က လှည့်ကြည့်လာကြသည်။

လုကျွန်းက ပြုံးရွှင်ချိုသာစွာဖြင့် အနီရောင်ဝတ်လူရွယ်ကိုယ်စား လူကြမ်းကြီးသုံးယောက်အား တောင်းပန်လိုက်လေသည်။

"နောင်ကြီးတို့ စိတ်လိုက်မာန်ပါ မလုပ်ကြပါနဲ့ဗျာ.... အရက်သောက်ချင်ရင် ဘဲကင်စားချင်ရင် ကျွန်တော်ဝယ်ကျွေးပါ့မယ် ...."

လူကြမ်းကြီးသုံးယောက်သည် လုကျွန်းအား စိတ်ဝင်စားသွားကြလေသည်။

တစ်ယောက်က မေးသည်။

"နေပါဦး....မင်းက ဝယ်ကျွေးချင်ရအောင် မင်းမှာ ငွေ ဘယ်လောက်ရှိလို့လဲ ...."

လုကျွန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါဗျာ .... အရက်တစ်အိုးနဲ့ဘဲကင်တစ်ကောင် ဝယ်ကျွေးနိုင်အောင် ငွေလောက်ပါတယ် ...."

"ဘာကွ ...."

လူကြမ်းကြီးတစ်ယောက်က ရှေ့တိုးပြီး လုကျွန်း၏အကျီရင်ဘတ်ကို ဆုပ်ကိုင်လိုက်သည်။

"မင်းက ငါတို့ကိုလာပြီး နောက်ပြောင်နေတာလား...အရက်တစ်အိုးနဲ့ ဘဲကင်တစ်ကောင် ဘာလုပ်ရမှာလဲ...."

လုကျွန်းက ....

"နောင်ကြီးတို့က ...."

သူက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"အင်းလေ .... သုံးယောက်ဆိုတော့လည်း ဘယ်လောက်ပဲ့

မလဲ....ကျွန်တော့်မှာပါတဲ့ငွေနဲ့ အရက်သုံးအိုး ဘဲကင်သုံးကောင်တော့ ဝယ်လို့ရပါသေးတယ်ဗျာ...."

ချက်ချင်းပင် ဆိုင်လုလင်တစ်ယောက်ကို လှမ်းခေါ်ကာ အရက်သုံးအိုးနှင့်ဘဲကင်သုံးကောင် မှာလိုက်သည်။

အင်္ကျီရင်ဘတ်ကြားမှ ငွေအိတ်ကလေးကိုထုတ်ကာ ငွေထုတ်ပေးလိုက်၏။

လူကြမ်းကြီးသုံးယောက်က လုကျန်း၏ငွေအိတ်ကို အလွတ်မပေးဘဲ ကြည့်နေရာ ငွေမဖြစ်စလောက်သာပါသည်ကို တွေ့ရလျှင် မျက်နှာရှုံ့မဲ့သွားကြ၏။

"ပိုက်ဆံလေး တစ်ပဲခြောက်ပြားနဲ့ လူတွင်ကျယ်လုပ်ချင်သေးတယ်...."

တစ်ယောက်က ကဲ့ရဲ့လိုက်သည်။

အခြားတစ်ယောက်က....

"ဘာပဲဖြစ်ဖြစ် သူ့ဆီက အရင်စားကြမယ်.... ပြီးတော့.... လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့...."

"ဟုတ်တယ်.... ဟုတ်တယ်"

ကျန်တစ်ယောက်က ထောက်ခံလိုက်သည်။

သုံးယောက်သား သဘောကျစွာရယ်မောလိုက်ကြ၏။ထိုစဉ် ဆိုင်လုလင်များက အရက်သုံးအိုးနှင့် ဘဲကင်သုံးကောင်ယူလာပေးရာ လူကြမ်းကြီးတစ်ယောက်က လူလွတ်နေသော စားပွဲတစ်လုံးကို ညွှန်ပြလိုက်သည်။

"စားစရာရှိတာ အရင်စားကြမယ်ဟေ့...."

"ကောင်းတယ်.... ကောင်းတယ်"

သုံးယောက်သား လှမ်းသွားလိုက်ကြ၏။



လုကျန်း ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ.... အားရပါးရသာ စားကြပါ"

"မင်းတော်တော်သဘောကောင်းတဲ့ ကောင်လေးပဲ...."

လုကျန်း ကျေနပ်ပီတိဖြစ်သွားလေတော့သည်။

လူကြမ်းကြီးသုံးယောက်က အရက်နှင့်ဘဲကင်ကို အရသာခံကာ စားသောက်နေကြသည်။

လုကျန်းကား အလှူရှင်တစ်ယောက်အလား မျက်နှာတပြုံးပြုံး ရှိနေ၏။

အနီရောင်ဝတ်လူရွယ်ပါက သူ့အားအကဲခတ်ကြည့်လာသည်။

သူက တုံးတိတိမေးလာလေ၏။

"မင်းသဘောကျနေသလား...."

လုကျန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ....သူတို့ လိုချင်တာရတော့ စိတ်ချမ်းသာသွားကြပြီလေ....ခင်ဗျားကိုလည်း မနှောင့်ယှက်ကြတော့ဘူးဆိုတော့ ကျုပ်ကူညီရကျိုးနပ်ပါတယ်...."

လူရွယ် ခေါင်းခါယမ်းလိုက်သည်။

"ကူညီရကျိုးနပ်မှာ မဟုတ်ဘူး...."

"ဟင်.... ဘာဖြစ်လို့လဲ...."

"မင်းက တစ်ခုခု စားသောက်ဖို့ ဆိုင်ထဲဝင်လာတာ မဟုတ်လား.... မင်းစားချင်တာ စားဖို့ ငွေလုံလောက်သေးရဲ့လား...."

လုကျန်း ခေါင်းကုတ်လိုက်သည်။

"ငွေတော့ အတော်နည်းသွားပြီ.... ခရီးဝေးသွားရဦးမယ်ဆိုတော့.... အို.... မြီးခြုံချွေတာလို့ ဖြစ်ပါတယ်.... ကျုပ် မန်ထိုတစ်လုံးပဲ စားတော့မယ်...."

"မန်ထို"ဆိုသည်ကား ဈေးအပေါဆုံး အသားလွတ်ပေါက်စီ ဖြစ်ပါသည်။

လူရွယ်က မေးသည်။

"သူများကိုတော့ အရက်နဲ့ဘဲကင်ကျွေးပြီး မင်းကျတော့ မန်ထို စားမယ်ဟုတ်လား...."

လုကျန်း ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ....ဘာပဲစားရစားရ ဗိုက်ပြည့်ဖို့က အရေးကြီးတယ် မဟုတ်လား...."

လူရွယ် မသိမသာခေါင်းခါယမ်းလိုက်လေသည်။

"ကဲ.... ထိုင်ပါဦးကွာ...."

"ကျေးဇူးပဲ...."

လုကျန်းက လူရွယ်နှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ မန်ထိုနှစ်လုံး မှာလိုက်လေသည်။

လူရွယ်သည် ဟင်းသုံးလေးမျိုးဖြင့် စားသောက်နေခြင်း ဖြစ်သည်။

သို့သော် သူက လုကျန်းအား စားသောက်ဖို့ တစ်လုံးမှမပြောပါချေ။

လုကျန်းကလည်း ဘာမှမပြောပါ။

မန်ထိုတစ်လုံးကို စားပြီး ရေနွေးကြမ်း သောက်လိုက်သည်။

ကျန်တစ်လုံးကို နောက်တစ်ခါ ဗိုက်ဆာလာလျှင် စားသောက်နိုင်ရန် သိမ်းဆည်းထားလိုက်သည်။ သူက ထိုင်ရာမှထရန် ဟန်ပြင်လိုက်သောအခါ....

"မင်းသွားတော့မလို့လား...."



လူရွယ်က မေးလာလေသည်။

လုကျန်း ခေါင်းညိတ်လိုက်၏။

"ကျုပ်.... ဗိုက်ဖြည့်ပြီးပြီလေ.... သွားရတော့မှာပေါ့...."

လူရွယ်က....

"ကျုပ် နာနည်ဝါးရီပါ....မင်းက ကျုပ်ကို ကူညီရတယ်ဆိုပြီး လူတကာကို လျှောက်ပြောမှာလား...."

"ဟာ....ကျုပ်....ဘာကြောင့်ပြောရမှာလဲ....သူများရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးရတာ လျှောက်ပြောဖို့မှ မဟုတ်တာဘဲဗျာ၊ ကျုပ်က ဒီလိုပြောချင်လို့ ကူညီတာမဟုတ်ပါဘူး....စိတ်ရင်းစေတနာအရ ကူညီတာပါ...."

ဝါးရီဆိုသော လူရွယ်ပြုံးလိုက်သည်။

"ဒါဆိုရင်လည်း ပြီးတာပဲ...."

"ကဲ.... ကျုပ်ကို ခွင့်ပြုပါဦးဗျာ...."

လုကျန်းက ထိုင်ရာမှ ထရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

"သနားကြပါ သနားကြပါ"

တစာစာတောင်းရမ်းသံနှင့်အတူ ဗေဒါကြီးတစ်ယောက်ဆိုင်ထဲဝင်လာသည်ကို တွေ့မြင်လိုက်ပြန်လေ၏။ ဗေဒါကြီးသည် စားသောက်ဆိုင်ထဲ၌ ဟိုဟိုသည်သည် သွားကာ တောင်းရမ်းလိုက်ပါသော်လည်း မည်သူကမျှ တစ်ပြားတစ်ချပ် မပေးကြချေ။

ဗေဒါကြီးသည် တောင်းရမ်းရင်း လုကျန်းတို့စားပွဲအနီးသို့ ရောက်ရှိလာလေသည်။

"သနားကြပါဗျာ.... သနားကြပါ"

ဗေဒါကြီးကိုကြည့်ကာ လုကျန်းစိတ်မကောင်းဖြစ်သွားသည်။

"ရှော့.... ရှော့.... သည်ပေါက်စီတစ်လုံးယူသွားပါ...."

ကျန်နေသေးသော မန်ထိုတစ်လုံးကို ပေးလိုက်သည်။ ဗေဒါကြီးနှာခေါင်းရှုံ့လိုက်လေသည်။

"ဟွန်း.... မန်ထိုပေါက်စီ ဘာလုပ်ရမှာလဲ...."

လုကျန်းသည် သူ့စေတနာအလကားဖြစ်သွားသဖြင့် စိတ်မကောင်း ဖြစ်သွားရသည်။

"ကျွန်တော့်မှာ အဆင်သင့်ရှိနေတာကို ပေးလိုက်တာပါ"

ဗေဒါကြီးက....

"ကျုပ်က အရက်ကောင်းကောင်းနဲ့ အမဲသားပြုတ် စားချင်နေတာကွ...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ.... ကျွန်တော် ကျွေးပါ့မယ်...."

ဆိုင်လုလင်ကို ခေါ်ကာ အရက်တစ်အိုးနှင့် အမဲသားပြုတ်မှာလိုက်သည်။

ဆိုင်လုလင်က ဗေဒါကြီးဆိုင်ထဲ၌ စားသောက်မည်ဆိုပါလျှင် အခြားသော စားသောက်သူများက သဘောကျမည် မဟုတ်သလို နောက်ထပ် စားသောက်မည့်သူများလည်း ဆိုင်ထဲမဝင်တော့ဘဲ ရှောင်ကွင်းသွားကြမည်ကို စိုးရိမ်စကားဆိုလေသည်။

လုကျန်းတောင်းပန်လိုက်သည်။

"သူစားတာ ဘာမှကြာမှာ မဟုတ်ပါဘူး....သည်းခံခွင့်လွှတ်လိုက်ပါ.... ခဏကလေးပါပဲ...."

ဆိုင်လုလင်ကျေနပ်အောင် ငွေအနည်းငယ် ပေးလိုက်၏။ ဆိုင်လုလင်သည် ဗေဒါကြီးအား ဆိုင်ထောင့်ချောင်ကျကျစားပွဲတစ်လုံးသို့ ခေါ်ဆောင်သွားကာ အရက်နှင့်အမဲသားပြုတ်ယူပေးလိုက်သည်။



ဗေဒါကြီးသည် လုကျန်းကို ကျေးဇူးတင်စကားပြောဖို့ပင် သတိမရဘဲ ဆိုင်လုလင်နောက်သို့ လိုက်သွားလေတော့သည်။

ဝါးရီ စိတ်ပျက်သွားသည်။

"မင်းကိုယ်တိုင်တော့ ဖြိုးခြောက်ချောတာပြီး စားတယ်.... သူများကျတော့ စားချင်တာ ကျွေးတယ်.... ကောင်းကောင်းကျွေးတယ်.... တော်တော် စေတနာကောင်းပါလား...."

လုကျန်း ပခုံးတွန့်လိုက်သည်။

"ကျုပ်က ဘယ်လိုဖြစ်ဖြစ်စားလို့ရတယ်.... သူတို့ကျတော့ မစားနိုင်ဘူး....ဒါကြောင့် သူတို့စားချင်တာကို ကျွေးလိုက်တာပါဗျာ"

ဝါးရီ ပြုံးလိုက်သည်။

"သူတို့ကို မင်းဘယ်လိုမှ သဘောမထားဘူးလား...."

"ဟင့်အင်း...."

"မင်းတော်တော်သဘောကောင်းတာပဲ.... ငါတွေ့ဖူးတဲ့ လူထဲမှာတော့ မင်းဟာ စံနမူနာတင်ရမယ့်လူပဲ...."

လုကျန်းရယ်မောလိုက်သည်။

ဝါးရီက....

"သဘောကောင်းတာတော့ ဟုတ်ပါပြီ....ဒါပေမယ့် လူတိုင်းအပေါ်သဘောကောင်းတာတော့ မကောင်းဘူး...."

"ဘာဖြစ်လို့လဲဗျ...."

ထိုစဉ်....

"ဟဲ.... ဟဲ.... ငါတို့ ဗိုက်ပြည့်သွားပြီကွ...."

"အရက်နဲ့ဘဲကင်တော်တော်ကောင်းတာပဲ...."

ကျယ်ကျယ်လောင်လောင် စကားသံများနှင့် အတူလူကြမ်းကြီးသုံးယောက်က လှမ်းလာနေကြသည်ကို တွေ့လိုက်ရသည်။

ထိုလူကြမ်းကြီး သုံးယောက်ကား ဝါးရီကို ဒုက္ခပေးနေသဖြင့် လုကျန်းက ကြားဝင်ကာ အရက်နှင့်ဘဲကင်ဝယ်ကျွေးခဲ့ခြင်း ဖြစ်သည်။

ယခုတော့ လူကြမ်းကြီးသုံးယောက်ကား စားသောက်ပြီးစီး သွားပြီ ဖြစ်သည်။

လုကျန်းရယ်မောလိုက်၏။

"ဩော်.... ခင်ဗျားတို့စားပြီးသွားပြီကိုး.... စားလို့ကောင်းကြ တယ် မဟုတ်လား.... ဝမ်းသာပါတယ်ဗျာ...."

လူကြမ်းကြီးတစ်ယောက်က မဲ့မဲ့ရွဲ့ရွဲ့ ပြောလာ၏။

"အေး.... ဗိုက်တော့ပြည့်သွားပြီကွ.... ဒါပေမယ့် အိတ်ထဲမှာ တော့ ဟောင်းလောင်းဖြစ်နေသေးတယ်...."

အခြားတစ်ယောက်က....

"ဟုတ်တယ်.... ဗိုက်ဖောင်းသလို အိတ်ကြီးလည်း ဖောင်းမှ ဖြစ်မှာပေါ့...."

တတိယလူကမူ သူ၏သဘောထားကို ခပ်ပြတ်ပြတ်ပင် ပြောသည်။

"ငါတို့ သည်ကထွက်သွားတော့မယ်.... မင်းတို့နှစ်ယောက် မှာ ငွေဘယ်လောက်ရှိသလဲ.... ပေးစမ်း.... မပေးရင် ဒုက္ခရောက်သွား လိမ့်မယ်...."

လုကျန်းက....

"ဟာ....ခင်ဗျားတို့အတွက် အရက်နဲ့ဘဲကင်ဝယ်ကျွေးပြီးပြီပဲ ဗျာ.... ကျေနပ်ကြပါတော့.... ကျွန်တော် ရှိသမျှကုသိုလ်ပြုလိုက်တာပဲ"

"မကျေနပ်ဘူးကွ.... မြန်မြန်ထုတ်ပေးစမ်း...."

"ခင်ဗျား...."

"မင်းစကားမရှည်နဲ့...."



ထိုလူက လုကျန်း၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။

"ဝုန်း...."

"အင့်...."

လုကျန်းသည် မတရားစော်ကားခံရမှုကို မကျေမနပ်ဖြစ်သွား သည်။

"ခင်ဗျား မတရား မလုပ်ပါနဲ့ဗျာ...."

"လုပ်တော့ မင်းဘာလုပ်ချင်သလဲ...."

လူကြမ်းကြီးက လုကျန်း၏အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက် လေသည်။

လုကျန်းခံပြင်းသွား၏။

"ခင်.... ခင်ဗျား"

ဝါးရီ သက်ပြင်းချလိုက်လေသည်။

"မင်းကိုကြည့်ရတာ မြွေကိုအစာကျွေးတာနဲ့တူနေပြီ.... မင်း ဘယ်လောက်ပဲ ကျွေးကျွေး တစ်ချိန်မှာ မြွေကိုက်ခံရမှာပဲ...."

လူကြမ်းကြီးတစ်ယောက်က ငေါက်လိုက်သည်။

"ဟိတ်.... စကားမရှည်နဲ့ မင်းတို့နှစ်ယောက်စလုံးပါသမျှ ထုတ်လိုက်ကြစမ်း...."

ဝါးရီက ခေါင်းညိတ်လိုက်သည်။

"ထုတ်ရင်တော့ လက်သီးပဲရှိတယ်...."

စကားဆုံးလျှင် လူကြမ်းကြီး၏မျက်နှာကို လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

"ခွပ်...."

"အား...."

လူကြမ်းကြီး ပက်လက်လန်ကာ လဲကျသွားတော့၏။

"ဝုန်း...."

"ဟင်...."

ကျန်လူကြမ်းကြီးနှစ်ယောက် ဒေါသူပုန်ထသွားကြသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ...."

"သေချင်ပြီထင်တယ်...."

ချက်ချင်းပင် ဝါးရီထံပြေးဝင်ကာ တိုက်ခိုက်လိုက်ကြသည်။ ဝါးရီကာ ရှောင်တိမ်းခြင်းမပြုသကဲ့သို့ ထိုင်ရာမှလည်း မထချေ။

သူ၏လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့်....

"ဝုန်း...."

"အမလေး...."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ လူကြမ်းကြီး နှစ်ယောက် ပက်လက်လန်ကာ လဲကျလေတော့သည်။

ယခု....

လူကြမ်းကြီးသုံးယောက်အား ဝါးရီက လွယ်လင့်တကူ အနိုင်ရလိုက်ပြီ ဖြစ်သည်။

လုကျန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

လူကြမ်းကြီး သုံးယောက်သည် ဝါးရီမှာ သိုင်းပညာတတ်ထားပြီး ခေသူမဟုတ်ကြောင်း သိသွားကြ၏။ အခြေအနေမဟန်မှန်း သိလျှင် ဒုက္ခမပေးဝံ့တော့ဘဲ ကြမ်းပြင်ပေါ်မှ လူးလိမ့်ထကာ ထွက်ပြေးသွားကြလေတော့သည်။

လုကျန်းပါးစပ်အဟောင်းသား ဖြစ်နေသည်။

ဝါးရီပြုံးလိုက်သည်။

"သည်လူတွေဟာ.... စေတနာနဲ့ မတန်ဘူး.... သက်သီးစာ



ကျွေးဖို့ပဲတန်တာ...."

လုကျန်း ဘာမှမပြောသာတော့ပါ။

နေရာတိုင်း စေတနာထား၍ မဖြစ်ကြောင်း သူနားလည်သွားပါသည်။

ဝါးရီက ရှင်းပြသည်။

"မင်းက သဘောကောင်းတယ်.... အားနာတတ်တယ်.... သူတစ်ပါးကို ကူညီချင်တဲ့စိတ်ရှိတယ်.... ဒါဟာ ကောင်းတဲ့စရိုက်ပါပဲ၊ ဒါပေမယ့်.... နေရာတကာတိုင်းမကောင်းဘူး.... အခုလို လူဆိုးတွေနဲ့ တွေ့တော့ မင်းဒုက္ခရောက်တာပဲ မဟုတ်လား...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ် နားလည်ပါတယ်ဗျာ.... ဒါပေမယ့် မနေနိုင်တာက ခက်တယ်.... စေတနာကို မသိနားမလည်တဲ့ အခုလိုလူမျိုးတွေတော့ ရှိပါတယ်ဗျာ.... ဒါပေမယ့် ဒီလိုလူတွေက အနည်းစုပါ...."

"မင်းဟာ သူများကို ကူညီချင်တယ်.... မင်းဒုက္ခရောက်ရင်ကော.... ဘယ်သူက လာပြီးကူညီမှာလဲ...."

လုကျန်းခေါင်းခါယမ်းလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ.... ကျုပ်ဘာသာဖြေရှင်းသွားမှာပါ...."

ဝါးရီမျက်နှာတည်သွားလေသည်။

လုကျန်းကို စိုက်ကြည့်လိုက်သည်။

"မင်းလိုလူစားမျိုး....ကျုပ်သည်တစ်ခါပဲ တွေ့ဖူးသေးတယ်၊ ကျုပ်က မင်းနဲ့ မိတ်ဆွေဖွဲ့ချင်တယ်ဆိုရင် မင်းလက်ခံမလား...."

လုကျန်းရယ်မောလိုက်လေသည်။

"အို...မိတ်ဆွေဖြစ်ရတာ သိပ်ကောင်းတာပေါ့ဗျာ...ကျုပ်က သိုင်းလောကထဲကို ခုမှရောက်လာတာ.... မျက်နှာစိမ်းသက်သက်ဗျ

အသိအကျွမ်းရှိတာ မဟုတ်ဘူး.... မိတ်ဆွေတစ်ယောက်ရတာ ဝမ်းသာစရာပေါ့ဗျာ...."

ဝါးရီက....

"ဒါဆိုရင် မိတ်ဖြစ်ဆွေဖြစ် ကျုပ်ကျွေးမွေးတာကို စားရမယ်နော်...."

"ဟာ ....မလုပ်ပါနဲ့ဗျာ.... ကျုပ်မစားပါရစေနဲ့...."

လုကျန်း အားနာနေမှန်း ဝါးရီသိသည်။

"ကျုပ် ကျွေးတာကို မစားရင်.... ကျုပ်ကို မိတ်ဆွေလို့ သဘောမထားလို့ပဲ ဖြစ်လိမ့်မယ်...."

"ဟာဗျာ.... သည်လိုလည်းမဟုတ်ပါဘူး.... ကျုပ်က...."

"ဘာပဲဖြစ်ဖြစ်.... မိတ်ဆွေအဖြစ် လက်ခံတယ်ဆိုရင် ကျုပ်ကျွေးမွေးတာ စားရမယ်...."

ဝါးရီက အကြပ်ကိုင်လိုက်သဖြင့် လုကျန်းမတတ်သာဘဲ လက်ခံလိုက်ရလေတော့သည်။

"ကောင်းပါပြီဗျာ.... ကျုပ်အတွက် မန်ထိုတစ်လုံးနဲ့ ရေနွေးကြမ်းဆိုရင် ရပါပြီ...."

ဝါးရီ ဘာမှ မပြောပါ....

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ စားကောင်းသောက်ဖွယ်များ မှာကြားလိုက်လေတော့သည်။ ဆိုင်လုလင်များကလည်း ချက်ချင်း ယူလာပေး၏။

စားသောက်ဖွယ်ရာဟင်းလျာများသည် ချက်ချင်းပင် စားပွဲပေါ်၌ ပြည့်လျှံသွားတော့သည်။

ဝါးရီက စေတနာဗလပွဖြင့် ကျွေးမွေးလေသောကြောင့် လုကျန်းလည်း မငြင်းနိုင်ဘဲ စားသောက်လိုက်ရလေတော့သည်။



နှစ်ယောက်သား ရင်းရင်းနှီးနှီး ဖြစ်လာကြသည်။

ဝါးရီက....

"သည်တစ်ခေါက်အိမ်က ထွက်လာရတာ အတော်ကို အကျိုးရှိတာပဲ.... ကျုပ်အတွက် မိတ်ဆွေကောင်းနှစ်ယောက်ရလိုက်တယ်ဆိုပါတော့ဗျာ...."

လုကျန်းက ရေနွေးကြမ်းတစ်ခွက်သောက်ကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ.... ကျုပ်ကို မိတ်ဆွေတစ်ယောက်လို့ သဘောထားတဲ့အတွက် ဝမ်းသာပါတယ်"

ဝါးရီက....

"အင်း သည်ဆိုင်လေးမှာ **ဝင်စားမိတာ** ကံကောင်းတာပဲ.... မိတ်ဆွေလေးနဲ့ ဆုံတွေ့မိတယ်...သည်ကို လာရင်းလမ်းမှာ 'မင်ဖုံး'ဆိုတဲ့ လူတစ်ယောက်နဲ့ ဆုံတွေ့မိတယ်.... မိတ်ဆွေဖြစ်ခဲ့ကြတယ်...."

လုကျန်းက....

"ခင်ဗျားရဲ့ မိတ်ဆွေဆိုရင် "မင်ဖုံး"လည်း ကျုပ်ရဲ့မိတ်ဆွေပေါ့ဗျာ...."

"အင်း.... မင်းတို့နှစ်ယောက်ကို တစ်နေ့ မိတ်ဆက်ပေးရဦးမယ်.... ဒါပေမယ့် မင်းတို့အချင်းချင်း အဆင်ပြေဖို့တော့ မလွယ်ဘူးထင်တယ်...."

ဝါးရီ၏စကားကြောင့် လုကျန်းမျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲဗျာ....ကျုပ်တို့က ရန်ဘက်တွေမှ မဟုတ်တာဗျာ...."

ဝါးရီက....

"မင်ဖုံးဟာ မင်းနဲ့ဆန့်ကျင်ဘက်ဖြစ်နေလို့ပါပဲ...."

"ဆန့်ကျင်ဘက်…."

"ဟုတ်တယ်…. သူက စိတ်မရှည်ဘူး ဒေါသကြီးတယ်…. ထစ်ခနဲဆိုရင် တိုက်ခိုက်ဖို့လောက် စိတ်ကူးနေတာ…သိုင်းပညာလည်း ကောင်းတယ်လေ…."

"သြော်…."

လုကျန်းသည် မင်ဖုံးဆိုသူအား စိတ်ဝင်စားသွား၏။ ဝါးရိ ပြုံးလိုက်သည်။

"အသွင်မတူတဲ့ လူနှစ်ယောက်နဲ့ လာပြီးမိတ်ဆွေဖြစ်ရတာ ကြောင့် ကျုပ်အတွက် ထူးဆန်းပြီး ကံကောင်းတယ်လို့ဆိုတာပေါ့…."

လုကျန်းသံယောင်လိုက်ကာ ပြောလိုက်၏။

"ဟုတ်တယ်…. ကံကောင်းပါတယ်ဗျာ…."

ဝါးရိက….

"မင်းဘယ်သွားမှာလဲ ပြောနိုင်မလား…."

လုကျန်း ပခုံးတွန့်လိုက်လေသည်။

"ကျုပ်က သိုင်းပညာရှာဖို့ ရှောင်လင်ကျောင်းကို ထွက်လာခဲ့တာပါ…. ဒါပေမယ့် လမ်းခရီးမှာ အခက်အခဲဒုက္ခကြုံတွေ့နေရတာနဲ့ တွေ့ဆုံနေရတာကြောင့် ကူညီနေရတာနဲ့ ရှောင်လင်ကျောင်းကို မရောက်နိုင်အောင် ဖြစ်နေတာ…."

ဝါးရိ ရယ်မောလိုက်လေသည်။

"ရှောင်လင်ကျောင်းကို သွားမလို့ကိုး…အင်း မင်းသာ ရှောင်လင်ကျောင်းမှာ သိုင်းပညာသင်နိုင်ခဲ့ရင် သူများတွေကို ခုထက်ပိုပြီး ကူညီနိုင်မှာပဲ…."

လုကျန်းက….

"သူများကို ကူညီရတာလောက် စိတ်ချမ်းသာစရာကောင်း



တာ ဘာမှ မရှိတော့ပါဘူး…. ကျုပ်က ကျုပ်အတွက် ပထမရှိပြီး ဘယ်တော့မှ မတွေးဘူး….သူများအတွက်ကို ပထမထားတဲ့လူပါ…."

"မင်ဖုံးကတော့ ဘယ်သူ့ကို တွေ့တွေ့ ဒုက္ခပေးမယ့်လူလို့ ထင်နေတာ…. သူပြောတာလည်း ဟုတ်ပါတယ်လေ…. တချို့က မျက်နှာချိုပေမယ့် အတွင်းမှာ ကောက်ကျစ်တယ်…လူကြီးလူကောင်း ဟန်ဆောင်ထားပေမယ့် နောက်ကွယ်မှာ မကောင်းမှုတွေ လုပ်တယ်၊ ကျုပ်အဖေက ဘီလူးတောင်ကိုသွားဖို့ လွှတ်လိုက်တာ…မင်ဖုံးနဲ့ တွေ့မှပဲ ဘီလူးတောင်က လူတွေဟာ လူဆိုးဓားပြတွေဖြစ်နေတာကို သိခဲ့ရတာ…."

လုကျန်း သက်ပြင်းချလိုက်လေသည်။

"ခင်ဗျားရဲ့ မိတ်ဆွေဟာ စိတ်တိုတယ်ဆိုပေမယ့်…. မှန်တဲ့ စကားပြောတယ်…မှန်အောင် တွေးတောစဉ်းစားတယ်ဟယ်ဆိုတော့ ချီးကျူးစရာကောင်းတဲ့ လူတစ်ယောက်ပေါ့ဗျာ…. သူ့ကိုတွေ့ချင်ပါ သေးတယ်…. မိတ်ဆွေတစ်ယောက်အနေနဲ့ပေါ့ဗျာ…."

ဝါးရိသည် စိတ်ထားဖြူစင်သော လုကျန်းကို သဘောကျ သွားသည်။ ဤလူမျိုးကား လောကတွင်ရှားပါးလှ၏။

"မင်းတို့နှစ်ယောက်ဟာ မကြာခင် မိတ်ဆွေတွေဖြစ်သွားကြမှာပါ…."

နှစ်ယောက်သားရင်းရင်းနှီးနှီး ဖြစ်သွားကြသည်။

သို့သော်….

အတန်ကြာလျှင် စားသောက်ဆိုင်ထဲမှ ထွက်ကာ….

လူချင်းခွဲလိုက်ပြီး ကိုယ့်လမ်းကိုယ် သွားကြတော့သည်။

လုကျန်းသည် မြို့ထဲမှ ထွက်ကာ တောလမ်းသို့ ရောက်လျှင် ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရ၏။ တောလမ်းတွင်

လဲကျသေဆုံးနေသည့် အနက်ရောင်ဝတ်ထားသူများအား တွေ့လိုက်ရခြင်း ဖြစ်သည်။ လုကျန်း ရင်ထိတ်သွားသည်။

"တစ်ယောက်ယောက်က ရက်ရက်စက်စက် တိုက်ခိုက်သွားတာပဲ...."

အနက်ရောင်ဝတ်ထားကြသူများမှာ မည်သူများဖြစ်ကြပါသနည်း။

မည်သူက သူတို့အား သတ်ပစ်လိုက်ပါသနည်း။

လုကျန်းမသိပါ။

လုကျန်းသည် အမြင်မတော်သည့်မြင်ကွင်းကို အမြင်တော်အောင် ပြုလုပ်ချင်သည်။

"မဖြစ်သေးပါဘူး....အလောင်းတွေကို မြေမြှုပ်ပေးဦးမှပါပဲ"

သူသည် ဤသို့တွေးကာ မြေပေး၌ ပြန့်ကျဲနေသော လက်နက်များကို ကောက်ယူပြီး လမ်းဘေးတစ်နေရာ၌ မြေကျင်းတူးလိုက်သည်။ မြေကျင်းတူး၍ မပြီးဆုံးသေးမီ။

"အား...."

"အမလေး...."

"သေပါပြီဗျ...."

တောအုပ်ထဲမှ ရူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်...."

လုကျန်း ထိတ်လန့်သွားလေသည်။

**"တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီထင်တယ်..."**

တွေးရင်း အော်ဟစ်သံထွက်ပေါ်လာရာဆီသို့ ဦးတည်ပြေးသွားလေတော့၏။



သစ်ပင်ချုံနွယ်များကို ကွေ့ပတ်လိုက်သောအခါ ရှေ့မှ ဒရောသောပါးပြေးလာနေသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေ၏။

ထိုလူမှာ အနက်ရောင် ဝတ်ထားပြီး ဒဏ်ရာဒဏ်ချက်များ ရရှိထားကာ သွေးချင်းချင်းနီရဲနေပါတော့သည်။

လုကျန်းကို မြင်သည်နှင့် အားကိုးတကြီး အကူအညီတောင်းလေတော့၏။

"ကယ်တော်မူပါ...."

ထိုလူသည် အော်ပြောကာ ပြေးလာသည်။

လုကျန်း ရင်ထိတ်သွား၏။

အခက်အခဲဒုက္ခရောက်နေသူများအား ကူညီလေ့ရှိသည်။

သူ၏ဥာဉ်အတိုင်း ထိုလူအား မေးလိုက်လေတော့၏။

"နောင်ကြီး ဘာဖြစ်လို့လဲဗျာ.... ကျွန်တော် ဘာများအကူအညီပေးရမလဲ...."

အနက်ရောင်ဝတ်ထားသူ ဝမ်းသာသွား၏။

"ကျုပ်ကို လူဆိုးကြီးတစ်ယောက် လိုက်ပြီးတိုက်ခိုက်နေတယ် ကယ်ပါဦး...."

ပြေးလာရင်း မဟန်နိုင်တော့ဘဲ မြေပေါ်လဲကျသွား၏။

"ဒုက္ခပါပဲဗျာ...."

လုကျန်းက ချက်ချင်းပြေးသွားပြီး ဖေးမလိုက်၏။

ထိုအချိန်မှာပင်....

"ခင်ဗျား ဘယ်ပြေးမလဲ...."

အော်ငေါက်သံထွက်ပေါ်လာသည်။

လူရိပ်တစ်ခု ထွက်ပေါ်လာပြီး ရိပ်ခနဲရောက်ရှိလာလေတော့သည်။

"အမလေး...."

အနက်ရောင်ဝတ်ထားသူ အထိတ်တလန့် ဖြစ်သွား၏။

လုကျုန်းက အားပေးလိုက်လေသည်။

"ဘာမှမကြောက်ပါနဲ့ဗျာ....ကျွန်တော်တစ်ယောက်လုံး ရှိပါသေးတယ်....မတရားလုပ်လို့မရပါဘူး...."

ချက်ချင်းပင် ရောက်လာသူနှင့်ရင်ဆိုင်လိုက်၏။

"ဟေ့လူ....ရပ်လိုက် မတရားမလုပ်နဲ့...."

ရောက်လာသူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ဖြစ်ပါသည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားသည့် အသွင်ရှိသည်။ ထိုလူရွယ်ကိုမြင်လျှင် လုကျုန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။ လူရွယ်ကား တင်းမာသောမျက်နှာထားရှိ၏။

ခက်ထန်ကြမ်းတမ်းမည့်သဘောဆောင်နေ၏။

လုကျုန်းက လှမ်းပြောလိုက်လေ၏။

"ခင်ဗျား ဘာကြောင့်ရက်ရက်စက်စက် လုပ်နေရတာလဲ.... မကောင်းပါဘူးဗျာ...."

လူရွယ် မျက်မှောင်ကုတ်သွား၏။

"ကျုပ်က ရက်ရက်စက်စက် လုပ်တယ်ဟုတ်လား...."

"ဟုတ်တယ်လေ....ခင်ဗျားရဲ့လက်ချက်ကြောင့် သေတဲ့လူတွေ သေကုန်ပြီ....သည်လိုလုပ်တာ ဘယ်ကောင်းမလဲဗျ...."

လူရွယ် မဲ့ပြုံး ပြုံးလိုက်၏။

"သည်လူတွေဟာ ဆယ်ခါပြန်သေသင့်သေထိုက်တဲ့လူတွေဆိုတာ မှတ်ထားစမ်းပါ...."

"ဘာဗျ...."



"ဘာလဲ....မင်းက သူတို့ကို လူကောင်းတွေထင်နေလို့လား"

လုကျုန်းကြောင်အမ်းအမ်း ဖြစ်သွား၏။

မည်သို့ပြောရမှန်းမသိ ပါးစပ်အဟောင်းသားဖြင့် လူရွယ်ကို ကြည့်နေမိသည်။

လူရွယ်က အနက်ရောင်ဝတ်ထားသူအား ညွှန်ပြလိုက်၏။

"သည်လူတွေဟာ....သိုင်းပညာအားကိုးနဲ့ လုယက်ခေးပြတိုက်နေကြတာ....သူတို့ရဲ့ ခေါင်းဆောင်ဟာ....သိုင်းလောကမှာ လူကြီးလူကောင်းလို့ ဟန်ဆောင်မျက်နှာဖုံးစွပ်ထားတာကို ခွာချဖို့ ကျုပ် ကြိုးစားနေတာလေ....ကျုပ်ကို နှုတ်ပိတ်ပစ်ဖို့ သူတို့ကြိုးစားကြတော့ ကျုပ်က ဆုံးမရတာပေါ့...."

လုကျုန်းက အနက်ရောင်ဝတ်ထားသူဘက်သို့ လှည့်လိုက်လေသည်။

အနက်ရောင်ဝတ်ထားသူမှာ ချက်ချင်း ပြောင်းလဲသွားပါတော့သည်။

ချက်ချင်းပင် လုကျုန်း၏ ကျောပြင်အား ဓားတစ်လက်ဖြင့် ထောက်ထားလိုက်သည်။

"မလှုပ်နဲ့...."

လုကျုန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

အနက်ရောင်ဝတ်ထားသူက လူရွယ်အား လှမ်းပြောလိုက်လေသည်။

"ကျုပ်ကို ဒုက္ခပေးဖို့ မကြိုးစားနဲ့....သည်လူအရင်ဆုံးသေသွားလိမ့်မယ်...."

လုကျုန်းအား ဓားဖြင့်ထောက်ကာ လူရွယ်ကို ခြိမ်းခြောက်လိုက်ခြင်း ဖြစ်လေတော့သည်။ ကောင်းမှုဆောင်ရွက်ခြင်း၏ အကျိုး

ကျေးဇူးပင်တည်း။

လူရွယ် ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို သတ်ပစ်လိုက်ရင်လည်း ကျုပ် ဂရုမစိုက်ဘူး...."

"ဘာ...."

"သူသေတာ...ရှင်တာ ကျုပ်အကြောင်းမဟုတ်ဘူး...ခင်ဗျား ကို သုတ်သင်ပစ်နိုင်ဖို့က ကျုပ်အလုပ်ပဲ...."

လူရွယ်ပြောရင်း ရှေ့တိုးလာလေသည်။

လုကျန်း မျက်နှာပျက်သွား၏။

အနက်ရောင်ဝတ်ထားသူက ကြောက်အားလန့်အားဖြင့် ဓား ဖြင့်ခုတ်ချလိုက်လျှင် သူအရင်ဆုံး ဒုက္ခရောက်ရမည်ဟု ရိပ်မိလာသည်။

လူရွယ်က သူ့အား အမှုမထားဘဲ အနက်ရောင်ဝတ်ထားသူ အား တိုက်ခိုက်မည်မှာ သေချာနေပါသည်။

"မင်း ရပ်လိုက်စမ်း...."

အနက်ရောင်ဝတ်ထားသူက ငေါက်လိုက်၏။

လူရွယ်က လုံးဝအမှုမထားဘဲ ရှေ့တိုးလာသည်။

"သေပေတော့...."

အနက်ရောင်ဝတ်ထားသူက လုကျန်းအား ဓားဖြင့်ခုတ်ချ လိုက်လေတော့သည်။

လုကျန်းဘာမှ မတတ်နိုင်တော့ပါ။

"ဟူး...."

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်တစ်ခု ရိပ်ခနဲ ရောက်လာပြီး အနက်ရောင်ဝတ်ထားသူ၏ လက်ထဲမှ ဓားကို လုယူပြီး အနက်ရောင်ဝတ်ထားသူအား ပြန်လည်တိုက်ခိုက်လေသည်။

ထိုလူ၏ လှုပ်ရှားမှုလျင်မြန်လှသဖြင့် အနက်ရောင်ဝတ်ထား



သူ ရှောင်တိမ်းဖို့ အချိန်ပင် မရလိုက်ချေ။

လုကျန်းကိုလည်း ရန်မပြုနိုင်တော့ဘဲ စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားတော့သည်။

လုကျန်း ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ် မြောက်သွားလေတော့သည်။

လုကျန်းသည် အသက်ကယ်လိုက်သူအား ကျေးဇူးတင်စွာ ကြည့်လိုက်လေသည်။

ထိုလူကား....

"ဟင်.... နောင်ကြီးဝါးရီပါလား...."

ဝါးရီဖြစ်နေ၍ လုကျန်းအံ့သြသွားရတော့သည်။

ဝါးရီ ပြုံးလိုက်သည်။

"ဟုတ်တယ်.... ကျုပ်တို့ရေစက်မကုန်လို့ ပြန်တွေ့ကြရတာ ပဲ...."

သူက အဖြူရောင်ဝတ်လူရွယ်အား လှမ်းပြီးနှုတ်ဆက်လိုက် လေသည်။

"မင်ဖုံး....ခင်ဗျားအတွက် သက်သေအထောက်အထားတွေ ရပြီလား...."

လူရွယ်ခေါင်းညိတ်လိုက်သည်။

"ရပြီလေ....သူတို့အားလုံး အတူတူပဲ....ခင်ဗျားအတွက် ကံ ကောင်းသွားတယ်...."

ဝါးရီ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ.... ကျုပ်လည်း ဖေဖေကသွားဆိုလို့သာ သွားရမှာ.... ခုတော့ ရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့ဗျာ...."

သူက လုကျန်းဘက်လှည့်ကာ မိတ်ဆက်ပေးလိုက်၏။

"လုကျန်း.....ဒါ ကျုပ်ပြောတဲ့ မင်ဖုံးဆိုတာပေါ့....."

လုကျန်း အံ့သြသွားလေသည်။

"သြော် သူကိုး....."

ဝါးရီက မင်ဖုံး၏အကြောင်းကို အမှန်အတိုင်း ပြောခဲ့ခြင်းဖြစ်ကြောင်း လုကျန်းသဘောပေါက်လိုက်လေသည်။

သို့သော်....

သူတို့နှစ်ယောက် ဘယ်သောအခါမှ မိတ်ဆွေများ ဖြစ်ဖို့လွယ်မည်မဟုတ်သော စကားကိုမူ လက်မခံလိုပါချေ။

အကြောင်းကား....

သူ၏စိတ်ထဲ၌ မင်ဖုံးကို မြင်မြင်ချင်း ညီရင်းအစ်ကိုပမာ သဘောထားမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဝါးရီက မင်ဖုံးကိုလည်း ပြောလိုက်သည်။

"မင်ဖုံး.....ဒါ ကျုပ်ပြောတဲ့ လုကျန်းပေါ့....."

မင်ဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

"သူက သူတစ်ပါးပြောတိုင် ယုံတာကိုး...ဦးနှောက်မရှိတော့ ဒုက္ခရောက်ရင်တောင် နည်းသေးတယ်...သည်လိုလူစားမျိုးအတွက်နဲ့ အချိန်ကုန်ခံမနေစမ်းပါနဲ့ဗျာ...ရှေ့ဆက်လုပ်စရာတွေ ရှိသေးတယ်.... ကျုပ်တို့ သွားကြတာပေါ့....."

ဝါးရီ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ...သက်သေအထောက်အထားခိုင်လုံရင် ပြီးတာပါပဲ....ကျုပ်က ဘယ်လိုမှ သဘောထားမှာ မဟုတ်ပါဘူး....သူတို့အကြောင်းတွေကို ကြားရတာနဲ့ စိတ်ကုန်နေပါပြီဗျာ...."

မင်ဖုံးက လုကျန်းအား တစ်ချက်ကြည့်ပြီး ချာခနဲလှည့်ထွက်သွားလေသည်။



"ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စရှိလို့ သွားလိုက်ဦးမယ်...နောက်မှ တွေ့ကြသေးတာပေါ့....."

ဝါးရီကလည်း နှုတ်ဆက်ကာ လိုက်သွား၏။

လုကျန်း ငူငူကြီးရပ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

"အားလုံး သတိရှိကြဟေ့....."

အာဖုံး၏အော်ဟစ်သံကြောင့် လုကျန်း၏ အတွေးများပြတ်တောက်သွားတော့သည်။

တောင်ကြားလမ်းသည် ကွေ့ကွေ့ကောက်ကောက်ရှိနေရကား ရှေ့ဆက်သွားလိုက်သည်နှင့် ဘီလူးတောင်အနီးသို့ရောက်ရှိသွားပြီ ဖြစ်ပါသည်။

အာဖုံးသည် သူ၏အဖွဲ့သားများအား အသိပေးလိုက်ခြင်း ဖြစ်ပါသည်။

ဝါးရီနှင့်မင်ဖုံးတို့သည် ဘီလူးတောင်သို့ သွားခြင်းဖြစ်ရမည်ဟု တွေးမိလိုက်သည်။

ဘီလူးတောင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ထူးခြားမှု တစ်ခုကို တွေ့မြင်လိုက်ရသည်။

"ဟင်.....ဘီလူးတောင်ပေါ်မှာ မီးလောင်ပါလား....."

မှန်ပေသည်။ ဘီလူးတောင်ပေါ်မှ မီးခိုးလုံးများ ထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

အာဖုံး အံ့သြသွား၏။

"တစ်ယောက်ယောက်က ဘီလူးတောင်ကို တိုက်ခိုက်လိုက်တာပဲ ဖြစ်မယ်....."

သူတို့သည် ဘီလူးတောင်နှင့် မလှမ်းမကမ်းသို့ ရောက်လျှင် မြင်းလှည်းများကို ရပ်တန့်လိုက်ကြလေသည်။

အာဖုံးက လုကျန်းအား လှမ်းမေးလိုက်၏။

"ဘီလူးတောင်ပေါ်ကို သွားပြီး အခြေအနေကြည့်မယ်.... မင်းကောလိုက်ဦးမလား...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် လိုက်မယ်...."

"ကောင်းပြီ.... သွားကြမယ်"

အာဖုံးသည် သူ၏အဖွဲ့သားများအား လိုအပ်သည်များကိုမှာကြားပြီး လုကျန်းကိုခေါ်ကာ ဘီလူးတောင်သို့ ဦးတည်ထွက်ခွာသွားလေတော့၏။

လှိုင်စာပေ

## အခန်း(၃)

## စေတနာ

ဘီလူးတောင်ပေါ်၌ မီးလောင်နေသော အဆောက်အဦများရှိနေသည်။

လူသေအလောင်းများလည်း ပြန့်ကျဲနေ၏။

တစ်စုံတစ်ယောက်သည် ဘီလူးတောင်ပေါ်သို့တက်ပြီး တိုက်ခိုက်ချေမှုန်းလိုက်ခြင်း ဖြစ်ပုံရသည်။

အာဖုံးဝမ်းသာအားရ ဖြစ်သွားလေ၏။

"ဒုစရိုက်မှုတွေနဲ့ သည်လောက်တောင် နာမည်ကြီးနေတဲ့ ဘီလူးတောင်ကို ခုလို ချေမှုန်းပစ်လိုက်တာ ဝမ်းသာစရာပဲ...."

ထိုစဉ်....

"ဟူး.... ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ....

လူတစ်စုပြေးလွှားလာနေကြသည်ကို တွေ့ရလေသည်။

ထွက်ပြေးလာကြသော ဘီလူးတောင်အဖွဲ့သားများ ဖြစ်ကြပါတော့သည်။

အာဖုံးက....

"သတိထား...."

သူ၏သတိပေးသံ မဆုံးမီ ဘီလူးတောင်မှ လူများက ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။ အာဖုံးနှင့် လုကျန်းတို့လည်း ချက်ချင်း ခုခံတိုက်ခိုက်ကြလေသည်။

အာဖုံးမှာ သိုင်းသမားကောင်းတစ်ယောက်ဖြစ်ပါသည်။ ဓား တစ်လက်ဆွဲထုတ်ကာ ခုခံရင်ဆိုင်လိုက်လျှင်....

"ဝိုး...."

"အမလေး...."

"သေပါပြီဗျ...."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ထိုလူစုမှာ ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ဆက်၍မတိုက်ခိုက်ခဲ့ကြတော့ဘဲ ထွက်ပြေးရှောင်တိမ်းသွားကြလေတော့သည်။

အာဖုံးရယ်မောလိုက်သည်။

"ဘီလူးတောင်မှာ ခြေကုပ်ယူပြီး နှစ်ပေါင်းများစွာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ လူဆိုးဓားပြတွေ သည်တစ်ခါတော့ နှာခေါင်းနဲ့ ကျည်ပွေ့တွေ့ပြီ...."

လုကျန်းလည်း ရယ်မောလိုက်လေသည်။

"ဟုတ်တယ်....လူဆိုးဓားပြတွေကို ဆုံးမပေးရလိမ့်မယ်...."

သူတို့ပြောဆိုနေကြစဉ်မှာပင် လူနှစ်ယောက်ပြေးလာသည်ကို တွေ့ရလေသည်။

လူကြမ်းကြီးတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ဖြစ်ကြလေ၏။



အာဖုံး မျက်နှာပျက်သွားသည်။

"ရွှေဒင်္ဂါးလူဆိုးမောင်နှံက သည်မှာရောက်နေကြတာကိုး"

လုကျန်း မျက်မှောင်ကုတ်သွား၏။

"သူတို့က...."

"ရှကျောင်းဟာ ရွှေဒင်္ဂါးလက်နက်ပုန်းနဲ့ ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်ပဲ....သူ့ရဲ့ပညာကို အလွဲသုံးစားလုပ်ပြီး မကောင်းတဲ့ဘက်မှာ အသုံးချလို့ သိုင်းလောကတစ်ခုလုံးက လူဆိုးကြီးတစ်ယောက်အဖြစ် ဝိုင်းကြဉ်ထားကြတာပေါ့...."

ထိုအချိန်မှာပင် ရွှေဒင်္ဂါးရှကျောင်းနှင့်ဇနီး ကျိန်းကျူးတို့အနီးသို့ ရောက်ရှိလာကြသည်။

ရှကျောင်းသည် အာဖုံးအား တွေ့ရလျှင် ဝမ်းသာသွားလေတော့သည်။

"အာဖုံးပါလား....ကံကောင်းလိုက်တာဗျာ....ကျုပ်က ခင်ဗျားတို့ အာမခံဌာနကလူတွေ ဘီလူးတောင်ဘက်ကို ရောက်လာမယ် သတင်းကြားလို့ လုယက်ဖို့ ဖုံးဟိုဆီကိုလာပြောတာ....ဖုံးဟိုရဲ့ဘီလူးတောင်ကို လူငယ်တစ်ယောက်လာပြီး တိုက်ခိုက်နေတာနဲ့ ရှောင်ထွက်လာခဲ့တာ.... ခင်ဗျားနဲ့မှ တည့်တည့်ဝင်တိုးမိတာပဲ...."

အာဖုံး အံကြိတ်လိုက်လေသည်။

"ရှကျောင်း ကျုပ်ကိုဒုက္ခပေးလို့ရမယ် မထင်နဲ့...."

ရှကျောင်း ဟားတိုက်ရယ်မောလိုက်သည်။

"စောင့်ကြည့်ပါဦးလေ...."

စကားဆုံးလျှင် ရွှေဒင်္ဂါးလက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

အာဖုံးက ဓားဝှေ့ယမ်းကာကွယ်လိုက်၏။

"ခြွင်..... ခြွင်..... ခြွင်"

"ခြွမ်း....."

ရွှေဒင်္ဂါးလက်နက်ပုန်းကလေးများ အဝေးသို့လွင့်စင်သွားတော့သည်။

ထို့အတူ ပြင်းထန်စွာ ထိမှန်လိုက်ခြင်းကြောင့် အဘိုး၏ဓားသည် ထက်ပိုင်းကျိုးသွားတော့သည်။

"ဟင်....."

အဘိုးရင်ထိတ်ကာ နောက်ဆုတ်လိုက်၏။

"ရှင်ယူလာတဲ့ပစ္စည်းပေးစမ်း....."

ရှကျောင်း၏အနီး ကျိန်းကျူးက ခုန်ဝင်သွားပြီး အဘိုးကို လုယူရန် ကြိုးစားလိုက်လေသည်။

သူမ၏လက်သည်းရှည်ကြီးများသည် အဘိုး၏ အင်္ကျီအိတ်ကို ကုတ်ဆွဲမိလိုက်သည်။

"ဗြဲ....."

အဘိုး၏ အင်္ကျီပြဲသွားပြီ....

"ခြွမ်း....."

အထုပ်ကလေးတစ်ထုပ် မြေပေါ်ကျသွားလေသည်။

"ဟာ....."

အဘိုး မျက်နှာပျက်သွားသည်။

အထုပ်ကလေးကို ကပျာကယာ ပြေးကောက်လိုက်သည်။

"ပေးစမ်း....."

ကျိန်းကျူးက အတင်းဝင်လုလေသည်။

လုကျန်းလက်ပိုက်ကြည့်မနေနိုင်တော့ချေ။

"ခင်ဗျား မတရားမလုပ်နဲ့....."



အော်ပြောရင်း ပြေးဝင်ဟန့်တားလိုက်လေသည်။

ရှကျောင်းဒေါပွသွား၏။

"သေချင်ပြီထင်တယ်....."

အော်ငေါက်ရင်း ရွှေဒင်္ဂါးလက်နက်ပုန်ကလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ်..... ဝှစ်..... ဝှစ်"

လေတိုးသံများထွက်ပေါ်လာကာ ရွှေရောင်အလင်းတန်းလေးများသည် အဘိုးနှင့် လုကျန်းတို့ထံသို့ လွင့်ပျံလာလေတော့သည်။

အဘိုးထိတ်လန့်သွားသည်။

"သတိထား....."

လုကျန်း၏လက်ကို ဆွဲကာ နောက်သို့ခုန်ဆုတ်လိုက်၏။

သို့သော် ရွှေဒင်္ဂါးလက်နက်ပုန်းလေးများအား လွတ်အောင်ရှောင်ဖို့ မလွယ်ဘဲ ဖြစ်နေသည်။

လုကျန်းတို့ ကံကောင်းသွားပါသည်။

"ရပ်လိုက်စမ်း....."

အော်ငေါက်သံနှင့်အတူ လူနှစ်ယောက်ရောက်ရှိလာပြီး တိုက်ခိုက်လေသည်။

"ဟင် မင်ဖုံး....."

ထိုလူမှာ မင်ဖုံးနှင့်ဝါးရီတို့ဖြစ်နေ၏။

ဘီလူးတောင်အား တိုက်ခိုက်ချေမှုန်းလိုက်သူကား မင်ဖုံး ဖြစ်နေပါသည်။

မင်ဖုံးသည် လက်နက်ပုန်းကလေးများအား ဖမ်းယူလိုက်ပြီး ရှကျောင်းနှင့်ကျိန်းကျူးတို့အား တိုက်ခိုက်လိုက်လေသည်။

"ဝုန်း....."

"အမလေး...."

ရှကျောင်းကော ကျိန်းကျူးပါ လွင့်စင်သွားကြ၏။

သူတို့သည် ဆက်၍ မတိုက်ခိုက်ကြတော့ဘဲ ထွက်ပြေးသွားကြလေတော့သည်။

မင်ဖုံးက....

အော်ငေါက်ပြီး တဟုန်ထိုးပြေးလိုက်သွား၏။

အာဖုံးနှင့် လုကျန်းတို့မှာ ဝါးရီနှင့်မင်ဖုံးတို့အား ကျေးဇူးတင်စကား မပြောနိုင်အားချေ။

"ယား...."

ညာသံပေးသံများနှင့်အတူ ဘီလူးတောင်မှ သိုင်းသမားများ ရောက်ရှိလာကြခြင်းကြောင့် ဖြစ်ပါသည်။

ဝါးရီက....

"သတိထား...."

အော်ပြောရင်း ရှေ့မှ ဦးဆောင်ကာ ရင်ဆိုင်လိုက်၏။

အာဖုံးနှင့် လုကျန်းတို့ကလည်း အသီးသီးရင်ဆိုင်လိုက်ကြသည်။

လုကျန်းမှာ သိုင်းပညာအားနည်းသော်လည်း ဘီလူးတောင်၏ ငယ်သား သိုင်းသမားများကို ကောင်းစွာ ရင်ဆိုင်နိုင်ခဲ့၏။ မည်သို့ဆိုစေ....

အန္တရာယ်နှင့်ရင်ဆိုင်လိုက်ရသောအခါ တစ်ယောက်ကို တစ်ယောက် မကြည့်နိုင်အားကြတော့ဘဲ ရန်သူကို ရင်ဆိုင်ရင်း လူချင်းကွဲသွားကြလေတော့သည်။



ဆယ်ရက်....

ဆယ်ရက်ဟူသောအချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားသည် ထင်ရသည်။

လုကျန်းသည် ဘီလူးတောင်တိုက်ပွဲတွင် အာဖုံးနှင့် လူချင်းကွဲသွားပြီးနောက် ရှေ့ဆက်ထွက်လာခဲ့ရာ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသည်။

ဆယ်ရက်လုံးလုံး ကောင်းစွာအနားမရခဲ့ရသည့်အပြင် အစားအသောက်ကလည်း ဖြစ်သလိုစားခဲ့ရခြင်းကြောင့် အေးအေးဆေးဆေး အနားယူကာ ကောင်းကောင်းစားလိုစိတ်များ ဖြစ်ပေါ်နေသည်။

ထို့ကြောင့်....

တည်းခိုခန်းနှင့်စားသောက်ဆိုင်တွဲဖက်ဖွင့်ထားသည့် ဆိုင်တစ်ဆိုင်သို့ ရောက်သောအခါ ခပ်သွက်သွက် လှမ်းဝင်လိုက်လေတော့သည်။

စားပွဲတစ်လုံးဆွဲ၍နေရာယူကာ....

"ကဲ.... ဟင်းသုံးမျိုးနဲ့ ထမင်းယူလာခဲ့ပါ မြန်မြန်...."

အော်ပြောလိုက်လေသည်။

"လာပြီ.... လာပြီ"

ဆိုင်လုလင်များသည် ထမင်း ဟင်းသုံးမျိုးနှင့် ရေနွေးကြမ်းအိုးယူကာ အပြေးရောက်လာကြသည်။

လုကျန်း ပြုံးလိုက်သည်။

"ကျေးဇူးပဲ.... ကျေးဇူးပဲ...."

အားရပါးရ စားသောက်လိုက်တော့သည်။

"ဟား.... ဟား.... ဟား"

သူက ပလုတ်ပလောင်း စားနေစဉ် နောက်ကျောဘက်မှ

ရယ်သံတစ်သံ ထွက်ပေါ်လာလေ၏။

လုကျန်း နောက်လှည့်ကြည့်လိုက်မိသည်။

ထိုအခါ....

မလှမ်းမကမ်း၌ စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်နေသူနှစ်ယောက်ကို တွေ့လိုက်ရလေ၏။

ထိုလူနှစ်ယောက်ကား ဝါးရီနှင့် မင်ဖုံးတို့ဖြစ်နေပါသည်။

လုကျန်း အံ့သြသွားလေသည်။ ဝါးရီသည် လုကျန်း အားရပါးရ စားနေသည်ကို မြင်သဖြင့် ရယ်မောလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျားတို့ကိုး...."

ဝါးရီက....

"လုကျန်း....မင်းလည်း သည်မြို့ကိုရောက်လာတာပဲ ဟုတ်လား.... ပန်းနီဂိုဏ်းအကြောင်း လာပြီးလေ့လာတာလား...."

မင်ဖုံးက ကြားဖြတ်ပြောလိုက်သည်။

"သိုင်းပညာလည်းမရှိ.... သိုင်းလောကအကြောင်းလည်း ဘာမှ နားမလည်ဘဲ....နေရာတကာ ဝင်ရှုပ်ချင်တယ်....အသက်တစ်ချောင်းများ အပိုရှိနေလို့လားမသိဘူး...."

လုကျန်း ဘာပြောရမှန်းမသိဖြစ်သွားတော့သည်။

မင်ဖုံးနှင့်ဝါးရီတို့က စားသောက်ပြီးစီးသွားကြပြီ ဖြစ်ရာ ထိုင်ရာမှထကာ အပေါ်ထပ်တည်းခိုခန်းသို့ တက်သွားကြလေတော့သည်။

လုကျန်း စိတ်မကောင်းဖြစ်သွား၏။

"ငါကတော့ သူတို့ကို မိတ်ဆွေလို သဘောထားတယ်.... သူကျတော့ ငါ့ကို မုန်းတီးနေပါလား....ဝါးရီက မဆိုးပါဘူး....မင်ဖုံးက ဘာကြောင့်လဲ...."



ဆက်၍ စားသောက်လိုက်သော်လည်း စား၍မကောင်းတော့ချေ။ သူစိတ်မကောင်းဖြစ်သွားသည် မဟုတ်ပါလား။

စားသောက်ပြီးစီးသွားသောအခါ ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေလိုက်သည်။ တည်းခိုရန်အခန်းတစ်ခန်းလည်း ငှားရမ်းလိုက်သည်။

ထို့နောက် အချိန်ရှိသေးသဖြင့် တည်းခိုခန်းအပြင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။ မင်ဖုံးသည် သူ့ကို အထင်သေးနေသည်။ ဤသည်ကို သူ စိတ်မကောင်းဖြစ်နေသည်။

လမ်းပေါ်သို့ ရောက်ပြီး မကြာမီ လူမမာအဘွားအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်မှာ တည်းခိုခန်းငှားရမ်း၍မရဘဲ အခက်ကြုံနေကြသည်နှင့် ဆုံမိလာသည်။ ဤတွင် လုကျန်းက သူ့ဗီဇအတိုင်း အဘွားအိုတို့အားကူညီရန် ဆုံးဖြတ်လိုက်လေတော့သည်။

နေဝန်းနီများ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

လုကျန်းက တည်းခိုခန်းသို့ ပြန်လာခဲ့သည်။

တည်းခိုခန်း၏ ဝဲဘက်၌ ပန်းဥယျာဉ်တစ်ခု ရှိနေပါသည်။

လုကျန်းသည် ပန်းဥယျာဉ်ကိုမြင်လျှင် သဘောကျသွားသည်။

ပန်းဥယျာဉ်ထဲသို့ ခပ်သွက်သွက်လှမ်းဝင်လိုက်၏။

သူက ပန်းရုံတစ်ခုအနီးသို့ ရောက်သွားသောအခါ လူနှစ်ယောက် စကားပြောနေကြသည်ကို တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်ကား ဝါးရီနှင့်မင်ဖုံးတို့ ဖြစ်ပါသည်။

သူသည် ပန်းရုံအကွယ်၌ ရပ်နေသဖြင့် ဝါးရီနှင့်မင်ဖုံးတို့က မမြင်ကြပါ။

ဝါးရီ၏စကားသံကို ကြားလိုက်ရသည်။

"သည်မြို့မှာ ပန်းနီဂိုဏ်းက ကြီးစိုးနေတာ.... သိုင်းလောကသားတွေ ရောက်လာရင်.... သူတို့ကို သွားပြီး ဂါရဝပြုရတယ်.... ဒါ စည်းကမ်းပဲ...မလိုက်နာရင် သူတို့က ရန်သူလို့သတ်မှတ်ပြီး တိုက်ခိုက်လေ့ရှိတယ်ဗျ...."

မင်ဖုံး ရယ်မောလိုက်လေသည်။

"ပန်းနီဂိုဏ်းအကြောင်းကို ကျုပ်သိပါတယ်.... သူတို့ကို ဂရုမစိုက်ပါဘူးဗျာ....ရှင်းရှင်းပြောရရင် သူတို့ကို ဆုံးမဖို့တောင် စိတ်ကူးထားတာ...."

"ဗြော်...."

"ပန်းနီဂိုဏ်းကို မနက်သွားကြတာပေါ့...."

လုကျန်း မနေနိုင်တော့ပါ။

"ဟာ.... မသွားပါနဲ့ဗျာ...."

သူသည် ရှေ့သို့လှမ်းထွက်ရင်း ပြောလိုက်သည်။

မင်ဖုံးနှင့်ဝါးရီတို့သည် လုကျန်းအားတွေ့လိုက်ရသဖြင့် အံ့သြသွားကြ၏။

ဝါးရီက....

"မင်းကိုး...."

မင်ဖုံးနှာခေါင်းရှုံ့လိုက်သည်။

"မင်းဘာလာရှုပ်တာလဲ...."

လုကျန်းခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က လာရှုပ်တာမဟုတ်ပါဘူးဗျာ.... ကူညီမလို့ပါ...."

"ကူညီမလို့ ဟုတ်လား...."

"ဟုတ်ပါတယ်ဗျာ...."



"ဟား.... ဟား.... ဟား"

မင်ဖုံးက ရယ်မောလိုက်သည်။

လုကျန်းက....

"ကျုပ်လည်း မြို့ထဲတစ်ပတ်လျှောက်ပြီးပြီ.... သတင်းတွေကြားခဲ့ရတယ်.... ပန်းနီဂိုဏ်းရဲ့အကြီးအကဲ 'ကျင်း'သခင်ကြီးဟာ နောက်လိုက်တပည့်တွေနဲ့ သည်မြို့မှာ ကြီးစိုးနေတာ.... သူတို့နဲ့ ပြဿနာမဖြစ်တာ အကောင်းဆုံးပဲဗျ...."

မင်ဖုံး မျက်နှာတည်ကြည်လေးနက်သွားသည်။

"ကျုပ်က ကြောက်နေမယ်ထင်လို့လား...."

လုကျန်းက....

"ခင်ဗျား မကြောက်မှန်းသိပါတယ်.... ဒါပေမယ့်.... နေရာတကာ ပြဿနာမျူဖြစ်တော့ ပိုမကောင်းဘူးလားဗျာ...."

မင်ဖုံးက....

"မင်းဘာမှ ဝင်မရှုပ်နဲ့....မင်းနဲ့မဆိုင်ဘူး....မင်းဘာသာအေးအေးနေ.... ငါတို့ကိစ္စထဲဝင်မရှုပ်နဲ့...."

ခပ်ပြတ်ပြတ်ပြောကာ ချာခနဲလှည့်ထွက်သွားသည်။

ဝါးရီ သက်ပြင်းချလိုက်သည်။

"လုကျန်း.... သူက စိတ်မြန်တယ်.... မဟုတ်မမှန်တာကို ဘယ်တော့မှ လက်ပိုက်ကြည့်မနေတတ်ဘူး....ဒါကြောင့် သူ့ကို စိတ်မဆိုးပါနဲ့လို့ ကျုပ်တောင်းပန်ပါတယ်...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောပေါက်ပါတယ်ဗျာ...ဒါပေမယ့် ပြဿနာ မဖြစ်စေချင်တဲ့သဘောပါ.... တိုက်ပွဲဝင်နေတယ်ဆိုတာ ကောင်းတာမှမဟုတ်တာ.... တစ်ချိန်မဟုတ် တစ်ချိန်မှာ အန္တရာယ်ရှိနိုင်တာပဲ....

သူဟာ လူကောင်းတစ်ယောက်ပါ.... မလိုလားအပ်ဘဲ ပြဿနာပေါ်တာ မကောင်းပါဘူး...ပန်းနီဂိုဏ်းကိုသွားပြီး ကျုပ် တောင်းပန်ပေးပါ့မယ်...."

ဝါးရီ အံ့သြသွားသည်။

"မင်းသွားပြီး တောင်းပန်မယ် ဟုတ်လား...."

"ဟုတ်တယ်...."

"မင်းက...."

"သူဟာ ခင်ဗျားရဲ့မိတ်ဆွေဆိုတော့...ကျုပ်ရဲ့မိတ်ဆွေပဲပေါ့ မိတ်ဆွေတစ်ယောက် အခက်ကြုံနေရင် လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ.... ကျုပ်သွားလိုက်ပါ့မယ်...."

ဝါးရီ သက်ပြင်းချလိုက်သည်။

"မင်းတို့နှစ်ယောက်ဟာ တစ်မျိုးစီပဲ.... နှစ်ယောက်စလုံး ခေါင်းမာကြတယ်...ပြောလို့မရဘူး...မင်ဖုံးက ပန်းနီဂိုဏ်းကိုဆုံးမမှာပဲ မင်းကလည်း ပြဿနာမဖြစ်အောင် သွားပြီးတောင်းပန်မှာပဲ မဟုတ်လား...."

လုကျန်းက အားရပါးရပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ...."

သူ၏စကားကြောင့် ဝါးရီ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

၅၀၉



နေဝန်းနီမှာ နောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

လုကျန်းက ပန်းနီဂိုဏ်းအကြောင်း စုံစမ်းကာ ပန်းနီဂိုဏ်းချုပ် 'ကျင်း'သခင်နေထိုင်သည့် ကျင်းဂေဟာသို့ ထွက်လာခဲ့၏။

သနားတတ်သော လုကျန်းသည် လမ်းတွင် အသံတစ်သံကို ကြားလိုက်ရသည်။

"သနားကြပါဗျာ.... သနားကြပါ...."

တစာစာတောင်းရမ်းသံ ထွက်ပေါ်လာခြင်းကြောင့် လုကျန်း လှည့်ကြည့်လိုက်ရာ ဖေဒါကြီးတစ်ယောက်ကို တွေ့လိုက်ရလေ၏။

ထိုဖေဒါကြီးမှာ လုကျန်း မန်ထိုပေါက်စီကျွေး၍ မစားသော ဖေဒါကြီးဖြစ်နေသည်။

လုကျန်းအံ့သြသွား၏။

"ဦးလည်း သည်မြို့မှာ ရောက်နေတာကိုး...."

ဖေဒါကြီးက....

"ဒါက ဘာဆန်းမှာလဲ...ငါက ဖေဒါလေ...ရေမျောရပါသွားတဲ့ သဘောပဲ...."

"ဟား.... ဟား.... ဟား"

လုကျန်းသည် ရယ်မောလိုက်လေသည်။

"ဦးနဲ့ကျွန်တော်နဲ့ စိတ်ကူးချင်းတူနေပြီ...တစ်ပြိုင်နက် တစ်မြို့တည်းကိုလာကြတာတော့ မဟုတ်ပါဘူးနော်...."

ဖေဒါကြီးက....

"ဒါတော့ မင်းမှားသွားပြီကွ...."

"ဗျာ...."

"ငါက မင်းနောက်ကို တကောက်ကောက်လိုက်နေတာပဲ"

လုကျန်း မယုံနိုင်အောင် ဖြစ်သွားသည်။

"ကျွန်တော့်နောက်ကို တကောက်ကောက်လိုက်နေတာ ဟုတ်လား.... ဘယ်လိုအကြောင်းကိစ္စများ ရှိလို့လဲဗျာ...."

ဗေဒါကြီးရယ်မောလိုက်သည်။

"မင်းကျွေးသွားတဲ့ အမဲပြုတ်ကို သတိရလို့ပေါ့ကွာ...."

"ဗြော်...."

"အမဲပြုတ်နဲ့အရက် တော်တော်စားလို့ကောင်းတာကွ...ငါ့ကို မင်းလိုကျွေးမယ့်လူ မရှိဘူး...."

လုကျန်း စိတ်မကောင်းဖြစ်သွားလေသည်။

"ကောင်းပါပြီဗျာ.... ဦးကို အမဲပြုတ်နဲ့အရက်ကျွေးပါ့မယ်"

ဗေဒါကြီးဝမ်းသာသွားလေသည်။

"ကျေးဇူးတင်လိုက်တာကွာ...သည်မြို့ရဲ့ အကောင်းဆုံးစားသောက်ဆိုင် ဘယ်မှာရှိတယ်ဆိုတာ ငါသိတယ်...မင်းကို လိုက်ပြမယ်"

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်၏။

"ခဏနေပါဦးဗျာ...."

လုကျန်းက ဟန့်တားလိုက်လေသည်။

ဗေဒါကြီးက....

"ဘာဖြစ်လို့လဲကွ...."

"ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စရှိနေလို့ပါ.... ဒါကြောင့် ကျွန်တော် လိုက်နိုင်မှာ မဟုတ်ပါဘူး...."

"ဟာ....မင်းမလိုက်ရင် ဘယ်သူက ငါ့ကိုအရက်နဲ့ အမဲပြုတ် ကျွေးမှာလဲ...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် မလိုက်ပေမယ့်...ဦးစားလို့ရအောင် ပိုက်ဆံပေး လိုက်ပါ့မယ်...."



ဗေဒါကြီး လက်မခံပါ....

"ဟာ....ငါမလိုချင်ဘူး....မင်းကိုယ်တိုင် ကျွေးမှ ငါဝအောင် စားလို့ရမှာပေါ့.... ပိုက်ဆံနဲ့ဆိုရင် တိုင်းဆစားနေရမှာပေါ့...."

လုကျန်းက....

"သည်လိုဆိုရင် ဦးခဏစောင့်နေပါ.... ကျွန်တော်ပြန်လာတော့ လိုက်ကျွေးပါ့မယ်...."

"မင်း ဘယ်သွားမလို့လဲ...."

"ပန်းနီဂိုဏ်းကိုသွားမလို့ပါ...."

"ဟေ...."

ဗေဒါကြီး မျက်နှာပျက်သွား၏။ သို့သော် ချက်ချင်း ဣန္ဒြေဆယ်လိုက်သည်။

"ငါစောင့်မနေနိုင်ဘူး.... မင်းနဲ့လိုက်ခဲ့မယ်...."

လုကျန်း ပြုံးလိုက်သည်။

"ဦးက ကျွန်တော့်ကို မယုံဘဲကိုး....ဒါဖြင့်လိုက်ခဲ့ပါ....ကျင်းသခင်ရဲ့ ဂေဟာအပြင်ဘက်က စောင့်နေပေါ့...."

ဗေဒါကြီး ဘာမှမပြောပါ။

လုကျန်းက ဦးဆောင်ကာ ထွက်သွားလျှင် ဗေဒါကြီးလည်း ကောက်ကောက်ပါအောင် လိုက်လာလေတော့သည်။

## အခန်း(၄)

## သူ့လမ်းစဉ်

"တုံ....."

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

ညဉ့်တစ်ချက်တီးပြီဖြစ်သော်လည်း လုကျန်းအိပ်မပျော်နိုင်သေးပါ။

သူအိပ်၍လည်း မရပါ။

အဘယ်ကြောင့်ဆိုသော်....

ပန်းနီဂိုဏ်းချုပ် ကျင်းသခင်ကြီးက သူ့အား ဖမ်းဆီကာဧည့်ခန်းအတွင်းရှိ ထိုင်ခုံတစ်လုံးတွင် ကြိုးဖြင့် ချည်နှောင်ထားခြင်းကြောင့်ဖြစ်ပါသည်။

သူက မင်ဖုံးနှင့်ပြဿနာမဖြစ်စေရန် ကျင်းသခင်ကြီးထံလာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

ကျင်းသခင်သည် မာန်မာနကြီးပြီး သူ့အား ဂရုမစိုက်သည့်မင်ဖုံးအား ဆုံးမရန်ဆုံးဖြတ်ထားပြီး ဖြစ်နေသည်။

သူ၏လက်ရုံးနှစ်ယောက်ကို အမိန့်ပေးကာ လုကျန်းအား



ဖမ်းဆီးနိုင်းလိုက်ပြီး ဧည့်ခန်းအတွင်းရှိ တိုင်တစ်လုံး၌ ကြိုးဖြင့်တုတ်နှောင်ထားခဲ့သည်။ မင်ဖုံးတို့ရောက်လာလျှင် နမူနာပြရန်ဖြစ်သည်။

ဤတွင် သူတစ်ပါးအား ကူညီလိုသော လုကျန်းမှာ ဒုက္ခရောက်ရလေသည်။

ဗေဒါကြီးက ကြောက်လန့်ပြီး ထွက်ပြေးသွားသည်။ ဗေဒါကြီး ဒုက္ခရောက်ရမည့်ဘေးမှ လွတ်မြောက်သွားသည်ကိုပင် ဝမ်းသာနေရတော့သည်။

လုကျန်းက မင်ဖုံးအား ကူညီလိုစိတ်ကြောင့် ဒုက္ခရောက်ရသည်ကို မည်သို့မှ သဘောမထားပါ။

မင်ဖုံး ကျင်းသခင်ထံ ရောက်မလာပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။ သို့သော် သူ၏ဆုတောင်း မပြည့်ဝခဲ့ပါချေ။

ည တစ်ချက်တီးပြီး မကြာမီ ကျယ်လောင်သောအသံတစ်သံထွက်ပေါ်လာသည်။

"ဝုန်း....."

"အမလေး....."

"သေပါပြီဗျ....."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

မင်ဖုံးရောက်လာပါပြီ။

ဆူဆူညံညံအသံများ ထွက်ပေါ်လာပြီး မကြာမီ ဂေဟာတစ်ခုလုံး မီးရောင်ထိန်ထိန်လင်းသွားသည်။ လုကျန်းအား ဖမ်းဆီးထားသည့် ဧည့်ခန်းအတွင်း၌ ပန်းနီဂိုဏ်းမှ သိုင်းသမားများ ပြည့်နှက်သွားသည်။ မီးရောင်များလင်းထိန်သွားခြင်းကြောင့် လုကျန်း၏ မျက်လုံးများ ကျိန်းစပ်သွားရသည်။

ကျောင်းသခင်သည် သူ၏လက်ရုံးနှစ်ယောက်ဖြစ်သော ကျူးဟန်၊ ဝမ်းစန်းတို့ ခြံရံကာ ရောက်ရှိလာ၏။

ကျူးဟန်က....

"ဂေဟာထဲကို လူနှစ်ယောက်ကျူးကျော်ဝင်ရောက်လာကြပါတယ်သခင်ကြီး...."

ကျောင်းသခင် မဲ့ပြုံး ပြုံးလိုက်သည်။

"မင်ဖုံးဆိုတဲ့ ကောင်ပဲဖြစ်မယ်.... သူဟာ ဘီလူးတောင်ကို တိုက်ခိုက်ပြီး သည်ဘက်ကို လာနေတယ်ဆိုတာ....ကျုပ် ကြားပြီးပြီ၊ ကျုပ်ကလည်း သူ့ကို တွေ့ချင်နေတာနဲ့အတော်ပဲ...."

လုကျန်း ရင်ထိတ်သွားသည်။

"လက်စသတ်တော့ မင်ဖုံးရောက်လာမယ်ဆိုတာ သူက ကြိုသိနေတာကိုး...."

ထိုအချိန်မှာပင်....

"ဝှန်း...."

"အား...."

"အမလေး...."

"သေပါပြီဗျ...."

စူးရှသော အော်သံများ ထွက်ပေါ်လာသည်။

ပန်းနီဂိုဏ်းသားများ ဖရိုဖရဲလွင့်စင်ကာ ခန်းမဆောင်ထဲ ရောက်ရှိလာကြလေ၏။

ကျူးဟန်နှင့် ဝမ်းစန်းတို့ မကျေမနပ်ဖြစ်သွားကြ၏။

ကျူးဟန်က....

"စော်ကားလှချည်လား...."

အော်ငေါက်ကာ အပြင်ဘက်ခုန်ထွက်သွားသည်။



ကျောင်းသခင်နှင့်ဝမ်းစန်းတို့က အကဲခတ်ကြည့်နေကြ၏။

မကြာမီ....

"ဝှန်း...."

ကျယ်လောင်သော အသံနှင့်အတူ ကျူးဟန်မှာ ခြေဦးခန်း အတွင်းသို့ ပြန်လည်လွင့်စင်လာသည်ကို တွေ့လိုက်ရ၏။

ကျူးဟန်၏နောက်မှ လူနှစ်ယောက်က လှမ်းဝင်လာ၏။

မင်ဖုံးနှင့်ဝါးရီတို့ ဖြစ်ကြပါသည်။

ဝါးရီသည် ကြိုးတုတ်ကာ ဖမ်းဆီးခံနေရသည့် လုကျန်းကို မြင်လျှင် ရင်ထိတ်သွားလေသည်။

"လုကျန်း...မင်း ဘယ်လိုလုပ်ပြီး သည်ကိုရောက်နေတာလဲ"

လုကျန်းက ပြုံးလိုက်သည်။

"ခင်ဗျားတို့ ပြဿနာဖြစ်မှာစိုးလို့ လာပြောတာ....ကျုပ်ကို"

မင်ဖုံး၏ တင်းမာသော မျက်နှာထားကို တွေ့လိုက်ရသဖြင့် ပါးစပ်ပိတ်သွားလေတော့သည်။ မင်ဖုံးက....

"ကျုပ်က ဘယ်သူ့မှ အားကိုးစရာမလိုဘူး.... စကားကြီး စကားကျယ် မပြောပါနဲ့...ခင်ဗျား အခုအဖမ်းခံနေရပြီ မဟုတ်လား.... ခင်ဗျားမှာ ဘယ်လောက်များ အရည်အချင်းရှိလို့လဲ...."

လုကျန်း ဘာမှမပြောတော့ပါ။

မင်ဖုံးက ကျောင်းသခင်ကြီး ဘက်သို့လှည့်လိုက်၏။

ကျောင်းသခင်ကြီး ခံပြင်းနေသည်။

"သည်ကောင်က ငါ့ရဲ့ဂေဟာထဲကိုဝင်လာပြီး စော်ကားနေပါလား...."

ဝမ်းစန်း အံကြိတ်လိုက်သည်။

"သူဟာ ဘီလူးတောင်ကို ချေမှုန်းနိုင်ခဲ့တယ်ဆိုပြီး....ဘဝင်

မြင့်နေတာပဲ.... သခင်ကြီး သူ့ဆီမှာ 'သံမဏိလက်ဝါး ရှိနေနိုင်တယ်' ကျင်းသခင် မျက်မှောင်ကုတ်သွား၏။

"သံမဏိလက်ဝါးကို သိုင်းဆရာအဘိုးရထားတယ်...အာမခံအဖွဲ့နဲ့သယ်ဆောင်လာတယ်လို့ သတင်းရထားတာပဲ....ဘီလူးတောင်က လူတွေရယ်...ရွှေဒင်္ဂါးတို့ဇနီးမောင်နှံရယ် စုပေါင်းပြီး လုယူမယ်လို့ သတင်းထွက်နေတာပဲ.... သူတို့ဟာ ဘီလူးတောင်ကို ချေမှုန်းခဲ့တဲ့အပြင် အဘိုးဆီက သံမဏိလက်ဝါးလည်း ပျောက်ဆုံးသွားလို့ သတင်းကြားရတယ်.... မင်ဖိုးဆီမှာများ ရောက်နေပြီထင်တယ်...."

သူတို့ပြောနေကြသော စကားများကို မင်ဖိုးကြားသွားသည်။

"သံမဏိလက်ဝါးက ဘာလုပ်ရမှာလဲ.... ကဲ.... ခင်ဗျားက သည်မြို့ကိုရောက်လာတဲ့.... သိုင်းသမား မှန်သမျှ ခင်ဗျားကိုလာပြီး ဂါရဝပြုရမယ်ဆိုတဲ့ စည်းကမ်းကို ပြင်မလား...ဒုက္ခရောက်ချင်သလား ကြိုက်တဲ့လမ်းကိုရွေးပေတော့...."

"မင်း.... မင်း"

မင်ဖိုး၏စကားကြောင့် ကျင်းသခင်ဒေါပွသွားလေတော့သည်။

"ဝမ်းစန်း.... မင်းဘာလုပ်နေတာလဲ.... ဆုံးမလိုက်ပါတော့လား...."

"ကောင်းပါပြီ သခင်ကြီး...."

ဝမ်းစန်းသည် ချက်ချင်းပင် ရှေ့သို့ထွက်လာကာ မင်ဖိုးနှင့် ရင်ဆိုင်လိုက်သည်။

"မင်း သတိထားပေတော့...."

မင်ဖိုး ဘာမှမပြောပါ....

လက်တစ်ဖက်ဆ ိ ွ ုတ်ကာ ဇွေ့ယမ်းတိုက်ခိုက်လိုက်လျှင်



ကျယ်လောင်သော အသံထွက်ပေါ်လာကာ ဝမ်းစန်းအဝေးသို့ လွင့်စင်သွားတော့သည်။

"ဟင်...."

ကျင်းသခင်ရင်ထိတ်သွားသည်။

မင်ဖိုးက ရှေ့တိုးလိုက်သည်။

"ကဲ.... ခင်ဗျား ဘယ်လမ်းကိုရွေးမလဲ...."

ဤနယ်တစ်ဝိုက်တွင် မင်းမူနေခဲ့သော ကျင်းသခင်မှာ မင်ဖိုးကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရလေသောကြောင့် ဒေါသချောင်းချောင်းထွက်သွားတော့သည်။

"သေပေတော့...."

သူသည် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

မင်ဖိုးကလည်း ရှေ့တိုးကာ ပြန်လည်တိုက်ခိုက်လိုက်၏။

သူ၏သိုင်းပညာကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေကြောင်း လုကျန်းမျက်ဝါးထင်ထင်တွေ့မြင်လိုက်ရလေတော့သည်။

"ဖြောင်း...."

"ယား...."

ကျင်းသခင်ကြီး ကပျာကယာ နောက်ဆုတ်လိုက်၏။

မင်ဖိုးက....

"ကဲ.... ခင်ဗျား ဘယ်လမ်းရွေးမလဲ...."

ကျင်းသခင် မျက်နှာပျက်နေသည်။

"ကျုပ်.... ကျုပ်"

"ခင်ဗျား ကြိုက်တဲ့လမ်းရွေးပါ...."

"ကျုပ်....ကျုပ်ရဲ့ စည်းကမ်းကို ဖျက်သိမ်းပစ်လိုက်ပါတော့မယ်ဗျာ...."

မင်ဖုံးကျေနပ်သွား၏။

"ခင်ဗျားရဲ့စကားကို ခင်ဗျားမှတ်ထား....စကားမတည်ဘူးဆိုရင်.... ကျင်းဂေဟာကို ကျူပ်လာပြီး ဖျက်ဆီးပစ်မယ်မှတ်ထား...."

မင်ဖုံးသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားတော့သည်။ ဝါးရီက....

"လုကျန်း ရှိသေးတယ်...."

မင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"သူ့ဘာသာသူ လာပြီး သူရဲကောင်းလုပ်တာ.... သူ့ထိုက်နဲ့သူ့ကံပဲပေါ့...."

သူက ထွက်သွားသောအခါ ဝါးရီက လုကျန်းအား ကြိုးဖြည်ပေးလိုက်သည်။

"လုကျန်း.... မင်းက...."

လုကျန်း ခေါင်းခါယမ်းလိုက်သည်။

"ကျူပ်ဘာသာ ထွက်သွားနိုင်ပါတယ်ဗျာ...."

"မင်း သေချာတယ်နော်...."

"ရတယ်...မင်ဖုံးကိုသာ ကြည့်ထိန်းထားပါ...သူ့ရဲ့စိတ်မြန်ပုံနဲ့ မလွယ်ဘူးဗျ...."

"စိတ်ချ.... ကျူပ်သွားမယ်...."

"ကောင်းပြီ...."

ဝါးရီက မင်ဖုံးနောက်သို့ လိုက်သွားတော့သည်။

လုကျန်းလည်း လိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

"ဝေါ့...."

ကျင်းသခင်ကြီးက သွေးများအန်ထုတ်လိုက်၏။



လုကျန်း စိတ်မကောင်းဖြစ်သွားသည်။

"ခင်ဗျား အတွင်းဒဏ်ရာရသွားတာကိုး...."

ပြောရင်းအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

အင်္ကျီအိတ်ထဲမှ ဆေးလုံးလေးတစ်လုံးထုတ်ယူကာ ပေးလိုက်လေသည်။

"သည်ဆေးလေးသောက်လိုက်ပါဗျာ...အတွင်းဒဏ် ပျောက်ကင်းသွားပါလိမ့်မယ်...."

ကျင်းသခင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"သောက်လိုက်ပါဗျာ...."

ကျင်းသခင် သက်ပြင်းချလိုက်သည်။

ဆေးလုံးလေးကို ယူလိုက်၏။

"ကျေးဇူးတင်ပါတယ်ကွာ...."

ကျေးဇူးတင်စကားကို မပွင့်တပွင့်ပြော၏။

လုကျန်းက ပြုံး၍ နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။ ကျင်းဂေဟာသည် နောက်ထပ်မည်သူကိုမှ ဒုက္ခပေးဝံ့တော့မည်မဟုတ်ဟု တွက်ဆကာ ကျေနပ်ပြီးထွက်လာခဲ့ခြင်း ဖြစ်သည်။

မည်သူ့ကြောင့်ဖြစ်စေ ကျင်းဂေဟာ ဒုက္ခမပေါ်ဖို့ အရေးအကြီးဆုံးဖြစ်သည်ဟု ခံယူထားခြင်းကြောင့်ပင်။ ကျင်းဂေဟာ အပြင်ဘက်သို့ရောက်လျှင် လူတစ်ယောက်က သူ၏ရှေ့သို့ ရောက်၍လာလေ၏။

"ဟင် ဗေဒါကြီးပါလား...."

ဗေဒါကြီး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်.... မင်းဘာမှ မဖြစ်ဘူးနော်...."

"မဖြစ်ပါဘူး...."

ဗေဒါကြီး မျက်နှာချိုသွေးလိုက်လေသည်။

"ကျုပ်က **မင်းကိုထားပစ်ခဲ့ပြီး** ထွက်ပြေးသွားတာကို စိတ်မဆိုးပါဘူးနော်...."

"ဟာ....စိတ်မဆိုးပါဘူး....ဘာကြောင့် စိတ်ဆိုးရမှာလဲဗျာ"

"တော်ပါသေးရဲ့ကွာ.... မင်းက စိတ်မဆိုးဘူးဆိုရင် ငါ့ကို အရက်နဲ့အမဲပြုတ်ကျွေးမယ် မဟုတ်လား...."

လုကျန်း ခေါင်းညိတ်လိုက်လေသည်။

"ကျွေးပါ့မယ်ဗျာ...."

"ဝမ်းသာလိုက်တာကွာ.... လာ သွားကြမယ်"

ဗေဒါကြီးက လက်ဆွဲခေါ်သွားသဖြင့် လုကျန်းလိုက်သွားရသည်။ မကြာမီ မီးရောင်ထိန်ထိန်လင်းနေသော စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားသည်။

ဗေဒါကြီးက အရက်နှင့် အမဲပြုတ်မှာလိုက်၏။

လုကျန်းက ငွေရှင်းပေးရသည်။

ဗေဒါကြီးသည် ပလုတ်ပလောင်းစားနေလေတော့၏။

သူက စားသောက်ရင်း....

"မင်းက ငါ့ကိုစေတနာနဲ့ ကျွေးမွေးတော့....မင်းကိုငါသတင်းတစ်ခု ပြောပြမယ်...."

လုကျန်းက....

"ဘာသတင်းများလဲဗျာ...."

"သိုင်းလောကတစ်ခုလုံး လိုချင်မက်မောနေတဲ့ သံမဏိလက်ဝါးဆိုတာကို မင်းကြားဖူးတယ် မဟုတ်လား...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် သိုင်းလောကထဲကို ရောက်လာတော့...သံမဏိ



လက်ဝါးဆိုတဲ့နာမည်ကို **နားနဲ့မဆန့်အောင်** ကြားခဲ့ရတာပါပဲ...."

ဗေဒါကြီးက....

"သံမဏိလက်ဝါးဆိုတာ သိုင်းသမား 'ထင်မင်း'ရဲ့ ပြိုင်စံရှားသိုင်းကွက်တွေကို မှတ်တမ်းတင်ထားတာပဲ...သိုင်းလောကသားတိုင်းလိုချင်မက်မောကြတယ်.... ထင်မင်းသေဆုံးသွားပြီးကတည်းက....ပျောက်ဆုံးသွားခဲ့တာ....ခုမှ အာမခံဌာနဖွင့်ထားတဲ့ သိုင်းဆရာ အာဖုံးဆီမှာ ရောက်နေတယ်လို့ သတင်းတွေထွက်ပေါ်လာတယ်...."

"ဗျာ...."

လုကျန်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ဗေဒါကြီးဆက်ပြောသည်။

"ဘီလူးစောင်တိုက်ပွဲမှာ အာဖုံးဆီက 'သံမဏိ'လက်ဝါးပျောက်သွားတယ်လို့ ပြောနေကြတာပဲ.... ကဲ.... ဘယ်သူရသွားမယ်မင်းထင်သလဲ...."

လုကျန်းသည် မင်ဖုံးနှင့်ဝါးရီတို့အား သတိရလိုက်၏။

"သူတို့နှစ်ယောက် ရသွားတာဖြစ်နိုင်တယ်...."

လွှတ်ခနဲ အသံထွက်သွား၏။

ဗေဒါကြီးက....

"မင်းရဲ့မိတ်ဆွေနှစ်ယောက်လား....အေး....ဝါးရီက မမျှော်လင့်ဘဲ ကောက်ရထားတယ်ဆို့ သတင်းထွက်လာတယ်ကွ...."

လုကျန်း ပြုံးလိုက်သည်။

"ဝါးရီဟာ.... စိတ်ကောင်းရှိတာပဲ.... သူရသွားတော့လည်းကောင်းတာပဲပေါ့ဗျာ.... အရေးကြီးတာက အရေးကြီးတဲ့ပစ္စည်းဟာ လူကောင်း သူကောင်းရဲ့ လက်ထဲရောက်သွားဖို့ပဲ မဟုတ်လား...."

"ဘာကွ...."

ဖေဒါကြီးက ဆက်ပြောပြလေ၏။

"သံမဏိလက်ဝါးကို သိုင်းလောကသားတိုင်းက လိုချင်နေ ကြတာ.... မင်းရဲ့မိတ်ဆွေ ဝါးရီဆီမှာ ရှိနေတာ.... ကံဆိုးတာပဲ.... ခု တောင် လူတစ်စုက ဝါးရီရဲ့အဖေကိုဖမ်းဆီးထားပြီး အကြပ်ကိုင်နေကြ ပြီကွ...."

လုကျန်း စိတ်ဝင်စားသွားလေတော့သည်။

"ဘယ်သူတွေလဲ.... ဘယ်လိုအကြပ်ကိုင်နေကြတာလဲ.... သိရင်ပြောပြပါလားဗျာ...."

ဖေဒါကြီး ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ကွာ.... ကျုပ်က လမ်းကြို လမ်းကြားမကျန် ခြေရာချင်းထပ်အောင် သွားလာနေတာ...သူများထက်ပိုပြီး သတင်းရ တာပေါ့ကွာ...မင်းရဲ့မိတ်ဆွေဝါးရီကို လူကောင်းတစ်ယောက်များထင် နေတာလားကွ...."

"သူက...."

"ဝါးရီရဲ့အဖေဟာ...တစ်ချိန်ကယက္ခကြီးဝါးရှောင်လို့ နာမည် ကြီးခဲ့တဲ့ ဓားပြကြီးတစ်ယောက်ကွ.... ဘီလူးတောင်က 'တာရူ'တို့ ငရဲရေကန်က ဖုံးဟိုတို့ ပေယီကျင်းတို့ ရွှေဒဂ်ါး မာတောင်တို့နဲ့ မိတ်ဆွေ ရင်းခြာတွေဖြစ်ခဲ့တာပဲ...."

လုကျန်း စိတ်ပျက်သွားလေ၏။

"ဝါးရီရဲ့ အဖေဟာ လူဆိုးဓားပြကြီးတစ်ဦးဖြစ်ခဲ့တာနဲ့ ဝါးရီ လည်း လူဆိုးဓားပြဖြစ်ရမယ်လို့ ယူဆတာမကောင်းပါဘူးဗျာ"

ဖေဒါကြီးက....

"ဝါးရီဟာ.... လူကောင်းလေးတစ်ယောက်ပါ.... ဒါကြောင့် လည်း မင်ဖုံးနဲ့ပေါင်းမိနေတာပေါ့.... မင်ဖုံးလည်း လူကောင်းပဲ...."



သိုင်းပညာလည်း တော်တယ်.... မာန်မာနထောင်လွှားတာတစ်ခုပဲ ပြောစရာရှိတယ်...."

လုကျန်း အံ့ဩလာသည်။

ဖေဒါကြီးသည် သိုင်းလောကအကြောင်းများ သိနေသည့် အပြင် ဝါးရီနှင့် မင်ဖုံးတို့ကိုလည်း လေ့လာထားသည် မဟုတ်ပါလား။

"ဝါးရီဆီမှာ သံမဏိလက်ဝါးရှိနေနိုင်တယ်.... ယက္ခကြီးဝါး ရှောင်က သူ့ရဲ့သား အရွယ်ရောက်လာတော့ သူ့ခြေရာနင်းနိုင်အောင် ကြိုးစားစေချင်တယ်...ဒါပေမယ့် သူကိုယ်တိုင်က သားဖြစ်သူကို ဓားပြ လုပ်ခိုင်းရမှာ ဝန်လေးတာနဲ့ သူ့မိတ်ဆွေတွေဆီကို လွှတ်လိုက်တာ"

လုကျန်း သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ ဝါးရီဟာ...သူ့အဖေရဲ့ မိတ်ဆွေတွေဆီ ကို လာခဲ့တာကိုး...လမ်းခရီးမှာ မင်ဖုံးနဲ့တွေ့လို့ စိတ်ပြောင်းသွားတာပဲ ဖြစ်မယ်...."

စိတ်ထဲ တွေးမိလိုက်လေသည်။ ဖေဒါကြီးက....

"ဝါးရီကို စိတ်မချလို့ လိုက်လာတဲ့ ဝါးရှောင်ကို သူ့ရဲ့မိတ်ဆွေ တွေကပဲ ဖမ်းဆီးပြီး.... သံမဏိလက်ဝါးနဲ့လဲရမယ်လို့ အကြပ်ကိုင်ကြ တာပေါ့...."

"ဝါးရီက လိုက်သွားပြီလား...."

ဖေဒါကြီး ခေါင်းညိတ်လိုက်လေသည်။

"သူတို့လိုက်သွားကြတော့မယ်...."

"ဒါဖြင့်.... မင်ဖုံးလည်းပါတာပေါ့...."

"မင်ဖုံးကတော့ ဘီလူးတောင်နဲ့ ငရဲရေကန်ကို အပြီးတိုင် ချေမှုန်းပစ်မယ်လို့ ကြုံးဝါးနေတာပဲ...."

"ကျွန်တော်လည်း လိုက်သွားမှပဲ...."

လုကျန်း လွှတ်ခနဲ **ပြောလိုက်မိပြန်**သည်။

ဖေဒါကြီးက....

"မင်းလိုက်သွားမလို့**လား**.... ကျင်းဂေဟာမှာ ဒုက္ခရောက်ခဲ့တာကို မင်းမမှတ်သေးဘူးလား...."

"ဝါးရီဟာ.... ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက်ပါဗျာ.... သူ ဒုက္ခရောက်နေတယ်ဆိုရင်.... ကျွန်တော် လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ...."

"နေပါဦး.... မင်းသွားကူညီတာဟုတ်ပါပြီ.... ဟိုမှာ လူဆိုးဓားပြတွေ သိုင်းသမားဆိုးတွေနဲ့ ရင်ဆိုင်ရမှာ....မင်းမှာ သိုင်းပညာမရှိဘဲ ဘယ်လိုရင်ဆိုင်မလဲ ပြောပါဦး....မင်းရဲ့သိုင်းပညာ မထက်မြက်ဘူးဆိုတာ သူများတွေ မပြောနဲ့ ငါတောင်သိတယ်...."

လုကျန်း ငိုင်သွားသည်။

"ဟုတ်ပါတယ်.... ကျွန်တော့်ရဲ့ သိုင်းပညာမပြောပလောက်ပါဘူး....လူဆိုးတွေနဲ့ ရင်ဆိုင်နိုင်ဖို့ မလွယ်ပါဘူး....ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲကွ...."

"**ဝါးရီ**ဟာ ကျွန်တော့်မိတ်ဆွေ ဖြစ်နေလို့ပေါ့.... ကျွန်တော် သွား**ပြီး ကူညီရမှာ**ပါပဲ...."

**ဖေဒါ**ကြီးက မေးသည်။

"**သိုင်း**လောကထဲကို မင်းဆင်းလာခဲ့တာ လူတကာကို ကူညီဖို့မဟုတ်**ဘဲ**.... တခြားရည်ရွယ်ချက်တစ်ခုခုတော့ရှိမယ်ထင်တယ်...."

"ဟုတ်ပါတယ်....ရှောင်လင်ကျောင်းကို သွားပြီး သိုင်းပညာသင်မလို့ပါ...."

"မင်းက ရည်ရွယ်ချက်အတိုင်း ရှောင်လင်ကျောင်းကို မသွားတော့ဘူးလား...."



"ခုတော့.... သွားလို့ မဖြစ်သေးပါဘူး...."

"အေး....မသွားဖြစ်ဘူးဆိုရင်လည်း သိုင်းပညာသင်ပေးမယ့် ဆရာတစ်ယောက်ယောက်ကိုတော့ ရှာသင့်တာပေါ့...."

လုကျန်းက ဖေဒါကြီးအား စိုက်ကြည့်လိုက်၏။

"သိုင်းပညာသင်ပေးနိုင်တဲ့ လူတစ်ယောက်ယောက်ကိုများ ဦးသိထားလို့လား...."

ဖေဒါကြီး တဟားဟားရယ်မောလိုက်လေသည်။

"သိတာပေါ့ကွာ ငါထက် ဘယ်သူကပိုပြီး သိနိုင်ဦးမှာလဲကွ"

"ဒါဖြင့်.... ကျွန်တော့်ကို ပြောပါလားဗျာ...."

ဖေဒါကြီးက သူ၏နှာခေါင်းကို လက်ညှိုးညွှန်ပြလိုက်သည်။

"ဘယ်သူရှိမလဲ ငါပေါ့ကွာ...."

"ဗျာ...."

"မင်းသင်ချင်တယ်ဆိုရင် ထိပ်တန်းသိုင်းပညာတွေကိုပါ သင်ပေးနိုင်တာပေါ့ကွာ...."

လုကျန်း သက်ပြင်း**ချ**လိုက်သည်။

"ဦးရယ်.... ကျွန်**တော့်**ကို မကျီစယ်ပါနဲ့ဗျာ...."

ဖေဒါကြီး ခေါင်းခါယမ်းလိုက်သည်။

"မင်းကို နောက်ပြောင်နေတာ မဟုတ်ဘူး....တကယ်ပြောနေတာကွ...."

ဖေဒါကြီးသည် ထူးဆန်းသူတစ်ယောက်ဖြစ်ကြောင်း ရိပ်မိသော်လည်း သူ့အား သိုင်းပညာသင်ပေးနိုင်မည်ဟု မထင်မိချေ။

ဖေဒါကြီး စားသောက်ပြီးစီးသွားပြီဖြစ်ရာ....

"ကဲ....ဦးလည်း စားပြီးပြီဆိုတော့.... ကျွန်တော်တို့သွားကြတာပေါ့...."

ပြောရင်း ထိုင်ရာမှ ထလိုက်လေသည်။

ဗေဒါကြီးလည်း ထရပ်လိုက်၏။

စားသောက်ခ ကျသင့်ငွေ တောင်းခံရန် ဆိုင်လုလင်တစ်ယောက်က အနီးသို့ရောက်လာ၏။

လုကျန်းက ငွေထုတ်လိုက်ရာ ချက်ချင်း မျက်နှာပျက်သွားတော့သည်။

ဗေဒါကြီး မျက်မှောင်ကုတ်သွား၏။

"မင်း ဘယ်လိုဖြစ်တာလဲ...."

လုကျန်း ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

"ကျွန်တော်ရဲ့ ငွေအိတ်ကို ကျောင်းသခင်ကြီးရဲ့ တပည့်တွေက နှိုက်ယူထားလိုက်ကြပြီ...."

ဗေဒါကြီး မျက်လုံးပြူးသွားလေသည်။

"မင်းမှာ ပိုက်ဆံမရှိတော့ဘူး ဟုတ်လား...."

"ဟုတ်ပါတယ်ဗျာ...."

"ဟော့.... မင်းပဲ ငါ့ကို ကျွေးမယ်ဆိုပြီး ခေါ်လာခဲ့တာ ငါနဲ့မဆိုင်ဘူးကွ...."

စကားဆုံးလျှင် ဆိုင်အပြင်ဘက်သို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

လုကျန်း အခက်ကြုံနေရတော့သည်။

ဆိုင်လုလင်က....

"ငွေသုံးဆယ်ကျပါတယ်ခင်ဗျာ...."

စားသောက်ခကျသင့်ငွေကို တောင်းခံလာလေသည်။

"ကျုပ်.... ကျုပ်"

လုကျန်း မည်သို့ပြောရမှန်း မသိဖြစ်နေသည်။



ထိုစဉ်....

"ကျွန်မ ပေးလိုက်ပါ့မယ်ရှင်...."

ချိုလွင်သော စကားသံထွက်ပေါ်လာသည်။

လုကျန်းကြည့်လိုက်ရာ ချောမောလှပသော မိန်းကလေးတစ်ယောက် လှမ်းလာနေသည်ကို တွေ့ရလေသည်။

"ဟင်...."

လုကျန်း အံ့သြသွား၏။

ထိုမိန်းကလေးကား တည်းခိုခန်းငှားရမ်းမရသဖြင့် အခက်ကြုံနေရာ လုကျန်းက သူ၏အခန်းကိုပေးကာ တည်းခိုစေခဲ့သူလေး ဖြစ်သည်။

သူမနှင့်အတူ ဒုက္ခိတအဘွားအိုတစ်ယောက်လည်း ပါလာ၏။

မိန်းကလေးက ကျသင့်ငွေကို ကြားဝင်စိုက်ရှင်းပေးလိုက်သည်။

လုကျန်းသက်ပြင်းချမိသည်။

"ညီမရဲ့ငွေကို တစ်နေ့ ကျုပ်ပြန်ဆပ်ပါ့မယ်...."

"အို.... မဟုတ်တာရှင် အစ်ကိုက ကျွန်မတို့ကို ကူညီခဲ့တာပဲ ကြုံကြိုက်လို့ ပြန်ပြီး ကူညီရတာကိုပဲ ကျွန်မ ဝမ်းသာလှပါပြီ.... ကျွန်မနာမည် ယင်းလိမ်လို့ ခေါ်ပါတယ်.... ကဲ.... ခွင့်ပြုပါဦးရှင်...."

မိန်းမချောလေး ယင်းလိမ်သည် လုကျန်းကို နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

လုကျန်းသည်လည်း ဝါးရိ၏ဖခင် အဖမ်းခံနေရသည့်ကိစ္စတွင် ကူညီရန် ခပ်သွက်သွက် ထွက်လာခဲ့လေတော့သည်။

※

## အခန်း(၅)
# မွှေနှောက်သူနှစ်ဦး

ငရဲရေကန် ....

သာယာလှပသော ရေကန်ကြီးတစ်ခုဖြစ်သည်။

သို့သော် ထိုရေကန်ကြီးအနီး၌ မှီတင်းနေထိုင်ကြသူများကား လူဆိုးဓားပြများ ဖြစ်နေကြခြင်းကြောင့် ထိုလှပသော ရေကန်ကြီးသည် ငရဲရေကန်ဖြစ်သွားရတော့သည်။

ငရဲဆိုသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ ဌာနဆိုးကြီးပင် မဟုတ်လား။ လုကျန်းသည် ဝါးရီ၏ဖခင် အဖမ်းခံနေရသည့်အတွက် ငရဲရေကန်သို့ လိုက်လာခဲ့သည်။

ခရီးပြင်းနှင်းလာခဲ့ရင်း ငရဲရေကန်ဝိုက်နက်သို့ ရောက်ရှိသွားလေ၏။

ရောက်ရောက်ချင်း ဆောက်နှင့်တွင်းဆိုသလိုပင် သူ့အား တိုက်ခိုက်သူ လူတစ်စုနှင့်တွေ့ရပြီး အဖမ်းခံလိုက်ရသည်။

သူ့အား အသေမသတ်ခြင်းကို ကျေးဇူးတင်ရပေမည်။





လုကျန်း ရန်သူလက်တွင်းသို့ ကျရောက်ကာ အဖမ်းခံရသည်မှာ ဒုတိယအကြိမ် ဖြစ်သည်။

သူ့အား ကြိုးများအထပ်ထပ်ချည်နှောင်ထားသည့်အပြင် ထုတ်တန်း၌ တွဲလောင်းချိတ်ထားသည်။

သူ၏နံဘေး၌ အဘိုးအိုတစ်ယောက်ရှိနေ၏။

ဝါးရီ၏ဖခင် ဝါးရှောင်ဖြစ်သည်။

ဝါးရှောင်သည် ဖမ်းဆီးနှိပ်စက်ခြင်းခံထားရသည့်အပြင် အစာရေစာ မကျွေးဘဲ ဖမ်းထားသဖြင့် သတိလစ်မေ့မျောနေသည်။

လုကျန်းသည် ဝါးရှောင်၏အဖြစ်ကိုကြည့်ရင်း သူလည်း အစာငတ် ရေငတ်ဖြစ်ကာ သေဆုံးသွားရတော့မည်ဟု တွေးပြီး စိတ်ဓာတ်ကျလာလေတော့သည်။

မည်သို့ဆိုစေ .... ယခုကဲ့သို့ ရန်သူ့လက်ထဲကျရောက်ကာ အဖမ်းခံရသည်ကိုတော့ နောင်တမရချေ။

ဗေဒါကြီးက ဝင်မရှုပ်ရန် သူ့အားတားဆီးခဲ့သေးသည် မဟုတ်ပါလား .... သူတစ်ပါးအား ကူညီရင်း ဒုက္ခရောက်လျှင်လည်း ရောက်ပါ စေတော့ဟု သဘောထားလိုက်တော့သည်။ သူတစ်ပါးအား ကူညီရင်း ဒုက္ခရောက်ရခြင်းမှာ မွန်မြတ်သည်ဟု သူ ယူဆသည်။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

"ဝုန်း ...."

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

လုကျန်း သတိဝင်လာကာ ခေါင်းထောင်ကြည့်လိုက်သည်။

"ဟင် .... တံခါးပွင့်သွားပါလား ...."

မှန်ပေသည်။ အခန်းတံခါးဟာလဟင်းလင်းပွင့်သွားပြီဖြစ်သည်။

"ဝါးရိုနဲ့ မင်ဖုံးတို့ လာပြီးတိုက်ခိုက်ကြတာပဲ ဖြစ်မယ် သူတို့"

သူ၏အတွေးမဆုံးမီ အပြင်ဘက်မှ ရူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

"ဝုန်း...."

"အား...."

"အမလေး...."

လူတစ်ယောက်သည် ကိုင်ပေါက်ခံလိုက်ရသည့်အလား အခန်းတွင်းသို့ ဒလိမ့်ခေါက်ကွေး ရောက်လာ၏။ တစ်ဆက်တည်းပင်

"ဘာ အရည်အချင်းမှမရှိဘဲ.... လူစွာလုပ်ချင်နေကြတာကိုး ခက်ပါလား...."

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

လုကျန်း မျက်လုံးပြူးသွား၏။

ကြားလိုက်ရသော စကားသံမှာ ထူးဆန်းသောဗေဒါကြီး၏ အသံဖြစ်နေသည် မဟုတ်ပါလား။

"ဗေဒါကြီးပါလား...."

ခြေသံများ ထွက်ပေါ်လာ၏။

ဆံပင်ဖားလျားချကာ အဝတ်အစားဖိုးယို့ဖားလျားဝတ်ထားသော ဗေဒါကြီး ဝင်လာသည်ကို တွေ့လိုက်ရ၏။

ဗေဒါကြီးသည် အခန်းတွင်းသို့ ရောက်လျှင် တုတ်တန်း၌ တွဲလောင်းချိတ်ဆွဲခံနေရသော လုကျန်းကို တွေ့မြင်သွားပြီး သဘောကျစွာ ရယ်မောလိုက်လေ၏။

"ဟား....ဟား....သည်လိုဆိုတော့ တစ်မျိုးကြည့်လို့ကောင်း နေပါလားကွ....အရုပ်ကလေးပစ်ရုပ် ချိတ်ဆွဲထားတာကျနေတာပဲ"

သူ၏စကားကြောင့် လုကျန်းလည်း တဟားဟားရယ်မော



လိုက်လေသည်။

"ဟဲ....ဟဲ....ကျွန်တော်က အရုပ်မဟုတ်တာ ခက်တာပဲ.... အရုပ်ဆိုရင် ကောင်းမယ်....ဦးကြည့်လို့ကောင်းတယ်ဆိုရင် ဝအောင် ကြည့်ပါ....ကြည့်လို့ဝရင် အောက်ချပေးပါဗျာ.... ညောင်းလှပြီဗျ"

ဗေဒါကြီးက....

"အေး....မင်း ခုလို ခံရမယ်ဆိုတာ....ကျုပ်သိပြီးသားပါ.... မင်းရဲ့ပညာနဲ့ သည်နေရာကို လာဖို့မသင့်ဘူး....ကျုပ် မင်းကို တားခဲ့ တာပဲ.... မင်းမှ နားမထောင်တာ...."

လုကျန်းသည် လွတ်မြောက်လိုပါ၏။ ကယ်တင်မည့်သူ ဗေဒါ ကြီး ဤနေရာသို့တိုင် အရောက်လာနိုင်သည်ကို ကျေနပ်မိ၏။

"ဗေဒါကြီးဟာ မခေဘူး.... လျှို့ဝှက်သိုင်းပညာရှင်တစ် ယောက်ပဲ ဖြစ်ရမယ်...."

သူ တွေးလိုက်မိသည်။

ဗေဒါကြီးက....

"မင်းကို အောက်ချပေးဖို့ ကျုပ်လာခဲ့တာပဲကွာ စိတ်ချ"

ပြောပြောဆိုဆို ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အပေါ်ခုန် တက်လိုက်လေသည်။

တစ်ဖန် လုကျန်းအား တွဲလောင်းချထားသော ကြိုးကို လက်ညှိုး လက်ခလယ်နှစ်ချောင်းဖြင့် ညှပ်ချလိုက်ရာ....

"ဝုန်း...."

လုကျန်း ကြမ်းပြင်ပေါ်ခြေပစ်လက်ပစ် ပြုတ်ကျသွားလေ တော့သည်။

"ဟား....ဟား....မင်းက ကိုယ်ဖော့ပညာ သုံးဦးမှပေါ့ကွ.... မင်းကို ဘယ်သူက ဆီးကြိုဖမ်းထားမှာလဲ...."

"မဟုတ်ပါဘူးဗျာ.... ကြိုးတုတ်ခံထားရတာကြာတော့ တ
ကိုယ်လုံး ထုံကျဉ်နေပြီ လှုပ်ရှားမရလို့ပါ...."

"ဟဲ....ဟဲ....ခုလိုခွေးကျ ကျသွားတော့ ထုံကျင်နေတာတွေ
မြန်မြန်သက်သာသွားတာပေ့ါ.... မဟုတ်ဘူးလား...."

ဗေဒါကြီးက လုကျန်း၏ခန္ဓာကိုယ်ပေါ်မှ ကြိုးများကိုဖယ်ရှား
ပစ်လိုက်သည်။

လုကျန်း လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်လျှင် ခြေလက်
ဆန့်တန်းကာ အညောင်းအညာဖြေလိုက်သည်။ **အတော်ကလေးကြာ**
မှ ထုံကျင်ကိုက်ခဲမှုများ ပျောက်ကင်းကာ လှုပ်ရှားနိုင်ပေတော့သည်။

ဗေဒါကြီးက....

"ကဲ.... သွားမယ်...."

ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

လုကျန်း ဟန့်တားလိုက်သည်။

"ဦး.... ခဏနေပါဦး...."

ဗေဒါကြီး မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲကွ...."

လုကျန်းက....

"သူ့ကိုပါ လွတ်မြောက်အောင် မလုပ်ပေးတော့ဘူးလား....
သည်အတိုင်း ပြန်သွားမယ်ဆိုရင် ကျွန်တော် သည်ကိုလိုက်လာပြီ
ဒုက္ခခံတာ ဘယ်အဓိပ္ပါယ်ရှိတော့မှာလဲဗျာ...."

ဝါးရှောင်ကို ညွှန်ပြရင်း ရှင်းပြလိုက်၏။

ဗေဒါကြီး နှာခေါင်းရှုံ့လိုက်သည်။

"မင်းကများ သူများကိုကြီးကြီးကျယ်ကျယ် ကယ်တင်ချ
သေးတယ်.... ဒုက္ခရောက်ႆ င်ပြန်ပြီထင်တယ်...."



လုကျန်းက တောင်းပန်လိုက်သည်။

"ဦးရယ်...သည်နေရာကိုရောက်လက်စနဲ့ သူ့ကိုပါ ကယ်တင်
လိုက်တာ မကောင်းဘူးလားဗျာ....ဒုက္ခရောက်နေတဲ့လူကို ကူညီသင့်
တယ် မဟုတ်လား...."

ဗေဒါကြီးက ပြန်မေးသည်။

"နေပါဦး.... သူ ဘယ်သူဘယ်ဝါဆိုတော မင်းသိလို့လား"

လုကျန်း ခေါင်းညိတ်လိုက်လေသည်။

"သိပါတယ်.... သူဟာ ဝါးရှိရဲ့ဖခင်ပါ...."

ဗေဒါကြီးခေါင်းညိတ်လိုက်သည်။

"အေး.... ဟုတ်တယ်.... သူ့နာမည် ဝါးရှောင်လို့ခေါ်တယ်....
သိုင်းလောကသားတွေက ယက္ခကြီးလို့ ခေါ်ကြတဲ့ လူဆိုးဓားပြကြီး
ကစ်ယောက်ပေ့ါ...."

လုကျန်း သက်ပြင်းချလိုက်လေသည်။

ဗေဒါကြီးက....

"မင်း ဘာမှစိုးရိမ်စရာမလိုဘူး...သူ့ကို ကယ်တင်မယ့်လူတွေ
ရှိနေပြီးသားပဲ.... လာ.... သွားစို့"

လုကျန်း တုတ်တုတ်မျှ မလှုပ်ချေ။

ဗေဒါကြီးကို တစ်လှည့် ဝါးရှောင်ကိုတစ်လှည့်ကြည့်နေမိ
သည်။

ဗေဒါကြီးက....

"အခုအချိန်အထိ ငါ့စကားကို မင်းမယုံသေးဘူးလား...သူ့ကို
ကယ်တင်မယ့်လူတွေ ရောက်လာကြလိမ့်မယ်.... သွားကြပါစို့"

ထိုစဉ်....

"ဝှန်း...."

"ခြွမ်း.... ခြွမ်း"

"အား...."

"အမလေး...."

အပြင်ဘက်မှ တိုက်ခိုက်သံများ အော်ဟစ်သံများ ထွက်ပေ
လာသည်ကို ကြားလိုက်ရသည်။

ဗေဒါကြီး ပြုံးလိုက်သည်။

"ကဲ.... ငါမပြောဘူးလား...."

လုကျန်း ပခုံးတွန့်လိုက်သည်။

ထို့နောက်....

အခန်းတွင်းမှ ထွက်သွားသည့် ဗေဒါကြီးနောက်သို့ လိုက်
သွားလေတော့သည်။

သူတို့ အခန်းအပြင်ဘက် လှမ်းထွက်လိုက်သည်နှင့် လဲကျနေ
သူ သုံးယောက်အား တွေ့လိုက်ရသည်။

ဗေဒါကြီးက အစောင့်များအား သွေးကြောပိတ်ထားလိုက်
ခြင်း ဖြစ်ကြောင်း လုကျန်းတွေးမိသည်။

ဗေဒါကြီးသည် ထိပ်တန်းသိုင်းသမားကြီးတစ်ယောက် ဖြစ်
မည်ဟု လုကျန်း ယုံကြည်လာလေတော့သည်။

"သူက ဘယ်သူလဲ.... ဘာကြောင့် ငါ့ကို ကူညီနေရတာလဲ
သူတွေးနေသည်။

ဗေဒါကြီးကား ရှေ့သို့အလျင်မြန် ထွက်သွားသဖြင့် အတော်
ဝေးဝေးသို့ ရောက်သွားပေပြီ။ လုကျန်းလည်း....

ဗေဒါကြီးနောက်သို့ လိုက်သွားရလေတော့၏။

ဝါးတစ်ရိုက်ခန့် လှမ်းသွားမိသည်နှင့်....

"ဝုန်း...."



"အမလေး...."

"သေပါပြီဗျ...."

စူးရှသော အော်ဟစ်သံများနှင့်အတူ တိုက်ပွဲဖြစ်ပေါ်နေသည်
ကို တွေ့လိုက်ရလေသည်။

ထို့အပြင် အဆောက်အဦများသည်လည်း မီးတဟုန်းဟုန်း
တောက်လောင်နေပါတော့သည်။

"သူတို့ရောက်လာပြီ ထင်တယ်...."

ဝါးရီနှင့်မင်ဖုံးတို့ ရောက်လာကြပြီဖြစ်ကြောင်း လုကျန်း ရိပ်မိ
လိုက်၏။

သူတို့တွေ့မြင်လိုက်ရသည့် မြင်ကွင်းမှာ ရွှေဒဂါးရှကျောင်းတို့
ဇနီးမောင်နှံနှင့် ရင်ဆိုင်တိုက်ခိုက်နေသော ဝါးရီကိုတွေ့လိုက်ရခြင်းပင်
ဖြစ်တော့သည်။

ရှကျောင်းနှင့်ကျိန်းကျူးတို့က ဝဲယာတစ်ဘက်တစ်ချက်မှ
ညှပ်ကာ ဖိ၍တိုက်ခိုက်နေကြလေသည်။

ဝါးရီ၏သိုင်းပညာ မခေသော်လည်း ထိပ်တန်းသိုင်းသမား
ကြီးများနှင့် ရင်ဆိုင်လိုက်ရသောအခါ အခက်ကြုံနေသည့် သဘောရှိ
သည်ကို သတိပြုမိလိုက်၏။

ဝါးရီက အံကြိတ်ကာ ပြင်းပြင်းထန်ထန် ရင်ဆိုင်နေ၏။

ဖခင်ဖြစ်သူအား ကယ်တင်နိုင်ရန် ကြိုးစားအားထုတ်နေခြင်း
ဖြစ်ကြောင်း ထင်ရှားသည်။

ဝါးရီနှင့် မလှမ်းမကမ်းတွင် မင်ဖုံးက တာရှ ကျဲ့ထိုက်တို့လူစု
နှင့် ရင်ဆိုင်တိုက်ခိုက်နေသည်။

မင်ဖုံးက ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ ပေါ့ပါးသွက်လက်
စွာဖြင့် ပြန်လည်တိုက်ခိုက်နေလေ၏။

မင်ဖုံး၏ တိုက်ခိုက်မှုကြောင့် တာစူ၏တပည့်များ တစ်ယောက်ပြီးတစ်ယောက် အဝေးသို့လွင့်စင်သွားကြလေတော့သည်။

"ဝုန်း...."

"အမလေး...."

စူးရှသော အော်ဟစ်သံများလည်း ကျယ်လောင်စွာထွက်ပေါ်နေတော့သည်။

တာစူသည် ဘီလူးတောင်မှ ဓားပြခေါင်းဆောင်ဖြစ်သည်။ မင်ဖုံး၏ လက်ချက်ကြောင့် ဘီလူးတောင်ပျက်စီးသွားရသောအခါ ငရဲရေကန်သို့ ထွက်ပြေးလာခဲ့သူ ဖြစ်သည်။ ထို့ကြောင့်လည်း မင်ဖုံးအပေါ် အခဲမကြေဖြစ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။

ကျဲ့ထိုက်သည် အာဖုံး၏ အာမခံဌာနမှ သိုင်းသမားတစ်ဦးဖြစ်ပါသည်။

အာဖုံးက သံမဏိလက်ဝါး သယ်ဆောင်လာကြောင်း လူဆိုးဓားပြများ သိသွားအောင် သတင်းပေးခဲ့သည့် သစ္စာဖောက်ဖြစ်သည်။

ကျဲ့ထိုက်သည် တာစူနှင့်ပေါင်းကာ မင်ဖုံးအား သုတ်သင်ပစ်ရန် ကြိုးစားနေ၏။

သို့သော် တကယ်တမ်းရင်ဆိုင်လိုက်ကြသောအခါ မင်ဖုံး၏ သိုင်းပညာမှာ သူတို့မျှော်လင့်ထားသည်ထက်ပို၍ အဆင့်မြင့်နေသဖြင့် အခက်ကြုံနေရတော့သည်။

"သွားစမ်း...."

မင်ဖုံးက ခြေထောက်ဖြင့်ကန်ကျောက်လိုက်လျှင် ကျဲ့ထိုက် ကပျာကယာ နောက်ဆုတ်ရှောင်လိုက်ရာ ရှကျောင်းတို့ ဖနီးမောင်နှံ အနီးသို့ ရောက်ရှိသွားတော့သည်။

ဝါးရီအား ဖမ်းဆီးနိုင်လျှင် မင်ဖုံးဘာမှ တတ်နိုင်တော့မည်



မဟုတ်ဟု တွေးကာ လှမ်းအော်လိုက်သည်။

"သည်ကောင့်ကို မလွတ်စေနဲ့...."

မင်ဖုံးက အကင်းပါးသူ ဖြစ်သည်။

"မင်းတို့ လွယ်လွယ်နဲ့ရမယ်ထင်လို့လား...."

အော်ငေါက်ရင်း လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်သည်။

"ဝုန်း...."

"အမလေး...."

ကျဲ့ထိုက်မှာ အဝေးသို့ လွင့်စင်ကာ မြေပေါ်လဲကျသွားလေတော့သည်။

ရှကျောင်း ဒေါပွသွား၏။

လူချင်းကွဲသွားပြီဖြစ်၍ လက်နက်ပုန်းဖြင့် ပစ်ခတ်ရန် အကောင်းဆုံး အနေအထားရောက်ရှိနေသည့် အခွင့်အရေးကို သူ ရရှိသွားသည်။

"သတိထားပေတော့...."

မင်ဖုံးနှင့် ဝါးရီတို့အား ရွှေဒဂါးလက်နက်ပုန်းများဖြင့် တိုက်ခိုက်လိုက်လေတော့သည်။

မင်ဖုံးက အမှုမထားပါ။

"ဝါးရီ မြန်မြန်ရှောင်လိုက်...."

ဝါးရီကို လှမ်းသတိပေးပြီး လက်နက်ပုန်းကလေးများအား အကျီလက်ဖွေ့ယမ်းကာ ရိုက်ချပစ်လိုက်လေသည်။

"ဟိတ်...."

ဝါးရီကလည်း နောက်ကျွမ်းပစ်ကာ ရှောင်ထွက်သွားလေသည်။ တာစူက ပြေးလာပြီး ရှကျောင်းတို့နှင့် ပူးပေါင်းလိုက်သည်။ ထို့နောက် မင်ဖုံးနှင့်ဝါးရီတို့အား ဝိုင်းရံကာ တိုက်ခိုက်လိုက်ကြလေ

တော့သည်။

မင်ဖုံး၏ သိုင်းပညာ အလွန်အဆင့်မြင့်ကြောင်း လုကျန်းနား လည်ထားသည်။

ထို့ကြောင့် မင်ဖုံးအတွက် စိုးရိမ်ခြင်းမရှိပါ။

ဝါးရီအတွက်မှ စိတ်ပူနေသည်။

လုကျန်းသည် ကိုယ့်ကိုကိုယ်ထက် သူတစ်ပါးကို စိတ်ပူနေ မိခြင်း ဖြစ်သည်ကို မတွေးမိချေ။

လုကျန်းသည် ဗေဒါကြီး၏နံဘေးမှ ဖြတ်ကျော်ကာ ရှေ့သို့ လှမ်းထွက်လိုက်သည်။

"ကျွန်တော် သူတို့ကိုသွားပြီး ကူညီလိုက်ဦးမယ်...."

ဗေဒါကြီး ကပျာကယာ ဟန့်တားလိုက်၏။

"နေဦး...."

ချက်ချင်းပင် လုကျန်းရှေ့မှ လမ်းပိတ်ကာ တားဆီးထား လိုက်သည်။

လုကျန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဦး ဘာပြောမလို့လဲ...."

ဗေဒါကြီးက....

"မင်းသွားတော့ကော ဘာထူးမှာလဲ မင်းရဲ့ကိစ္စမှ မဟုတ် တာ....သူတို့ဘာသာ ဖြေရှင်းကြမှာပဲ...."

လုကျန်း လက်မခံပါ။

"ဝါးရီဟာ ကျွန်တော့်ရဲ့ မိတ်ဆွေဆိုတာ ဦးမေ့နေပြီထင် တယ်....ကျွန်တော်ဟာ မိတ်ဆွေဒုက္ခရောက်နေချိန်မှာ ဘယ်တော့မှ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး....င"

ပြာရင်း ရှေ့သို့လှမ်းသွားရန် ဟန်ပြင်လိုက်ပြန်သည်။ ဗေဒါ



ကြီး ခေါင်းခါယမ်းလိုက်သည်။

"မင်းရဲ့ပညာလေး မတောက်တခေါက်နဲ့ သူများကို ဘယ်လို လုပ်ပြီး ကူညီနိုင်မှာလဲ ပြောစမ်းပါဦး...."

"ကိစ္စမရှိပါဘူးဗျာ...."

"ဘာကွ...."

"ကျွန်တော်ရဲ့ပညာက အရေးမကြီးပါဘူး...ကျွန်တော် ကူညီ ဖို့ကပဲ အရေးကြီးတာ မဟုတ်လား...."

ဗေဒါကြီး လက်မခံချေ။

"ကူညီတာ မဟုတ်ဘူး ဒုက္ခရှာတာကွ...."

"ဗျာ...."

"မင်းဒုက္ခရောက်သွားမှာပေါ့...လူတွေက လက်မရွံ့လူသတ် သမားတွေကွ....မင်းကို ချမ်းသာပေးကြမှာ မဟုတ်ဘူး...."

လုကျန်းက....

"သူတို့ကို ကျွန်တော် ဆုံးမလိုက်မှာပါ...."

"မင်းမှာ သိုင်းပညာမှ မရှိတာ....ဘယ်လို ဆုံးမမှာလဲ.... ပြောစမ်းပါဦး...."

"ကျွန်တော်က...."

လုကျန်း မည်သို့ဘယ်လိုပြောရမှန်း မသိဖြစ်သွားသည်။

ဗေဒါကြီး ပြုံးလိုက်၏။

"မင်းမှာ သိုင်းပညာရှိတယ်ဆိုရင် ဘယ်သူ့ကိုမဆို ကူညီနိုင် မယ် မဟုတ်လား...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ဒါမှန်ပါတယ်...."

"အေး...မင်းရဲ့မူလ ရည်ရွယ်ချက်လည်း မပျက်ရလေအောင်

သိုင်းပညာသင်ပြီးမှ သူများကို ကူညီဖို့ စဉ်းစားတာ ကောင်းမယ်"

လုကျန်း ငိုင်သွားသည်။

ဗေဒါကြီးက မေးသည်။

"မင်းသိုင်းပညာ သင်မယ် **မဟုတ်လား....**"

"ကျွန်တော် ရှောင်လင်ကျောင်းကို **သွား**လို့တော့ မဖြစ်သေးဘူး ထင်ပါတယ်...."

"ဒါပေါ့ကွ...."

ဗေဒါကြီးက ပြုံး၍ ပြောလိုက်သည်။

"ရှောင်လင်ကျောင်းကို သွားစရာမလို**ပါဘူး**....မင်းကို ငါသင်ပေးမှာပါ...."

"ဗျာ...."

လုကျန်းသည် ဗေဒါကြီးအား **ပို၍စိတ်ဝင်စား**သွားလေတော့သည်။

"လက်စသတ်တော့ ဦးက ကျွန်တော့်ကို သင်ပေးမှာကိုး...."

သူက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျေးဇူးပါပဲ.... ဒါပေမယ့် ကျွန်တော် သင်လို့ဖြစ်ဦးမှာ မဟုတ်ဘူး...."

"ဘာဖြစ်လို့လဲကွ...."

"ခုချိန်မှာ သိုင်းပညာသင်ဖို့ထက် မိတ်ဆွေ**တွေကို ကူညီဖို့က** ပိုပြီး အရေးကြီးနေလို့ပါ...."

"ဟော...."

ဗေဒါကြီး အလွန် အံ့ဩသွားသည်။ **ကိုယ့်အတွက်**ထက် သူများကို ဦးစားပေးနေသူ လူထူးလူဆန်း **တစ်ဦးကို** တွေ့မြင်နေရပြီ မဟုတ်ပါလား။



"မင်း တော်တော်ခက်ပါလား.... အခွင့်အရေး**ဆိုတာ** အမြဲတမ်း ရနေတာမျိုး မဟုတ်ဘူးကွ.... တစ်ခါပဲ ရတတ်တာ**ကွ....**"

လုကျန်း ခေါင်း**ညိတ်လိုက်**သည်။

"ဟုတ်ကဲ့.... **ကျွန်တော် နား**လည်ပါတယ်...."

"မင်းဒုက္ခရောက်**နေရင် သူတို့**လာပြီး ကူညီမယ်မျှား ထင်နေလို့လား...."

"သည့်အတွက် ကျွန်တော် မပူပါဘူး.... ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပါ...."

"ဘာကွ...."

လုကျန်းက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ကျွန်တော့်က သူတစ်ပါးကို ကူညီနေရရင် လုံလောက်ပါပြီ၊ သူများဆီက အကူအညီကိုဘယ်တော့မှ မမျှော်လင့်ပါဘူးဗျာ...."

"မင်း.... မင်း"

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ...."

ဗေဒါကြီး မကျေမနပ် ဖြစ်သွား**သည်**။

"စကားမရှည်နဲ့ ငါနဲ့လိုက်မလား.... မလိုက်ဘူးလား**ဆိုတာ**သာ ပြော.... တစ်ခွန်းတည်းပြော...."

ဗေဒါကြီး စိတ်ဆိုးသွားသည်။

ထိုမေးခွန်းအား အဖြေပေးစရာမလိုဟု လုကျန်း သဘောထားလိုက်သည်။

ထို့ကြောင့် ဘာမှ မပြောတော့ဘဲ ရှေ့သို့လှမ်းထွက်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေတော့သည်။

"ဟူး...."

လုကျန်းသည် လျှပ်တစ်ပြက် ခုန်ဝင်သွားပြီး တာရူ၏ တပည့်

များအား တိုက်ခိုက်လိုက်သည်။

"ဝုန်း...."

"အား...."

လူဆိုးဓားပြအချို့ အဝေးသို့လွင့်စဉ်သွားကြလေ၏။

ဝါးရီမှာ ကူညီမည့်သူရောက်လာသဖြင့် ဝမ်းသာသွားပြီး လှမ်းကြည့်လိုက်ရာ လုကျန်းဖြစ်နေသည်ကို တွေ့ရလျှင် အံ့သြသွားသည်။

"ဟင်.... မင်း ဘယ်လိုလုပ်ပြီး သည်ကိုရောက်လာတာလဲ"

လုကျန်း ရယ်မောလိုက်လေသည်။

"ကျုပ်က မိတ်ဆွေတွေကို ကူညီဖို့လာခဲ့တာလေ...."

ဝါးရီ မျက်မှောင်ကုတ်သွား၏။

"နေပါဦး....ကျုပ်ကို ကူညီရအောင် ကျုပ် သည်မှာရှိနေတာကို ဘယ်လိုလုပ်သိတာလဲ...."

"ခင်ဗျားရဲ့ အဖေ သည်မှာအဖမ်းခံနေရတာကို သိလာလို့ပေါ့ဗျာ...."

"ဟင်...."

"ခင်းဗျားရဲ့ အဖေကို ဟိုရှေ့က အဆောက်အဦထဲမှာ ချုပ်နှောင်ထားတယ်.... အစာရေစာမကျွေးဘဲထားလို့ မကျန်းမမာဖြစ်နေပြီ.... မြန်မြန်သွားပြီး ကယ်တင်လိုက်ပါဗျာ...."

ဝါးရီ မျက်လုံးပြူးသွား၏။

"မင်းက ကျုပ်ရဲ့အဖေနဲ့တွေ့ပြီးပြီပေါ့လား...."

"ဟုတ်တယ်...."

"ဘယ်လိုဖြစ်တာလဲ...."

"ခင်ဗျား မြန်မြန်သွားလိုက်ရင် ကောင်းမယ်...."

ဝါးရီ တွေဝေနေ၏။



လုကျန်းက တိုက်တွန်းလိုက်သည်။

"ခင်ဗျား မြန်မြန်သွားရင် ကောင်းမယ်.... သည်မှာ ကျုပ်တာဝန်ယူထားလိုက်မယ်...."

လုကျန်းသည် ဝိုင်းရံထားသော လူဆိုးဓားပြများအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

ဝါးရီက....

"ကျုပ်အဖေ ဟိုအဆောက်အဦထဲမှာ ရှိနေတာ သေချာတယ်နော်...."

"သေချာပါတယ်ဗျာ....ကျုပ်တောင် သူနဲ့အတူတူ ဖမ်းချုပ်ခံခဲ့ရတာပဲ...."

လုကျန်း၏စကားများသည် ဝါးရီအတွက် ပဟေဠိဖြစ်နေပါသည်။

သို့သော်....

လုကျန်းသည် လူကောင်းတစ်ယောက်ဖြစ်ပြီး သူတစ်ပါးအားကူညီလိုစိတ်ရှိသူ ဖြစ်ကြောင်း လက်ခံယုံကြည်ထားရကား သူခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ.... ကျုပ်သွားမယ်...."

တားဆီးနေသည့် လူဆိုးဓားပြများအား ပြင်းပြင်းထန်ထန် တိုက်ခိုက်ပစ်လိုက်လေတော့သည်။

"ယား...."

လုကျန်းကလည်း ညာသံပေးကာ တိုက်ခိုက်လိုက်၏။

ဝါးရီ ထိုးဖောက်ထွက်သွားနိုင်ရန် ကူညီလိုက်ခြင်းဖြစ်ရာ အများနှင့်တစ်ယောက် ရင်ဆိုင်ရသလို ဖြစ်သွားတော့သည်။ သူ၏သိုင်းပညာ သာမန်အဆင့်၌သာ ရှိရကား အများနှင့်တစ်ယောက် ရင်ဆိုင်

လိုက်ရသည်နှင့် မကြာမီ....

"အင့်...."

ရန်သူ၏လက်သီးတစ်လုံး ပခုံး၌ထိမှန်ကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေတော့သည်။

"မလွတ်စေနဲ့...."

"ဝိုင်းထား...."

"ဆုံးမလိုက်ကြစမ်း...."

ရန်သူများ ညာသံပေးကာ အုံနှင့် ကျင်းနှင့် ရှေ့တိုးလာကြလေတော့သည်။

လုကျန်း အခက်ကြုံသွား၏။

ထိုအချိန်မှာပင်....

"နောက်ဆုတ်လိုက်ကြစမ်း...."

အော်ငေါက်သံ ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုက တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေသည်။

"အား...."

"အမလေး...."

စူးရှသော **အော်ဟစ်သံများလည်း** တစ်ခဲနက်ထွက်ပေါ်လာသည်။ လုကျန်းအား ဝိုင်းရံထားကြသူများ ချက်ချင်း ဖရိုဖရဲ**ဖြစ်သွား**ကြလေတော့သည်။

လုကျန်းလည်း ကြောင်အမ်းအမ်းဖြစ်ကာ ခုန်ဝင်လာသူအား ကြည့်လိုက်မိသည်။

"ဟင် ဗေဒါကြီး...."

မှန်ပေသည်။ ကူညီတိုက်ခိုက်လာသူကား ဗေဒါကြီးဖြစ်နေပါတော့သည်။



ဗေဒါကြီးက တဟီးဟီးတဟားဟား ရယ်မောကာ ဝရုန်းသုံးကား တိုက်ခိုက်လိုက်သည်နှင့် ရန်သူများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

## အခန်း(၆)

# ပညာသင်တပည့်

ဝါးရီသည် အဆောက်အဦအတွင်းသို့ ရောက်ရှိသွားလေပြီ။ သူ့အား နှောင့်ယှက်မည့်သူ မရှိတော့ပါ။

သူ၏ဖခင်အား ကယ်တင်နိုင်တော့မည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ရှိ အဆောက်အဦများမှာ မီးတဟုန်းဟုန်း တောက်လောင်နေသည်။

တာစူ၏ တပည့်များက မီးငြိမ်းသတ်ဖို့ စိတ်မကူးကြဘဲ ထွက်ပြေးကြသည်။ ကျန်တပည့်များမှာလည်း မင်ဖုံးနှင့် ဗေဒါကြီးတို့၏ လက်ချက်ကြောင့်လည်း မရှုမလှ အရေးနိမ့်သွားကြပြီ ဖြစ်ပါသည်။

သူတို့သည် ဝါးရှောင်ကို ဖမ်းဆီးထားခြင်းဖြင့် ဝါးရီကို လွယ်လင့်တကူ ရနိုင်မည်ဟု ယုံကြည်ခဲ့ကြသော်လည်း အထင်နှင့်အမြင် တတ်တတ်စင်လွဲသွား၏။

လူဆိုးဓားပြများ ဖြစ်ကြသောကြောင့် အခြေအနေမဟန်သောအခါ အသက်စွန့်တိုက်ခိုက်ဖို့ မစဉ်းစားကြဘဲ ထွက်ပြေးကြခြင်း ဖြစ်ကြသည်။



ထို့ကြောင့် တာစူ၏ အကြံအစည်မှာ လုံးဝပြိုကွဲပျက်စီးသွားခဲ့လေတော့သည်။

တာစူ၏ မျက်နှာနီရဲနေလေသည်။

တဟုန်းဟုန်းတောက်လောင်နေသော မီးရောင်များနှင့် အပြိုင် နီရဲနေခြင်း ဖြစ်တော့သည်။

တာစူသည် မခန့်လေးစား ရယ်ကျဲကျဲဖြင့် တိုက်ခိုက်နေသော မင်ဖုံးကို မကျေမနပ် ဖြစ်နေသည်။

အံတင်းတင်းကြိတ်ကာ ....

"မင်းကို သတ်ပစ်ရမှ ငါ ကျေနပ်မယ်...."

ကြိုးဝါးရင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။ ရှကျောင်းနှင့်ကျိန်းကျူးကို့က မလှမ်းကမ်းမှ လက်နတ်ပုန်းများဖြင့် ပစ်ခတ်နေသည်။

သူတို့သုံးယောက်စုပေါင်းတိုက်ခိုက်နေကြသော်လည်း မင်ဖုံးအား အနိုင်မရနိုင်ကြချေ။

မင်ဖုံးသည် လွင့်ပျံလာသော ရွှေဒဂၢါးလေးများအား လက်ဝှေ့ယမ်းကာ ဖမ်းယူပြီး ပြန်လည်ပစ်ခတ်လိုက်သောကြောင့် ရှကျောင်းနှင့် ကျိန်းကျူးတို့ ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ကြရသည်။

တာစူသည်လည်း မင်ဖုံးနှင့် သိုင်းကွက် ဆယ့်လေးငါးကွက် ယှဉ်ပြိုင်ပြီးလျှင် အခြေအနေကို ကောင်းစွာ သဘောပေါက်လာလေတော့၏။

မင်ဖုံးအား မုန်းတီးသော်လည်း သူသည် မည်သို့မျှ မယှဉ်နိုင်ခြင်းကြောင့် နောင်တစ်ချိန်၌ ရန်ကြွေးရှင်းရန် စိတ်ထဲတေးမှတ်ထားလိုက်လေသည်။

ယခုမှ နောက်ဆုတ်ရှောင်တိမ်းသွားရန် ဆုံးဖြတ်လိုက်သည်။ သူသည် နောက်သို့အလျင်အမြန် ဆုတ်ခွာပြေးသွားလေ၏။ မင်ဖုံးက ဆက်မတိုက်ချေ။ ကြည့်နေလိုက်သည်။

တာစူ၏ လူများရှင်းသွားတော့မှ **ဗေဒါကြီးက လုကျန်းဘက်**သို့ လှည့်လိုက်သည်။

သူက လုကျန်းအား လှမ်းမေးလိုက်**သည်**။

"ဘယ်လိုလဲ.... ငါ့ပညာကောင်းရဲ့လား...."

လုကျန်း ရယ်မောလိုက်သည်။

"သိပ်ကောင်းတာပေါ့.... ဦးသာ ဝင်မကယ်ရင် ကျွန်တော်တော့ လွယ်မှာမဟုတ်ဘူး...."

ဗေဒါကြီးက....

"ငါပြောသားပဲ....ငါ့နောက်လိုက်ခဲ့ပါ....မင်းကို ငါ့ပညာသင်ပေးမှာပေါ့.... သိုင်းပညာ ထူးချွန်ရင် မင်းရဲ့စိတ်တိုင်းကျ သူများကို ကူညီနိုင်မှာပေါ့...."

လုကျန်း **ပင့်သက်ရှိုက်လိုက်၏**။

ဗေဒါကြီး၏ **စကားမှန်ကန်နေပါသည်**။

သူ၏ မူလရည်ရွယ်ချက်မှာလည်း သိုင်းပညာသင်ယူဖို့ မဟုတ်ပါလား။

ထို့ကြောင့် ဗေဒါကြီးနောက်သို့ လိုက်သွားလျှင် ကောင်းမည်ဟု တွေးလာမိလေသည်။

ထိုသို့ သိုင်းပညာသင်ကြားခြင်းသည် သူ၏အကျိုးအတွက် မဟုတ်ဘဲ အများအကျိုးအတွက် ဖြစ်ပေသည်။

"ဘယ်လိုလဲကွ.... မင်းသင်ယူမှာလား...."



ဗေဒါကြီးက မေးလာသည်။

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ...အခုကိစ္စပြီးသွားရင် ကျွန်တော်သင်ယူပါ့မယ်ဗျာ...."

ဗေဒါကြီးက....

"ဟ....ခုကိစ္စ မပြီးသေးဘူးလား....သူတို့ရဲ့ အကျဉ်းသားကို ကယ်ထုတ်သွားပြီပြီ မဟုတ်လား...."

လုကျန်းက **ပတ်ဝန်းကျင်ကို** အကဲခတ်လိုက်၏။

**တာစူ ရှကျောင်းနှင့် ကျိန်ကျူးတို့** ဦးဆောင်သော ရန်သူများကား ထွက်**ပြေးသွားကြပြီ** ဖြစ်ပါသည်။

ပိုက်ပွဲပြီးဆုံးနေပြီ ဖြစ်သည်။

ဝါးရီ၏ဖခင်သည်လည်း လွတ်မြောက်လာတော့မည် ဖြစ်ပါသည်။ ဝါးရီအား ကူညီဖို့ မလိုတော့ပါ။

ဗေဒါကြီးက....

"ကဲ.... တို့သွားကြမယ်လေ...."

လုကျန်း မျက်မှောင်ကုတ်သွား၏။

"ဘယ်ကိုသွားမှာလဲ...."

"မင်းသိုင်းပညာသင်မယ် မဟုတ်လား...."

"ဟုတ်ပါတယ်...."

"အေးလေ သိုင်းပညာသင်မယ်ဆိုရင် အနေအထိုင်အယုက်ကင်းဝေးတဲ့ နေရာကိုသွားရမှာပေါ့...."

စကားဆုံးလျှင် **လှမ်းထွက်သွားလေတော့သည်**။

ယခုတစ်ကြိမ်....

သူက အတင်းအကျပ်ခေါ်စရာ လိုမည်မဟုတ်ဘဲ လုကျွန်း လိုက်လာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

လုကျွန်းက လိုက်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သို့သော်....

ဝါးရိကို နှုတ်ဆက်ပြီးမှ ထွက်သွားမည်ဖြစ်သည်။

ဝါးရိကား အဆောက်အဦအတွင်းမှ ထွက်မလာသေးပါ။

သူ့အား အထင်သေးသော အကြည့်ဖြင့် ကြည့်နေသည့် မင်ဖုံး ကိုသာ တွေ့ရလေသည်။

လုကျွန်းက နှုတ်ဆက်ရန်ပြင်လိုက်၏။

မင်ဖုံးက ချက်ချင်းပင် မျက်နှာကို တစ်ဘက်လှည့်ပစ်လိုက် သည်။

လုကျွန်း စိတ်မကောင်းဖြစ်သွား၏။

သို့သော်....

"မိတ်ဆွေ.... ကျုပ်ကိစ္စရှိလို့ မစောင့်နိုင်ဘဲ ထွက်သွားပြီလို့ ဝါးရိကို ပြောပေးပါဗျာ...."

သူက လှမ်းပြောလိုက်သည်။

မင်ဖုံးက သူ၏စကားကို မကြားချင်ယောင် ဆောင်နေ၏။

လုကျွန်း သက်ပြင်းချလိုက်သည်။

ထို့နောက်....

ထွက်သွားပြီဖြစ်သော လူထူးလူဆန်းကြီးနောက်သို့ ပြေး လိုက်သွားလေတော့သည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပျောက်သွားကြ သည်။



မကြာမီ....

နှစ်ယောက်စလုံး အဝေးသို့ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များက တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ဗေဒါကြီးနောက်သို့ လုကျွန်းလိုက်ပါသွား၏။

ထိပ်တန်းသိုင်းပညာများ သင်ယူပြီးလျှင် အများအကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

လုကျွန်းအဖို့ နှစ်နာဖွယ်ရာကိစ္စ မဟုတ်ပါ။

ထို့ကြောင့် လုကျွန်းသည်....

သိုင်းပညာကို အမြန်ဆုံး သင်ယူပြီး သိုင်းလောကသို့ အမြန် ဆုံး ပြန်ဆင်းလာမည်ဟု ဆုံးဖြတ်ထားသည်။

ဗေဒါကြီးနောက်သို့ လိုက်သွားရာ သုံးရက်အတွင်း အတော် ပင် ခရီးပေါက်ခဲ့လေသည်။

ခရီးကဝေး ပင်ပန်းမှုကြောင့် လုကျွန်းညည်းညူမိလေတော့ သည်။ အမှန်တော့ သူသည် သိုင်းပညာ သာမန်မျှသာတတ်သော အရပ် သားတစ်ဦးမျှသာ ဖြစ်သည်။ တကယ် သိုင်းလောကသား မဟုတ်သေး ချေ။

"ဦးရဲ့ခရီးက ဝေးလိုက်တာဗျာ....

ဗေဒါကြီးက....

"လူတွေနဲ့ ဝေးအောင်သွားမှ အေးအေးချမ်းချမ်း သိုင်းပညာသင်လို့ရမှာပေါ့ကွာ.... မင်းဆန္ဒမစောပါနဲ့...."

လုကျန်း ဘာမှ မပြောတော့ပါ။

နှစ်ယောက်သား ညဘက်ရောက်လျှင် ကြုံသလို အိပ်စက်အနားယူကြသည်။

**ဗိုက်ဆာလာသောအခါ** ဗေဒါကြီးက **ရှာဖွေကျွေးမွေးသည်။**

**တောထဲတောင်ထဲတွင်** ရောက်**နေလျှင် ယုန်ကလေးများ ငှက်ကလေးများအား ဖမ်းဆီး**ကာ မီးကင်ပြီး **စားသောက်ကြရသည်။** အစားအစာမှာ **ဗေဒါကြီးအတွက်** ခက်ခဲသောအရာမဟုတ်ပါ။

မည်သည့်**နေရာသွားမည်** မသိရပါ။

မည်သည့်**အချိန် ရောက်မည်** မသိရပါ။

သို့ဖြင့်....

နေ့ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားခဲ့လေတော့သည်။

ဗေဒါကြီးကား မမောမပန်း မညည်းညူဘဲ ရှေ့မှ တစ်လှမ်းချင်း လှမ်းသွားနေ၏။

လုကျန်းက ညည်းညူရင်း လိုက်သွား၏။ သူ အလွန်ပင်ပန်းနေပြီ ဖြစ်ပါသည်။

ထို့ကြောင့်....

"ဦး.... မရောက်သေးဘူးလားဗျာ...."

သူက မေးလိုက်မိလေ၏။

"ရောက်တော့မယ်ကွ...."

ဗေဒါကြီးက ခပ်ပေ့ါပေ့ါပင် အဖြေပေးသည်။



လုကျန်း စိတ်ပျက်သွား၏။

"ရောက်တော့မယ်ဆိုတာ **ရှေ့ကို ဆယ်မိုင်လောက်ဆက်**သွားရဦးမှာလားဗျာ...."

"ဟား.... ဟား.... ဟား"

ဗေဒါကြီး ရယ်မောလိုက်လေသည်။

"မင်း တော်တော်**စကားတတ်**တာပဲ.... ရောက်တော့မှာပါကွာ...."

လုကျန်းက....

"ကျွန်တော့်ကို ဘယ်**ခေါ်သွား**မှာလဲ...."

ဗေဒါကြီးက....

"ငါနေတဲ့ နေရာကို **သွားမှာပေါ့....**"

"ဦးက ဘယ်မှာနေ**တာလဲ....**"

"ရောက်တော့ သိမှာပေါ့**ကွာ....**"

လုကျန်း ဆက်မမေးတော့ပါ။

ဗေဒါကြီးကလည်း ဘာမှမပြောတော့ပါ။

နှစ်ယောက်သား ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်သွားကြလေတော့သည်။

လုကျန်းနှင့်ဗေဒါကြီးတို့ ခရီးဆက်လာသောအခါ သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်နေသောတောင်ကြီးတစ်လုံးသို့ ရောက်ရှိလာခဲ့ကြလေတော့သည်။

တောင်ကြီးက မိုးထိအောင်မြင့်မားလှသည်။ ရင်သပ်ရှုမောဖွယ်ရာ ကြည့်မြင်ရသော တောင်ကြီးပင်။

တောင်ခြေတွင် ရေကန်ကြီးတစ်ခုရှိနေ၏။

ဗေဒါကြီး ခြေလှမ်းရပ်လိုက်၏။

လုကျန်း ဝမ်းသာအားရ မေးလိုက်သည်။ ဗေဒါကြီးနေသည့် အရပ်သို့ ရောက်ပြီဟု သူထင်သည်။

"ရောက်ပြီလားဗျာ...."

ဗေဒါကြီး ခေါင်းညိတ်လိုက်သည်။

"ရောက်ပြီ...."

လုကျန်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"အင်း...သည်နေရာမှာ သိုင်းပညာသင်ရမယ်ဆိုရင် မဆိုးပါဘူး...."

ဗေဒါကြီး ခေါင်းခါယမ်းလိုက်သည်။

"သည်နေရာတော့ မဟုတ်သေးဘူးကွ...."

"ဗျာ...."

လုကျန်း နားမလည်နိုင်စွာ မေးလိုက်သည်။

"သည်နေရာ မဟုတ်ရင်.... ဘယ်နေရာလဲဗျာ...."

ဗေဒါကြီးက တောင်ထိပ်ကို ညွှန်ပြလိုက်သည်။

"တောင်ထိပ်မှာ...."

လုကျန်းသည် မိုးထိအောင် မြင့်မားနေသည့် တောင်ထိပ်ဆီသို့ မျှော်ကြည့်ရင်း ပိုက်ခနဲဖြစ်သွားလေတော့သည်။

"တောင်.... တောင်ထိပ်ပေါ်မှာ ဟုတ်လား...."

"ဟုတ်တယ်လေ.... ဘာဖြစ်လို့လဲ...."

"ဘာ.... ဘာမှ မဖြစ်ပါဘူးဗျာ...."

ဗေဒါကြီးက....

"တောင်အောက်မှာ သိုင်းပညာတစ်မျိုးလေ့ကျင့်နိုင်သလို တောင်ထိပ်ရဲ့ ပထဝီအနေအထားနဲ့ သိုင်းပညာတစ်မျိုး လေ့ကျင့်နိုင်တယ်...သိုင်းကျင့်တယ်ဆိုတာ နေရာဒေသလိုသေးတယ်ကွ...ပတ်ဝန်းကျင်နဲ့ လိုက်ဖက်ရာပေါ့ကွာ...."



ဗေဒါကြီးက ရှင်းပြသည်။

လုကျန်းကား သဘောမပေါက်ပါ။ သို့သော် ဘာမျှ မပြောပါ။

"ကဲ.... လာ.... တောင်ပေါ်တက်ကြမယ်...."

ဗေဒါကြီးက တောင်ပေါ်တက်သွားလျှင် လုကျန်းဘာမှ မတတ်သာဘဲ လိုက်သွားရလေတော့သည်။

တောင်ကြီးကား မြင့်မားမက်စောက်လှသည်။

လုကျန်း ခက်ခက်ခဲခဲ တက်သွားရခြင်း ဖြစ်ပါသည်။

ဗေဒါကြီးကား တောင်ပေါ်တက်ရသည်မှာ ခက်ခဲသည့် သဘောမရှိပါ။ သူ့နေရာဖြစ်သည်ဟု ပြောခြင်းမှာ မှန်လိမ့်မည်။အလွယ်တကူ ချောမောစွာ တက်ရောက်နိုင်ပါသည်။

လုကျန်းအား စောင့်ပြီးခေါ်နေရခြင်းကြောင့်သာလျှင် ခရီးဖင့်နေခြင်း ဖြစ်ပါသည်။

သူတို့သည် တောင်ခြေသို့ မွန်းတည့်ချိန်၌ ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

ထိုအချိန်မှစ၍ တက်သွားကြရာ မိုးစုံးစုံးချုပ်သွားသည်အထိ ဖြစ်ပါသည်။

ဗေဒါကြီးက ဆက်၍တက်သွားနေဆဲ....

လုကျန်းလည်း လိုက်တက်နေရသည်။

တစ်ညလုံးဆက်၍ တက်သွားခဲ့ကြသည်။

သို့ဖြင့်....

အရှေ့ဘက်မှ အရုဏ်ဦး၏ ရောင်နီများပေါ်ထွက်လာချိန်တွင် တောင်ထိပ်ပိုင်းသို့ ရောက်မှန်းမသိ ရောက်ရှိလာကြတော့သည်။

ထိုစဉ်....

"တောက်.... တောက်"

အပေါ်မှ **ကျောက်**ခဲကလေးများ ကျလာသည်ကို တွေ့လိုက်ရသည်။

ဖေဒါ**ကြီးက** **အ**ပေါ်မော့ကြည့်လိုက်သည်။

"ဟော့.... **ဘယ်သူလဲကွ**"

သူ၏**အော်မေးသံကျယ်**လောင်စွာ ထွက်ပေါ်လာသည်။

ပဲ့တင်**ထပ်သံများလည်း** ထွက်ပေါ်လာသည်။

တော**တောင်ထဲ၌ ဟိန်း**၍ထွက်ပေါ်လာသဖြင့် အတွင်းအားအလွန်ကောင်းသူ**တစ်ယောက်ဖြစ်**ကြောင်း ထင်ရှားနေပါတော့သည်။

ခြင်္သေ့ကြီး**တစ်ကောင်**၏ ဟိန်းဟောက်သံနှင့်ပင် တူနေသည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်....

"ဟပ်ချိုး...."

နှာချေသံထွက်ပေးလာသည်ကို ကြားလိုက်ရ၏။

တောင်ပေါ်၌ လူတစ်ယောက်ရှိနေပြီ ဖြစ်သည်။

လုကျန်း စိတ်ဝင်စားသွားချိန်မှာပင် ချောင်းဆိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်း ဖြစ်သည်။

"လူမဟာ တစ်ယောက်ထင်ပါရဲ့...."

လုကျန်း လွတ်ခနဲ ရေရွတ်လိုက်လေသည်။

ဖေဒါကြီးက....

"သည်မှာကြာကြာဆက်နေရင် ငါတို့နှာစေးချောင်းဆိုးရောဂါ **ကူးသွား**လိမ့်မယ်.... လာမြန်မြန်သွားကြမယ်...."

**ပြောပြီး** ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်လေသည်။

**ထိုစဉ်**....



"တောက်.... တောက်"

ကျောက်ခဲကလေးများ ပြုတ်ကျလာပြန်သည်။

ဖေဒါကြီး ခြေလှမ်းရပ်သွားလေသည်။

အပေါ်သို့ ခေါင်းမော့ရင်း အော်ပြောလိုက်လေ၏။

"ဘယ်လိုလဲ.... ကျုပ်ပြန်ရောက်လာတာကို မကျေနပ်တာလား.... နှုတ်ဆက်တာလား.... ရှင်းရှင်းပြောစမ်းပါ...."

"ဟပ်ချိုး.... အဟွတ်.... အဟွတ်"

နှာချေသံ ချောင်းဆိုးသံများ ထွက်ပေါ်လာပြန်သည်။

ဖေဒါကြီး ဒေါပွသွားသည်။

"လက်စသတ်တော့ **မင်းက ကျုပ်နဲ့တစ်ပွဲ**တစ်လမ်း အကဲစမ်းချင်ပြီကိုး...."

ပြောရင်း **နှာချေသံထွက်**ပေါ်လာရာဆီသို့ သွားရန် ဟန်ပြင်လိုက်သည်။

လုကျန်း ရင်ထိတ်သွားသည်။

"ဦး...."

ဖေဒါကြီး လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ...."

"ဦး ဘယ်သွားမလို့လဲ...."

"ငါသွားပြီး စာရင်းရှင်းရမယ်လေကွာ...."

"ဦး သွားလို့မဖြစ်ဘူးထင်တယ်...."

ဖေဒါကြီး မျက်မှောင်ကုတ်သွား၏။

"ဘာကြောင့်မဖြစ်ရမှာလဲ...."

လုကျန်းက....

"ဦးက သူနဲ့သွားပြီးရန်ဖြစ်မယ် ဟုတ်လား...."

"အေးလေ...."

"ရန်ဖြစ်တာ မကောင်းပါဘူးဗျာ...."

လုကျန်း၏စကားကြောင့် ဗေဒါကြီး တဟားဟားရယ်မော လိုက်သည်။

"မင်းက အကြောင်းမသိဘဲကိုး သူဟာ ငါ့ရဲ့ပြိုင်ဘက်ကွ.... ငါတို့ အမြဲတမ်းပြိုင်နေကျ...."

"ပြိုင်ဘက် ဟုတ်လား...."

"ဟုတ်တယ်လေ...."

လုကျန်း စိတ်ဝင်စားသွားသည်။

"ဦးရဲ့ပြိုင်ဘက်က ဘယ်သူလဲဗျ...."

ဗေဒါကြီး မဲ့ပြုံး ပြုံးလိုက်သည်။

"သူ့ကိုယ်သူတော့ သူ့ရဲကောင်းတစ်ယောက်လို့ ထင်နေတာပဲ.... ဒါပေမယ့်.... ကျုပ်စိတ်ထဲမှာတော့ ကျားတွေ ခြသေ့်တွေတောင် ကြောက်ရတဲ့ လူဆိုးကြီးတစ်ယောက်လို့ ထင်မိတာပဲ...."

လုကျန်းက....

"ဦး.... သူနဲ့သွားပြီး ရန်မဖြစ်လို့မရဘူးလားဗျာ...."

ဗေဒါကြီး မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ.... မင်းက သူ့ကိုသိလို့လား...."

"မဟုတ်ပါဘူး...."

"ဒါဖြင့် ဘာကြောင့် ငါ့ကိုတားရတာလဲ...."

"ဦးကသွားပြီး ရန်ဖြစ်နေတော့ ကျွန်တော်ဘယ်မှာသွားနေရမှာလဲ...."

ဗေဒါကြီး သက်ပြင်းချလိုက်လေသည်။

"ဒါလည်း ဟုတ်တာပဲ...မင်းကိုထားခဲ့လို့မဖြစ်ဘူး...ငါလည်း



သွားလို့မဖြစ်တော့ဘူး...."

လုကျန်း ဝမ်းသာသွားလေသည်။

"ကျေးဇူးပါပဲဗျာ...."

သူ့အား တစ်ယောက်တည်းထားခဲ့မည်ဆိုလျှင် တောထဲတောင်ထဲ၌ ကြောင်စီစီဖြစ်နေရပေလိမ့်မည်။

ဗေဒါကြီးရယ်မောလိုက်သည်။

"ဘာမှ မဖြစ်ပါနဲ့ကွာ.... မင်းကိုငါက သိုင်းပညာသင်ပေးဖို့ ခေါ်လာတာပဲ.... မင်းကိုထားပြီး မသွားတော့ပါဘူးကွာ...."

လုကျန်း ယခုမှ သက်ပြင်းချနိုင်တော့သည်။

ဗေဒါကြီးက အပေါ်သို့မော့ကြည့်ပြီး....

"နောက်မှ သူနဲ့စာရင်းရှင်းရမယ်.... ကဲ.... လာတို့သွားကြစို့"

လုကျန်းအား လက်ဆွဲကာ ခေါ်သွားလေသည်။

ကျောက်ခဲကလေးများ ထပ်ကျမလာတော့ပါ။

နှာခေါင်းသံ ချောင်းဆိုးသံများလည်း မကြားရတော့ပါ။

လုကျန်းနှင့် ဗေဒါကြီးတို့က တောင်ပေါ်သို့ ဆက်၍တက်ခဲ့ကြလေတော့သည်။ သို့ဖြင့်....

မိုးစင်စင်လင်းသည်နှင့် တောင်ထိပ်ပေါ်သို့ ရောက်သွားကြ၏။ တောင်ထိပ်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်ဂူကြီးတစ်လုံးရှိနေသည်ကို တွေ့ရ၏။ ဗေဒါကြီးက လက်ဆန့်တန်းကာ....

"ကျုပ်အိမ်ရောက်ပြီ...."

ဟု ကြွေးကြော်လိုက်လေတော့သည်။

(ornament)

ကျောက်ဂူထဲ၌ လူအသုံးဆောင်ပစ္စည်း**အချို့** ရှိနေပါသည်။

ဗေဒါကြီးက ကျောက်ဂူအတွင်းသို့ **လှမ်းဝင်ရင်း....**

"**ကျုပ်အိမ်ဟာ ဘယ်လိုအိမ်မျိုးနဲ့မှ မတူဘူး....** စံနမူနာယူစရာ **မကောင်းဘူးလား....မင်းသဘောကျတယ်** မဟုတ်လား...."

**လုကျန်းအား မေးလိုက်သည်။**

လုကျန်းသက်ပြင်းချလိုက်၏။

ဗေဒါကြီး၏ ကျောက်ဂူကို အကောင်းဆုံးအိမ်ဟု သူ မည်သို့ သတ်မှတ်ရပါမည်နည်း။ ကျောက်ဂူသည် ကျောက်ဂူသာ ဖြစ်ပါ၏။

သို့သော် ဗေဒါကြီး စိတ်ချမ်းသာအောင် ပြောရမည်ကို သူသိသည်။ သူသည် သူတစ်ပါး စိတ်ချမ်းသာစေရန် ကူညီခဲ့သူ မဟုတ်ပါလော။

"အင်း....ဦးရဲ့အိမ်ကတော့ တကယ့်အေးချမ်းမယ့် အိမ်လေးပါပဲ...."

တောင်ပေါ်ဒေသဖြစ်သည့်အလျောက် ကျောက်ဂူကြီးဖြစ်ရာ **အေးချမ်းမည်**မှာကား ဆိုဖွယ်ရာမရှိချေ။

**အေး**ချမ်းမည်ဆိုခြင်းထက် ချမ်းအေးမည်ဆိုခြင်းက ပို၍ မှန်**ပေလိမ့်မည်။**

**ဗေဒါ**ကြီးက ကျောက်ဂူအတွင်းသို့ လှမ်းဝင်ရင်း....

"**အ**ရင်တစ်ခေါက် ကျုပ်ပြန်လာတုန်းက ကျောက်ဂူထဲ ကျားတစ်ကောင်ဝင်နေလို့ ဖမ်းရသေးတယ်...."

သူ၏စကားကြားလျှင် လုကျန်းမျက်လုံးပြူးသွားသည်။

ဗေဒါကြီးအား ငေးကြည့်ကာ....

"ဗျာ.... ကျားဝင်နေတယ် ဟုတ်လား...."

"ဟုတ်တယ်...."



"ဦး....ဦး ဘာမှမဖြစ်ဘူးလား...."

"ဘာဖြစ်ရမှာလဲ....ကျုပ်က ကျားကို ဖမ်းလိုက်တာပေါ့...."

လုကျန်း ကျောချမ်းသွားသည်။

ဗေဒါကြီးက ရယ်မောရင်း....

"ဒီတစ်ခါ ကျားဝင်ရင်တော့ မင်းကိုဖမ်းခိုင်းမှ ထင်တယ်...."

"ဟာ.... မလုပ်ပါနဲ့...."

လုကျန်းက ကပျာကယာ လက်ကာပြရင်း နောက်ဆုတ်သွား၏။

"ဟား....ဟား....ဟား ကျုပ်က မင်းကို ကျီစယ်တာပါကွာ"

ဗေဒါကြီးက ရယ်မောရင်း....ကျောက်ဂူအတွင်းသို့ ဝင်သွားသည်။ လုကျန်းက မလှမ်းကမ်းမှ ရပ်ကြည့်နေသည်။

မကြာပါချေ။

ဗေဒါကြီး ပြန်ထွက်လာ၏။

**သူ**၏လက်တွင် ကျားတော့ပါမလာချေ။

ဖြူဖြူဖွေးဖွေး ယုန်ကလေးများဖြစ်သည်ကို **တွေ့**ရမှလုကျန်း စိတ်သက်သာရာ ရသွားသည်။

ယခုတစ်ကြိမ် ကျောက်ဂူထဲသို့ **ကျားဝင်**မနေဘဲ ယုန်နှစ်ကောင်ဝင်နေသည် မဟုတ်ပါလား။

လုကျန်းက မြေပေါ်တွင် ခြေဆင်းထိုင်လိုက်သည်။

လူထူးဆန်းကြီးသဘောကျစွာဖြင့် တဟားဟား ရယ်မောကာ....

"ဟား.... ဟား.... ဟား မင်းတစ်ကောင် ကျုပ်တစ်ကောင် စားကြတာပေါ့.... မင်းချက်မလား.... ကျုပ်ချက်ရမလား...."

လုကျန်း ဟူးခနဲ လေမှုတ်ထုတ်ကာ....

"ကျွန်တော် ချက်ပေးပါ့မယ်...."

ပြောရင်း ယုန်ကလေးများဆီသို့ လက်လှမ်းလိုက်လေတော့သည်။

လုကျန်းသည် အချက်အပြုတ်ကျွမ်းကျင်လိမ္မာသူ ဖြစ်သည်။ ယုန်နှစ်ကောင်ကို အရေဆုပ်ကာ ချက်ပြုတ်ရန် ဟန်ပြင်လိုက်သည်။

ထိုသို့ပြုလုပ်တော့မှ ဗေဒါကြီး၏ ကျောက်ဂူထဲ၌ ဆားတစ်မျိုးသာရှိကြောင်း သိရလေတော့သည်။

လုကျန်းက အခြားဟင်းခတ်အမွှေးအကြိုင်နှင့်လိုအပ်သော ပစ္စည်းများ လိုက်လံရှာဖွေလေသည်။

လုကျန်းတကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသည်ကိုတွေ့လျှင် ဗေဒါကြီး မျက်မှောင်ကြုတ်ကာ....

"မင်း ဘာလိုက်ရှာနေတာလဲ...."

"ဟင်းခတ် အမွှေးအကြိုင်လေ...."

"ဟာ.... ကျုပ်ဆီမှာ မရှိဘူး.... ဆားပဲရှိတယ်"

"ဆားပဲရှိတော့ ဘယ်လိုလုပ်စားမလဲ...."

"လွယ်ပါတယ် ဆားလူးပြီး ယုန်ကို မီးကင်လိုက်ပေါ့"

လုကျန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုစားလို့ ဘယ်ကောင်းမလဲ...."

"ဟေ.... ဘာဖြစ်လို့လဲ...."

"ဦးစားချင်တယ်ဆိုရင်.... ကျွန်တော်ဆားလူးပြီး မီးကင်ပေးပါ့မယ်...ဒါပေမယ့် ကောင်းကောင်းစားချင်တယ်ဆိုရင်တော့ ဟင်းခတ်အမွှေးအကြိုင်ပစ္စည်း အတော်လိုတယ်ဗျ...."

ဗေဒါကြီး မျက်မှောင်ကြုတ်သွားသည်။

"မင်းပြောသလို ချက်ရင် ပိုကောင်းတယ်ဟုတ်လား...."



"ဟုတ်ပါတယ်...."

"ကောင်းပြီ ပြောစမ်း ဘာလိုသလဲ...."

လုကျန်း စဉ်းစားခြင်းပင် မပြုဘဲ....

"ထောပတ်ဆီနည်းနည်း...အရက်ချို...မဆလာ...ငရုပ်ဆီ.... ကြက်သွန်ဖြူ.... ဂျင်း.... ပဲငါးပိ.... နောက်ပြီး"

"ဟိုး.... တော်တော့ မင်းလိုချင်တာအားလုံး ရစေမယ်"

လုကျန်းက ဗေဒါကြီးအား ကြည့်လိုက်၏။

တစ်ဖန် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကာ....

"ဦး သိမ်းထားတယ် ဟုတ်လား...."

"အို ဘယ်ကလာ သိမ်းထားရမှာလဲ.... မင်းလိုချင်တာရရင် ပြီးရောမဟုတ်လား...."

"ဟုတ်ပါတယ်.... ကျွန်တော်လိုချင်တဲ့ ပစ္စည်းတွေရရင် ဦး လျှာလည်သွားအောင် ချက်ကျွေးပါ့မယ်...."

"ဒါဖြင့် ခဏစောင့်.... ကျုပ်သွားယူလိုက်ဦးမယ်...."

စကားဆုံးလျှင် ခပ်သွက်သွက်ပြေးထွက်သွားလေတော့သည်။

မြင်ကွင်းမှ ကွယ်ပျောက်သွားလေ၏။

လုကျန်းသက်ပြင်းချလိုက်သည်။

မီးမွှေးကာ ရေနွေးအိုးတစ်လုံးတည်ပြီး ဗေဒါကြီးပြန်ရောက်လာမည့်အချိန်ကို စောင့်မျှော်နေလိုက်လေတော့၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

လုကျန်း စိတ်ပျက်ခြင်း အဆုံးစွန်းရောက်သည့်အခါကျမှ ဗေဒါကြီး ပြန်လည်ရောက်ရှိလာ၏။

သူ၏ ပခုံးပေါ်တွင် ကြောင်အိမ်တစ်လုံး ထမ်းလာ၏။

ကျောက်ဂူရှေ့၌ စောင့်ကြို့နေသော လုကျန်းရှေ့သို့ ရောက်လျှင် ကြောင်အိမ်ကို မြေပေါ်ချလိုက်ပြီး ပြောလိုက်၏။

"ဟော့ဒီ ကြောင်အိမ်ထဲမှာ မင်းလိုချင်တဲ့ပစ္စည်း အကုန်ရှိတယ်.... တစ်ခုချင်းယူရင် မေ့ကျန်နေမှာစိုးလို့ ကြောင်အိမ်တစ်ခုလုံး မ,ယူလာတာကွ...."

လုကျန်းက မေးလေ၏။

"ဦးရဲ့အိမ်က သွားယူတာလား...."

"ဟာ.... ကျုပ်အိမ်က ဒီကျောက်ဂူကြီးပဲလေ...."

"ဒါဖြင့် ဘယ်ကသွားယူတာလဲ...."

"ကျုပ်စားသောက်နေကျနေရာကပေါ့...."

"ဘယ်မှာလဲ...."

"ဟိုးမှာ...."

"**မြောရင်း** မြောက်ဘက်တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

**မြောက်ဘက်အ**ဝေးတစ်နေရာတွင် တောင်ထွတ်ကြီးတစ်ခုရှိလေသည်။

ယင်းတောင်ထွတ်ကြီးပေါ်၌ရဲတိုက်ကြီးတစ်ခုလိုလိုအဆောက်အအုံတစ်ခု ရှိသည်ကို ရေးရေးမျှ တွေ့မြင်ရသည်။

"အဲ့ဒီမှာနေတဲ့လူတွေဟာ.... ကျုပ်အတွက် စားနပ်ရိက္ခာထောက်ပံ့နေသူတွေပေါ့....သူတို့ရဲ့ မီးဖိုဆောင်ကို အချိန်မရွေး ကျုပ်ဝင်ထွက်ပြီး စားသောက်နိုင်တယ်.... လိုတဲ့ပစ္စည်း ယူနိုင်တယ်လေ"

ဗေဒါကြီးသည် ပြောပြီး တဟီးဟီးရယ်မောနေလေ၏။

လုကျန်း ပခုံးတွန့်လိုက်သည်။

ဗေဒါကြီးယူလာသော ကြောင်အိမ်ကိုဖွင့်လိုက်သောအခါ သူ



အလိုရှိသည့်အရာများအပြင် အခြားဟင်းခတ်အမွှေးအကြိုင်များ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန် အပြည့်အစုံ ပါရှိနေသည်ကို တွေ့ရှိရလေ၏။

လုကျန်းက သဘောကျသွားသည်။

"ဒီလောက်ပစ္စည်းစုံမှတော့ အကောင်းဆုံးစားရမှာပေါ့.... ခဏစောင့်ပါ...."

ပြောပြီး ယုန်နှစ်ကောင်ကို ဝမ်းဗိုက်ခွဲကာ အူ၊ အသည်း ကလီစာများ ထုတ်ပစ်လိုက်သည်။

တစ်ဖန် ထောပတ်ဆီဖြင့် စိမ့်ဝင်သွားအောင်နယ်သည်။

တစ်ဖန် အရက်ချို၊ ငံပြာရည်စသည်တို့ဖြင့် နယ်ကာခွက်တစ်ခုတွင် စိမ်ထားလိုက်၏။

ထို့နောက် ဟင်းခတ်အမွှေးအကြိုင်များ ထုထောင်းနယ်ဖတ်ကာ ပဲငါးပိနှင့်အတူ ယုန်၏ဝမ်းဗိုက်ထဲသို့ ထည့်ကာ အပ်ချည်ကြိုးဖြင့် ပြန်ချုပ်လိုက်၏။

ပြီးမှ စိတ်ရှည် လက်ရှည် မီးအေးအေးဖြင့် ကင်လေသည်။

ဗေဒါကြီးကာ စကားတစ်လုံးမျှ မပြောဘဲ အသာစောင့်ကြည့်နေရလေတော့သည်။

ယုန်သားကင်သည် တဖြည်းဖြည်း နီရဲလာ၏။

အနံ့ကလည်း ခပ်သင်သင်းကလေး မွှေးလာသည်။

လုကျန်းက စိတ်ရှည်လက်ရှည် ကင်နေဆဲ....

ဗေဒါကြီး တံတွေးမျိုချလိုက်သည်။

မွှေးကြိုင်လှသော ရနံ့သည် သူ၏ဝမ်းဗိုက်ကို တကြွတ်ကြွတ်ဆာလောင်လာစေပြီ ဖြစ်ပါသည်။

ယုန်သားကင်နေသည်ကို ထိုင်ကြည့်ရင်း မရိုးမရွဖြစ်လာသည်။

"ဟော့.... မကျက်သေးဘူးလားကွ...."

သူ၏စကားကြားမှ လုကျန်း သတိဝင်လာသည်။

ဦးခေါင်း ခါယမ်းရင်း....

"မရသေးဘူးဗျ...."

ဗေဒါကြီး မျက်နှစ်တစ်ဖက်လှည့်ထားလိုက်၏။

သို့သော် တစ်ခဏအကြာတွင်....

"မရသေးဘူးလားကွ...."

"ရပါတော့မယ်.... ခဏစောင့်ပါဗျာ...."

"ဟော့.... မင်းဟာက တော်တော်ကြာဦးမှာလား...."

"မကြာပါဘူး.... ကျက်တော့မှာပါ...."

"ကျက်တော့မယ်.... ကျက်တော့မယ်နဲ့ ဘယ်တော့ကျက်မှာလဲကွ....စောင့်ရတာ ကြာလှပြီ....တစ်သချီနဲ့ ကမ္ဘာတစ်သိန်းစောင့်ရမှာလား...."

လုကျန်း ရယ်မောလိုက်သည်။

"ကျက်ပါတော့မယ်....ဦးက ရောက်တော့မယ် ရောက်တော့မယ်ဆိုပြီး ကျွန်တော့်ကို ခေါ်လာခဲ့တာလောက်တော့...."

သူ၏စကားမဆုံးမီ ဗေဒါကြီးက လက်ကာပြရင်း....

"တော်....တော်....စောင့်ဆိုလည်း စောင့်ပါတော့မယ်ကွာ"

ညည်းညည်းညူညူ ပြောလိုက်သည်။

လုကျန်းလည်း ရှေ့ဆက်မပြောတော့ချေ။

ယုန်သားကင်နံ့မှာ တဖြည်းဖြည်း မွှေးကြိုင်သင်းပျံ့လာသည်။

ဝန်းကျင်တစ်ခုလုံး ယုန်သားကင်နံ့ လွှမ်းမိုးထား၏။

ဗေဒါကြီး ထိုင်ရာမှ ငေါက်ခနဲ ထရပ်လိုက်ပြီး....

"ဟော့.... ကျုပ်တော့ မနေနိုင်တော့ဘူးကွ.... ကျက်ကျက် မကျက်ကျက် စားတော့မယ်...."



ပြောရင်းယုန်သားကင်ထံ လက်လှမ်းလေသည်။

လုကျန်း မကန့်ကွက်တော့ပါချေ။

ယုန်သားကင်သည် စားသောက်နိုင်သည့် အနေအထားသို့ ရောက်နေပြီ မဟုတ်ပါလား။

ဗေဒါကြီး ယုန်သားကင်အား လက်လှမ်းလိုက်သည့်တစ်ဒင်္ဂအချိန်အတွင်းမှာပင်....

"ဟပ်ချိုး...."

နှာချေသံ ရုတ်တရက် ထွက်ပေါ်လာသည်။

ဗေဒါကြီးလက်ာ ဆတ်ခနဲ တွန့်ကာ နောက်ပြန်ရုပ်လိုက်သည်။

တစ်ဆက်တည်းပင် နောက်လှည့်ကြည့်လိုက်၏။

ထိုအခါ နှာခေါင်းရှုံ့ချီပွချီ လုပ်ကာ သူတို့ထံသို့ လျှောက်လာနေသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

## အခန်း(၈)

## မိုးတိမ်ရဲ့တိုက်မှ ရန်သူ

ဗေဒါကြီးနှင့် အသက်ရွယ်တူတန်းတူရှိသူတစ်ယောက်သည် နှာခေါင်းရှုံ့ပွရှုံ့ပွဖြင့် ကျောက်ဂူရှိရာသို့ လာနေလေ၏။

ထိုလူသည် အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိကာ ရောဂါသည်တစ်ယောက်နှင့် တူလှ၏။

လက်ထဲတွင် အဝတ်စတစ်ခု ကိုင်ထားပြီး ထိုအဝတ်ဖြင့် နှာခေါင်းကို မကြာခဏ ပွတ်နေလေသည်။

သူ၏ပြူးကျယ်သော မျက်လုံးများသည် လုကျန်းနှင့် ဗေဒါကြီးတို့အား ကြည့်နေ၏။

နှာခေါင်းရှုံ့ချည်ပွချည်ပြုလုပ်ရင်း ....

"အင်း....အခုမှပဲ ကျုပ်နှာခေါင်းပြန်ကောင်းလာတော့တယ်၊ ဟင်းနံ့ကျွေးနံ့တောင်ရလာပြီဗျ .... အားပါမွှေးလိုက်တဲ့အနံ့ နှာစေးချောင်းဆိုးဖြစ်နေတဲ့ ကျုပ်တောင် ဒီအနံ့ရတယ်ဆိုရင် လူလေကြီးကတော့ ပိုဆိုးမှာပဲ...."



သူ၏ပြောစကားများကို လုကျန်းကောင်းစွာ နားမလည်ပါချေ။

သို့သော် ဗေဒါကြီးကား မကျေမနပ်ဖြစ်သွားကာ မြေပေါ် ခြေဆောင့်လိုက်သည်။

"ဟေ့ .... ရောဂါသည် မင်းဘာလာရှုပ်တာလဲ .... ဒီယုန်သားကင်ဟာ ကျုပ်အတွက်ကွ .... မင်းလို အချောင်လိုက်ရှာနေတယ်များ ထင်သလား....ဟင်း....အဲ့ပါရဲ့....သူကတောင် ကျုပ်ကို အပြစ်တင်ချင်သေးတယ်...."

ရောဂါသည်က ....

"ဘာ ဒီယုန်သားကင်ဟာ မင်းဟာ ဟုတ်လား"

"ဟုတ်တယ်ကွ ...."

"သူကကော ...."

လုကျန်းအား ညွှန်ပြကာ မေးလိုက်ခြင်း ဖြစ်လေသည်။

ဗေဒါကြီးက ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ....

"သူက ငါ့တပည့်လေ...."

"ဟော...."

ရောဂါသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လုကျန်းအား စိုက်ကြည့်ရင်း....

"ဟပ်ချိုး .... ဟပ်ချိုး"

နှာချေပြီးမှ ....

"ဟေ့သူငယ်.... သူပြောတာ ဟုတ်ရဲ့လား.... သူက မင်းကို အတင်းအဓမ္မခေါ်လာတာများလား...."

လုကျန်းပြုံးကာ ....

"သူပြောတာ အမှန်ပါပဲခင်ဗျာ....ကျွန်တော်ဟာ သိုင်းပညာ

သင်ယူဖို့ ဒီတောင်ပေါ်ကို လိုက်လာခဲ့တာပါ....”

“မင်းသူ့ဆီက သိုင်းပညာသင်မယ်....သူ့ကို ချက်ပြုတ်ကျွေးမွေးမယ်ပေါ့....”

“ဟုတ်ပါတယ်....”

ရောဂါသည်က နှုတ်ခမ်းကို လျှာဖြင့် သိမ်းလိုက်သည်။

ယုန်သားကင်အနံ့သည် သွားရည်ကျဖွယ် မွှေးကြိုင်နေ၏။ ရောဂါသည် တံတွေးမျိုချရင်း....

“မင်းက ဟင်းချက်တာ မဆိုးဘူးထင်တယ်...မစားရသေးခင် တောင် အနံ့က မွှေးလျတယ်....စားများစားလိုက်ရရင် ဘယ်လောက် အရသာရှိမလဲ မပြောတတ်ဘူး....”

သူ၏စကားကြောင့် ဇေဒါကြီး ရယ်မောကာ....

“ဒီလိုဆိုရင် ခဏစောင့်နေပါ.... ကျုပ်စားသောက်ပြီးရင်.... မင်းကို ပြန်ပြောပြပါ့မယ်....”

ပြောရင်း ယုန်သားကင်ကို ဆတ်ခနဲ လှမ်းဖွဲ့ကာ ပလုတ်ပလောင်းစားလိုက်လေသည်။

နူးအိနေသော ယုန်သားကိုဝါးရင်း သူ၏မျက်လုံးများ မှေးစင်းသွားသည်။

“အားပါးပါး.... ကောင်းလိုက်တဲ့ ယုန်သား”

ရောဂါသည် မကျေမနပ်ဖြစ်သွားသည်။

လုကျန်းကိုကြည့်ကာ....

“ယုန်ဖမ်းတာ လွယ်လွယ်ကလေးပါ.... ဟော့ကောင်ကလေး မင်းကျုပ်ကို ယုန်သားကင်ပေးမလား....”

လုကျန်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့....”



“ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ပါ.... ယုန်တစ်ကောင်လောက် မိအောင်ဖမ်းပြီး တဝတပြစားပစ်လိုက်မယ်....”

ဇေဒါကြီး မျက်လုံးမျက်ခုံးပြူးကာ....

“ဟော့....ဟော့....မင်းက သူ့ကိုခေါ်သွားလို့ ဘယ်ဖြစ်မလဲ.... ကျုပ် တမင်ခေါ်လာတာ....ကျုပ်လက်ထဲက လုမယ့်သဘောလား.... မရဘူး မရဘူး....”

ဇေဒါကြီးက အကြီးအကျယ် ဟန့်တားလေတော့သည်။

ရောဂါသည်က....

“မင်းကတော့ အရသာခံစားနေပြီး သူများစားမှာတော့ မနာလိုဘူးလား.... မင်းတပည့်ကို ကျုပ်ခဏပဲ ခေါ်သွားမှာပါ....”

“မရဘူး .... မရဘူး .... မင်းစားချင်ရင် ကျုပ်နည်းနည်းပေးမယ်....”

ထိုစကားကြားလျှင် လူမမာ နှာခေါင်းရှုံ့ကာ....

“ဟွန်း.....မင်းပြောစရာမလိုပါဘူး.... ကျုပ်စားချင်ရင် အချိန်မရွေး ယူစားနိုင်တာပဲ....”

“မင်း ယူစားချင်တိုင်းရမလား....”

“မင်းမယုံဘူးလား....”

စကားဆုံးသည်နှင့် လူမမာက မီးဖိုပေါ်မှ ယုန်သားကင်ကို ဆတ်ခနဲဆွဲယူလိုက်လေသည်။

သူ၏လက်ထဲကို ယုန်ကင်တစ်ကောင်ပါသွားသည်နှင့် ဇေဒါကြီးက....

“ဟော့ .... ပြန်ပေးစမ်း”

ထိုင်ရာမှ ဝုန်းခနဲ ထလာပြီး ပြန်လုလေသည်။

ရောဂါသည်က ရှောင်တိမ်းသွား၏။

**ဗေဒါကြီးက မရမက** ပြန်လုသည်။

**ဤသို့ဖြင့် တစ်ယော**က်ကရှောင်လိုက် တစ်ယောက်ကလုလိုက်ဖြင့် **လှုပ်ရှားရင်း** ခြေလက်များအသုံးပြုလာကြသည်။ တစ်ဘက်က ယုန်ကင်ကို လုရင်း တစ်ဘက်က တိုက်ခိုက်လိုက်ကြလေသည်။

သူတို့နှစ်ယောက် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်ကို လုကျွန်း အံ့သြစွာဖြင့် ငေးမောကြည့်ရှုနေမိလေတော့သည်။

လုကျွန်းသည် ရောဂါသည်နှင့် ဗေဒါကြီးတို့၏ သိုင်းပညာမခေကြောင်း တဖြည်းဖြည်း သိမြင်လာရလေသည်။

သူတို့၏ သိုင်းကွက်များသည် ပေါ့ပါးဖျတ်လတ်ပြီး အလွန်လျင်မြန်သည်။

ကြည့်ရင်းကြည့်ရင်း လုကျွန်းမျက်စိရှုပ်ကာ ဦးခေါင်းများမူးနောက်ရီဝေလာလေ၏။

ရောဂါသည်၏ လက်ထဲမှ ယုန်သားကင်ကိုကား ဗေဒါကြီးယခုတိုင်လု၍ မရသေးပါချေ။

တစ်ချိန်၌ ဗေဒါကြီး၏ တိုက်ကွက်ကြောင့် ရောဂါသည်မှာ မတတ်သာဘဲ လက်ဝါးနှစ်ဘက်စုံ ပြန်လည်ခုခံရ၏။

ထိုအခါ ယုန်သားကင်ကို အပေါ်သို့ မြှောက်တင်လိုက်ပြီးမှ ခုခံလိုက်ခြင်း ဖြစ်၏။

ဗေဒါကြီး၏ တိုက်ကွက်ကို ရင်ဆိုင်ပြီးသည်နှင့် တစ်ပတ်ကျွမ်း**ပစ်ကာ** ပြန်လည်ပြုတ်ကျလာသော ယုန်သားကင်ကို ဆီးကြိုဖမ်းလေသည်။ သို့သော် လုကျွန်းက သူ၏အနီးကျလာသဖြင့် လက်ဦးအောင်ဆီးကြိုဖမ်းနိုင်ခဲ့လေသည်။

ရောဂါသည် စိတ်ပျက်သွား၏။

လုကျွန်းကိုကြည့်ကာ ....



"ကျုပ် **မြည်းစမ်း**ကြည့်လို့ မရဘူးလား...."

**လုကျွန်း ပြုံး**လိုက်သည်။

"**ရပါတယ်**ခင်ဗျာ....ဦး မြန်မြန်စားလိုက်ရင် တစ်ယောက်နဲ့**တစ်ယောက် လု**နေစရာမလိုတော့ဘူးပေါ့...."

ရောဂါသည် သဘောကျသွားပြီး....

"ဟုတ်သားပဲ...."

ပြောပြီး လုကျွန်းပစ်ပေးလိုက်သော ယုန်ကင်ကိုဖမ်းပြီး ချက်ချင်း ပလုတ်ပလောင်း ကိုက်စားလိုက်လေသည်။

"အမယ်လေး.... ကုန်ပါပြီ"

ဗေဒါကြီးက အော်ရင်း အတင်းဝင်လုလေသည်။

သို့သော် ရောဂါသည်က သုံးလေးလုတ်မက ပလုတ်ပလောင်းစားပစ်လိုက်ရာ ယုန်ကင်တစ်ခုလုံး ရစရာမရှိတော့ချေ။

ဗေဒါကြီး လက်လျှော့လိုက်လေသည်။

သူ့ထမရယူထားသော ယုန်ကင်ကို ကိုင်ထားရာမှ ကိုက်ဖဲ့စားရင်း....

"မြန်မြန်စားမှ.... တော်တော်ကြာ မစားလိုက်ရ**ဘဲ နေဦး**မယ်"

ရောဂါသည် ရယ်မောလိုက်သည်။

"ဟား.... ဟား....တစ်ယောက်တစ်ကောင် စားကြတာပေါ့၊ ကျုပ်ဆီမှာ ယုန်ကင်ရင် မင်းကိုတစ်ကောင်အစားပြန် ပေးပါ့မယ်"

"တော်စမ်းပါကွာ...."

"မတော်နဲ့...ကျုပ် တကယ်ပြောတာ...သူ့ကို ကျုပ်ခေါ်သွားမယ်...."

လုကျွန်းအား လက်ညှိုးညွှန်ကာ ပြောလိုက်လေသည်။

ဗေဒါကြီးက ကပျာကယာ လက်ကာပြလိုက်၏။

"ဟေ့.... ဟေ့.... သူ့ကိုတော့ ခေါ်သွားလို့မဖြစ်ဘူး...."

"ဘာဖြစ်လို့လဲ...."

"ခင်ဗျားခေါ်သွားရင် ကျုပ်ကို ဘယ်သူက ချက်ကျွေးမလဲ"

"အရင်ကကော ဘယ်သူက ချက်ကျွေးနေလို့လဲ...."

ဗေဒါကြီး မကျေမနပ် ဖြစ်သွားကာ....

"နေစမ်းပါဦး...ခင်ဗျားကကော သူ့ကို ဘာကြောင့် ခေါ်သွားချင်တာလဲ...."

"ကျုပ်အတွက် စားစရာသောက်စရာ ချက်ခိုင်းမယ်လေ..."

"ဟား...ဟား...ခင်ဗျားကကော အရင်တုန်းက ဘယ်လိုစားသလဲ.... အခုမှ ဘာကြောင့် ချက်ပြုတ်စားချင်ရတာလဲ...."

ရောဂါသည် ငိုင်သွားပြန်သည်။

ဗေဒါကြီးက....

"သူ့ကို ကျုပ်က သိုင်းပညာသင်ပေးမယ်ဆိုပြီး ခေါ်လာတာ ကျုပ်အတွက် သူက ပြန်ပြီးချက်ပြုတ်ကျွေးမွေးတာ သဘာဝကျပါတယ်.... ခင်ဗျားကတော့ ဘာမှမဆိုင်ဘဲ...."

ရောဂါသည်က....

"အို...ဒီလိုဆို ကျုပ်လည်း သူ့ကို သိုင်းပညာသင်ပေးလိုက်မှာပေါ့.... ခင်ဗျားရဲ့ သိုင်းပညာက ကျုပ်ထက် ဘယ်လောက်များ ပိုပြီးသာနေလို့လဲ...."

ဗေဒါကြီး မျက်လုံးပြူးသွားသည်။

"ဘာ...ခင်ဗျား သူ့ကို သိုင်းပညာသင်ပေးမယ် ဟုတ်လား"

"ဟုတ်တယ်လေ...."

"ဟာ.... ဘယ်ဖြစ်မလဲ.... ကျုပ်တပည့်ကို ခင်ဗျားတပည့်



အဖြစ်မခံနိုင်ဘူးဗျ...."

ရောဂါသည် ရယ်မောလိုက်သည်။

"ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်လာခဲ့တာ နှစ်ပေါင်းများပြီ.... တစ်ယောက်နဲ့တစ်ယောက် ဘယ်သူမှ အနိုင်မရဘူး.... ဒီတော့ မင်းတတ်တဲ့ ပညာနဲ့ သူ့ကို သင်ပေး...ကျုပ်တတ်တဲ့ပညာလည်း သူ့ကိုသင်ပေးမယ်...ပြီးတော့ သူ့အပေါ်မှာ အခြေခံပြီး သိုင်းပညာဘယ်သူသာတယ် ဆုံးဖြတ်ကြတာပေါ့...."

ဗေဒါကြီး စိတ်ဝင်စားသွားလေသည်။

အနည်းငယ်စဉ်းစားပြီးလျှင်....

"အင်း.... ကောင်းသားပဲ.... ကျုပ်သူ့ကို အရင်ခေါ်သွားမယ် နောက်မှ ခင်ဗျားခေါ်သွားပေါ့...."

"ကျုပ်အရင်ခေါ်သွားမယ်...."

"မဖြစ်ဘူး.... ကျုပ်အရင်ခေါ်မယ်...."

သူတို့နှစ်ယောက် သဘောမတူဘဲ ငြင်းခုန်နေကြပြန်လေသည်။ လုကျန်းက မနေနိုင်တော့ဘဲ....

"ကဲ.... ဦးတို့နှစ်ယောက်စလုံး ပြေလည်စေမယ့်တစ်ခုခု စဉ်းစားကြပါဦး...."

ထိုစကားကြောင့် ရောဂါသည် တွေဝေသွား၏။

အတန်ကြာမှ....

"ဟုတ်ပြီ...တစ်ယောက်ယောက်က အကြာကြီးခေါ်ထားတဲ့ သဘောလည်း မဖြစ်ရအောင် သိုင်းပညာသင်ပေးလို့လည်းရအောင် တစ်ယောက်ကို သုံးရက်စီ ခေါ်ထားကြမယ်...ရက်တစ်ရာပြည့်တဲ့အခါ ဘယ်သူ့ပညာက ပိုပြီးသာသလဲဆိုတာ ဆုံးဖြတ်ကြတာပေါ့...."

"ကောင်းတယ်...."

ဗေဒါကြီးက ထောက်ခံလိုက်သည်။

"ဘယ်သူက ပထမခေါ်မလဲ...."

လုကျန်းက မေးလိုက်၏။

"ကျုပ်ခေါ်မယ်...."

ဗေဒါကြီးနှင့် ရောဂါသည်တို့ ပြိုင်တူပြောလိုက်ကြလေသည်။

လုကျန်းက ရောဂါသည်ကို ပြုံးကြည့်ကာ....

"ကျွန်တော့်ကို ဟောဒီက ဦးကခေါ်လာတာမို့ သူ့ဆီမှာ ပထမသုံးရက် နေပါရစေခင်ဗျာ...."

ဗေဒါကြီးအား ညွှန်ပြကာ ပြောလိုက်လေသည်။

သူ၏စကားမှာ အကျိုးအကြောင်းခိုင်လုံသဖြင့် ရောဂါသည် မတတ်သာတော့ဘဲ သဘောတူလိုက်ရလေသည်။

"ကောင်းပြီလေ.... ကျုပ်သဘောတူရမှာပေါ့.... နောက်သုံးရက်ကြာရင်တော့ မင်းကို ကျုပ်လာခေါ်ရမှာပဲ...."

"လာပါ.... လာပါ.... မလာမှာသာ ကျုပ်က စိုးရိမ်မိတာပါ"

ဗေဒါကြီးက ပြောလိုက်၏။

ရောဂါသည်က....

"ကဲ....ဒါဖြင့် ကျုပ်ကိုခွင့်ပြုပါဦး....ယုန်ကင်ကျွေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်.... ဟုတ်လား...."

စကားဆုံးသည်နှင့်ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ်မှာပင် အဝေးမှပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရောဂါသည်၊ ဗေဒါကြီးနှင့် လုကျန်းတို့ ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။

ထိုအခါ တောင်ထိပ်ပေါ်သို့ ပြေးတက်လာသော လူတစ်စုကို



တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူစုမှာ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး ကျောပေါ်တွင် ဓားများပိုးထားကြ၏။

တောင်ထိပ်သို့ ရောက်လာသည်နှင့်လုကျန်းတို့ထံ ဦးတည် ပြေးလာကြသည်။

သူတို့သည် ခပ်သွက်သွက်လျှောက်လာကြပြီး မလှမ်းမကမ်းတွင် ရပ်လိုက်ကြ၏။

ဗေဒါကြီးက ပခုံးတွန့်ကာ....

"ဘယ့်နှယ် ဒီကနေ့ မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်တွေ မနည်းပါလား...."

"ဒီကိစ္စခင်ဗျားကိစ္စပဲ.... ကျုပ်နဲ့မဆိုင်ဘူး.... သွားတော့မယ်ဗျို့...."

ရောဂါသည်က ပြောပြီးထွက်သွား၏။

ဗေဒါကြီးက ဟန့်တားခြင်း မပြုချေ။

အနက်ရောင်ဝတ်ဆင်ထားသူများကလည်း ဟန့်တားခြင်း မပြုပါချေ။

ရောဂါသည် ထွက်သွားပြီးမှ ဗေဒါကြီးက....

"ကဲ....ဆိုစမ်းပါဦး....မင်းတို့ ဘာကိစ္စရောက်လာကြတာလဲ"

ထိုအခါ အနက်ရောင် ဝတ်ဆင်ထားသူများအနက် ခေါင်းဆောင်ဖြစ်သူက....

"ကျုပ်တို့ကြောင်အိမ်အတွက်လာတာပါ...."

ပြောရင်းဟာလာဟင်းလင်းပွင့်နေသော ကြောင်အိမ်ကိုညွှန်ပြလေ၏။

လုကျန်းဘက်လှည့်ကာ....

"ဟဲ....ဟဲ....ကျုပ်ဗိုက်ဆာရင် အဲ့ဒီမှာပဲ သွားပြီး စားလိုက်တာကွ....လိုအပ်တဲ့ စားစရာတွေလည်း အဲဒီက ယူတာပဲ....ဟဲ....ဟဲ ကျုပ်ရဲ့စားအိမ်သောက်အိမ်လို့ ဆိုပါတော့ကွာ...."

သူသည် စကားဆုံးသည်နှင့်....

အနက်ရောင်ဝတ်ဆင်ထားသူဘက် ပြန်လှည့်လိုက်ပြီး....

"မင်းတို့ကြောင်အိမ်ယူမယ်ဆိုရင် ယူသွားတော့လေ....ကျုပ်က ဟင်းခတ်အမွှေးအကြိုင်နည်းနည်းလိုလို့ သွားယူရင်း တစ်ခုခုမေ့ကျန်ရစ်ခဲ့မှာစိုးရိမ်တာနဲ့ ကြောင်အိမ်ကြီးပါ မ,လာခဲ့တာ...."

အနက်ရောင်ဝတ်ဆင်ထားသူက....

"ကောင်းပြီလေ.... ခင်ဗျားလိုအပ်မယ်ထင်တဲ့ ပစ္စည်းတွေ တစ်ခါတည်း ယူထားလိုက်ပါ...."

"ဟုတ်တယ်....ဟုတ်တယ်....ဟော့ လိုတဲ့ပစ္စည်းတွေယူထားလိုက်ပါလား...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

ကြောင်အိမ်ထဲမှ လိုအပ်သည့်ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းများ ယူထားလိုက်သည်။

ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးသည်။ ပစ္စည်းယူထားပြီးသည်နှင့် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူများသည် ကြောင်အိမ်ကို သယ်သွားကြလေ၏။ သူတို့သည် ဗေဒါကြီးအား နှုတ်ပင်မဆက်ကြချေ။

ဗေဒါကြီးနှင့်အနက်ရောင်ဝတ်ဆင်ထားသူများ၏ ဆက်ဆံရေးမည်သို့မည်ပုံရှိကြောင်း လုကျန်း နားမလည်ချေ။

သူနားလည်မိသည့်မှာ ဗေဒါကြီးသည် အနက်ရောင်ဝတ်ဆင်ထားသူများထံမှ စားသောက်ဖွယ်ရာများ ပစ္စည်းများ မကြာခဏ သွား



ယူလေ့ရှိကြောင်းပင်။ ဗေဒါကြီးအား အနက်ရောင်ဝတ်ထားသူများက ရန်သူဟု သဘောမထားကြသည်ကား အံ့ဩစရာကောင်းပေသည်။ အနက်ရောင်ဝတ်ဆင်ထားသူများ ထွက်သွားပြီးသည်နှင့် ဗေဒါကြီးက

"ကဲ...ပထမသုံးရက်...မင်းကို ကျုပ်ခေါ်ထားရမယ်ဆိုတော့ အချိန်ကုန်မခံနိုင်ဘူး.... အခုချက်ချင်း သိုင်းပညာလေ့ကျင့်ကြစို့...."

"ဗျာ...."

"မဗျာနဲ့.... အခုအချိန်ကစပြီး မသင်ပေးဘူးဆိုရင် လီဖုံးက ကျုပ်ထက်သာသွားမှာပေါ့...."

"လီဖုံးဆိုတာ ဘယ်သူလဲဟင်...."

"ဘယ်သူရှိရမလဲ.... ဟိုရောဂါသည်ပေါ့...."

လုကျန်းကောင်းစွာ မှတ်သားထားလိုက်၏။

ဗေဒါကြီးအား စိုက်ကြည့်ရင်း....

"ဦး နာမည်ကော မသိရဘူးလား...."

ဗေဒါကြီးက ရယ်မောလိုက်၏။

"ဟား.... ဟား.... မင်းသိချင်လည်း ပြောပြရတာပေါ့.... ကျုပ်နာမည်က ထင်းစုလို့ခေါ်တယ်.... ကဲ.... ပထမဦးဆုံးမင်းကို သမထလေ့ကျင့်တဲ့ပညာသင်ပေးမယ်...ဒါမှ မင်းဟာ စိတ်ကိုတည်ငြိမ်အောင် ထားတတ်လာမယ်....စိတ်တည်ငြိမ်ရင် အတွင်းအားတိုးပွားမယ်.... ထိပ်တန်းသိုင်းပညာတွေကို အကျိုးရှိရှိ သင်ယူနိုင်မယ်.... မင်း တင်ပျဉ်ခွေထိုင်လိုက်ပါ...."

ဗေဒါကြီးသည် တစ်ဆက်တည်း လုကျန်းကို အမိန့်ပေးလိုက်လေ၏။

လုကျန်းက ဗေဒါကြီး(ဝါ)ထင်းစုပြောသည့်အတိုင်း တင်ပျဉ်ခွေထိုင်ချလိုက်သည်။

ထို့နောက် ထင်းစုပြောသည့်အတိုင်း တစ်သဝေမတိမ်းလိုက်လုပ်လေတော့သည်။

ဟ⊙ဟ

သုံးရက်ပြည့်မြောက်သောနေ့တွင် လီဖုံးက သူ့အားလာရောက်ခေါ်ဆောင်သည်။

**ထင်းစု** **ဘန်**ကွက်ခြင်း မပြုဘဲထည့်ပေးလိုက်၏။

**ထင်းစုက အတွင်းအား**နှင့်သက်ဆိုင်သော သိုင်းပညာများကို **ဦးစားပေး** သင်ကြား**လေသည်**။

လီဖုံးကမူ ပေါ့ပါး**သော** ကိုယ်ဖော့ပညာ အခြေခံပြီး အသုံးပြုရသော သိုင်းပညာရပ်များကို **သင်ပေး**၏။

သူတို့နှစ်ယောက်၏ သိုင်းပညာသည် တစ်ယောက်နှင့်တစ်ယောက် မတူဘဲ ကွဲပြားနေပေသည်။

တူညီသည့်အချက်ကား နှစ်ယောက်စလုံးက ပြင်းပြင်းထန်ထန် လေ့ကျင့်စေခြင်း ဖြစ်ပေသည်။

ထင်းစုနှင့် လီဖုံးတို့ကလည်း အနားမှ မခွာတော့ဘဲ ကြပ်မတ်ကာ သင်ပေးသည်။

လုကျန်းမှာ မိမိ၏သိုင်းပညာမည်သို့ရှိကြောင်း မသိသော်လည်း ထင်းစုနှင့် လီဖုံးတို့ တတ်မြောက်ထားသော သိုင်းပညာရပ်များမှ အကောင်းဆုံး အထက်မြက်ဆုံး သိုင်းကွက်များကို တတ်မြောက်နေပြီ ဖြစ်၏။

ထင်းစုထံမှ သင်ယူပြီးလျှင် သိုင်းလောကဌ် ကောင်းစွာခြေချနိုင်သည့်အဆင့်သို့ ရနိုင်၏။

ယခုမူ ထင်းစုအပြင် လီဖုံးထံမှပါ ထပ်ဆင့်သင်ကြားရသည့်



အတွက် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာချေပြီ။

လုကျန်း ကြိုးစားလေ့ကျင့်ရင်း ရက်ပေါင်းတစ်ရာဟူသော အချိန်မှာ ကုန်ဆုံးသွားခဲ့လေတော့သည်။

ဟ⊙ဟ

ရက်ပေါင်းတစ်ရာ....

ရက်ပေါင်းတစ်ရာပြည့်သည့်နေ့တွင် လီဖုံးက သူ့နောက်ဆုံးတီထွင်ထားသော သိုင်းကွက်အား လုကျန်းကိုသင်ပေးပြီး ဖြစ်သွားသည်။

**လီဖုံး၏** မျက်နှာပြုံးရွှင်နေသည်။

**သူ၏သိုင်းပညာ**သည် ယခုတစ်ကြိမ် ထင်းစုထက်ပို၍သာ**သွားပြီဟု ယုံကြည်**ထားသည်။

လု**ကျန်းနောက်ဆုံး**အကြိမ် လေ့ကျင့်ပြီးသွားလျှင် လက်ခုပ်တဖြောင်း**ဖြောင်းတီး**ကာ ချီးကျူးလိုက်သည်။

"မဆိုးဘူးဟေ့....မင်းဟာ ပညာပါရမီရှိတဲ့ သူငယ်ပဲ....မင်းကတော့ ကျုပ်သင်ပေးတဲ့အတိုင်း တစ်သဝေမတိမ်း အသုံးပြုနိုင်တော့တာပဲ....ကဲ....ကဲ....ထင်းစုဆီကို သွားကြရအောင်....အဲဒီလူလေကြီးကို ဆုံးမရမယ်...."

ထို့နောက် သူတို့နှစ်ယောက် ထင်းစုထံသို့ ထွက်လာခဲ့လေသည်။ ထင်းစုကား ကျောက်ဂူကြီးရှေ့တွင်ထိုင်ကာ တောကြက်တစ်ကောင်ကင်နေ၏။

လုကျန်းနှင့် လီဖုံးတို့ လျှောက်လာကြသည်ကို တွေ့ရလျှင် ဝမ်းသာအားရဖြင့် ထိုင်ရာမှထကာ....

"ဟာ .... မင်းတို့ရောက်လာကြပြီလား .... "

"ဟုတ်တယ် .... ဒီနေ့ရက်ဟစ်ရာပြည့်ပြီလေ .... "

"အေး....ဟုတ်တယ်....ဒီကနေတို့နှစ်ယောက်ပညာ ဘယ်သူ့သာသလဲ အဆုံးအဖြတ်ပေးမယ့်နေ့ပဲ .... ကဲ .... ကဲ .... မင်းတို့ဘာမှ မစားရသေးဘူး မဟုတ်လား....တောကြက်ကလေးစားလိုက်ကြပါဦး"

လီဖုံးနှာခေါင်းရှုံ့လိုက်သည်။

"မင်းက ဆားလူးပြီး ကင်ထားတာ ဘယ်လိုလုပ်စားလို့ကောင်းမှာလဲကွာ .... ဟေ့ .... လုကျန်း မင်းထပ်ပြီး ပြုပြင်လိုက်စမ်း"

အမိန့်ပေးလိုက်လျှင် ထင်းစုက ....

"အမယ် .... ကျုပ်က သူချက်ပြုတ်တာကို ကြည့်ပြီး .... သူလုပ်သလို လိုက်လုပ်ထားတာပါနော် .... မင်းမစားချင်ရင်နေပေါ့ .... "

တောကြက်ကင်နံ့သည် မွှေးကြိုင်သင်းပျံ့နေပေသည်။

လီဖုံး သဘောကျသွား၏။

"ဒါဖြင့် မြည်းကြရသေးတာပေါ့...."

စကားဆုံးလျှင် မီးပုံရှေ့၌ ဝင်၍ထိုင်ချလိုက်ကြသည်။ လုကျန်းကလည်း သူတို့အနီး၌ ဝင်၍ထိုင်လိုက်သည်။ လီဖုံးက တောကြက်ကင်ကို လှမ်းယူရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ....

"ထင်းစု .... ဧည့်သည်ကို ထွက်မကြိုတော့ဘူးလားကွ"

ရုတ်တရက် အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေ၏။

ထိုအသံကြားရသည်နှင့် ထင်းစုထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်ရာ လူနှစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။



ထင်းစုသက်ပြင်းချလိုက်သည်။

"အင်း .... ကြောင်အိမ်ပိုင်ရှင်က အခုမှ လိုက်လာတာကိုး"

လီဖုံးက ....

"ခင်ဗျားပစ္စည်းတွေ ကျုပ်လည်းစားမိပြီ...ဘာပဲဖြစ်ဖြစ် ဖြစ်လာတဲ့ကိစ္စကျုပ်နဲ့ တစ်ဝက်ဆိုင်တယ် .... "

ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

လုကျန်းသည် သူတို့ပြောသော စကားများကို နားမလည်နိုင်သဖြင့် ငေးကြည့်နေသည်။

မကြာပါချေ။

တောင်ပေါ်တက်လာသူနှစ်ယောက်သည် ကျောက်ဂူရှေ့သို့ရောက်လာ၏။

ထိုလူနှစ်ယောက်၏ ရုပ်သွင်ကိုကြည့်ရခြင်းဖြင့် လူကောင်းများ မဖြစ်နိုင်ဟု လုကျန်းတွက်ဆမိသည်။

ထို့ကြောင့် သတိကြီးစွာထားပြီး အခြေအနေအကဲခတ်စောင့်ကြည့်နေလိုက်လေတော့၏။

ဧည့်သည်နှစ်ယောက်ရောက်ရှိလာသည်။

အသက်ငါးဆယ်ကျော်ခန့်ရှိပြီး မျက်နှာပြားသော လူတစ်ယောက်နှင့် အဘိုးအိုတစ်ယောက်တို့ ဖြစ်ကြသည်။

အဘိုးအိုမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည် ထင်ရ၏။ သူ၏ ဦးခေါင်းပေါ်မှ ဆံပင်များ ဖွေးဖွေးလှုပ်အောင် ဖြူနေသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများသာမက မျက်ခုံးမွေးများလည်း ဖြူဖွေးနေသည်။

ထိုအဘိုးအို၏ အခြားထူးခြားချက်တစ်ခုမှာ သူ၏မျက်လုံးများသည် အပြာရောင်တောက်ပနေခြင်းပင်တည်း။ အဘိုးအို၏ မျက်နှာ

ခက်ထန်တင်းမာနေပြီး ထင်းစုကို မုန်းတီးနေပုံရသည်။

ကျောက်ဂူရှေ့သို့ ရောက်သည်နှင့် ထင်းစုအား စိုက်ကြည့်ရင်း "ထင်းစု.... မင်းရဲ့လုပ်ရပ်တွေ လွန်လွန်းပြီထင်တယ်...." ခပ်ထန်ထန်ပြောလိုက်သည်။

ထင်းစု ပခုံးတွန့်လိုက်သည်။

"ဒါကတော့ဗျာ....ကျုပ်ရဲ့ဝါသနာကို စွန့်မှမစွန့်နိုင်သေးတာ ပြီးတော့.... ကျုပ်က ခင်ဗျားတို့လို လူတွေအများကြီးနဲ့ နေတာမှ မဟုတ်ဘဲ.... ခင်ဗျားတို့က လူတကာအပေါ် မိုလ်ကျပြီး စားမကုန် သောက်မကုန် ဖြစ်နေချိန်မှာ ကျုပ်တစ်ယောက်တည်းအတွက် အစာ ရေစာ ခက်ခဲနေတယ်....ဒါကြောင့် စားဖိုဆောင်ကို ဝင်ပြီး စားစရာရှိ တာစားတယ်.... ယူစရာရှိတာ ယူတယ်ဗျာ.... ခင်ဗျားတို့ကို မနှောင့် ယှက်ရင် ပြီးတာပဲ မဟုတ်လား....ကျုပ်က ဗိုက်ဝရင် ကျေနပ်တဲ့လူစား မျိုးဆိုတာ ခင်ဗျားနားလည်မှာပါဗျာ...."

သူက ရယ်မောပြီး ပြောလိုက်သည်။

မျက်လုံးပြာနှင့် အဘိုးအိုဒေါပွသွားသည်။

"မင်းစားချင်တိုင်း ကျုပ်တို့ဆီကို ဝင်ပြီးစားလို့ရမလား.... မင်းနဲ့ကျုပ်တို့ ဘာမှမပတ်သက်ဘူး....အခု မင်းကပိုဆိုးလာတယ်.... မီးဖိုဆောင်ထဲက ကြောင်အိမ်ကြီးတစ်လုံးတောင် မ,ချသွားတယ် — ဒါကောင်းလားကွ...."

"ဟဲ....ဟဲ....ခင်ဗျားတို့ကကော သိုင်းပညာအားကိုး လူအင် အား အားကိုးပြီး စားစရာသောက်စရာ ရွှေ ငွေ၊ အဝတ်အစားတွေကို လုယူနေတာပဲ မဟုတ်လား.... ကျုပ်ဆီမှာ ရှားပါးနေသလောက် ခင်ဗျားတို့ဆီမှာ ပေါများနေတာပဲ.... နည်းနည်းပါးပါး ယူတာ ဘာမှ မဖြစ်လောက်ပါဘူးဗျာ.... မတွန့်တိုစမ်းပါနဲ့...."



"ဒါဆို ကျုပ်သိတယ်....မင်းက အရေးမစိုက်လို့ ပြောနေတာ မိုးတိမ်ရဲတိုက်ကို မင်းက ဂရုစိုက်စရာမလိုဘူးထင်ရင် မှားသွားမယ်၊ ဟိုတလောက ကျုပ် ခရီးသွားနေလို့ အခု ပြန်ရောက်ရောက်ချင်း မင်းကိုလာတွေ့တာပဲ...."

လုကျန်း တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

ထင်းစု ညွှန်ပြသည့်နေရာ၌ ရဲတိုက်ကြီး တစ်ခုအား ရေးရေးမျှ တွေ့မြင်ခဲ့ရ၏။

ထိုနေရာသည် မိုးတိမ်ရဲတိုက် ဖြစ်ပေလိမ့်မည်။

မိုးတိမ်ရဲတိုက်၏ မီးဖိုဆောင်သို့ ဝင်ကာ ထင်းစုစိတ်တိုင်းကျ မွှေနှောက်စားလေ့ရှိပေလိမ့်မည်။

မိုးတိမ်ရဲတိုက်ပိုင်ရှင်သည် ထင်စုအား မကျေနပ်သော်လည်း အကြောင်းတစ်ခုခုကြောင့် မပြောဘဲ နေခဲ့ခြင်း ဖြစ်နိုင်သည်။

လုကျန်းတွေးတောနေစဉ်မှာ ထင်းစုက ရယ်မောရင်း....

"ကျုပ်က ဂရုစိုက်စရာမဟုတ်ဘူးလို့တော့ မသတ်မှတ်ပါဘူး၊ ဒီသဘောလည်း မရှိပါဘူး.... ကျုပ်ဆာရင် လာပြီးရှာဖွေစားသောက် မယ်ဆိုတဲ့ သဘောလောက်ပါပဲ....နေပါဦး ခင်ဗျား အယင်က ဘာမှ မပြောဘဲနဲ့ အခုမှ ဘာကြောင့် လာပြီးပြောနေတာလဲ....ကျုပ်တော့ နားမလည်တော့ဘူးဗျာ...."

ပြောရင်း မျက်လုံးပြာ အဘိုးအိုနှင့်အတူပါလာသော အနက် ရောင်ဝတ်ဆင်ထားသူအား ကြည့်လိုက်သည်။

သူမေးလိုက်သည့် သဘောကား **အကူအညီ**တောင်းပြီးမှ လာ ရောက် ရန်ထောင်ခြင်းလားဟု ဆိုလိုခြင်း **ဖြစ်**ပေသည်။

သူ၏စကားကြောင့် မျက်လုံးပြာ**အဘိုးအိုမှာ** အနာပေါ်တုတ် ကျ ဒေါပွသွား၏။

"ထင်းစု....မင်းတရားလွန်လွန်းနေပြီ....ဒီကနေ့တော့ မင်းကို ဆုံးမရလိမ့်မယ်....အကောင်းဆုံးက ကျုပ်ကို တောင်းပန်ပါ....မိုးတိမ်ရဲတိုက်ကို မထီလေးစားလုပ်ခဲ့တာတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ရမယ်"

ထင်းစု ရယ်မောလိုက်သည်။

"ကျုပ်က မတောင်းပန်ဘူး ဆိုရင်ကော...."

"စိတ်ချ....မင်း တောင်းပန်စေရမယ်...."

စကားဆုံးသည်နှင့်ရှေ့သို့ လျှပ်တစ်ပြက် ခုန်တိုးလာပြီး တိုက်ခိုက်လိုက်သည်။

ထင်းစုက ရယ်မောရင်း....

"ခင်ဗျားပညာက မဆိုးပါဘူး....ဒါပေမယ့် ကျုပ်ကိုတော့ နိုင်မယ်လို့ မထင်ပါနဲ့ဗျာ...."

ပြောပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

ကျောက်ဂူရှေ့တွင် တိုက်ပွဲတစ်ခု ရုတ်ခြည်း ဖြစ်ပေါ်လာတော့သည်။ ထင်းစု၏ ပြောစကားအရ မိုးတိမ်ရဲတိုက်မှလူများသည် လူဆိုးဓားပြများ ဖြစ်ရမည်ဟု လုကျန်းနားလည်မိသည်။

သို့ဖြစ်ရာ ထင်းစုအား ကူညီရန် ဆုံးဖြတ်မိလေသည်။

လုကျန်း၏ စိတ်ထားကို နားလည်သော လီဖုံးက သူ၏ လက်ကို လှမ်းဆွဲထားလိုက်၏။ ထို့နောက် တီးတိုးပြော၏။

"မင်း အသာကြည့်နေစမ်းပါ....လူလေကြီး ဒီလောက်လည်း မခေသေးပါဘူး....နန်းကုန်းကျင် သူ့ကိုနိုင်မှာ မဟုတ်ပါဘူး...."

မိုးတိမ်ရဲတိုက်ပိုင်ရှင်၏အမည်မှာ နန်းကုန်းကျင်ဖြစ်ကြောင်း သိလိုက်ရ၏။

မျက်လုံးပြာအဘိုးအို နန်းကုန်းကျင်သည် စွန်ကုပ်လက်သည်း



ပုံသဏ္ဌာန်ဖြင့် ထင်းစုအား တရကြမ်း တိုက်ခိုက်သည်။ ထင်းစုက လှည့်ပတ်ရင်း တိုက်ခိုက်သည်။

တစ်ဆက်တည်းမှာပင်....

"မင်း ကျုပ်ရဲ့အကြိုစကိုတောင်ထိအောင် မတိုက်နိုင်ဘူးလားကွ....မင်းအစား ကျုပ်က မိုးတိမ်ရဲတိုက်မှာ ဗိုလ်လုပ်နေရင်တောင် သည်ထက်ပိုပြီး နာမည်ကြီးဦးမယ်....ဟား....ဟား....ဟား"

ဗေဒါကြီး ထင်းစုက လှောင်ပြောင်ရယ်မောလိုက်လေသည်။

သူ၏ လှောင်ပြောင်မှုကြောင့် နန်းကုန်းကျင် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာကာ ငို၍ပြင်းထန်စွာ တိုက်ခိုက်လေသည်။

ထိုအခါ....

"ဝုန်း...."

ထင်းစု၏ လက်ဝါးတစ်ချက်ထိသွားကာ နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရလေတော့သည်။

နန်းကုန်းကျင်၏မျက်နှာ မည်းမှောင်သွား၏။

ထင်းစုအား စိုက်ကြည့်ရင်း....

"ဒီကနေ့ မင်းနဲ့အပြတ် စာရင်းရှင်းမယ်...."

ပြောရင်း ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

"ရပ်လိုက်...."

အနက်ရောင်ဝတ်ဆင်ထားသည့် မျက်နှာပြားပြားလူထံမှ ဟန့်တားသံ ထွက်ပေါ်လာသည်။

နန်းကုန်းကျင် နောက်ဆုတ်သွား၏။

အနက်ရောင် ဝတ်ဆင်ထားသူက....

"နန်းကုန်းကျင်....ခင်ဗျား သူ့ကိုနိုင်မှာ မဟုတ်ဘူး....နောက်

ဆုတ်နေ....ဒီကိစ္စ ကျုပ်ကြည့်ရှင်းလိုက်ပါ့မယ်...."

နန်းကုန်းကျင်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"ကျေးဇူးပါပဲဗျာ...."

သူသည် ပြောပြီး နောက်ဆုတ်သွားသည်။

အနက်ရောင် ဝတ်ဆင်ထားသူ ရှေ့ထွက်လာပြီး ထင်းစုနှင့် မျက်နှာချင်းဆိုင်လိုက်၏။

ထင်းစုက ရယ်ကျဲကျဲဖြင့်....

"ခင်ဗျားက ဘယ်သူလဲ.... **နန်းကုန်းကျင်ရဲ့** ဆရာလား"

**သူက** ခနဲ့လိုက်သည်နှင့် **နန်းကုန်းကျင်** တောက်တစ်ချက် **ပြင်းပြင်းထန်ထန်** ခေါက်လိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ပြုံးကာ....

"ကျုပ်နာမည်ချန်တိုင်လို့ ခေါ်ပါတယ်....ခင်ဗျား မကြားဘူးရင်လည်း စိတ်မဆိုးပါဘူးဗျာ...."

ချန်တိုင်ဟူသော **အမည်**ကြားလျှင် ထင်းစု၏ မျက်လုံးအစုံ ပြူးကျယ်သွား၏။

ထိုလူ**အား မယုံကြည်နိုင်စွာ** ကြည့်ရင်း....

"ချန်တိုင်ဟုတ်လား...."

"ဟုတ်ပါတယ်...."

"ချန်တိုင်ဆိုတော ခင်ဗျားက သက်တန့်အဘိုးအိုပေါ့...."

"ဟုတ်တယ်...."

ထင်းစုနောက်သို့ ခြေတစ်လှမ်းဆုတ်မိလေသည်။

လုကျန်းလည်း အံ့သြသွားသည်။

သိုင်းလောကသို့ ခြေချစဉ်က သက်တန့်အဘိုးအိုဆိုသည့် အမည်ကို ကြားဖူးထားသည်။



သိုင်းလောကသားများသည် သက်တန့်အဘိုးအိုဆိုသော အမည်ကို ကြားရလျှင် ကြောက်ရွံ့ထိတ်လန့်သွားကြသည် မဟုတ်ပါလား။ ထင်းစုက ချန်တိုင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

"အင်း...ခင်ဗျား ပြောလို့သာ ယုံရတယ်...သက်တန့်အဘိုးအိုဟာ.... ခင်ဗျားလို ပုံပန်းသဏ္ဍာန်ရှိမယ် ကျုပ်မထင်ဘူး.... ကျုပ်ထင်တာ တစ်မျိုး ဖြစ်နေတာကိုး...."

"ခင်ဗျားက နန်းကုန်းကျင်ကို တောင်းပန်လိမ့်မယ်လို့ ကျုပ်ယူဆတယ်လေ...."

ထင်းစု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သို့သော် ချက်ချင်း ခေါင်းခါယမ်းကာ....

"ကျုပ် တောင်းပန်ဖို့ စိတ်မကူးဘူးဗျ...."

"ဘာဖြစ်လို့လဲ...."

"တချို့လူတွေဟာ နာနည်ကြီးပေမယ့် လက်တွေ့ကျတော့ ဘာမှ အထင်ကြီးစရာ မရှိတာကိုသိထားလို့ပါ...."

**ချန်**တိုင်ပြုံးလိုက်သည်။

"**ကျုပ်က**တော့ ခင်ဗျားတွေ့ဖူးတဲ့ လူစားမျိုးထဲမှာ မပါဘူး"

"**ဒါကတော့** ခင်ဗျားအပြောပဲရှိသေးတာကိုး...."

"**ကောင်းပြီ**.... ခင်ဗျား အခုသိစေရမယ်...."

**စကားဆုံး**သည်နှင့် စတင်တိုက်ခိုက်လိုက်သည်။

ထင်း**စုက**လည်း မပေါ့ဆဝံ့ဘဲ ပြန်လည်၍ စနစ်တကျတိုက်ခိုက်လိုက်လေ၏။

"ဝုန်း...."

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ထင်းစုနောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်လိုက်ရ၏။

ထင်းစု မျက်နှာပျက်သွားသည်။

လီဖုံးလည်း ထိုင်ရာမှ ထရပ်လိုက်သည်။

ထိုစဉ် နံဘေးမှရပ်ကြည့်နေသော နန်းကုန်းကျင် တဟားဟားရယ်မောလိုက်ပြီး လှမ်းအော်ပြောလိုက်၏။

"ထင်းစု....မင်းအတွက် အချိန်မနှောင်းသေးဘူး....ဆက်ပြီး မမိုက်ချင်စမ်းပါနဲ့...."

ထင်းစု အံကြိတ်လိုက်၏။

"ဟွန်း....ဒါလေးနဲ့များ သိုင်းလောကမှာ ဟိတ်ဟန်ထုတ်လို့ ကျုပ်ကို လဲကျအောင် လုပ်နိုင်သေးတာမှ မဟုတ်ဘဲ.... ဟေ့ လီဖုံး နာမည်ကြီးလှတဲ့ သက်တန်အဘိုးအိုက ကျုပ်ကို ဘာမှလည်း မတတ်နိုင်ပါလားကွ...."

လီဖုံးရယ်မောလိုက်၏။

"မင်းသာ သူ့ကိုလဲအောင်ချလိုက်ရင် မင်းက သူ့ထက်ပိုပြီး နာမည်ကြီးသွားမှာပဲ....ဒါပေမယ့် အခုထိ မင်းကို ဘယ်သူမှ မသိတာ ခက်တယ်...."

"စိတ်ချ....စိတ်ချ....မကြာခင် သိရစေရမယ်...."

ထင်းစုသည် အတွင်းအားကို လက်ဝါးနှစ်ဘက်တွင် စုစည်းကာ ချန်တိုင်အား တိုက်ခိုက်လိုက်၏။

ချန်တိုင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ချန်တိုင်၏ တိုက်ကွက်များသည် တစ်ခဏအတွင်း ထင်းစု၏ တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။



တိုက်ပွဲကို ကြည့်ရင်း လုကျန်းမှာ ထင်းစုအတွက် စိုးရိမ်ပူပန်လာလေသည်။

နန်းကုန်းကျင်သည် နံဘေးမှ ရပ်ကြည့်ရင်း အိတ်ထဲမှ လက်နက်ပုန်းကလေးများ မသိမသာ နှိုက်ထုတ်နေသည်ကို တွေ့ရ၏။ လုကျန်း မကျေမနပ်ဖြစ်သွားကာ....

"ဒီလို အလစ်ဝင်တိုက်လို့ ရမလား...."

အော်ငေါက်ရင်း နန်းကုန်းကျင်ဆီသို့ ခုန်ဝင်လိုက်၏။

သို့သော် သူ့ထက်အလျှင် လီဖုံးက ခုန်ဝင်သွားပြီး ဖြစ်လေတော့သည်။

လီဖုံးက....

"လက်နက်ပုန်းထုတ်တာနဲ့ မင်းသေပြီ...."

အော်ငေါက်ရင်း တိုက်ခိုက်လိုက်၏။

နန်းကုန်းကျင်မှာ လက်နက်ပုန်း မထုတ်နိုင်တော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရသည်။

သူက လက်နှစ်ဘက်ဆန့်ထုတ်ရင်း အသေအလဲခုခံလိုက်သော်လည်း ပေါ့ပါးသွက်လက်သော လီဖုံး၏ တိုက်ကွက်များကြောင့်

"ဝုန်း...."

အသံတစ်ချက် ထွက်ပေါ်လာပြီး နောက်သို့ ဆုတ်သွားရ၏။ သူ၏ မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

နန်းကုန်းကျင်သည် ထင်းစုနှင့် ယှဉ်ပြိုင်သည်ဖြစ်စေ လီဖုံးနှင့် ယှဉ်ပြိုင်သည်ဖြစ်စေ အနိုင်မရဘဲ ရှုံးနိမ့်ရသည့် မဟုတ်လား။ ထင်းစုနှင့် လီဖုံးတို့အား မယှဉ်နိုင်သည့်အတွက် ဤနေရာသို့ မလာခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာ၏။

ယခု သူ့အား ကူညီမည့်ချန်တိုင်ရှိနေသည့်အတွက် အရဲစွန့်

ကာ ရောက်လာခြင်းဖြစ်ကြောင်းလည်း သိသာသည်။

နန်းကုန်းကျင်ခံလိုက်ရသည်ကိုတွေ့လျှင် ချန်တိုင်လက်ပိုက်ကြည့်မနေနိုင်ဘဲ....

"ရပ်လိုက်...."

အော်ငေါက်ကာ လီဖုံးဘက်သို့ ခုန်ဝင်သွား၏။

ထို့ကြောင့် ထင်းစုအနည်းငယ်သက်သာခွင့်ရသွား၏။

လီဖုံးက ခုန်ဝင်လာသော ချန်တိုင်အား ဆီးကြိုတိုက်ခိုက်လိုက်၏။ ထင်းစုက လိုက်လံတိုက်ခိုက်ခြင်း မပြုဘဲ **အသာရပ်ကြည့်**နေ၏။ သူတို့၏ သဘောမှာ နှစ်ယောက်ပေါင်းပြီး ချန်တိုင်**အား** တိုက်ခိုက်ခြင်း မပြုသည့် သဘောဖြစ်ပေသည်။

သူတို့နှစ်ယောက် တက်ညီလက်ညီ ပူးပေါင်းတိုက်ခိုက်ပါက ချန်တိုင် ရှုံးနိမ့်သွားမည်မှာ သေချာနေသည်။

ထိုအချက်ကို ချန်တိုင်ကိုယ်တိုင်လည်း ရိပ်မိ၏။

ထို့ကြောင့် သူက ထင်းစုသို့မဟုတ် လီဖုံးတစ်ယောက်ယောက် အရင်ဦးစွာ မြေပေါ်လဲကျသွားစေရန် ကြိုးစားတိုက်ခိုက်ခြင်း**ဖြစ်ပေသည်**။

**တစ်**ယောက်ကို အနိုင်တိုက်ခိုက်ပြီးလျှင် ကျန်တစ်ယောက်အား **အနိုင်ရမည့်** အရေးမှာခက်ခဲတော့မည် မဟုတ်ချေ။

**လီဖုံးနှင့်** ချန်တိုင်တို့ တိုက်ခိုက်နေကြသောအခါ ထင်းစုက နန်းကုန်းကျင်ဘက်သို့ လှမ်းသွားလေသည်။

နန်းကုန်းကျင် မျက်နှာပျက်သွား၏။

ချန်တိုင်ကို အားကိုးပြီး လာခဲ့သော်လည်း သူ့အတွက် ချန်တိုင်က အပြည့်အဝ အကာအကွယ်မပေးနိုင်ကြောင်း ရိပ်မိသွားပြီ ဖြစ်လေသည်။



ထင်းစုကိုကြည့်ကာ နောက်သို့ မသိမသာ ဆုတ်သွား၏။

ထင်းစုက ပြုံးကာ....

"ဘယ်လိုလဲ.... ခင်ဗျာမွေးတဲ့မီးကို ခင်ဗျားကိုယ်တိုင်ငြိမ်းမှ ဖြစ်မှာပေါ့.... ခင်ဗျားက ထွက်ပြေးတော့မလို့လား...."

စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ နန်းကုန်းကျင်က နောက်သို့ ခုန်ဆုတ်သွား၏။

ထင်းစုက အလွတ်မပေးဘဲ တရကြမ်း တိုက်ခိုက်လိုက်သည်။ ချန်တိုင်အခက်ကြုံသွားသည်။

လီဖုံး သို့မဟုတ် ထင်းစုအား ပြင်းထန်စွာ တိုက်ခိုက်သည်နှင့် ကျန်တစ်ယောက်ကမူ နန်းကုန်းကျင်အား တိုက်ခိုက်နေလေပြီ။

နှစ်ယောက်စလုံးကို တစ်ပြိုင်နက် တိုက်ခိုက်လိုက်လျှင်လည်း သူအနိုင်ရမည် မဟုတ်ပါချေ။

ထို့ကြောင့် အနိုင်တိုက်ခိုက်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ကြောင်း သဘောပေါက်မိသည်။

ချန်တိုင်သက်ပြင်းချလိုက်သည်။

နောက်သို့ ခုန်ဆုတ်ရင်း....

"နောက်မှ တွေ့ကြသေးတာပေါ့...."

စကားဆုံးသည်နှင့် တောင်ပေါ်မှ ပြေးဆင်းသွား၏။

ထိုအချိန်တွင် နန်းကုန်းကျင်လည်း တောင်ပေါ်မှ ပြေးဆင်းသွားရာ ထင်းစုက အလွတ်မပေးဘဲ ထက်ကြပ်မကွာ ပြေးလိုက်သွားပြီ ဖြစ်လေ၏။

လုကျန်းမှာ ထင်းစုအတွက် စိတ်ပူသွားသည်။

နောက်မှပြေးလိုက်သွားရန် ဟန်ပြင်လိုက်စဉ် လီဖုံးက ဟန့်တားလိုက်သည်။

"မင်းလိုက်သွားလို့ အပိုပဲ.... လိုက်မသွားပါနဲ့...."

လုကျန်း မျက်မှောင်ကြုတ်ကာ ပြန်မေးသည်။

"ဘာဖြစ်လို့လဲဟင်...."

"မင်းလိုက်သွားလို့ မီမှာမှ မဟုတ်တာ...."

"ဦးလေးထင်းစုတစ်ယောက်တည်းဗျ...သူ ဒုက္ခရောက်သွားနိုင်တယ် မဟုတ်လား...."

လီဖုံးက ရယ်မောလိုက်သည်။

"ထင်းစုက မင်းထက်အတွေ့အကြုံများတယ်...ပါးနပ်လိမ္မာတယ်...အန္တရာယ်ကို လွတ်အောင် ရှောင်နိုင်မယ်ဆိုတာ မင်း မသိဘူးလား...."

လုကျန်းပါးစပ် ပိတ်ထားလိုက်ရ၏။

ခေတ္တမျှ စောင့်ဆိုင်းနေသော်လည်း ထင်းစုကား ပေါ်မလာချေ။ လုကျန်း စိတ်ပူလာသည်။

ထိုအချက်ကို ရိပ်မိသောလီဖုံးက....

"ထင်းစုနဲ့ ကျုပ် ဒီတောင်ပေါ်မှာ နေလာတာ ဆယ်နှစ်မက တော့ဘူး....သူဟာ လာချင်လာတယ်....သွားချင်သွားတယ်....ဘယ်သောက် သိုင်းပညာတော်တော် သူ့ကို ဒုက္ခရောက်အောင် မလုပ်နိုင်ဘူး...သူက လွတ်အောင် ရှောင်နိုင်မှာပဲ...မင်း သူ့အကြောင်းကောင်းကောင်းမသိသေးပါဘူး.... သူဟာ သည်ဆို ဟိုရောက်သွားတတ်တဲ့ လူစားမျိုးကွ...အခုလည်း တောင်အောက်ရောက်တော့ တခြားထွက်သွားတာ ဖြစ်မှာပဲ...."

လုကျန်းလက်မခံနိုင်ပါချေ။

"သူက ကျွန်တော့်ကိုထားပြီး ထွက်သွားမယ်တော့ မထင်ပါဘူးလေ...."



"ဒါ.... မင်းအထင်ကိုး.... သူက တောင်ပေါ်မှာ တစ်မက်ကလေးမှ အငြိမ်နေနိုင်တာ မဟုတ်ဘူး....မင်းကို သိုင်းပညာသင်ပေးနေရလို့ သုံးလလုံးလုံး တောင်ပေါ်မှာ ငြိမ်နေရတာ.... အခု တောင်အောက်ရောက်ပြီဆိုတာနဲ့ တခြားနေရာ ထွက်သွားမှာပဲ...."

လုကျန်း စောဒက မတက်တော့ချေ။

ထင်းစု ပြန်ရောက်လာမည့်အချိန်ကို သည်းခံစောင့်ရန် ဆုံးဖြတ်လိုက်လေသည်။

လီဖုံးက....

"ဗိုက်ဆာပြီကွ.... တို့တတွေ ထင်းစု ကင်ထားတဲ့ တောကြက်သား စားကြရအောင်...."

ပြောပြီး ကျောက်ဂူရှေ့သို့ လျှောက်သွားလေ၏။

ကျောက်ဂူရှေ့သို့ ရောက်လျှင် မီးဖိုဖို၍ကင်ထားသော တောကြက်ကင်မှာ ပျောက်ခြင်းမလှ ပျောက်ဆုံးနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

## အခန်း(၈)

# မျက်လှည့်ဆရာသားအဖ

လီဖုံးသည် တအံ့တသြ ရေရွတ်လိုက်လေ၏။

"ဟိုက်.... တောကြက်ကင်ဘယ်ရောက်သွားပြီလဲ...."

လုကျန်းလည်း အံ့သြသွားသည်။

တောကြက်ကင်မှာ မီးဖိုပေါ်၌ ရှိနေခဲ့သည် မဟုတ်ပါလား။ အဘယ်ကြောင့် ပျောက်ဆုံးသွားပါသနည်း။

ထိုစဉ်....

"ထောက်...."

ကျောက်ဂူထဲမှ ကြက်ရိုးတစ်ချောင်း ပစ်လွင့်လာသည်ကို တွေ့ရ၏။ လီဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

"ဟေ့.... ဘယ်ကောင်လဲကွ.... ကြက်ကင်ကို ခိုးစားတာ ထွက်ခဲ့စမ်း...."

ကြက်ရိုးကိုကြည့်ခြင်းဖြင့် သူတို့မသိအောင် လူတစ်ယောက် ကျောက်ဂူတွင်းသို့ ဝင်နေကြောင်း ထင်ရှားသည်။



လုကျန်း အံ့သြသွား၏။

သိုင်းပညာ ထက်မြက်လှသော လီဖုံးပင် မသိလိုက်ရအောင် ကျောက်ဂူတွင်းသို့ ဝင်သွားနိုင်သူမှာ မည်သူဖြစ်ပါသနည်း။

သူ တွေးတောနေစဉ်မှာပင်....

"ဘယ်သူလဲကွ.... အော်ကြီး ဟစ်ကျယ်ပြောနေတာ"

စကားသံနှင့်အတူ ကျောက်ဂူအတွင်းမှ လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လှမ်းထွက်လာသူမှာ ခရမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် အသက်လေးဆယ်ကျော်ခန့်ရှိသူ တစ်ဦးဖြစ်သည်။

ထိုလူကိုတွေ့လိုက်ရသည်နှင့် လီဖုံး အပြစ်တင်စကား မပြောတော့ချေ။

သူ၏ မျက်နှာပြုံးရွှင်သွားပြီး....

"ဟင်.... ညီလေး ဥမ္မန်စိမ်းပါလား...."

ထိုလူရယ်မောလိုက်သည်။

"ကျုပ်ကို မှတ်မိသေးတာကိုး...."

"ဟာ....မှတ်မိတာပေါ့....ဘယ်အချိန်တွေ့တွေ့ မှတ်မိမှာပဲ"

"ဒါထက် အစ်ကိုကြီးထင်းစုကော...."

"သူက နန်းကုန်းကျင်ကို လိုက်ပြီးဆုံးမနေတယ်လေ....နန်းကုန်းကျင်က ချန်တိုင်ရဲ့ အကူအညီနဲ့ ဒီမှာလာပြီး ကြီးကျယ်နေလို့ လိုက်ပြီး ဆုံးမတာပါ...."

"အင်း....ဒါဆိုရင်တော့ သူတော်တော်နဲ့ ပြန်ရောက်လာမယ် မထင်ဘူး....သူက တောင်အောက်ရောက်ရင် တောင်ပေါ်ပြန်မတတ်ချင်တဲ့ လူစားမျိုးပဲဗျ...."

"ဟုတ်တယ်.... သူ ပြန်လာဦးမှာမဟုတ်ဘူး...."

ဥမ္မန်စိမ်းက လုကျန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ျလေ၏။

ပြီးလျှင် လီဖုံးအား မေးလိုက်လေသည်။

"သူကကော ဘယ်သူလဲ...."

"သူ့နာမည်လုကျန်းလို့ ခေါ်တယ်.... ကျုပ်နဲ့ ထင်းစုတို့ သိုင်းပညာပြိုင်နေကြတာ ညီလေးသိတယ် မဟုတ်လား...."

"ဟား.... ဟား.... အစ်ကိုတို့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က စပြီး သိုင်းပညာပြိုင်ခဲ့ကြတာ အခုအထိဘယ်သူကမှ အသာမရသေးဘူးဆိုတာ သိပါတယ်ဗျာ...."

"အေး.... ကျုပ်တို့အကြံတစ်ခု ရလာတယ်ကွ.... လုကျန်းကိုတို့တစ်တွေ သိုင်းပညာတစ်ယောက်တစ်လှည့်စီ သင်ပေးပြီး...ဘယ်သူ့သိုင်းပညာသာတယ်ဆိုတာ ဆုံးဖြတ်မလို့ဘဲ...ကျုပ်လည်း သဘောတူလိုက်တယ်...."

ဥမ္မန်စိမ်း ရယ်မောလိုက်လေသည်။

"ဒီအကြံကောင်းသားပဲ.... တချို့လူတွေ ဒီလိုဆုံးဖြတ်တတ်ကြတာ ကျုပ်ကြားဖူးပါတယ်...."

"အေး....ဒီနေ့ဟာ အဆုံးအဖြတ်ပေးရမယ့်နေ့ကွ....သူထွက်သွားတော့ ဆုံးဖြတ်လို့ မရဖြစ်နေတယ်....ကျုပ်နိုင်မှ ဒီတောင်ပေါ်က ဆင်းရမှာ မဟုတ်လား...."

ဥမ္မန်စိမ်းက လီဖုံးကို ကြည့်ရင်း....

"အစ်ကိုကြီးက သူ့ကို မနိုင်မချင်း တောင်ပေါ်က မဆင်းဘူးလို့ ဆုံးဖြတ်ထားတယ် ဟုတ်လား...."

"ဟုတ်တယ်...."

"ဒါဖြင့်.... သူကကော...."



"သူကလည်း ကျုပ်ကိုမနိုင်ရင်...."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ ထင်းစုက တောင်ပေါ်မှ မကြာခဏဆင်းသွားလေ့ရှိကြောင်း ဆင်ခြင်မိသည် မဟုတ်ပါလား။

လေမဲ့ဥမ္မန်စိမ်းက....

"ထင်းစုကတော့ မကြာခဏတောင်ပေါ်က ဆင်းသွားတယ်၊ အစ်ကိုကြီးကတော့ တောင်ပေါ်မှာပဲ နေတယ်.... သူ့ကိုအနိုင်ရတာ မရတာတစ်ပိုင်း...တောင်ပေါ်ကဆင်းတာ မဆင်းတာတစ်ပိုင်းမဟုတ်ဘူးလား.... ဘာကြောင့် တောင်ပေါ်က မဆင်းနိုင်ရမှာလဲ...."

လီဖုံး ဝမ်းသာသွားသည်။

"ဟုတ်သားပဲ.... သူတောင် တောင်ပေါ်က ဆင်းသွားသေးတာပဲ.... ငါလည်း ဆင်းသွားလို့ရတာပေါ့...."

"ဟုတ်တယ်...."

"ဟား....ဟား....သူပြန်မလာလည်း အကြောင်းမဟုတ်ဘူး၊ ကျုပ်ဆင်းချင်တဲ့အချိန် ဆင်းသွားလို့ရတယ်...."

ဥမ္မန်စိမ်းက လုကျန်းအားကြည့်လိုက်သည်။

လီဖုံးနှင့် ထင်းစုတို့နှစ်ယောက်စလုံး သိုင်းပညာသင်ပေးသည့်ဆိုခြင်းကြောင့် ယုံကြည်စိတ်ချရသော လူတော်ကလေးတစ်ယောက် ဖြစ်မည်ဟု ရိပ်မိလေသည်။

ထင်းစုနှင့် လီဖုံးတို့၏ သိုင်းပညာသည် ထူးခြားဆန်းပြားမှုရှိသည့်။

သူကိုယ်တိုင်လည်း စိတ်ပါဝင်စားလာသည်။

လီဖုံးဘက်သို့လှည့်ကာ....

"သူ့ကို ကျုပ်လည်း သိုင်းပညာတစ်မျိုး ဝင်ပြီးသင်ပေးလိုက်

ရင် ကောင်းမယ်ထင်တယ်....”

မမျှော်လင့်သောစကားကြားရလျှင် လုကျန်း ဝမ်းသာသွားသည်။

လီဖုံးလည်း သဘောကျသွား၏။

“ဟာကောင်းတာပေါ့....ညီလေးရဲ့ သိုင်းပညာဟာ ကျုပ်တို့နှစ်ယောက်ထက် တစ်ဆင့်သာတယ်ဆိုတာ သိပါတယ်.... ညီလေးသင်ပေးလိုက်ရင် သူ့အတွက် ပိုပြီး ပြည့်စုံတာပေါ့....”

“သူ့ကို အစ်ကိုကြီးတို့တောင် သိုင်းပညာသင်ပေးတယ်ဆိုရင် ကျုပ်လည်း သင်ပေးဖို့ ဝန်မလေးပါဘူး....ဒါပေမယ့် အနည်းဆုံး ရက်နှစ်ဆယ်လောက်တော့ သင်ရလိမ့်မယ်....”

လီဖုံးက လုကျန်းအား လှမ်းကြည့်လိုက်၏။

မည်သူမျှ မသိအောင် ကျောက်ဂူထဲသို့ ဝင်နေနိုင်ခြင်းကို ထောက်ချင့်ကာ သိုင်းပညာမခေကြောင်း ရိပ်မိပြီးပြီ ဖြစ်လေ၏။ ထို့ကြောင့် လုကျန်း ခေါင်းညိတ်ကာ....

“ကျွန်တော့်ကို သိုင်းပညာသင်ပေးမယ်ဆိုရင် ကျေးဇူးတင်ပါတယ်ခင်ဗျာ....ကျွန်တော်ဟာ ကိုယ်တတ်တဲ့ပညာနဲ့ အများအကျိုးအသက်စွန့်ဆောင်ရွက်မယ်ဆိုတာ ဝန်ခံကတိပြုပါတယ်....”

ဥမ္မန်စိမ်း ပြုံးလိုက်သည်။

“မင်းရဲ့စိတ်ဓာတ်ကိုတော့ သဘောကျသွားပြီ.... ဒီကတိမဖျောက်ဖျက်မိအောင် တစ်သက်လုံး စောင့်ထိန်းစေချင်တယ်....ကဲ....မင်းကို ကျုပ်ရဲ့ လေမဲ့ခြေရာ သိုင်းပညာသင်ပေးမယ်....”

လီဖုံးက အလိုက်သိစွာဖြင့်....

“ကျုပ်ရဲ့ နေရာကိုခဏပြန်လိုက်ဦးမယ်....ပြီးမှ ပြန်လာခဲ့မယ်.... ဟိုမှာ စားသောက်စရာတွေ အသင့်လုပ်ထားလိုက်မယ်လေ”



ပြောပြီး ဥမ္မန်စိမ်း ဟန့်တားခြင်း မပြုနိုင်မီ ထွက်သွားလေသည်။ ဥမ္မန်စိမ်းက လုကျန်းအား သိုင်းပညာသင်ကြားပေးလေတော့သည်။

ရက်ပေါင်းနှစ်ဆယ်....

ရက်ပေါင်းနှစ်ဆယ်အတွင်း ဥမ္မန်စိမ်းက သူတတ်မြောက်ထားသော သိုင်းပညာများ သင်ကြားပေးသည်။

လုကျန်းက ကြိုးစားပန်းစားသင်ယူသည့်အတွက် ရက်ပေါင်းနှစ်ဆယ်အတွင်း အတော်ကလေးတက်မြောက်ခဲ့သည်။

လုကျန်း၏ ဘဝမှာ လုံးဝအသွင်သဏ္ဌာန်ပြောင်းလဲသွားခဲ့ချေပြီ။ လုကျန်းသည် မမျှော်လင့်ဘဲ ထပ်သီးသိုင်းအကျော်အမော် များ၏ သိုင်းပညာရပ်များကို သင်ယူရရှိမည်သည် မဟုတ်ပါလား။ ရက်နှစ်ဆယ်ကြာသည့်တိုင်အောင် ထင်းစုပေါ်မလာချေ။

လီဖုံးကလည်း တောင်အောက်ဆင်းရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဥမ္မန်စိမ်းသည်လည်း တောင်ပေါ်တွင်နေရန် မရည်ရွယ်ချေ။

သို့ဖြစ်ရာ ရက်နှစ်ဆယ်ကျော်သည်နှင့် လုကျန်းတောင်ပေါ်မှ ဆင်းလာခဲ့လေတော့သည်။

သူသည် မကြာမီ လူကြားသူကြားသို့ ပြန်လည်ရောက်ရှိလာလေတော့၏။ တောင်ခြေမြို့ကလေး....

တောင်ခြေမြို့ကလေးသို့ လုကျန်းရောက်ရှိလာသောအခါ မြို့အဝင်လမ်းမကြီးပေါ်တွင် လူအများစုပြုံတိုးဝေ့နေသည်ကို တွေ့မြင်လိုက်ရ၏။

ဥမ္မန်စိမ်းကား သူနှင့်လုမ်းခွဲသွားပြီ ဖြစ်သည်။

လုကျန်းက ထင်းဧအား ရှာဖွေရန် ဆုံးဖြတ်ထားသည်။ သူသည် လူအများစည်ကားနေသည်ကို စိတ်ဝင်စားကာ ဝင်ကြည့်လေသည်။ သူ၏လက်ဦးဆရာပင် မဟုတ်ပါလော။

မြို့အဝင်လမ်းဆုံလမ်းခွ၌ မျက်လှည့်ဝိုင်းတစ်ခု ပြသနေခြင်းဖြစ်ပေသည်။ မျက်လှည့်ဆရာမှာအသက်ငါးဆယ်ကျော်ခန့် ရှိသူဖြစ်သည်။ သူ့အား ကူညီသူမှာ မိန်းကလေးတစ်ယောက်ဖြစ်၏။

သားအဖနှစ်ယောက်ဖြစ်ဟန်ရှိပြီး ထူးခြားဆန်းပြားသော ပြကွက်များကြောင့် မြို့ခံလူများ သဘောကျပြီး ငွေစများပေးကမ်းကြသည်ကို တွေ့မြင်ရ၏။

လုကျန်းရောက်လာချိန်၌ မျက်လှည့်ဝိုင်းသိမ်းတော့မည် ဖြစ်သည်။ ပြကွက်တစ်ခုနှစ်ခုပြီးလျှင် မျက်လှည့်ဆရာက....

"မြို့မိမြို့ဖ ညီအစ်ကိုမောင်နှမအားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ...အမှန်တော့ ကျုပ်တို့ဟာ ဆက်ကပ်ပြတဲ့အဖွဲ့ပါ...အဖွဲ့သားတွေ မစုံလို့ အခုလို မျက်လှည့်ပြရတာဖြစ်ပါတယ်.... အဖွဲ့သားတွေစုံတဲ့အခါ ဆပ်ကပ်လာပြီး ပြသပါဦးမယ်လို့ သတင်းကောင်းပါးပါရစေဗျာ.... "

ပြောရင်း မျက်လှည့်ဝိုင်းသိမ်းလိုက်၏။

မျက်လှည့်ဆရာ၏ သမီးမှာ အသက်ဆယ့်ရှစ်နှစ်ခန့် ရှိသော မိန်းမပျိုလေး တစ်ယောက်ဖြစ်သည်။

အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျောပေါ်တွင် ကျစ်ဆံမြီးနှစ်ချောင်း ချထား၏။

မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးလက်လက်ချောမောလှပသူလေးဖြစ်သည်။



မျက်လှည့်ဝိုင်းသိမ်းပြီဖြစ်ရာ လုကျန်းလည်း မြို့ထဲဝင်ရန် ခြေလှမ်းပြင်လိုက်၏။ ထိုအချိန်၌....

"ဟား.... ဟား.... ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုကျန်း ခြေလှမ်းရပ်ကာလှည့်ကြည့်လိုက်၏။

မျက်လှည့်ဆရာသားအဖနှစ်ယောက်အား လူသုံးယောက် ဝိုင်းရံ ရယ်မောနေသည်ကို တွေ့ရ၏။

လုကျန်း စိတ်ဝင်စားသွားပြီး ရပ်ကြည့်နေလိုက်မိသည်။

ဝိုင်းရံထားသော လူသုံးယောက်က တဟားဟားရယ်မောရင်း တစ်ယောက်ကစတင်၍ ပြောလိုက်သည်။

"ဗျို့...မျက်လှည့်ဆရာကြီး ခင်ဗျားရဲ့ မျက်လှည့်ပြကွက်တွေ ကောင်းပါတယ်...ဒါပေမယ့် ကျုပ်တို့ကတော့ ထူးခြားတယ်လို့ မထင်ခဲ့ဘူးဗျ.... "

မျက်လှည့်ဆရာ မျက်မှောင်ကြုတ်သွား၏။

သို့သော် ချိုသာသော မျက်နှာထားဖြင့်....

"မျက်လှည့်ပြတဲ့နေရာမှာ ကျုပ်ကျွမ်းကျင်မှုမရှိဘူးဆိုတာ ဝန်ခံပါတယ်ဗျာ.... ကျုပ်က ဆပ်ကပ်ပြတာပဲ ကျွမ်းကျင်ပါတယ်.... အဖွဲ့သားတွေ မစုံလင်လို့ပါ.... ခွင့်လွှတ်ကြပါဗျာ.... "

"ဟဲ.... ဟဲ.... ခင်ဗျားကိုယ်တိုင် မျက်လှည့်မပြဘဲ.... ခင်ဗျားသမီးပြသရင် ကောင်းမယ်ဗျ.... "

"ဗျာ.... "

"ခင်ဗျားသမီး မျက်လှည့်ပြဖို့ပြောနေတာ.... "

မျက်လှည့်ဆရာခေါင်းညိတ်လိုက်၏။

"ကျုပ်သမီးလေးရဲ့ မျက်လှည့်ပညာမဆိုးပါဘူး.... တစ်နေ့ သူ့ပဲ ဦးဆောင်ပါလိမ့်မယ်ဗျာ...."

ဝိုင်းရံထားသော လူသုံးယောက်အနက် တစ်ယောက်က စိတ်မရှည်သောလေသံဖြင့်....

"ဟာ.... တယ်ခက်ပါလား.... ကျုပ်တို့ပြောနေတာ တခြား ခင်ဗျားပြောတာက တခြားဖြစ်နေပြီ...."

"ဘယ်လိုများ ဖြစ်နေလို့လဲဗျာ...."

"ဘယ်လိုဖြစ်ရမလဲ.... ကျုပ်တို့သူဌေးက ခင်ဗျားသမီးတစ်ယောက်တည်းလာပြီး ဖျော်ဖြေပြသတာကို ကြည့်ချင်တယ်.... ဒါကြောင့် ကျုပ်တို့ကို လူလွှတ်ခေါ်ခိုင်းလိုက်တာဗျ...."

မျက်လှည့်ဆရာက သမီးဖြစ်သူအား ကြည့်လိုက်လေသည်။

သမီးဖြစ်သူ၏မျက်နှာ နီရဲနေပြီး အံကြိတ်ထားသည်ကို တွေ့လိုက်ရ၏။ မျက်လှည့်ဆရာ သက်ပြင်းချကာ....

"နောင်အခွင့်ကြုံတော့ မျက်လှည့်ပြပါ့မယ်ဗျာ.... အခုတော့ ကျုပ်တို့ သွားစရာရှိသေးလို့ ခွင့်ပြုပါဦးဗျာ...."

ပြောပြောဆိုဆို ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သူတို့သားအဖနှစ်ယောက် ထွက်သွားမည့်သွားလမ်းကို လူသုံးယောက်က ပိတ်ဆို့ထားလိုက်သည်။

တစ်ယောက်က....

"ခင်ဗျားတို့ ဒီအတိုင်း ထွက်သွားလို့ ဘယ်ရမလဲ...."

မျက်လှည့်ဆရာဒေါပွသွားသည်။

သို့သော် စိတ်ကိုချုပ်တီးထားလိုက်ပြီး....

"ဘာဖြစ်လို့လဲဗျ...."

"ခင်ဗျားသမီးကို ကျုပ်တို့နဲ့ ထည့်လိုက်ရမယ်.... ကျုပ်တို့ရဲ့



သူဌေးကြီးဟာ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မှာ သေချာတယ်.... အဲ.... ခင်ဗျားတို့ မလိုက်ဘူးဆိုရင်တော့ မရမက ခေါ်ရလိမ့်မယ်...."

သူတို့သည် ပြောရင်း ရှေ့တိုးလာကြလေ၏။

မျက်လှည့်ဆရာ အံတင်းတင်းကြိတ်ကာ....

"မိတ်ဆွေတို့ တရားလွန်နေပြီထင်တယ်...."

"ဘာ...မျက်လှည့်ဆရာက ကြီးကြီးကျယ်ကျယ် လူကုံထံဝမ်မိတ်ခေါ်တာကို ငြင်းပယ်ဝံ့တယ်လို့ကွာ.... မင်းသေချင်ပြီထင်တယ်"

မျက်လှည့်ဆရာ၏သမီးက....

"ရှင်တို့လမ်းဖယ်ပေးပါ...ကျွန်မတို့ကို ဒီလောက်နှောင်ယှက်ရရင် ကျေနပ်ပါတော့ရှင်...."

"ဟား.... ဟား.... ညီမလေးက သိပ်ချောပါလား.... လူကုံထံဝမ်ဆီကိုသာ လိုက်ခဲ့ပါ.... တစ်သက်လုံး ချမ်းချမ်းသာသာနေရမှာပါ"

"ရှင်.... ရှင်တို့ စော်ကားလှချည်လား...."

"စော်ကားတာမဟုတ်ပါဘူးကွာ.... ကဲ.... လာလိုက်ခဲ့"

ပြောပြောဆိုဆို တစ်ယောက်က မိန်းကလေး၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

မိန်းကလေးက နှာခေါင်းရှုံ့ရင်း....

"လူယုတ်မာတွေ ရှင်တို့ အခုကျွန်မအကြောင်း သိရမယ်"

ပြောပြီး လက်ဝါးဆန့်ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

သူမ လက်ဝှေ့ယမ်းလိုက်သည်နှင့်....

"ဝုန်း...."

လက်ဖမ်းဆွဲရန် ဟန်ပြင်သူမှာ အဝေးသို့လွင့်စဉ်သွားရလေ၏။ လူတစ်ယောက် ခံလိုက်ရသည်ကိုတွေ့လျှင် ကျန်လူနှစ်ယောက် ဒေါပွသွားကြလေသည်။

"မင်း တယ်စွာပါလား.... သိကြသေးတာပေါ့...."

"ဒီကောင်မ သိုင်းပညာတက်လို့ ကြီးကျယ်နေတာ မိအောင် ဖမ်းစမ်းဟေ့...."

နှစ်ယောက်သား အော်ဟစ်ကြိမ်းမောင်းရင်း ရှေ့သို့ ခုန်တိုးကာ မိန်းကလေးအား တိုက်ခိုက်လိုက်ကြသည်။

မိန်းကလေးက အရေးမစိုက်ဘဲ ပြန်လည်တိုက်ခိုက်လိုက်၏။ ထို့ကြောင့် တစ်ခဏအတွင်းမှာပင်....

"ဝုန်း...."

"အား...."

"အမယ်လေး...."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လူရမ်းကားနှစ်ယောက်သည် မိန်းကလေး၏ လက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားကြ၏။

သူတို့နှစ်ယောက်စလုံး မြေပေါ်မှ လူးလိမ့်ထလိုက်ကြပြီး မိန်းကလေးအား မယုံကြည်နိုင်စွာ ကြည့်လိုက်ကြသည်။

မိန်းကလေးက မဲ့ပြုံး ပြုံးကာ....

"ဘယ်လိုလဲ ရှင်တို့ကျွန်မကို ဖမ်းခေါ်သွားချင်သေးလား"

တစ်ယောက်က အံကြိတ်ရင်း....

"မိန်းကလေး.... မင်းကောင်းကောင်းကြီး သတိထားပါ.... လူကုံထံဝမ်းရဲ့ ဖိတ်ခေါ်ချက်ကို ငြင်းပယ်တဲ့လူဟာ....လူ့ပြည်မှာကြာကြာ မနေရဘူးဆိုတာ မှတ်ထား...."

စကားဆုံးသောအခါ ဆက်၍နှောင့်ယှက်ခြင်း မပြုဘဲထွက်သွားလေတော့၏။ လူရမ်းကားသုံးယောက် ထွက်သွားပြီးလျှင် မျက်လှည့်ဆရာ က....



"သမီး.... ဖေဖေတို့ သွားကြစို့...."

မိန်းကလေးက ခပ်လှမ်းလှမ်း၌ရပ်နေသော လုကျွန်းအား တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် ဖခင်ဖြစ်သူနှင့်အတူ လိုက်ပါသွားလေသည်။

လုကျွန်းသည် မျက်လှည့်ဆရာသားအဖအား ဝင်ရောက်ကူညီရန် ဆုံးဖြတ်မိ၏။

သို့သော် မိန်းကလေးက လူရမ်းကားများအား မောင်းထုတ်နိုင်လိုက်သည်ကို တွေ့ရခြင်းကြောင့် အသာငြိမ်နေလိုက်မိသည်။ မျက်လှည့်ဆရာ သားအဖထွက်သွားပြီးလျှင် သူလည်း မြို့ထဲဝင်လာခဲ့လေတော့သည်။

ရွှေငါးစားသောက်ဆိုင်....

ရွှေငါးစားသောက်ဆိုင်ဟူသော ဆိုင်းဘုတ်ကို မော့ကြည့်ပြီး လုကျွန်း လှမ်းဝင်လိုက်သည်။ ခရီးဝေးမှ လာခဲ့ရသည့်အတွက် ဝမ်းစိုက်ဆာလောင်နေပြီ ဖြစ်ပါသည်။

စားသောက်ဆိုင်ထဲသို့ရောက်လျှင် လွတ်နေသော စားပွဲတစ်လုံး၌ ဝင်ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်လေ၏။

မကြာပါချေ....

သူမှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာသဖြင့် အားရပါးရ ခေါင်းငုံ့စားသောက်လိုက်၏။

စားသောက်ပြီးစီးသွားပြီး ထိုင်ရာမှထရန် ဟန်ပြင်လိုက်တော့မှ မလှမ်းကမ်းစားပွဲတစ်လုံး၌ ထိုင်နေသူနှစ်ယောက်ကို သတိပြုမိလိုက်လေသည်။

ထိုလူနှစ်ယောက်မှာ မျက်လှည့်ဆရာသားအဖ ဖြစ်လေတော့သည်။

မျက်လှည့်ဆရာသားအဖသည် အစားအသောက်များ ခေါင်းငုံ့စားသောက်နေကြ၏။

လုကျန်း ပြုံးလိုက်သည်။

မိန်းကလေး၏သတ္တိကို သဘောကျမိသည့်အတွက် သွားရောက် မိတ်ဆက်ရန်ပင် စိတ်ကူးမိသည်။

ထို့ပြင် သူ၏အတွေ့အကြုံအရ မျက်လှည့်ဆရာသားအဖသည် တစ်စုံတစ်ခုသော ဒုက္ခတွေ့ကြုံနေသူများ ဖြစ်ကြောင်း ရိပ်မိထား၏။

လုကျန်း ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ်မှာပင်....

"မဆိုင်တဲ့လူတွေ ဘေးဖယ်စမ်း...."

ရုတ်တရက် ကျယ်လောင်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဆိုင်အပေါက်ဝတွင် ပိတ်ဆို့နေသော ဆိုင်လုလင်များနှင့် စားသောက်သူအချို့သည် ရူးရူးဝါးဝါး အော်ကာအဝေးသို့လွင့်စဉ်သွားကြ၏။

စားသောက်ဆိုင်အတွင်းရှိ လူအားလုံး အံ့သြထိတ်လန့်သွားကြ၏။

ဆိုင်အပေါက်ဝသို့ လှမ်းကြည့်လိုက်သောအခါ လူတစ်စုဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူအား အနီရောင်ဝတ်ရုံ လွှမ်းခြုံထားသူတစ်ယောက် ဦးဆောင်ကာ ဝင်လာခြင်း ဖြစ်သည်။

ထိုလူသည် အသက်လေးဆယ်ခန့်ရှိပြီး မျက်နှာထားခက်ထန်တင်းမာလှသည်ကို တွေ့ရ၏။

မည်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ၏ရှေ့၌ ရပ်နေသူများကို ခြေလက်များဖြင့် ရိုက်ပုတ်ကန်ကျောက်ကာ မောင်းထုတ်နေသည်။



ထိုလူစုအား တွေ့မြင်ရသည်နှင့် စားသောက်နေသူများသည် စားသောက်ခကျသင့်ငွေရှင်းပေးပြီး ကပျာကယာ ဆိုင်ထဲမှ ထွက်ပြေးသွားကြလေတော့၏။

မကြာပါချေ....

ဆိုင်ထဲလူရှင်းသွား၏။

လုကျန်းနှင့်မျက်လှည့်သားအဖသာ ကျန်ရစ်ခဲ့ကြသည်။

အနီရောင်ဝတ်ရုံလွှမ်းခြုံထားသူ၏ နောက်၌ လိုက်ပါလာသော လူစုတွင် မြို့အဝင်၌ တွေ့ခဲ့ရသောလူရမ်းကားသုံးယောက်ပါလာသည်ကို တွေ့လိုက်ရ၏။

ထိုလူသုံးယောက်အား တွေ့မြင်လိုက်သည်နှင့် မျက်လှည့်ဆရာသားအဖ ဒုက္ခရောက်တော့မည်ဖြစ်ကြောင်း လုကျန်းရိပ်မိလိုက်သည်။

လူရမ်းကားသုံးယောက်အနက် တစ်ယောက်က အနီရောင်ဝတ်ရုံရှင်အနီးသို့ ကပ်ကာ....

"ဆရာကျင်း.... ဟိုမှာ.... ဟိုမှာ"

မျက်လှည့်ဆရာသားအဖကို ညွှန်ပြလိုက်သည်။

ဆရာကျင်းဆိုသူ ခေါင်းညိတ်လိုက်သည်။

မျက်လှည့်ဆရာသားအဖ ရှေ့သို့ လျှောက်သွားပြီး....

"ကျုပ်နာမည် ကောင်းကျင်းလို့ခေါ်တယ်.... လူကုံထံဝမ်းရုံ လက်ရုံးတစ်ဆူဆိုပါတော့...."

သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

မျက်လှည့်ဆရာမနေသာတော့ဘဲ မတ်တတ်ရပ်လိုက်ရ၏။

ကောင်းကျင်း အဘယ်ကြောင့် ရောက်လာသည်ကို သိရှိထားသော်လည်း မသိဟန်ဆောင်ကာ လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေ၏။

"တွေ့ရတာ ဝမ်းသာပါတယ်.... ကျုပ်တို့ မျက်လှည့်ဆရာ အညတြသားအဖကို ဘယ်လိုကိစ္စကြောင့် တွေ့ချင်နေရတာလဲ အမိန့်ရှိပါ.... ကျုပ်နာမည်ကတော့ တုတုချူးပါ.... သူကတော့ ကျုပ်သမီး တုတုချင်းပါ...."

"ကိစ္စကတော့.... ခင်ဗျားတို့ဟာ သူဌေးကြီးဝမ်ရဲ့ ဖိတ်ခေါ်ချက်ကို ငြင်းဆန်လိုက်တဲ့အတွက် ကျုပ်လာခဲ့ရတာပါ...."

တုတုချူး ပြုံးလိုက်သည်။

"သြော်....ဒီကိစ္စကိုး....ကျုပ်တို့ဒီနေ့တစ်နေ့လုံး ပင်ပန်းနေပါပြီ....ဒါကြောင့် မလိုက်နိုင်တဲ့အတွက် ငြင်းပယ်လိုက်တာပါ....ပြီးတော့ ကျုပ်သမီးတစ်ယောက်တည်း လိုက်သွားလို့လည်းမဖြစ်ပါဘူး.... သူဟာ တစ်ကိုယ်တည်း မျက်လှည့်ပြဖို့ ပညာမစုံသေးပါဘူးဗျာ...."

ကောင်းကျင်း နှာခေါင်းရှုံ့လိုက်သည်။

"ဘာပဲဖြစ်ဖြစ် လူကုံထံဝမ်းက ခေါ်ခိုင်းလိုက်တယ်ဆိုရင် မငြင်းဘဲ လိုက်လာရမှာပေါ့...."

"ကျုပ်တို့ လူကုံထံဝမ်းကိုမသိတဲ့အတွက် ခွင့်လွှတ်ပါဗျာ"

ကောင်းကျင်းက ရယ်မောလိုက်သည်။

"ဟား....ဟား....လူကုံထံဝမ်းကို မသိလို့ ခွင့်လွှတ်ရမယ်တဲ့လား....လူကုံထံဝမ်းက ခေါ်ခိုင်းလိုက်တာနဲ့ လိုက်လာရမှာထုံးစံပဲ.... မလိုက်ဘူး ငြင်းပယ်ရင် အပြစ်ပေးခံရမယ်...."

"ကျုပ်တို့မသိလို့ပါဗျာ...."

"ကောင်းပြီလေ.... အခုချက်ချင်းလိုက်လာခဲ့ကြပေတော့...."



ဒါပေမယ့် .... ခင်ဗျားရဲ့သမီးတစ်ယောက်တည်းပဲလိုက်ခဲ့ရမယ်.... ခင်ဗျား ဒီဆိုင်မှာစောင့်နေပေါ့...."

တုတုချူးခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ရဲ့သမီးလေးဟာ မျက်လှည့်ပညာ မပြည့်စုံသေးပါဘူး၊ သူတစ်ယောက်တည်း လိုက်လို့ မဖြစ်ပါဘူးဗျာ...."

"မလိုချင်ဘူး....လူကုံထံဝမ်းရဲ့ နားထဲကိုခင်ဗျား သမီးဘယ်လောက်ချောတယ်လှတယ်ဆိုတဲ့သတင်းပေါက်သွားပြီးမှတော့ ငြင်းလို့ မရတော့ပါဘူး...."

"ဘာ...."

ကောင်းကျင်း ဟားတိုက်ရယ်မောလိုက်သည်။

"ဟား.... ဟား.... လူကုံထံဝမ်းက ခင်ဗျားသမီး မျက်လှည့်ပြတာကြည့်ဖို့ ခေါ်ခိုင်းတယ်များ ထင်နေသလား...."

"ခင်.... ခင်ဗျားတို့...."

"ဟား.... ဟား.... ဟား.... သူဌေးယောက္ခမဖြစ်ရမယ့်လူက များ နာတယ်လို့ ထင်နေသေးတယ်....ကဲ....မိန်းကလေး ကျုပ်နောက်လိုက်ခဲ့ပေတော့...."

တုတုချင်း ဝုန်းခနဲထရပ်လိုက်သည်။

ကြမ်းပြင်ပေါ် တံတွေးထွီးခနဲထွေးရင်း....

"လူယုတ်မာတွေ ရှင်တို့ကျွန်မကို လက်ဖျားနဲ့တောင် ထိလို့မရဘူးမှတ်ထား...."

တုတုချူးက....

"ကျုပ်သမီးဟာ စေ့စပ်ပြီးသားဗျ....လက်စွပ်လဲထားပြီးသားဆိုတာ သူ့လက်က လက်စွပ်ကိုကြည့်ရင် သိနိုင်ပါတယ်ဗျာ....လူကုံထံဝမ်းကိုပြောပြလိုက်ပါ....ကျုပ်သမီးမှာ သတို့သားလောင်းရှိနေပါပြီလို့"

မှန်ပေသည်။

တုတုချင်း၏ လက်တွင်လက်စွပ်ကလေးတစ်ကွင်း ဝတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

ကောင်းကျင်းခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ ကျုပ်နားမလည်ဘူး....လူကုံထံဝမ်းက ခေါ်ခဲ့ဆိုရင်ရအောင် ခေါ်ရမှာ ကျုပ်တာဝန်ပဲ....ကာမပိုင်လင်ရှိရင်တောင် သူခေါ်ရင် လာရတယ်ဗျာ မှတ်ထား...."

ပြောရင်း တုတုချင်းအား ဖမ်းဆီးရန် ရှေ့တိုးလာသည်။

တစ်ဖန်လက်ဝှေ့ယမ်းပြလိုက်လျှင် သူ၏နောက်မှလိုက်ပါလာသူများသည် တုတုချင်းတို့သားအဖအား ဝိုင်းရံထားလိုက်ကြသည်။

တုတုချူး သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့ တော်တော်တရားလွန်တာပဲ...."

"စကားမရှည်နဲ့.... ဟေ့.... ဝိုင်းဖမ်းလိုက်ကြစမ်း...."

ကောင်းကျင်း အမိန့်ပေးလိုက်သည်နှင့် သူ၏တပည့်များသည် ရှေ့တက်ကာ တုတုချင်းအား ဝိုင်းဖမ်းလိုက်ကြလေသည်။ တုတုချင်း အံတင်းတင်းကြိတ်ကာ....

"လူယုတ်မာတွေ ကပ်ဝံ့ကပ်ကြည့်ကြစမ်း...."

အော်ငေါက်ရင်း ပြန်လည်တိုက်ခိုက်လေသည်။

သူမတိုက်ခိုက်လိုက်သည်နှင့်....

"ဝုန်း...."

"အား...."

"အမယ်လေး...."

ဆူညံသောအသံများ ထွက်ပေါ်လာပြီး ဝိုင်းရံဖမ်းဆီးသူများ လွင့်စဉ်သွားကြလေသည်။



သို့သော် လူအင်အားများလှသဖြင့် တုတုချင်းအခက်ကြုံနေရ၏။ သူမ ပြင်းပြင်းထန်ထန် တိုက်ခိုက်သော်လည်း လွတ်မြောက်သွားရန် မလွယ်တော့ချေ။

ကောင်းကျင်းသည် တုတုချင်းအား လွယ်လွယ်ကူကူဖမ်း၍ ရမည်မဟုတ်ကြောင်း နားလည်သည့်အတွက် သူကိုယ်တိုင်ရှေ့တက်ကာ ဖမ်းလိုက်လေသည်။

ကောင်းကျင်းဝင်လာသည်နှင့် တုတုချင်း နောက်ဆုတ်လိုက်ရ၏။ ကောင်းကျင်းက....

"ဟား.... ဟား.... ဟား.... မင်းကျုပ်လက်က လွတ်မလား"

ပြောရင်း ဖမ်းချုပ်သိုင်းကွက်များ အသုံးပြုကာ တိုက်ခိုက်လေသည်။ တုတုချင်း ခုခံတိုက်ခိုက်သော်လည်း....

"အမယ်လေး...."

ကောင်းကျင်း၏ လက်ဝါးတစ်ချက် အရိုက်ခံရပြီး ခန္ဓာကိုယ်ချာခနဲလည်ထွက်သွားလေသည်။

သမီးဖြစ်သူအခြေအနေ မဟန်မှန်း ရိပ်မိလျှင် တုတုချူးမနေနိုင်တော့ဘဲ....

"လူယုတ်မာတွေ သေပေတော့...."

ခါးတွင်ဝှက်ထားသော ဓားမြှောင်တစ်ချောင်းဆွဲထုတ်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

တုတုချူး တိုက်ခိုက်လာသည်နှင့်....

"အား...."

"အမယ်လေး...."

တုတုချင်းအား ဝိုင်းရံထားသူများ ဒဏ်ရာရရှိကာ နောက်ဆုတ်သွားကြရလေသည်။

ကောင်းကျင်း ဒေါသထွက်သွား၏။

"အချိန်ကြာတယ်.... သူ့ကိုသတ်ပစ်လိုက်စမ်း...."

တုတုချူးအား သတ်ပစ်ရန် အော်ငေါက်အမိန့်ပေးလိုက်၏။ ထိုအခါ ကောင်းကျင်း၏ နောက်လိုက်များက ဓားကိုယ်စီဆွဲထုတ်ပြီး တုတုချူးအား ဝိုင်းရံတိုက်ခိုက်ကြလေသည်။

စားသောက်ဆိုင်အတွင်း၌ ပြင်းထန်သောတိုက်ပွဲ ရုတ်ခြည်းဖြစ်ပေါ်လာလေတော့သည်။

လုကျန်းသည် တိုက်ပွဲကိုငေးကြည့်ရင်း တုတုချူးတို့ဘက်မှ ပါဝင်ကူညီရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်မှာပင်....

"အား...."

စူးရှသောအော်သံ ထွက်ပေါ်လာသည်။

တုတုချူးမှ ပခုံးတွင် ဓားတစ်ချက်ထိကာ သွေးချင်းချင်းနီရဲသွားလေသည်။

နောက်သို့လည်း ချက်ချင်းဆုတ်သွားရ၏။

သို့သော် ရန်သူများက အလွတ်မပေးဘဲ ရှေ့တိုးတိုက်ခိုက်လာကြသည်။

ဓားရောင်များ ဝင်းလက်သွား၏။

တုတုချူး ရှောင်တိမ်းရန် မလွယ်ကူတော့ချေ။

အံတင်းတင်းကြိတ်ရင်း....

"သမီးမြန်မြန်ပြေး...."

သမီးဖြစ်သူအား အော်ဟစ်သတိပေးရင်း ပြန်လည်တိုက်ခိုက်လိုက်၏။ သမီးဖြစ်သူလွတ်မြောက်ရေးအတွက် အသက်စွန့်တိုက်ခိုက်ရန် ဆုံးဖြတ်ထားရသည်။



လုကျန်း လက်ပိုက်ကြည့်မနေနိုင်တော့ချေ။

"ရပ်လိုက်...."

အော်ငေါက်ရင်း ကိုယ်ဖော့ပညာအသုံးပြုကာ လျှပ်တစ်ပြက်ခုန်ဝင်သွား၏။

လုကျန်း ကြားဝင်လိုက်သည်နှင့်....

"ချွမ်း.... ချွမ်း"

"အား...."

"အမယ်လေး...."

ဓားများအဝေးသို့ လွင့်စဉ်သွားသည်။

တုတုချူးအား ဝိုင်းရံတိုက်ခိုက်နေသူများလည်း ဖရိုဖရဲဖြင့် အဝေးသို့ လွင့်စဉ်သွားကြလေသည်။

လုကျန်းက ရပ်တန့်ခြင်း မပြုဘဲ တစ်ဆက်တည်းပင် ကောင်းကျင်းနှင့် တုတုချင်းထံ ပြေးဝင်သွားသည်။

လူရိပ်တစ်ခု .... ရိပ်ခနဲခုန်ဝင်လာသည်ကို တွေ့ရသည်နှင့် ကောင်းကျင်းနောက်သို့ ခုန်ဆုတ်သွား၏။

သို့သော် နောက်ကျသွားချေပြီ။

လုကျန်း၏ ခြေထောက်ကန်ချက်သည် သူ၏ခါးသို့ တည့်မတ်စွာ ကန်ချလိုက်လေသည်။

"အား...."

ကောင်းကျင်း စူးရှစွာအော်ကာ နောက်ဆုတ်သွားရ၏။

တစ်ကိုယ်လုံး နာကျင်သွားသည့်အတွက် အထိတ်တလန့်ကြည့်လိုက်လေသည်။

ထိုအခါ ခုန်ဝင်တိုက်ခိုက်လိုက်လာသော လုကျန်းအား တွေ့သွားပြီး....

"မင်း.... မင်း .... ဘယ်သူလဲ"

လုကျန်း ပခုံးတွန့်ကာ ပြောလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး.... ခင်ဗျားတို့ရဲ့ မတရားလုပ်ရပ်တွေကိုရပ်ပြီး ပြန်သွားကြပါ...."

ကောင်းကျင်း အံကြိတ်လိုက်သည်။

အလစ်တိုက်ခိုက်ခြင်းခံရသည်ဟု ယူဆကာ မကျေမနပ်ဖြစ်နေ၏။

လုကျန်းအား စိုက်ကြည့်ကာ ငေါက်လိုက်၏။

"မင်းက သေချင်လို့ ဝင်ရှုပ်တာကိုး...."

သူသည် ဓားပါးတစ်လက်ဆွဲထုတ်ကာ ထည့်လိုက်၏။

ထို့နောက် စတင်တိုက်ခိုက်တော့သည်။

ကောင်းကျင်း၏ တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည်။

ထို့ကြောင့် တုတုချင်း ထိတ်လန့်သွားပြီး....

"အစ်ကို သတိထား...."

အော်ဟစ်သတိပေးလိုက်လေသည်။

လုကျန်း မဲ့ပြုံး ပြုံးကာ....

"သေချင်တာက ခင်ဗျား.... ကျုပ်မဟုတ်ဘူး...."

ပြောရင်းခုတ်ချလာသော ကောင်းကျင်း၏ ဓားချက်ကို မရှောင်ဘဲ ရှေ့သို့တိုးဝင်လိုက်သည်။

တစ်ဆက်တည်းပင် ကောင်းကျင်း၏ ဓားကိုင်ထားသော လက်ကို ဖမ်းဆုပ်ကာ လိမ်ချိုးလိုက်လေသည်။

"ဖျောက်...."

အရိုးကျိုးသံသဲ့သဲ့ထွက်ပေါ်လာ၏။



ကောင်းကျင်း၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။

လက်ထဲမှ ဓားလည်း လွတ်ကျသွားသည်။

လုကျန်းက ကောင်းကျင်း၏လက်ကို ဆွဲယူလိုက်၏။

မျက်နှာချင်းနီးကပ်လာမှ....

"ခင်ဗျား သေသေချာချာမှတ်ထား....နောက်နောင် သူတို့ကို ဘယ်တော့မှ ဒုက္ခမပေးလေနဲ့.... သူတို့ကို ဒုက္ခပေးမယ်ကြံတာနဲ့ ကျုပ်နဲ့တွေ့မယ် မှတ်ထား...."

ပြောပြီး ဆောင့်တွန်းလိုက်လျှင် အနောက်ဘက်သို့ လွင့်သွား၏။ ကောင်းကျင်းသည် လုကျန်းအား ကြောက်ရွံ့ထိတ်လန့်သွားလေ၏။

သို့သော် လုကျန်းအား စေ့စေ့ကြည့်ရင်း....

"ကောင်းပြီ.... ကျုပ်သွားမယ်.... မင်းဝင်ရှုပ်မိလို့ နောင်တရစေရမယ်...."

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားသည်။

ကောင်းကျင်းထွက်သွားလျှင် သူ၏တပည့်များလည်း ဆက်၍ တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ခပ်သွက်သွက် ထွက်ပြေးသွားကြသည်။

မကြာပါချေ....

စားသောက်ဆိုင်ထဲ၌ ရှင်းရှင်းလင်းလင်း ဖြစ်သွားလေ၏။

## အခန်း(၉)

# သူ့အကြံအစည်

တုတုချူး၏ ပခုံး၌ **ဓားဒဏ်ရာတစ်ချက်**ရရှိထားသည်။ ဓားထိသွားခြင်းကြောင့် **သွေးချင်းချင်း**နီရဲနေ၏။

တုတုချင်းက ဖခင်ထံ**ပြေးလာပြီး**လျှင်....

"ဖေဖေ.... ဘာဖြစ်သွားသေးသလဲဟင်...."

"ဖေဖေဘာမှမဖြစ်ပါဘူး.... သမီးကော...."

"သမီးဘာမှ မဖြစ်ပါဘူး....ဟင်....ဖေဖေ့ပခုံးမှာ သွေးတွေ ပါလား...."

"အပေါ်ယံရှပ်ထိတာ အရေးမကြီးပါဘူး သမီးရယ်...."

သူတို့နှစ်ယောက်သည် လုကျန်းအား ကျေးဇူးတင်သော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကြသည်။

လုကျန်း ပြုံးပြလိုက်ပြီး....

"ဦးတို့ ဒီကမြန်မြန်ထွက်သွားရင် ကောင်းမယ်ဗျ.... သူတို့ ကျောနပ်ကြမှာ မဟုတ်ဘူး.... နောက်တစ်ခေါက် မလာဘူးလို့ မပြော နိုင်ဘူး...."



တုတုချူးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျုပ်တို့ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ.... မင်းသာဝင်မကယ်ရင် ကျုပ်တို့အတွက် မလွယ်လှဘူး...."

"ကိစ္စမရှိပါဘူး ခင်ဗျာ....မတရားလုပ်တာမြင်လို့ ဝင်ပြီးကူညီ တာပါ.... ဘယ်လိုမှ သဘောမထားပါနဲ့...."

"ဒါထက် မိတ်ဆွေလေးနာမည် ဘယ်လိုခေါ်သလဲ.... ကျုပ် တို့မှတ်ထားနိုင်အောင် ပြောပြပါလား...."

"ကျွန်တော့်နာမည် လုကျန်းလို့ ခေါ်ပါတယ်...."

"ကျုပ်က တုတုချူးပါ.... ကျုပ်သမီးက တုတုချင်းပါ.... အရင်က ဆပ်ကပ်အဖွဲ့တည်ထောင်ထားပေမယ့် .... မမျှော်လင့်ဘဲ အကြောင်းကြောင်းကြောင့် ဖြိုကွဲခဲ့ရပါတယ်...."

ပြောရင်း မျက်ရည်များ ရစ်ဝဲလာသည်။

အလွန်စိတ်ထိခိုက်စရာကောင်းသော အဖြစ်မျိုးနှင့် ကြုံတွေ့ ခဲ့ရပုံရှိသည်။

တုတုချင်းက ပြောလိုက်လေ၏။

"ဖေဖေရယ်....ဒီကိစ္စတွေပြောပြနေလို့လည်း မထူးပါဘူး.... သမီးတို့ကို ဘယ်သူမှ ကူညီနိုင်မှာ မဟုတ်ပါဘူး....သမီးတို့သွားကြပါ စို့လား...."

တုတုချူး သက်ပြင်းချကာ....

"မိတ်ဆွေလေး ကျုပ်တို့ကို ခွင့်ပြုပါဦး...."

"ဟုတ်ကဲ့...."

"ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်...."

"ကောင်းပါပြီခင်ဗျာ...."

တုတုချင်းသည် ဝိုင်းစက်သောမျက်လုံးများဖြင့် လုကျန်းအား

ကြည့်လိုက်သည်။ လုကျန်းကလည်း သူမကို စိုက်ကြည့်လိုက်ရာ....

သူမ၏ မျက်နှာကလေးနီရဲသွား၏။

ခေါင်းငုံ့ကာ ဖခင်ဖြစ်သူအား တွဲရင်း စားသောက်ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

လုကျန်း ပင့်သက်ရှိုက်လိုက်၏။

တုတုချူးတို့သားအဖ မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့သည်။

နေဝန်းနီသည် အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်ပါသည်။

ရှေ့ခရီးဆက်ရန် မဖြစ်နိုင်တော့သည့်အတွက် ဤမြို့ကလေး၌ပင် တစ်ညအိပ်စက်အနားယူရန် လုကျန်း ဆုံးဖြတ်လိုက်သည်။ တည်းခိုစရာ နေရာလိုက်လံရှာဖွေနေစဉ်မှာပင် မြို့စွန်လမ်းမတစ်နေရာ၌ မထင်မရှား တည်းခိုခန်းကလေးတစ်ခု ရှိနေသည်ကို တွေ့ရ၏။

လုကျန်း ဝမ်းသာသွားသည်။

တည်းခိုခန်းထဲသို့ လှမ်းဝင်ရန် ဟန်ပြင်လိုက်စဉ်မှာပင်....

"ဟင်.... အစ်ကိုပါလား...."

ချိုလွင်သာယာသောစကားသံ နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

လုကျန်း အံ့သြကာ လှည့်ကြည့်လိုက်သည်။

တုတုချင်းက ပြုံး၍ကြည့်နေသည်ကို တွေ့မြင်လိုက်ရ၏။

လုကျန်း ပြုံးလိုက်သည်။

"ညီမ ဒီမှာနေတာလား...."



"ဟုတ်တယ်.... ကျွန်မတို့ ဒီမှာတည်းခိုနေတာပါ...."

"သြော်.... သြော်.... ဦးကော"

"ဖေဖေရှိပါတယ်.... လက်မှဒဏ်ရာရထားတော့ အိပ်ရာထဲမှာ အနားယူနေပါတယ်...."

လုကျန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

"ကျွန်တော်လည်း တစ်ညလောက်တည်းခိုဖို့ နေရာရှာရင်း ဒီကိုရောက်လာတာပါ...."

"အတော်ပဲ....ဒါဖြင့် ကျွန်မတို့နဲ့ အတူတူတည်းပါလားမောင်"

လုကျန်း ရင်လေးသွားသည်။

တုတုချူးတို့နှင့် အတူတူနေလျှင် အန္တရာယ်နှင့်ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ရိပ်မိသည်။

ဤမြို့ကလေးတွင် လူကုံထံဝမ်၏သြဇာအာဏာ အတော်ကလေးကြီးမားကြောင်း သူ ကြားသိပြီး ဖြစ်သည်။

သူသည် အားနည်းသူများကို အမြဲကူညီခဲ့၏။ ယခုမှ အဘယ်ကြောင့် ရှောင်လွဲသွားရမည်နည်း။

သူကူညီမှ ဖြစ်မည်ဟု တွေးမိလိုက်သည်။

"အင်း....ဒီမှာ အေးအေးဆေးဆေးရှိပုံရသားပဲ....ကောင်းပြီလေ ဒီမှာပဲ တည်းတာပေါ့...."

လုကျန်းက အခန်းတစ်ခန်းငှားလိုက်လေသည်။

ဆိုင်ရှင်သည် တုတုချူးတို့နှင့် ခင်မင်ရင်းနှီးပြီးသူဟု ရိပ်မိသဖြင့် အခန်းချင်းကပ်လျက်နေရာချထားပေးသည်။ လုကျန်းက သူ၏အခန်းသို့ မဝင်သေးဘဲ တုတုချူးထံသို့သွားကာ နှုတ်ဆက်စကား ပြောလိုက်၏။

တုတုချူးမှာ တုတုချင်းနှင့်အတူပါလာသည့် လုကျန်းကိုတွေ့

လျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ဟင်....မိတ်ဆွေလေး ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲဗျ...."

"ဩော် .... ကျွန်တော်လည်း ခရီးသွားတစ်ယောက်ပါ.... တစ်ညတာ တည်းခိုဖို့ နေရာရှာရင်း ဒီကိုရောက်လာတာပါ...."

"ဟာ .... ဝမ်းသာစရာပဲ .... ကျုပ်တို့ စကားပြောဖော်ရတာပေါ့...."

တုတုချင်းက ....

"ဖေဖေက ဘာတွေများပြောစရာရှိသေးလို့လဲ .... "

"ဩော် .... သမီးရယ် ဖေဖေ့ရင်ထဲမှာ ပြောစရာစကားတွေ အများကြီး ရှိတာ သမီးသိပါတယ် .... ဖေဖေတို့ ဒီလိုအခြေအနေမျိုး ရောက်မလာသင့်ဘူး မဟုတ်လား...."

လုကျန်းသည် တုတုချင်း ညွှန်ပြသောနေရာတွင် ဝင်ရောက်ထိုင်ချလိုက်၏။

တုတုချူးက ....

"မိတ်ဆွေလေး ကျုပ်တို့ကို ကူညီခဲ့တာ ကျေးဇူးတင်မဆုံးပါဘူး .... ဒါပေမယ့် ကျုပ်တို့ကို ကူညီလို့ သူတို့မိတ်ဆွေလေးအပေါ် ရန်ငြိုးထားကြလိမ့်မယ် ထင်တယ်...မိတ်ဆွေလေး ဒီနေရာက မြန်မြန် ထွက်သွားကြဖို့ ကောင်းတယ်ကွယ့် .... "

လုကျန်း ရယ်မောလိုက်သည်။

"ဟင်း .... ဟင်း .... ကျွန်တော့်အတွက် မပူပါနဲ့ ခင်ဗျာ .... ဦးတို့အတွက်ပဲ အရေးကြီးပါတယ်...သူတို့က ဦးကိုပိုပြီး အလိုရှိကြမှာ မဟုတ်လား...."

"အင်း .... ကျုပ်လည်း ဒီအတွက် ထွက်သွားသင့်ပြီဆိုတာ



သိပါတယ် .... ဒါပေမယ့် .... ဒီမြို့မှာ ငွေရှာလို့ကောင်းနေတဲ့အတွက် ထွက်မသွားဖြစ်တာပါ...."

လုကျန်း ဘဝင်မကျချေ။

တုတုချူးကို စိုက်ကြည့်ရင်း....

"ဦးရယ် ကိုယ့်အသက်ထက် ဘယ်အရာမှ အရေးမကြီးပါဘူး ငွေဆိုတာ အချိန်မရွေးရှာဖွေလို့ ရပါတယ်.... ငွေရှာဖို့အတွက်တော့ ဒီမှာ စွန့်စားပြီး မနေပါနဲ့လို့ ပြောချင်ပါတယ်...."

တုတုချူး မချိပြုံး ပြုံးလိုက်သည်။

"မိတ်ဆွေလေးက ကျုပ်ကို ငွေမက်တဲ့လူလို့ ထင်သွားသလား မပြောတတ်ဘူး...ကျုပ်ငွေရှာတယ်ဆိုတာ ကျုပ်တို့ သားအဖ အတွက် မဟုတ်ပါဘူး .... ဒုက္ခရောက်နေတဲ့လူတွေအတွက်ပါဗျာ"

"ဗျာ...."

"မိတ်ဆွေလေး နားမရှင်းဘူး ဟုတ်လား...."

"ဟုတ်ပါတယ် .... "

"ဒီလိုပါ .... ကျုပ်ဟာ အရင်က ဆပ်ကပ်ကြီးတစ်ခုတည် ထောင်ခဲ့တယ်ဆိုတာတော့ မိတ်ဆွေလေး သိမှာပေါ့နော် .... "

"ဦးပြောလို့ ကျွန်တော် သိပြီးပါပြီ...."

"အင်း...ကျုပ်ဟာ ဆပ်ကပ်အဖွဲ့ကို ဦးစီးပြီး တစ်တိုင်းပြည် လုံး ရာညှိလည် အသုံးတော်ခံခဲ့တာပေါ့ .... ကျုပ်တို့ဟာ ခြေသလုံး အိမ်တိုင်သမားတွေဆိုပါတော့...ဒါပေမယ့် ကျုပ်တို့ဟာ ကိုယ့်ဘဝမှာ ကိုယ်ပျော်ရွှင်ကျေနပ်နေကြတဲ့ လူတွေပါ.... အဲ .... တစ်နေ့ ဂူပိမြို့ကို ရောက်တော့ .... မဆုံးနိုင်တဲ့ ဒုက္ခတွေ တွေ့ရတော့တာပဲ...."

လုကျန်းက ကြားဖြတ်မမေးချေ။

တုတုချူး ပြောသမျှ စိတ်ဝင်စားစွာ နားထောင်နေသည်။

တုတုချူးက ဆက်ပြောလိုက်သည်။

"ဂူပိမြို့မှာ နဂါးအာမခံဌာနရှိတယ်...အဲဒီ အာမခံဌာနပိုင်ရှင်ဟာ ကွမ်းကြိုးလုလို့ ခေါ်တယ်...သူက ကျုပ်တို့ ဆပ်ကပ်အဖွဲ့ ဂူပိမြို့မှာ ပြသတော့ လာကြည့်တယ်လေ.... အဲဒီမှာ သူဟာ ကျုပ်ရဲ့သမီးကလေးကို မျက်စိကျသွားတယ်ဆိုပါတော့ ...."

တုတုချူးက ခဏနားလိုက်၏။

ပြီးမှ ....

"ကွမ်းကြိုးလုဟာ အသက်ငါးဆယ်နားကပ်နေပြီ .... မိန်းမတွေ အများကြီးရှိတဲ့ သူပေါ့.... သူ့ကို ကျုပ်က ဘယ်လိုလုပ်သဘောတူနိုင်မှာလဲ.... ဒါကြောင့် ခပ်ပြတ်ပြတ်ပဲ .... ငြင်းလွှတ်လိုက်တယ်.... သူဟာ ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာရှိတဲ့လူမှန်း သိပါတယ်.... ဒါပေမယ့်....ကျုပ်တို့ဟာ ရိုးသားပြီး လွတ်လပ်တဲ့ဘဝကို မက်တယ်၊ ရွှေပုံပေါ်စံပြီး စိတ်ဆင်းရဲရမယ့်ဘဝမျိုး မလိုလားဘူး....ကျုပ်သမီးလေးကိုလည်း သည်လိုဘဝမျိုး အရောက်မခံနိုင်ဘူး...."

လုကျန်းက ကြားဖြတ်မေးလိုက်သည်။

"ကွမ်းကြိုးလုက ဦးရဲ့သမီးကို လက်ထပ်ချင်တယ်လို့ ပြောတာလား...."

"ဟုတ်တယ်....သူက လူလွှတ်ပြီး ပြောခိုင်းလိုက်တယ်လေ ဦးက ငြင်းပယ်လိုက်တော့....သူက ဘာပြောသလဲ...."

တုတုချူး နာနာကြည်းကြည်း ပြုံးလိုက်သည်။

"ဟင်း....သူက အကောက်ကြံတာပေါ့....ပထမဆုံး ကျုပ်ရဲ့ ဆပ်ကပ်အဖွဲ့က အနှစ်နှစ်အလလက လေ့ကျင့်သင်ကြားထားတဲ့ တိရစ္ဆာန်တွေကို အဆိပ်ခတ်လုပ်ကြံလိုက်တယ်လေ...."

"ဟာ.... တော်တော်ဆိုးတာပဲ...."



မှန်ပေသည်။

ဆပ်ကပ်အဖွဲ့၌ လိမ္မာယဉ်ကျေးသော တိရစ္ဆာန်များ မရှိတော့လျှင် ရှေ့ဆက်ကပြနိုင်တော့မည် မဟုတ်ချေ။

တုတုချူးအား ခြေလက်များ ရိုက်ချိုးလိုက်သည်နှင့်အတူတူပင်။

တုတုချူးက ....

"ကျုပ်ပိုင်ဆိုင်တဲ့ တိရစ္ဆာန်တွေ တစ်ကောင်ပြီးတစ်ကောင်သေကုန်တယ်လေ .... ကျုပ် ဘာမှမတတ်နိုင်ခဲ့ဘူး .... ဒါပေမယ့် .... တိရစ္ဆာန်မပါဘဲ လူချည်း စွန့်စားခန်းတွေ တင်ဆက်ပြီး....ဆပ်ကပ်ပြခဲ့တယ်....ကံကောင်းတယ်ဆိုမလားပဲ....ပရိသတ်တွေက သဘောကျလက်ခံခဲ့သေးတယ် ...."

လုကျန်း ပြုံးလိုက်သည်။

"ဒီတော့ ကွမ်းကြိုးလုက နောက်တစ်မျိုးထပ်ပြီး ကြံစည်တာပေါ့ ဟုတ်လား...."

"ဒါပေါ့.... သူက ကျုပ်ရဲ့ ဆပ်ကပ်မှာ အရေးပါတဲ့ လူတွေဟာ တစ်ယောက်ပြီးတစ်ယောက် ပျောက်ဆုံးသွားကြတယ်.... သေတယ်ရှင်တယ် မသိရဘူး.... ရှာလို့လည်း မတွေ့ဘူး...."

"ဦးရဲ့ ဆပ်ကပ်အဖွဲ့ကလူတွေက သိုင်းပညာမတတ်ကြဘူးလား...."

"ကျုပ်သမီးနဲ့ ဇာစပ်ထားတဲ့ ပုရှမ်းတစ်ယောက်ပဲ သိုင်းပညာတတ်တယ်.... ဒါပေမယ့် မိတ်ဆွေလေးလောက် မတတ်သေးပါဘူး"

"ဒါထက် အဲဒီလူကရော ဘယ်ရောက်သွားသလဲဗျ...."

"သူလည်း ပျောက်သွားတာပဲ...."

"ဗျာ...."

တုတုချူးက လုကျန်းအား မချိပြုံး ပြုံးပြလိုက်ပြီး....

"လူဆယ့်လေးငါးဆယ်ယောက်ပါဝင်တဲ့ ဆက်ကပ်အဖွဲ့မှာ ကျုပ်တို့သားအဖနှစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်ဆိုရင်...မိတ်ဆွေလေး ယုံနိုင်မယ် မဟုတ်ဘူးထင်တယ်...."

"ဦးတို့သားအဖနှစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်...."

"ကျန်တဲ့လူတွေကော...."

"ကျုပ်ပြောသလိုပဲ...တစ်ယောက်ပြီးတစ်ယောက် ပျောက်သွားကြတာ နောက်ဆုံးတော့ ကျုပ်တို့သားအဖပဲ ကျန်တော့တယ်"

လုကျန်း မျက်မှောင်ကြုတ်သွား၏။

"ဒီလောက်လူတွေ အများကြီးပျောက်သွားတာ ဘာသဲလွန်စမှ မရဘူးလား...."

တုတုချူးက အင်္ကျီအိတ်ထဲမှ စာတစ်စောင် ထုတ်ယူပေးလိုက်၏။

စာမှာ အခေါက်ခေါက်အခါခါဖတ်ပြီးဖြစ်ရာ ဝါကျင့်ကျင့်အရောင်သန်းနေသလို ခေါက်ရိုးများပင် ကျိုးပြတ်နေပြီ ဖြစ်လေသည်။ လုကျန်းလည်း စိတ်ဝင်စားသွားပြီး ဖတ်ကြည့်လိုက်သည်။

အထဲတွင်....

*"အဖွဲ့သားတွေကို လိုချင်ရင် ငွေဆယ်သိန်းနဲ့လာပြီး ရွေးပါ"*

*ဓားနှစ်လက်*

ရေးသားထားသည်ကို တွေ့ရလေသည်။

လုကျန်းက စာကို ပြန်ပေးရင်း....

"ဦးက သွားရွေးတယ်ဟုတ်လား...."

တုတုချူးက ခေါင်းငြိမ်ယမ်းလိုက်သည်။



"မသွားဘူး...."

"ဘာဖြစ်လို့လဲ...."

"ကျုပ်လက်ထဲမှာ ငွေဆယ်သိန်းမှ မရှိတာ...."

"ဒါဖြင့် ဦးငွေရှာနေတာ အဖွဲ့သားတွေကို ပြန်ရွေးဖို့ပေါ့ ဟုတ်လား...."

"ဟုတ်တယ်...."

လုကျန်း သက်ပြင်းချလိုက်သည်။

"သူတို့က ဦးကို ငွေရှာဖို့ အချိန်ပေးတယ်ပေါ့...."

"ကျုပ်က ငွေဘယ်လိုပေးရမှန်းလည်းမသိ....ဘယ်မှာသွားပြီးပေးရမှန်းလည်းမသိ ဖြစ်နေချိန်မှာ ကွမ်းကြိုးလုရောက်လာပြီး.... သူ ကူညီမယ်လို့ ပြောတယ်...သူက အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးမယ်.... ကျုပ်သမီးနဲ့ သဘောတူရင် အဖွဲ့သားတွေ ချက်ချင်း ပြန်လွတ်လာစေရမယ်လို့ ပြောတော့.... မိတ်ဆွေလေး စဉ်းစားကြည့်ပေါ့.... ဒါ ဘယ်သူ့လက်ချက်ဆိုတာ ထင်ရှားနေပြီပဲ"

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်.... ကွမ်းကြိုးလု လက်ချက်ပါပဲ...."

"ကျုပ်လက်မခံဘဲ ငြင်းလိုက်တယ်...ငွေရအောင်ရှာပြီး ရွေးမယ်လို့ ဆုံးဖြတ်ပြီး မရမနေလိုက်ရှာနေတာပါ...."

လုကျန်းက လက်ကာပြလိုက်သည်။

"ဒီကိစ္စ ဦးဘာမှ စိတ်မပူပါနဲ့...ကျွန်တော် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်...."

"ဟာ.... မိတ်ဆွေကလေးကလည်း အားနာဆရာကြီး.... ကျုပ်တို့အတွက် ငွေကုန်ကြေးကျ မခံပါနဲ့ဗျာ...."

"ကျွန်တော့်မှာ ကုန်စရာ ငွေမရှိပါဘူး...."

"ဟင်.... ဒါဖြင့်...."

"ကျွန်တော် ကွမ်းကြိုးလု**ဆီကိုသွားမယ်လေ....**"

တုတုချူး၏ မျက်လုံး**များ ဝင်းဝင်းလက်သွားသည်။**

တုတုချင်းလည်း ခေါင်းထောင်လာသည်။

သူတို့လုကျန်းကို ဝိုင်းကြည့်လိုက်ကြသည်။

လုကျန်းက လေသံအေးအေးဖြင့်....

"ကွမ်းကြိုးလုက မတရားလုပ်တာဆိုရင် ဦးရဲ့လူတွေကို ပြန်တွေ့ရစေမယ်လို့ ကျွန်တော် ကတိပေးပါတယ်...."

တုတုချူးက စိုးရိမ်သောလေသံဖြင့်....

"မိတ်ဆွေလေး....ကွမ်းကြိုးလုမှာ တပည့်တပမ်း အင်မတန်ပေါများတယ်ကွယ်....မိတ်ဆွေလေးသွားလို့ ဖြစ်ပါ့မလား...."

"ကျွန်တော့်အတွက် မပူပါနဲ့....သူဘယ်မှာရှိတယ်ဆိုတာသာ လိုက်ပြပါဗျာ...."

တုတုချူး ထိုင်ရာမှထလိုက်သည်။

လုကျန်းအား လက်နှစ်ဘက်အုပ်ကာ အကြိမ်ကြိမ် ဦးညွှတ်လေ၏။

"မိတ်ဆွေလေးရဲ့ ကျေးဇူးဘယ်လိုလုပ်**ဆပ်ရမှန်း**မသိတော့ပါဘူးဗျာ...."

"ဟာရပါတယ် ဦးရယ်.... မတရားတဲ့**ကိစ္စဆိုရင် ကျွန်**တော် လက်ပိုက်ကြည့်မနေနိုင်ပါဘူး.... ဘယ်သူ့ကိုမဆို **ကူညီရမှာ**ပါပဲ...."

သူတို့စကားကောင်းနေစဉ်....

"ဒေါက်.... ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



တုတုချင်းက ခပ်သွက်သွက်ကလေးထကာ တံခါးဖွင့်ပေး၏။

တံခါးဝတွင် ဆိုင်လုလင်တစ်ယောက်ရပ်နေပါသည်။

ဆိုင်လုလင်၏ မျက်နှာညှိုးနေ၏။

တုတုချင်းကို ကြည့်ကာ....

"အစ်မလေး စိတ်မဆိုးပါနဲ့ခင်ဗျာ....အစ်မလေးတို့ တစ်တွေဒီမှာ ဆက်ပြီးတည်းခိုလို့ မဖြစ်တော့ပါဘူး...."

"ရှင်...."

မမျှော်လင့်သောစကားကြားရလျှင် တုတုချင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ဆိုင်လုလင်က....

"သူဌေးကြီးဝမ်းက အစ်မလေးတို့ကို ဆက်ပြီး တည်းခိုခွင့်မပြုရဘူးလို့ အမိန့်ထုတ်လိုက်ပါတယ်...."

တုတုချင်း **ဒေါပွသွား၏။**

"ရှင်တို့ဒီ**လောက်တောင်**ပဲ သူ့ကိုကြောက်နေရသလား...."

"စိတ်မရှိပါ**နဲ့ဗျာ....ကျွန်**တော်တို့ဆိုင်ဟာ သူ့ဆီကငွေယူထားတာမို့...သူ့စကား မ**လွန်ဆန်**ဝံ့ပါဘူး....ဒီမြို့မှာရှိတဲ့လူတွေဟာ လူကုံထံဝမ်းနဲ့တစ်ယောက်မှ မကောင်းကြပါဘူး....ကျွန်တော်တို့ကို ခွင့်လွှတ်ကြပါခင်ဗျာ...."

တုတုချင်း စိတ်ပျက်သွား၏။

အတွင်းဘက်မှ သူတို့ပြောသည့် စကားများအတိုင်းသာ ကြားနေရ၏။

တုတုချူးက....

"သမီး သူ့ကိုပြောလိုက်ပါ.... ဖေဖေတို့ အခုချက်ချင်းထွက်သွားပါ့မယ်လို့...."

တုတုချင်းက ....

"ရှင်ကြားတယ် မဟုတ်လား ...."

"ဟုတ်ကဲ့ ...."

"ဒါဖြင့် ဆိုင်ရှင်ကို သွားပြောလိုက်ပေတော့ ...."

"ကောင်းပါပြီဗျာ ...."

ဆိုင်လုလင် ခပ်ကုပ်ကုပ်လေး ထွက်သွား၏။

ဆိုင်လုလင် ထွက်သွားလျှင် တုတုချင်းက တံခါးကို ဝုန်းခနဲ မြည်အောင် ဆောင့်ပိတ်လိုက်လေတော့သည်။

တုတုချင်း၊ တုတုချူးနှင့် လုကျန်းတို့ ဧည့်ခန်းမှ ထွက်လာခဲ့ကြပြီ ဖြစ်သည်။

သူတို့ ထွက်လာသောအခါ မိုးပင်အတော်ချုပ်သွားပြီ ဖြစ်၏။ မြို့ထဲဝင်ကာ အခြားတည်းခိုခန်းများ လိုက်လံရှာဖွေလိုက်၏။ တည်းခိုခန်း အတော်များများတွေ့ပြီး အခန်းလွတ်များရှိနေသော်လည်း သူတို့ကို လက်မခံကြချေ။

ထို့နည်းတူ စားသောက်ဆိုင်များကလည်း လက်မခံကြချေ။ သူတို့စားသောက်ရန် အစားအစာရောင်းချခြင်း မပြုကြပါ။

ညစာမစားရသေးသည့်အတွက် လုကျန်းတို့ ဒုက္ခရောက်ရလေတော့သည်။

တစ်မြို့လုံးအနှံ့လျှောက်သွားပြီးသော်လည်း မည်သည့်ဆိုင်မှ လက်မခံသဖြင့် တုတုချင်း ဒေါပွသွားသည်။

"ဒီလူတွေ တော်တော်သတ္တိနည်းတာပဲ .... သူတို့ကြောင့် လူကုံထံဝမ်းလက်မထောင်နေနိုင်တာပါ ဖေဖေ.... ကျွန်မတို့ ညတွင်းချင်း ဒီမြို့က ထွက်သွားကြရင် ကောင်းမယ်...."

တုတုချူး ခေါင်းခါယမ်းလိုက်သည်။



"မိုးချုပ်နေပြီ .... ခရီးသွားလို့ မကောင်းတော့ဘူး သမီးရဲ့ အနီးဆုံးမြို့တစ်မြို့ရောက်အောင် မိုင်နှစ်ဆယ်လောက် သွားကြရမယ် မဟုတ်လား ...."

"အို ....တခြားမြို့ရောက်တော့လည်း လမ်းဘေးမှာ အိပ်ကြတာပေါ့ ....သမီး ဒီမြို့မှာတော့ ဆက်မနေချင်တော့ဘူး ...."

"သမီး ဘာမှမစားတော့ဘူးလား ...."

"စားချင်စိတ်မရှိတော့ပါဘူး ဖေဖေရယ် ...."

သူတို့နှစ်ယောက်၏ပြောစကားများကို ကြားလျှင် လုကျန်း စိတ်မကောင်းဖြစ်သွားသည်။

သူက အမျိုးမျိုးစဉ်းစားတွေးတောပြီး ဆုံးဖြတ်ချက်တစ်ခု အနိုင်အမာချလိုက်လေသည်။

ထုတုချူးနှင့် တုတုချင်းကို ကြည့်ကာ ....

"ဦးတို့ ဘယ်မှသွားစရာမလိုပါဘူး .... စားစရာနဲ့ အိပ်စရာ နေရာရှိပါတယ် .... ဒီမြို့မှာ အကောင်းဆုံးဆိုတဲ့ နေရာပေါ့ ...."

တုတုချူး မျက်မှောင်ကြုတ်သွား၏။

"မိတ်ဆွေလေးရဲ့ သူငယ်ချင်း အပေါင်းအသင်းတွေ ရှိလို့လား...."

"မရှိပါဘူးခင်ဗျာ ...."

"ဒါဖြင့် ...."

"ကျွန်တော်တို့ အခုလိုဖြစ်နေရတာဟာ .... သူဌေးကြီးဝမ်ကြောင့်မဟုတ်လား ....ဒီတော့ ကျွန်တော်တို့ရဲ့ကိစ္စအဝဝကို သူတာဝန်ယူရလိမ့်မယ် ...."

တုတုချူး အံ့သြသွားသည်။

"မိတ်ဆွေလေး ဆိုလိုတာက ...."

အမှတ် ၁၅/၁၃၀

"ကျွန်တော်တို့ သူဌေးကြီးဝမ်ဆီကို သွားမယ် .... စားစရာ သောက်စရာ အိပ်စရာနဲ့ .... ငွေကြေးရအောင် တောင်းမယ်လေ .... သူပေးလိမ့်မယ်လို့ ကျွန်တော်အာမခံပါတယ် ...."

ထိုစကားကိုကြားလျှင် တုတုချင်း ပြုံးလိုက်သည်။

လုကျန်းအား ရွှန်းရွှန်းစားစားကြည့်ရင်း ....

"အစ်ကိုဟာ အင်မတန် ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပါပဲ ...."

ဟု ချီးကျူးလိုက်လေတော့သည်။

## အခန်း(၁၀)

## သူ့အစီအစဉ်

"ဝမ်စံအိမ် ...."

ဝမ်စံအိမ်သည် **အလွန်ကြီး**ကျယ်ခမ်းနားသော **စံအိမ်ကြီး**တစ်ခုဖြစ်လေသည်။

ဝမ်စံအိမ်၏ရှေ့တွင် အစောင့်လေးငါး**ယောက် စောင့်**ကြပ်နေလေသည်။

လုကျန်းတို့ ဝမ်စံအိမ်ရှေ့သို့ရောက်ရှိလာ**သောအခါ အစောင့်**များက ဟန့်တားလိုက်ကြလေသည်။

"ရပ်လိုက်ကြစမ်း ...."

တုကုချင်းနှင့် တုတုချူးတို့က လုကျန်းအား **ကြည့်**လိုက်ကြလေသည်။

လုကျန်းက ရှေ့သို့ လှမ်းထွက်သွားပြီး ....

"သူဌေးကြီးဝမ်ရှိသလား .... ကျုပ်တို့ သူ့ကိုတွေ့ချင်တယ်"

အစောင့်များအနက် တစ်ယောက်က လုကျန်းကိုမြင်လျှင် မြင်ခြင်း ထစ်ထစ်ငေါ့ငေါ့ပြောလေ၏။

"မင်း ....မင်း ...."

လုကျန်းက ....

"ကျုပ်ကို မှတ်မိတယ်ဆိုရင် ....သူ့ငွေးကြီးဝမ်ကို မြန်မြန်သွားပြီး အကြောင်းကြားလိုက်ပါ ...."

အစောင့်က ချက်ချင်းပြေးထွက်သွားလေတော့သည်။

မကြာပါချေ။

လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူသုံးလေးဆယ်ခန့် ပြေးထွက်လာကြသည်။

တုတုချူးတို့ မျက်နှာပျက်သွား၏။

"ဦးတို့ ဘာမှမစိုးရိမ်ပါနဲ့ .... ကျွန်ပော် အဆင်ပြေအောင်ကြည့်လုပ်ပါ့မယ် .... ကျွန်တော့်ကိုသာ တလွဲမထင်ကြပါနဲ့ ...."

တုတုချူးက ခေါင်းညိတ်လိုက်သည်။

"မိတ်ဆွေလေးကို ကျုပ်ယုံကြည်ပါတယ် ...."

လုကျန်က အစောင့်များကို စေ့ကြည့်လိုက်ပြီး ....

"ဟေ့ .... သူ့ငွေးကြီးဝမ် ဘယ်မှာလဲကွ ...."

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ကောင်းကျင်းထွက်လာ၏။

ကောင်းကျင်းသည် လုကျန်းအား တွေ့လျှင် မျက်လုံးပြူးသွား၏။

လုကျန်းအား လက်ညှိုးထိုးရင်း ....

"မင်း .... မင်း .... ဘာလာလုပ်တာလဲ ...."

ဟု မေးလိုက်၏။

လုကျန်းက ပြုံးကာ ....

"သူ့ကို လာပို့တာလေ .... ဟဲ .... ဟဲ ...."



ကောင်းကျင်း မယုံကြည်နိုင်ချေ။

တုတုချင်းကို ကြည့်ကာ ....

"သူပြောတာ ဟုတ်ရဲ့လား ...."

တုတုချင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ...."

အမှန်တော့ သူမသည် လုကျန်းအား ယုံကြည်မှုဖြင့် ခေါင်းညိတ်လိုက်ခြင်းဖြစ်ပါသည်။

ကောင်းကျင်း ဝမ်းသာသွား၏။

တုတုချင်းက မင်သေသေဖြင့် ....

"ကျွန်မသွားစရာနေရာမှ မရှိတော့ဘဲ ....ဒီကိုမလာလို့ ဘယ်ကိုသွားရမလဲရှင့် ...."

"ဟဲ .... ဟဲ .... ဒီလိုလိမ္မာမှပေါ့ .... ကဲ .... လာ .... ကျုပ်နောက်ကို လိုက်ခဲ့ကြပါ ...."

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

ကောင်းကျင်း လွန်စွာဝမ်းသာနေ၏။

လုကျန်းတို့ လိုက်သွားကြ၏။

မကြာပါချေ။

ကြီးမားခန့်ညားသော စံအိမ်ကြီးအတွင်းသို့ ရောက်ရှိသွားကြလေတော့သည်။

စံအိမ်ကြီးအတွင်း၌ မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားကြသည်။

ခန်းမအလယ်၌ စားပွဲရှည်ကြီးတစ်လုံးရှိ၏။

အိမ်ဖော်များ အပြေးအလွှားခင်းကျင်းလိုက်ကြခြင်းဖြင့် စားသောက်ဖွယ်ရာများ ပြည့်လျှံသွားသည်။

**ကောင်းကျော်က** လုကျန်းတို့အား ထိုင်ခုံများတွင် နေရာချထားပေးလိုက်လေ**သည်။**

"ကဲ ....**ထိုင်ကြပါ** ....စားစရာရှိတာ စားပါဦး ....သူဌေးကြီး မကြာခင် ရောက်လာပါလိမ့်မယ် ...."

လုကျန်းက ရယ်မောရင်း ....

"ဟုတ်တယ် ....သူဌေး**ကြီးရောက်လာမယ့်အ**ချိန်ကို စောင့်ရင်း စားကြတာပေါ့ ...."

စကားဆုံးသည်နှင့် **စားသောက်**ဖွယ်ရာများကို ထည့်ကာ **စား**သောက်လိုက်ကြသည်။

တုတုချင်းနှင့် တုတုချူးတို့လည်း ဆာလောင်နေကြပြီဖြစ်လေသည်။

လုကျန်း စားသောက်နေသည်ကိုတွေ့လျှင် ဟန်မဆောင်နိုင်**တော့ဘဲ** အားရပါးရ စားသောက်လိုက်ကြလေတော့၏။

သူတို့ အားရပါးရ စားသောက်နေကြသည်ကို ကောင်းကျင်း**က သ**ဘောကျစွာ ပြုံး၍ကြည့်နေလေသည်။

ကောင်းကျင်းနှင့်အတူ တပည့်အချို့လည်း အခြေအနေကို **စောင့်**ကြည့်နေကြ၏။

သူတို့သည် လုကျန်းအား မယုံဝံ့ဝံ့ ယုံဝံ့ဝံ့ဖြစ်နေကြ၏။

လုကျန်းလက်ချက်ကြောင့် သူတို့အတော်ကလေး ဒုက္ခ**ရောက်**ခဲ့ကြရသေးသည် မဟုတ်ပါလား။

မကြာမီ ခြေသံများ ထွက်ပေါ်**လာလေ**၏။

"သူဌေးကြီးဝမ် ကြွလာပြီ ...."

ထိုစကားသံကို အားလုံးပင် **ကြား**လိုက်ရ၏။

ထိုအချိန်၌ လုကျန်းတို့ **စားသောက်**ပြီးစီးသွားပြီဖြစ်သည်။



လုကျန်းက တုတုချူးအား ပြုံးပြကာ ....

"ကဲ .... ကျွန်တော်တို့ ဗိုက်ဝသွားပြီ .... အိပ်စရာနေရာနဲ့ ငွေပေးမယ့်လူလည်း လာပြီဗျ ...."

ဟု ပြောလိုက်ရာ တုတုချူးတို့ သဘောကျသွားကြသည်။

မကြာမီ ....

ခန်းမဆောင်အတွင်းသို့ လူတစ်စုဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ဝဝဖိုင့်ဖိုင့် အသက်လေးဆယ်ကျော်ခန့်ရှိသူတစ်ယောက်အား လူဆယ်ယောက်ခန့် ခြံရံပြီး ဝင်ရောက်လာခြင်းဖြစ်သည်။ ဝဝဖိုင့်ဖိုင့်ရှိသူမှာ အဖိုးတန်အဝတ်အစားများကို ဝတ်ဆင်ထားပြီး မာန်မာနခက်ထန်ပုံရသည့်အတွက် သူဌေးကြီးဝမ်ဖြစ်ကြောင်း **သိသာနိုင်၏။**

မှန်ပေသည်။

ထိုလူမှာ သူဌေးကြီးဝမ်ဖြစ်လေ**သည်။**

သူဌေးကြီးဝမ်သည် ခန်းမဆောင်အတွ**င်းရောက်**လာသည်**နှင့်** **တုတုချ**င်းအား မျက်လုံးပြူးကြီးဖြင့် ကြည့်လိုက်**သည်။**

ထို့နောက် သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်**သည်။**

"ဟား ....ဟား ....နောက်ဆုံးတော့ ကျုပ်ဆီကိုရောက်လာ**တာပဲမ**ဟုတ်လား .... ဟေ့ ....သူနဲ့အတူပါလာတဲ့လူတွေကိုခေါ်သွား**ပြီး အနောက်**ဘက်အဆောင်မှာ နေရာပေးလိုက်ပါ ....ကောင်းကောင်း**မွန်မွန်ဧည့်**ခံထားလိုက် .... ဟုတ်ပြီလား ...."

သူ၏အမိန့်ပေးသံကြားလျှင် ကောင်းကျင်းက လုကျန်းတို့အနီးသို့ ရောက်လာပြီး ပြောလိုက်လေ၏။

"ကဲ မိတ်ဆွေတို့ ....ကျုပ်နောက်ကို လိုက်ခဲ့ကြပါဗျာ ...."

လုကျန်းက မျက်မှောင်ကြုတ်ကာ ....

"ကျုပ်တို့ ဘယ်ကိုလိုက်ရမှာလဲ ...."

"အနောက်ဘက်အဆောင်မှာ မိတ်ဆွေတို့အတွက် သီးသန့် အခန်းတွေ ပြင်ဆင်ပေးပါ့မယ် ...."

"သူကကော ...."

တုကုချင်းအား ညွှန်ပြရင်း မေးလိုက်လေသည်။

ကောင်းကျင်းက အဓိပ္ပါယ်ပါပါပြုံးကာ ....

"သူ့ကိုတော့ သူဌေးကြီးဝမ်ကိုယ်တိုင် ပြုစုဧည့်ခံပါလိမ့်မယ်"

လုကျန်းက ရယ်မောလိုက်သည်။

"ဟား ....ဟား ....သူဌေးကြီးက တယ်လည်း မျက်နှာလိုက် တာကိုး ...."

သူ၏အသံ အနည်းငယ်ကျယ်လောင်သွားသဖြင့် သူဌေးကြီး ဝမ်က လှမ်းကြည့်လိုက်၏။

လုကျန်းအား မနှစ်မြို့ဟန်ဖြင့် ကောင်းကျင်းကို လက်ဖျော့ ယမ်းပြလိုက်သည်။

ကောင်းကျင်းက ....

"သူဌေးကြီးကတော့ မြန်မြန်သွားစေချင်ပြီဗျ ....ခင်ဗျားဟာ ပါးနပ်လိမ္မာတဲ့လူဖြစ်မယ်လို့ ကျုပ်ယုံကြည်ပါတယ် ....ခင်ဗျားရဲ့သိုင်း ပညာနဲ့ဆို သူဌေးကြီးဆီမှာ နေရာကောင်းကောင်းရနိုင်ပါတယ် .... ကျုပ်ပြောပေးပါ့မယ် ...."

"ကျေးဇူးတင်ပါတယ်ဗျာ ....ဒါပေမဲ့ ခင်ဗျားနေရာမြဲအောင် သာ ကြိုးစားပါ ...."

"ဗျာ ...."

လုကျန်းက စကားမပြောတော့ဘဲ သူဌေးကြီးဝမ်ထံသို့ ဦး



တည်လျှောက်သွားလေသည်။

ကောင်းကျင်းက ရင်ထိတ်သွားပြီး ....

"ခင်ဗျား ဘယ်သွားမလို့လဲ ...."

သူ့စကားမဆုံးမီ လုကျန်းသည် သူဌေးကြီးဝမ်ရှေ့သို့ ရောက် ရှိသွားပြီးဖြစ်ပါသည်။

သူဌေးကြီးဝမ်က မျက်မှောင်ကြုတ်ကာ ....

"မင်းက ဘယ်သူလဲ ...."

"ကျုပ်နာမည် လုကျန်းလို့ခေါ်တယ် ...."

"မင်းကို ကျုပ်မသိပါဘူး ...."

"သိစရာမလိုပါဘူး .... ကျုပ်ဒီကထွက်သွားတော့မယ့်လူပဲ ဒါပေမဲ့ မသွားခင် .... ပြောစရာရှိတာကိုတော့ ပြောသွားချင်တယ်"

လုကျန်း၏မျက်နှာအမူအရာကိုတွေ့ရလျှင် သူဌေးကြီးဝမ်က စိုးရွံ့သွား၏။

သူ့အား အန္တရာယ်ပြုမည့်သူဟာ ချက်ချင်းနားလည်သဘော ပေါက်သွားသည်။

ထို့ကြောင့် နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ပြီး ....

"ဘာလုပ်နေကြတာလဲ .... သူ့ကို ဝိုင်းဖမ်းလိုက်ကြစမ်း"

ဟု အော်ဟစ်အမိန့်ပေးလိုက်လေသည်။

သူ၏အသံကျယ်လောင်စွာထွက်ပေါ်လာသောအခါ ကောင်း ကျင်းနှင့် အခြားတပည့်များ လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ချက်ချင်း ဝိုင်းရံလာကြ၏။

သို့သော် ....သူတို့ထက်ဦးအောင် လုကျန်းက လှုပ်ရှားလိုက် လေသည်။

ရှေ့သို့ လျှပ်တစ်ပြက်တိုးသွားပြီး သူဌေးကြီးဝမ်၏ လက်ကို

ဖမ်းဆွဲလိုက်သည်။

အတွင်းအားကိုအသုံးပြုကာ ဖျစ်ညှစ်လိုက်လျှင် ....

"အမယ်လေး ...."

နာကျင်မှုကြောင့် သူဌေးကြီးဝမ် အော်ဟစ်လိုက်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များလည်း စီးကျလာလေသည်။

လုကျန်းက ချက်ချင်းအမိန့်ပေးလိုက်သည်။

"ခင်ဗျားတပည့်တွေကို ခုချက်ချင်း နောက်ပြန်ဆုတ်နိုင်းလိုက် ...."

သူဌေးကြီးဝမ်က ....

"ဟေ့ .... ဟေ့ .... နောက်ဆုတ်လိုက်ကြစမ်း ...."

ဝိုင်းရံလာ**သူအားလုံး နောက်**ဆုတ်သွားကြ၏။

လု**ကျန်းက ....**

"ခင်**ဗျား ဘာ**ကြောင့် သူများကိုဒုက္ခပေးချင်ရတာလဲ .... သူများကို ဒု**က္ခပေးရင်** .... သေရမယ်ဆိုတာ မသိဘူးလား ...."

"ကျု**ပ်အသက်**ကို ချမ်းသာပေးပါဗျာ ...."

"ဟင် .... **ကိုယ့်အ**သက်ကျတော့ တယ်လည်း သိတတ်ပါလား .... ကောင်း**ပြီ .... ဘာ**ကြောင့် သူတို့ကို နှောင့်ယှက်ရတာလဲ"

"ဟို ....ဟို ....ဂူပိမြို့က နဂါးအာမခံဌာနခေါင်းဆောင် ကွမ်းကြီးလုရဲ့အမိန့်ကြောင့်ပါဗျာ ....သူဟာ ကျုပ်ရဲ့ဆရာပါ ....ကျုပ် သူ့ရဲ့အမိန့်ကို မလွန်ဆန်ဝံ့လို့ပါ ...."

"လက်စသတ်တော့ ကွမ်းကြီးလုလက်ချက်ကိုး ....သူ ဘယ်မှာလဲ ပြောစမ်း ...."

"သူ .... သူ ဂူပိမြို့မှာရှိပါတယ် ...."



"ဆပ်ကပ်အဖွဲ့သားတွေကို ဖမ်းထားတာ ဘယ်သူလဲ ...."

"သူ ....သူပါပဲဗျာ ....အမယ်လေး ကျုပ်လက်ကျိုးပါတော့မယ် ....လွှတ်ပါဦးဗျာ ...."

လုကျန်းက လွှတ်မပေးသည့်အပြင် ထပ်မံဖျစ်ညှစ်လိုက်လေသည်။

သူဌေးကြီးဝမ် ငယ်သံပါအောင် အော်ဟစ်လိုက်သည်။

ထိုအခါ ကောင်းကျင်းမနေနိုင်တော့ဘဲ ....

"သေပေတော့ ...."

အော်ငေါက်ကာ လုကျန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

လုကျန်းက လက်ဖွေ့ယမ်းလိုက်သည်။

"ငုန်း ...."

အသံတ**စ်ချက်ထွက်ပေါ်**လာပြီး ကောင်းကျင်းမှာ ကြမ်းပြင်ပေါ်သို့ ပုံလျက်**သား လဲကျသွား**လေသည်။

လု**ကျန်း၏ လက်ဝါး**ချက်ကြောင့် မလှုပ်ရှားနိုင်တော့ဘဲ သတိလစ် **မေ့မြောသွားလေတော့**သည်။

ကောင်း**ကျင်း ခံလို**က်ရသည်ကိုတွေ့လျှင် ကျန်လူများ မလှုပ်ရှားဝံ့**တော့ချေ။**

လု**ကျန်းက ....**

"**ကွမ်းကြီး**လုက ဆပ်ကပ်အဖွဲ့သားတွေကို ဘယ်မှာဖမ်းထားသလဲ **ပြောစမ်း ....**"

"သူ .... သူက နဂါးအာမခံဌာနထဲမှာပဲ ဖမ်းထားပြီး ချုပ်နှောင်ထားပါတယ် ....ကျုပ်က သူ့အမိန့်အတိုင်းလုပ်ရတာပါ ....ကျုပ်ကို လွှတ်ပေးပါဗျာ ...."

"ကောင်းပြီ .... ခင်ဗျားအပြစ်ကို ခွင့်လွှတ်လိုက်မယ် ....

ဒါပေမဲ့ ကျုပ်တို့ဒီမှာ တစ်ညတည်းခိုမယ် ....မနက်ဖြန်ကျမှ ထွက်သွားမယ် .... အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ ...."

"စိတ် .... စိတ်ချပါ ခင်ဗျာ ...."

"ခင်ဗျားလည်း ကျုပ်တို့နဲ့အတူတူနေရမယ် ...."

"ဟာ .... မလုပ်ပါနဲ့ဗျာ ...."

"စကားမရှည်နဲ့ သေသွားချင်သလား ...."

သူဌေးကြီးဝမ် ဝါးစပ်ပိတ်ထားလိုက်ရလေသည်။

လုကျန်း၏ တောင်းဆိုချက်အတိုင်း အကောင်းဆုံးအခန်းများ ပြင်ဆင်ပေးရလေသည်။

စားသောက်ဖွယ်ရာများကိုလည်း အလျှံပယ်ပို့ဆောင်ပေးရ၏။

လုကျန်းက သူဌေးကြီးဝမ်အား သွေးကြောပိတ်ကာ အခန်းအတွင်းသို့ခေါ်ဆောင်ထားလိုက်သည်။

သူဌေးကြီးဝမ်အား ဖမ်းချုပ်ထားလျှင် မည်သူမျှ ဒုက္ခပေးဝံ့တော့မည်မဟုတ်ကြောင်း သူနားလည်ထားသည်။

ယနေ့ညအတွက် အိပ်စက်ရန်နှင့် စားသောက်ရန် စိတ်ပူစရာမလိုတော့ချေ။

လုကျန်းပြောသလို အကောင်းဆုံး အစားအစာများနှင့် အခန်းရရှိသွားခဲ့ကြလေတော့သည်။

ပုပ်ပြို့ ....

ပုပ်ပြို့သည် အိမ်တစ်ထောင်ခန့်ရှိသော စည်ကားသောမြို့တစ်မြို့ဖြစ်လေသည်။



နဂါးအာမခံဌာနသည် ပုပ်ပြို့တောင်ဘက်၌ တည်ရှိသည်။

နဂါးအာမခံဌာနသည် အလွန်ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခုအတွင်းတည်ရှိပြီး အောင်မြင်ကျော်ကြားသော အာမခံဌာနတစ်ခုဖြစ်လေသည်။

နဂါးအာမခံဌာနပိုင်ရှင် ကွမ်းကြိုးလု၏ သိုင်းပညာမှာ အလွန်တော်ပြီး အာမခံပစ္စည်းများ ပျောက်ရှခြင်းမရှိအောင် တာဝန်ယူ ပို့ဆောင်ပေးနိုင်သည်ဟု နာမည်ကြီးနေ၏။

နဂါးအာမခံဌာနတွင် အခြားသော သိုင်းဆရာအများအပြားရှိကြသေးသည်။

အာမခံပိုင်ရှင် ကွမ်းကြိုးလုသည် ပုပ်ပြို့တောင်ဘက်ရှိ မုန်တိုင်းဂိုဏ်းနှင့် မဟာမိတ်ပြုလုပ်ထားသည်။ မုန်တိုင်းဂိုဏ်းနှင့် မဟာမိတ်ဖွဲ့ပြီးပါက နဂါးအာမခံဌာန၏အမည်မှာ မြေလတ်ပိုင်းသို့တိုင် ကျော်ကြားလာမည်ဟု လူအများက ခန့်မှန်းထားကြသည်။

ပုပ်ပြို့သို့ လုကျန်းရောက်ရှိလာသောအခါ နေမွန်းတည့်နေပြီဖြစ်သည်။

ပုပ်ပြို့သို့ရောက်ရှိလာသည်နှင့် လုကျန်းက တုတုချင်းနှင့် တုကုချူးတို့အား မြို့စွန်တည်းခိုခန်း၌ တည်းခိုစေသည်။ ထို့နောက် မြို့ထဲသို့ ထွက်ကာ သတင်းစုံစမ်းလေသည်။

ထိုအခါ တိုက်တိုက်ဆိုင်ဆိုင်ပင် ယနေ့ညနေပိုင်းတွင် မြို့လယ်ရှိ ပုပ်စားသောက်ဆိုင်၌ နဂါးအာမခံဌာနနှင့် မုန်တိုင်းဂိုဏ်းတို့ မဟာမိတ်ဖွဲ့သည့် အခမ်းအနားကို ကျင်းပလိမ့်မည်ဖြစ်ကြောင်း သိရှိရ၏။

လုကျန်း ဝမ်းသာသွားသည်။

တုတုချင်းတို့တည်းခိုနေသော မြို့စွန်တည်းခိုခန်းသို့ ပြန်သွားပြီးညနေပိုင်းအချိန်ရောက်မှ ဆပ်ကပ်အဖွဲ့သားများကို ကယ်တင်ရန်

ဆုံးဖြတ်လိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ညနေဆည်းဆာအချိန်သို့ပင် ရောက်ရှိလာပြီဖြစ်ရာ တစ်နေ့ခင်းလုံး အိပ်ပျော်နေခဲ့သည့် လုကျန်းကို တုတုချင်းက လာနှိုးလေသည်။

လုကျန်းအိပ်ရာမှ နိုးလာသည်နှင့် နဂါးအာမခံဌာနသို့သွားကာ ကယ်တင်နိုင်ရန် စီစဉ်လေတော့သည်။

တုတုချင်းနှင့် တုတုချူးတို့လည်း လိုက်လိုကြသည်။

သို့သော် .... လုကျန်းက သူတို့အား လိုက်ခွင့်မပြုချေ။

အကြောင်းမှာ မမျှော်လင့်ဘဲ တိုက်ပွဲဆင်နွှဲရလျှင် ဒုက္ခရောက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

တုကုချင်းနှင့် တုတုချူးတို့လည်း လုကျန်းခွင့်မပြုသဖြင့် မကျေမနပ်ဖြင့် နေခဲ့ရလေသည်။

လုကျန်းသည်လည်း တည်းခိုခန်းမှထွက်လာပြီးသည်နှင့် ဦးစွာ မြို့လယ်သို့ သွားသည်။

မြို့လယ်ရှိ ဂူပိစားသောက်ဆိုင်အနီးသို့ရောက်လျှင် မလှမ်းမကမ်းမှ အကဲခတ်ကြည့်ရှုလေ၏။

ဂူပိစားသောက်ဆိုင်သို့ ဧည့်သည်များက တဖွဲဖွဲရောက်လာနေကြသည်ကို တွေ့မြင်ရ၏။

နဂါးအာမခံဌာနခေါင်းဆောင် ကွမ်းကြိုးလုကိုယ်တိုင် ရောက်ရှိနေလောက်ပြီဟု ယူဆမှ ကြိုတင်စုံစမ်းထားခဲ့အတိုင်း နဂါးအာမခံဌာနသို့ ထွက်လာခဲ့လေတော့သည်။

နဂါးအာမခံဌာန ....

နဂါးအာမခံဌာန[illegible]သော ဆိုင်းဘုတ်အား အဝေးမှပင် လှမ်း



မြင်တွေ့နိုင်သည်။

အနက်ရောင်အောက်ခံ၌ ရွှေရောင်ဖောင်းကြွစာလုံးကြီးများ ဖြင့်ရေးသားထားပြီး ခြံဝင်းအဝင် တံခါးမကြီးပေါ်၌ ချိတ်ဆွဲထားသည်။

လုကျန်းက တံခါးဝရှေ့တွင် ရပ်ကာ ဆိုင်းဘုတ်ကို မော့ကြည့်လိုက်သည်။

တစ်ဖန် အတွင်းဘက်သို့ ကြည့်လိုက်သည်။

ထိုစဉ် အတွင်းဘက်မှ လူတစ်ယောက်ထွက်လာပြီး ....

"ကြွပါခင်ဗျာ ကြွပါ ....အာမခံပစ္စည်းအပ်နှံမလို့ထင်ပါတယ် **အထဲကို** ကြွပါခင်ဗျာ ...."

ယဉ်ကျေးသိမ်မွေ့စွာ ဖိတ်ခေါ်လိုက်သည်။

လုကျန်း အသာအယာခေါင်းညိတ်ရင်း ထိုလူနောက်သို့ လိုက်သွား၏။

အတွင်းဘက်၌ အဆောက်အအုံတစ်ခုရှိနေသည်။

အာမခံပစ္စည်းလာရောက်အပ်နှံသည့်အခါလက်ခံသောနေရာ ဖြစ်သည်။

စားပွဲတစ်လုံးချထားပြီး လူတစ်ယောက်ထိုင်နေ၏။

စားပွဲပေါ်တွင် စာရင်းဇယားများနှင့် ပေသီးတစ်ခု တင်ထားသည်။

ဧည့်ကြိုက စားပွဲရှေ့သို့ပို့ဆောင်လာပြီးသည်နှင့် အပြင်ဘက်သို့ ပြန်ထွက်သွားသည်။

စားပွဲပေါ်၌ထိုင်နေသူက လုကျန်းအား သူနှင့်မျက်နှာချင်းဆိုင်ထိုင်ရန် နေရာပေးလိုက်ပြီး သူတို့အာမခံဌာန၏ လုပ်ငန်းတို့ကို ပြောပြလေသည်။

"အမိန့်ရှိပါ ခင်ဗျာ ...ဘယ်လိုပစ္စည်းမျိုး ပို့ဆောင်ပေးရမယ်

ဆိုတာ သိပါရစေ ....ကျွန်တော်တို့ အာမခံဌာနက ပို့ဆောင်ပေးရတဲ့ ပစ္စည်း မပျောက်ပျက်အောင် တာဝန်ယူပါတယ် .... ပို့ဆောင်ခပေးတာကတော့ ပစ္စည်းတန်ဖိုးရဲ့ ငါးရာခိုင်နှုန်းယူပါတယ် ...."

လုကျန်းက မျက်နှာထားတည်တည်ဖြင့် ....

"ငါးရာခိုင်နှုန်းယူတာ မများဘူးလားဗျ ...."

"မများပါဘူးဗျာ ....အာမခံပစ္စည်းပျောက်ဆုံးသွားသည်ဖြစ်စေ .... လုယက်ခြင်းခံလိုက်ရသည်ဖြစ်စေ .... ကျွန်တော်တို့ အာမခံဌာနက ပစ္စည်းအတိုင်း လျော်ပေးပါတယ် ....ဒါကြောင့် ပို့ဆောင်ခကို နည်းနည်းပိုယူတာပါ .... မိတ်ဆွေရဲ့ပစ္စည်းအတွက် ဘာမှစိုးရိမ်စရာ မလိုတော့ပါဘူး ...."

လုကျန်း အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ကျုပ်ပစ္စည်းအတွက် ခင်ဗျားတို့ ဘယ်လိုတန်ဖိုးဖြတ်မယ်ဆိုတာ သိချင်သေးတယ် ...."

"ဒါ လွယ်ပါတယ် ....ပို့ဆောင်ရမယ့် ပစ္စည်းအမျိုးအစားပြောပါခင်ဗျ ....ကျွန်တော် ကျသင့်ငွေကို တွက်ချက်ပေးပါ့မယ် ....ပစ္စည်းတန်ဖိုးကိုလည်း အမှန်အတိုင်းဖြစ်အောင် သတ်မှတ်ပေးပါ့မယ် ...."

"ခင်ဗျား သေချာတယ်နော် ...."

"စိတ်ချပါဗျာ ....နဂါးအာမခံဌာနအကြောင်း ဘယ်သူ့ကိုမဆို မေးမြန်းစုံစမ်းကြည့်နိုင်ပါတယ် ...."

"ကောင်းပြီလေ ....ကျုပ်အပ်နှံမယ့်ပစ္စည်းကတော့ တခြားမဟုတ်ဘူး ....လူတစ်ယောက်ပါ ...."

"ဗျာ ...."

သူ၏စကားကြောင့် ပစ္စည်းလက်ခံသူ ကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။



လုကျန်းအား နားမလည်နိုင်စွာကြည့်ကာ ....

"ဗျာ .... လူတစ်ယောက်ဟုတ်လား ...."

"ဟုတ်တယ် .... ပို့ပေးရမယ့်နေရာကတော့ ငရဲ ...."

ပစ္စည်းလက်ခံသူ ဒေါပွသွား၏။

ထိုင်ရာမှ ဝုန်းခနဲထကာ ....

"ခင်ဗျား ဘာသဘောနဲ့ လာပြီးနောင့်ယှက် ...."

သူ့စကားဆုံးအောင် မပြောလိုက်ရချေ။

လုကျန်းသည် အသင့်ယူလာသော ဓားကိုတစ်လက်ဖြင့် သူ၏ ရင်ဝသို့ ထောက်ထားလိုက်ပြီမဟုတ်ပါလား။

လုကျန်းက လေသံကိုနှိမ့်ကာ ....

"ကျုပ်အတွက်ပို့ပေးရမယ့်လူဟာ မင်းပဲ ...."

ဟု ပြောလိုက်သည်။

ထိုလူမှာ ကြောက်ရွံ့ထိတ်လန့်လွန်းသဖြင့် မျက်လုံးပြူးထွက်လာသည်။

မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ကာ နဖူးပေါ်တွင် ချွေးများစို့ရွှဲလာသည်။

လုကျန်းက ....

"ခင်ဗျားသာ ကျုပ်စကားကိုနားမထောင်ဘူးဆိုရင် ....ငရဲကိုသွားရမှာ သေချာတယ် ...."

ထိုလူက တံတွေးမျိုချရင်း ....

"ခင်ဗျားလုယက်ဖို့ ဒီကိုလာတယ်ဆိုရင် ....အမှားကြီး မှားသွားမယ် ....ဒီမှာ အဖိုးတန်ပစ္စည်း ဘာမှမရှိဘူး ...."

"ကျုပ်နားလည်တယ် .... မင်းသိထားရမှာက ကျုပ်ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ဖို့ဘဲ ....မဟုတ်ရင် သေပြီသာမှတ်"

"**ကျုပ် .... ကျုပ်** ဘာလုပ်ရမှာလဲ ...."

"**ကွမ်းကြီးလု** ဘယ်မှာလဲ ...."

"**သူ ဒီမှာမရှိဘူးဗျ** .... သူက ဂူပီစားသောက်ဆိုင်မှာ မဟာမိတ်ဖွဲ့တဲ့ပွဲကို သွားနေတယ် ...."

"ဒါဖြင့် .... ဒီမှာဘယ်သူရှိလဲ ပြောစမ်း ...."

"တာဝန်ခံသိုင်းဆရာတွေအားလုံး ဂူပီစားသောက်ဆိုင်မှာ ရောက်နေကြပါပြီ .... ဒီမှာတော့ အစောင့်နည်းနည်းပါးပါးလောက်ပဲ ချန်ထားခဲ့ပါတယ် ...."

လုကျန်းက စဉ်းစားလိုက်သည်။

ထိုလူ အမှန်အတိုင်း ပြောနေခြင်းဖြစ်ရမည်ဟု ယုံကြည်မိသည်။

"ကဲ .... ပြောစမ်း အစောင့်ဘယ်နှစ်ယောက်လောက်ရှိသလဲ"

"ဆယ်ယောက်ထက် မပိုပါဘူးဗျာ ...."

လုကျန်းက တမင်မျက်နှာထားတင်းလိုက်ပြီး ....

"ကောင်းပြီ .... ကျုပ်မေးတာကို ခင်ဗျားအ**မှန်အတိုင်းဖြေ**ရင် .... ခင်ဗျားအသက် ချမ်းသာရာရလိမ့်မယ် .... လိမ်ညာပြော**ရင်တော့** သေဖို့သာ ပြင်ထား ...."

"ဒါဖြင့် .... ဆပ်ကပ်အဖွဲ့သားတွေကို ဘယ်မှာချုပ်နှောင်ထားတယ်ဆိုတာ ပြောစမ်း ...."

"ဗျာ ...."

"**ဘာလဲ** .... မသိဘူး ပြောမလို့လား ...."

"မ .... **မဟုတ်ပါဘူးဗျာ** .... ဒီ .... ဒီကလူတွေဟာ ဘာမှ အရေးပါတဲ့လူ**တွေ မဟုတ်လို့ပါ** ...."

လု**ကျန်းက ရယ်မောလိုက်သည်**။



"သူတို့ထက် အရေးပါတဲ့လူတွေ ရှိသေးတယ်ပေါ့ .... ထားလိုက်ပါတော့လေ .... တခြားလူတွေကို မလိုချင်ဘူး .... ကျုပ်က ဆပ်ကပ်အဖွဲ့သားတွေကိုပဲ လိုချင်တယ် .... သူတို့ ဘယ်မှာလဲ ...."

"သူ .... သူတို့ကို မြေတိုက်ခန်းထဲမှာ ဖမ်းချုပ်ထားပါတယ်"

"မြေတိုက်ခန်းက ဘယ်မှာလဲ ...."

"ဒီကနေ တည့်တည့်သွားပြီး ဝဲဘက်ချိုးလိုက်ပါ .... ဒီမှာတွေ့**ရတဲ့လမ်းကလေး**အတိုင်း ဆက်လျှောက်သွားရင် အဆောက်အအုံတစ်ခုတွေ့**ပါလိမ့်မယ်** .... အဲဒီအဆောက်အအုံရဲ့ မြေတိုက်ခန်းထဲမှာ ရှိပါတယ်ဗျာ ...."

**လုကျန်း**က ခေါင်းတဆတ်ဆတ်**ညိတ်လိုက်သည်**။

"အစောင့်အကြပ်တွေကော ...."

"သူတို့ကို ဘယ်သူမှ အရေးစိုက်ပြီး မစောင့်ကြပါဘူးဗျာ"

"အခုလိုပြောတဲ့အတွက် မင်းကံကောင်းတယ် .... ဒါပေမဲ့ လိမ်ပြောတာဆိုရင်တော့ သေဖို့သာ ပြင်ထားပေတော့ ...."

စကားဆုံးလျှင် လက်ဆန့်ထုတ်ကာ သွေးကြောထိုးပိတ်လိုက်၏။

ပစ္စည်းလက်ခံသူသည် မသဲမကွဲညည်းညူကာ ပျော့ခွေကျသွားသည်။ လုကျန်းက ပွေ့ယူ၍ ထိုင်ခုံတွင် ထိုင်ကာ စားပွဲပေါ်မှာ အိပ်ပျော်နေသည့် အနေအထားပြုပြင်ပေးလိုက်သည်။

ပြီးလျှင် ထိုလူညွှန်ပြခဲ့သည့်အတိုင်း အတွင်းဘက်သို့ ခပ်သွက်သွက်ကလေး ပြေးဝင်ခဲ့လေတော့သည်။

ခြေလှမ်းသုံးဆယ်ခန့်သွား**ပြီးသောအခါ လမ်းချိုးကလေး**တစ်ခုအား တွေ့ရသည်။

လုကျန်းက ယာဘက်လမ်း**ကိုမလိုက်ဘဲ** ဝဲဘက်လမ်း**အတိုင်း**

ချိုးကွေ့ကာ ဆက်သွား၏။

မကြာမီ ....

အဆောက်အအုံတစ်ခုကို တွေ့လိုက်ရသည်။

ထိုအဆောက်အအုံ၏မြေတိုက်ခန်း၌ ဆပ်ကပ်အဖွဲ့သားများအား ဖမ်းဆီးချုပ်နှောင်ထားသည် မဟုတ်ပါလား။

ပစ္စည်းလက်ခံသူပြောသည့်အတိုင်း အစောင့်အကြပ်ဟူ၍ မတွေ့ရချေ။

နဂါးအာမခံဌာနမှလူများသည် သူတို့ထံ မည်သူမျှ လာရောက်နှောင့်ယှက်ခြင်းမပြုဝံ့ဟု ယူဆထားကြပုံရသည်။ ထို့အပြင် ယနေ့သနေ့တွင် မဟာမိတ်ပြုလုပ်ပွဲရှိနေရာ အချို့မှာ အာမခံဌာနခြံဝင်းထက် ဂူပိစားသောက်ဆိုင်ကိုပို၍ စိတ်ဝင်စားနေကြမည်ဖြစ်သည်။

အစောင့်များသည် လွတ်လပ်မှုရှိနေသည့်အတွက် လျော့ရဲရဲနိုင်နေခြင်းဖြစ်ပေတော့သည်။

လုကျန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး အဆောက်အအုံအတွင်းသို့ လှမ်းဝင်လိုက်၏။ ဤတွင် အစောင့်တစ်ယောက်နှင့် ရင်ဆိုင်တိုးမိလေသည်။ ထိုအစောင့်သည်ကား အချုပ်သားများအတွက် တစ်ဦးတည်းသော အစောင့်ဖြစ်ပေသည်။ အချုပ်သားများကို လွန်စွာတန်ဖိုးထားကြလေသည်တကား။

အစောင့်သည် လုကျန်းအား တွေ့သည်နှင့် ထိုင်ရာမှ ထလာပြီး အော်ငေါက်မေးမြန်းလေ၏။

"ခင်ဗျား ဘယ်သူလဲ .... ဒီကို ဘာလာလုပ်တာလဲ ...."

လုကျန်းက ရယ်မောကာ ....

"ကျုပ်နာမည် လုကျန်း .... မင်းတို့ မတရားချုပ်နှောင်ထားတဲ့ လူတွေကို လာကယ်တာ ...."



စကားဆုံးသည်နှင့် လုကျန်းသည် ထိုလူအား အကြောထိုးပိတ်လိုက်လေတော့သည်။

ထိုသူခမျာ အသံမထွက်နိုင်ဘဲ ဝုန်းခနဲ လဲကျသွားလေတော့၏။

လုကျန်းက အစောင့်၏ခန္ဓာကိုယ်၌ ရှာဖွေကြည့်လိုက်ရာ သော့တွဲတစ်ခုကို တွေ့ရှိရသည်။

သော့တွဲကို ဖြုတ်ယူပြီး တွေ့ရှိသမျှ တံခါးပေါက်များကို လိုက်ဖွင့်တော့၏။

တံခါးသုံးလေးချပ်မျှဖွင့်ပြီးမှ မြေတိုက်ခန်းသို့ဆင်းသည့် တံခါးကို ရှာဖွေတွေ့ရှိသွားသည်။

လုကျန်းသည် အချိန်ဆွဲမနေတော့ဘဲ မြေတိုက်ခန်းအတွင်းသို့ ပြေးဆင်းသွားသည်။

မြေတိုက်ခန်းထဲသို့ရောက်လျှင် လူငါးဆယ်ခန့်အား ဖမ်းဆီးချုပ်နှောင်ထားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

## အခန်း(၁၁)

## လူ့သဘော၊ လူ့မနော

တုတုချင်း၏မျက်နှာသည် ပြုံးရွှင်နေ၏။

လုကျန်း၏စွမ်းဆောင်ချက်ကြောင့် ဆပ်ကပ်အဖွဲ့သားများ လွတ်မြောက်လာကြပြီဖြစ်ပါသည်။

လွတ်မြောက်လာသူများအနက် တုတုချင်းနှင့် စေ့စပ်ထားသော ပုရှမ်းလည်း ပါလာသည်။

တုတုချူးကား လုကျန်းအား ချီးကျူးမဆုံးတော့ချေ။

လုကျန်းသည် လူငါးဆယ်ခန့်အား အတော်ခက်ခက်ခဲခဲ ခေါ်ထုတ်လာရခြင်းဖြစ်သည်။

သူကရှေ့မှ ဦးဆောင်ထွက်ကာ လမ်း၌တွေ့သမျှအစောင့်များကို တိုက်ခိုက်သွေးကြောပိတ်ထားနိုင်ခဲ့သဖြင့် အားလုံးလွတ်လွတ်ကျွတ်ကျွတ်ထွက်လာနိုင်ခဲ့ခြင်း**ဖြစ်သည်**။

မြို့စွန်တည်းခိုခန်း**သို့ရောက်အောင်** လူငါးဆယ်ကျော် တစ်ပြိုင်နက် ခေါ်ဆောင်သွား**ရန် မလွယ်ကူ**ချေ။ ထို့ကြောင့် လမ်းတွင်



အချို့လူများကို ထားပစ်ခဲ့လေ၏။

ထိုလူများကို လမ်းနံဘေးတွင် ခရီးသွားများပမာ မယောင်မလည် လှုပ်ရှားသွားလာနေရန် ညွှန်ကြားခဲ့ပေသည်။

ဖမ်းဆီးခံနေရချိန်၌ နှိပ်စက်ခံထားရသူများ၊ နေထိုင်မကောင်းသူများကို ဦးစားပေးကာ တည်းခိုခန်းသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ဆပ်ကပ်အဖွဲ့သားများအား ကယ်တင်ပြီးသည်နှင့် သူ၏တာဝန်ကျေပွန်ပြီဖြစ်ကြောင်း လုကျန်းနားလည်**လိုက်သည်**။

ဆပ်ကပ်အဖွဲ့သားများနှင့် တုတု**ချူးတို့သားအဖ**ကို ကွမ်းကြိုးလု ဒုက္ခမပေးနိုင်စေရန် ဟန့်တားဖို့သာ **ကျန်ပေတော့သည်**။

ထို့အပြင် တုတုချူးအား သူ၏လူများကို ခေါ်ဆောင်ကာ ဉာဏ်မြို့ကလေးမှ အမြန်ဆုံးထွက်သွားရန် တိုက်တွန်းသည်။

သူငွေးကြီးဝမ်ထံမှ ယူဆောင်လာသော ငွေများဖြင့် ညတွင်းချင်းပင် လှည်းနှင့် မြင်းလှည်းများလိုက်ရှာဝယ်ယူလိုက်သည်။

ထို့နောက် တုကုချူးဦးဆောင်သည့် ဆပ်ကပ်အဖွဲ့သည် ဂူပိမြို့ကလေးအတွင်းမှ အမြန်ဆုံးထွက်ခွာသွား၏။

လုကျန်းကား .... တုတုချင်းအတန်တန်ခေါ်ထုတ်နေသော်လည်း လိုက်မသွားချေ။

သူ့တွင် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စအများအပြားရှိနေသေးသည် မဟုတ်ပါလား။

တုတုချူးတို့ **အန္တရာယ်ကင်း**ရှင်းစွာ ထွက်ခွာနိုင်**ပြီဟု ယုံ**ကြည်လျက် ဂူပိစားသောက်ဆိုင်သို့ ဦးတည်ထွက်လာခဲ့**လေတော့**သည်။ ဂူပိစားသောက်ဆိုင် ....

ဂူပိစားသောက်ဆိုင်၌ နေ့ဘက်နှင့်မခြား **မီးရောင်ထိန်ထိန်**လင်းနေသည်။

ဖွန်းသံ၊ ပန်းကန်သံများ၊ ရယ်မောသံများ ဆူညံစွာ ထွက်ပေါ်နေသည်ကို လမ်းပေါ်မှပင် အတိုင်းသားကြားနေရသည်။

လုကျန်းသည် ဂူပိစားသောက်ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ကွမ်းကြိုးလုသည် ဆပ်ကပ်အဖွဲ့သားများ လွတ်မြောက်သွားကြောင်းကို သိပုံမရသေးချေ။

အကယ်၍ သိရှိသွားပါက တစ်မြို့လုံးကို ပိုက်စိပ်တိုက်လိုက်ရှာဖွေတော့မည် မဟုတ်ပါလား။

ဆပ်ကပ်အဖွဲ့သားများ လွတ်မြောက်သွားသော်လည်း လူယုတ်မာ ကွမ်းကြိုးလုအား ဆုံးမရန် လိုအပ်သေးသည်ဟု ယူဆပြီး လုကျန်းက နေရစ်ခဲ့ခြင်းဖြစ်သည်။

မဟာမိတ်ဖွဲ့သည့် အခမ်းအနားသည် တော်တော်နှင့်ပြီးစီးမည့်ပုံမရချေ။

လုကျန်းက ဝင်ရောက်သွားပြီး ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်သည်။

ဂူပိစားသောက်ဆိုင်ရှေ့သို့ ခပ်တည်တည်လျှောက်သွားလိုက်သည်။

ဆိုင်အပေါက်ဝသို့ရောက်လျှင် ဧည့်ကြိုများက ....

"ကြွပါ .... ကြွပါ ...."

ဟူ၍ ပျူပျူငှာငှာ ကြိုလိုက်ကြသည်။

သူ့အား မုန်တိုင်းဂိုဏ်း သို့မဟုတ် နဂါးအာမခံဌာနမှလူဟု ထင်မှတ်သွားပုံရ၏။

လုကျန်းလည်း အလိုက်အထိုက်ပြုံးပြပြီး အတွင်းဘက်သို့ ဝင်ခဲ့သည်။



အတွင်းဘက်၌ အလွန်ခမ်းနားကြီးကျယ်စွာ ပြင်ဆင်ထားသည်ကို တွေ့မြင်ရသည်။

ခန်းမကျယ်အတွင်း လူများပြည့်ကျပ်နေသည်။

မဟာမိတ်ဖွဲ့သည့်ပွဲ ပြီးဆုံးသွားဟန်လည်း ရှိသည်။

ခန်းမတစ်ဖက်တွင် သီးသန့်စားပွဲတစ်လုံးရှိပြီး လူလေးငါးယောက်ထိုင်ကာ တဝါးဝါးတဟားဟား ရယ်မောကာ စားသောက်နေကြလေသည်။

ထိုလူစုအတွင်း၌ မုန်တိုင်းဂိုဏ်းချုပ်နှင့် ကွမ်းကြိုးလုတို့ပါဝင်မည်ဖြစ်ကြောင်း လုကျန်း ရိပ်မိလေသည်။

သို့သော် .... ကွမ်းကြိုးလုမှာ မည်သူမည်ဝါဖြစ်ကြောင်း သူမသိပါချေ။

ဧည့်ကြိုများက နေရာချထားပေးသဖြင့် လုကျန်းလည်း စားပွဲတစ်လုံး၌ နေရာရခဲ့လေသည်။

ထိုစားပွဲ၌ လူလေးယောက်ထိုင်နေကြသည်။

ထိုလူများသည် သန်မာထွားကျိုင်းပြီး အစိမ်းရောင်ဝတ်ဆင်ထားသူဖြစ်ကြသည်။

မျက်နှာနီရဲနေသည်ကိုကြည့်ရခြင်းအားဖြင့် အရက်အတော်ကလေးမူးနေပြီဖြစ်ကြောင်း သိနိုင်ပေသည်။

လုကျန်းအား တစ်ချက်ကြည့်လိုက်ပြီး စကားဆက်ပြောနေကြသည်။

တစ်ယောက်က ....

"ကွမ်းကြိုးလုဟာ လူတော်တစ်ယောက်ပဲ သူ့ရဲ့နဂါးအာမခံဌာနဟာ အတော်ကလေး နာမည်ကျော်ကြားလာပြီ၊ အခုလို မုန်တိုင်းဂိုဏ်းနဲ့ ပေါင်းလိုက်တော့ ပိုပြီးကျော်ကြားလာနိုင်တာပေါ့ .... "

"**ဟုတ်တယ်** .... မုန်တိုင်းဂိုဏ်းမှာ .... သိုင်းပညာရှင်တွေ **အတော်များများ**ရှိနေတာကို သူသိတယ်လေ .... ဒါကြောင့် မိတ်ဆွေ**ဖွဲ့တာပေါ့** ....အရေးအကြောင်းရှိရင် မုန်တိုင်းဂိုဏ်းရဲ့အကူအညီကိုရမယ် **မဟုတ်လား** ...."

"မုန်တိုင်းဂိုဏ်းချုပ်ဝင်းယို့နန်ဟာ ကွမ်းကြိုးလု**ထက်** ပိုပြီး **ကြောက်စ**ရာကောင်းတဲ့လူပဲ .... သူက ဘာကြောင့် **ကွမ်းကြိုးလု**ကို **အရေးပေးဆက်ဆံ**ရတာလဲ ...."

"ဒါ အကြောင်းရှိတယ်လေ .... ငွေရေး**ကြေးရေးကျ**တော့ ကွမ်းကြိုးလုက ပိုပြီးချမ်းသာတယ် မဟုတ်လား .... **တစ်ယောက်**နဲ့တစ်ယောက် အပြန်အလှန် ကူညီနိုင်တဲ့ သဘောပေါ့ ...."

တစ်ယောက်က အသံတိုးတိုးဖြင့် ....

"ကျုပ်သတင်းတစ်ခုကြားထားတယ် .... ဝင်းယို့နန်ကို မင်ဖုံးဆိုတဲ့လူငယ်လေးတစ်ယောက်က စိန်ခေါ်ထားတယ်ဆို ...."

"ဟုတ်တယ် .... ဟုတ်တယ် .... မင်ဖုံးဟာ အခုနှစ်ပိုင်းမှာ **အတော်**ကျော်ကြားလာတာပဲ .... ဘီလူးထောင်နဲ့ ငရဲရေကန်လည်း **သူ့လက်**ချက်ကြောင့် ပြိုကွဲသွားရတယ်လို့ ပြောတယ် ....သူက ဝင်းယို့**နန်**ကော ကွမ်းကြိုးလုကိုပါ ဆုံးမမယ်လို့ ကြုံးဝါးထားသတဲ့ .... ဒါ**ကြောင့် သူ**တို့ အချင်းချင်းမဟာမိတ်ဖွဲ့လိုက်ကြတာပေါ့ ...."

**ထို**စကားကိုကြားလျှင် လုကျန်း အလွန်စိတ်ဝင်စားသွားလေ**သည်။**

မင်ဖုံးနှင့် ဝါးရီတို့၏သတင်းကို ပထမဦးဆုံးအကြိမ် ပြန်လည်**ကြားသိလိုက်ရပြီ** မဟုတ်ပါလား။

လုကျန်း စိတ်ဝင်စားစွာဖြင့် ဆက်ပြီးနားစွင့်နေလိုက်လေ**သည်။**



"မင်ဖုံးဟာ သက်တန့်အဘိုးအိုရဲ့ တပည့်လို့ပြောပြီးတော့ .... သူ့ဆီမှာ သံမဏိလက်ဝါးရှိတယ်လို့လည်း ပြောတယ် ...."

"ဘာ .... သံမဏိလက်ဝါး ဟုတ်လား ...."

"ဟုတ်တယ် .... **သံမဏိ**လက်ဝါးအကြောင်းလည်း ခင်ဗျားတို့ ကြားဖူးကြသားပဲ ...."

"အင်း **....သံမဏိလက်ဝါး**ရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ပြီဆိုရင် .... သူ့ကိုယှဉ်**နိုင်တဲ့သူရှိ**တော့မှာ မဟုတ်ဘူး ...."

"ဒါကြောင့် ....ဝင်းယို့နန်နဲ့ ကွမ်းကြိုးလုတို့ ပူးပေါင်းကြတာပေါ့ ....ပြီးတော့ သူတို့က တခြားသိုင်းသမားကြီးတွေကို အကူအညီတောင်းထားသေးတယ် ....ဟော ပြောရင်းဆိုရင်း ကွမ်းကြိုးလုတောင် ထိုင်ရာကနေ ထနေပြီ .... သူက ဝင်းယို့နန်ကို နဂါးအာမခံဌာနကို ခေါ်သွားမယ်ထင်တယ် ...."

လုကျန်း ကပျာကယာဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအခါ ခန်းမတစ်ဖက်ထိပ်ရှိ စားပွဲမှ အနီရောင်ဝတ်ဆင်ထားသူတစ်ယောက် မတ်တတ်ရပ်လိုက်သည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ အသက်လေးဆယ်ကျော်ခန့်ရှိပြီး မျက်နှာတွင် ကျောက်ပေါက်ရာ အမာရွတ်များရှိနေသူဖြစ်သည်။

အဝေးကကြည့်ရသည်မှာပင် ထင်ရှားစွာတွေ့မြင်နိုင်ပြီး ရုပ်**ဆိုးသူဖြစ်**ကြောင်း သိနိုင်သည်။

မရှေးမနှောင်းတွင် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသူတစ်ယောက် မတ်တတ်ရပ်လာ၏။

ထိုလူသည် အစိမ်းရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူ၏မုတ်ဆိတ်မွေးများသည် ရင်ဘတ်သို့တိုင်အောင် ရှည်လျားစွာ ကျနေသည်ကို တွေ့မြင်ရသည်။

ပထမလာသော ကျောက်ပေါက်မာနှင့်လူမှာ ကွမ်းကြိုးလု ဖြစ်ပြီး၊ နောက်မှထလာသော မုတ်ဆိတ်မွေးနှင့်လူမှာ ဝင်းယို့နန်ဖြစ်ကြောင်း လုကျန်းမှတ်သားထားလိုက်လေသည်။

သူတို့နှစ်ယောက် မတ်တတ်ရပ်လိုက်သည်နှင့် ခန်းမအတွင်းရှိ သူများအားလုံး မတ်တတ်ရပ်လိုက်ကြ၏။

လုကျန်းလည်း မတ်တတ်ရပ်လိုက်ရသည်။

ဝင်းယို့နန်နှင့် ကွမ်းကြိုးလုတို့သည် မည်သူ့ကို မည်သူမျှ နှုတ်မဆက်ဘဲ ခန်းမအတွင်းမှ ယှဉ်တွဲကာ ထွက်သွားကြသည်။

သူတို့နှစ်ယောက် ခန်းမအပြင်ဘက်သို့ ရောက်လုရောက်ခင် အချိန်၌ ....

"ဟား .... ဟား .... ဟား ...."

ရုတ်တရက် ကျယ်လောင်သော ရယ်မောသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် ....

"အား ...."

"အွန့် ...."

"အမယ်လေး ...."

စူးရှသော အော်ဟစ်သံများပေါ်ထွက်လာပြီး အပေါက်ဝမှ လူသုံးယောက် အတွင်းသို့ လွင့်စဉ်လာသည်ကို တွေ့လိုက်ရ၏။

ကွမ်းကြိုးလုက ....

"ဘယ်သူလဲ ...."

အော်ငေါက်ရင်း ခုန်ထွက်သွား၏။

ဝင်းယို့နန်လည်း တုံ့ဆိုင်းနေခြင်းမရှိဘဲ လျှစ်တစ်ပြက် ခုန်ထွက်သွား၏။



သူတို့နှစ်ယောက် စားသောက်ဆိုင်အပြင်ဘက်သို့ ရောက်သွားကြလေသည်။

မမျှော်လင့်ဘဲ ရန်သူရောက်လာပြီဖြစ်ကြောင်း သိလိုက်ရသောအခါ ခန်းမအတွင်းရှိ လူအားလုံးလက်နက်ကိုယ်စီဆွဲထုတ်ကာ ပြေးထွက်သွားကြ၏။

လုကျန်းလည်း လူအုပ်နှင့်အတူ ရောနှောကာ ပြေးထွက်လာခဲ့လေတော့သည်။

စားသောက်ဆိုင်အပြင်ဘက်တွင် လူသူကင်းရှင်းနေသည်။

လုကျန်းအပြင်သို့ ရောက်သောအခါ လမ်းမပေါ်၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

နဂါးအာမခံဌာနမှလူများနှင့် မုန်တိုင်းဂိုဏ်းမှလူများသည် လမ်းမပေါ်တွင် ဟိုဟိုသည်သည် ပြေးလွှားကာ ရှာဖွေနေကြသည်။

လုကျန်း သက်ပြင်းချလိုက်၏။

ယခုအချိန်သည် လူခွဲထွက်ရန် အကောင်းဆုံးအချိန်ဖြစ်ပေသည်။

သူသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း လမ်းချိုးအတွင်းသို့ ဝင်သွားပြီး အမှောင်ရိပ်တွင် ပုန်းကွယ်နေလိုက်သည်။

ကွမ်းကြိုးလုနှင့် ဝင်းယို့နန်တို့၏လူများသည် ဆူဆူညံညံပြောဆိုရင်း လမ်းမပေါ်တွင် ပြေးလွှားရှာဖွေနေကြ၏။

လုကျန်း အပြန်ပြန်အလှန်လှန်စဉ်းစားလိုက်သည်။

ကွမ်းကြိုးလုတို့အား မင်ဖုံးက ဆုံးမမည်ဟု ကြိမ်းဝါးထားခဲ့သည်။

သို့ဖြစ်ရာ ဂူပီစားသောက်ဆိုင်တွင် လာရောက်ရန်စခြင်းလည်း ဖြစ်နိုင်သည်။

သူတစ်ပါးအား မခန့်လေးစားပြုလုပ်တတ်သည်မှာ မင်ဖုံး အကျင့်ပင် မဟုတ်ပါလား။

လုကျန်းစဉ်းစားနေစဉ် ရုတ်တရက် ခပ်လှမ်းလှမ်းရှိ အိမ်တစ်လုံး၏ ခေါင်မိုးပေါ်မှ လူရိပ်တစ်ခု လှစ်ခနဲ ပြေးသွားသည်ကို တွေ့မြင်ရလေသည်။

လုကျန်း၏ခြေထောက်များ အလိုလိုလှုပ်ရှားပြီးဖြစ်သွားလေသည်။

ချက်ချင်းပင် အနီးရှိသစ်ပင်တစ်ပင်ပေါ် ခုန်တက်လိုက်သည်။

တစ်ဖန် အနီးဆုံးအိမ်ခေါင်မိုးပေါ်သို့ ခုန်တက်ကာ အိမ်တစ်လုံးမှ တစ်လုံးကျော်ရင်း ပြေးလိုက်သွားလေတော့၏။

ရှေ့မှ လူရိပ်သည် မြို့တော်ဘက်ဆီသို့ ဦးတည်ကာ **ပြေးသွား**နေသည်။

ပေါ့ပါးသွက်လက်စွာ ပြေးသွားခြင်းဖြစ်ရာ ကိုယ်ဖော့ပညာ **အလွန်တော်ကြောင်း** သိသာနိုင်၏။

**လုကျန်းလည်း** ဥမ္မန်စိမ်းသင်ကြားပေးလိုက်သော ကိုယ်ဖော့ပညာကို **အသုံးပြုပြီး လိုက်သွား**၏။

မကြာမီ ရှေ့မှလူရိပ်ကို မီလာသည်။

ရှေ့မှလူရိပ်သည် သူလိုက်လာခြင်းကို မရိပ်မိဘဲ ထ၍ပြေးသွားသည်။

အတော်ဝေးဝေးသို့ ရောက်လျှင် အောက်ဘက်သို့ ခုန်ဆင်းလိုက်သည်။

လုကျန်းလည်း နောက်မှလိုက်သွားပြီး အောက်ခုန်ဆင်းလိုက်သည်။

မြေပေါ်သို့ ခြေချမိသောအခါမှ ပြေးသွားသော လူရိပ်သည်



လုကျန်းလိုက်လာသည်ကို ရိပ်မိသွားသည်။

ထိုအခါ ချက်ချင်းပင် အနောက်သို့ လှည့်ကာ လက်နှစ်ဖက် ဖွေ့ယမ်းလိုက်၏။

အလင်းရောင်များ ထွက်ပေါ်လာပြီး လက်နက်ပုန်းကလေးများ လေထုကို ထိုးခွဲကာ ပစ်လွှင့်လာလေသည်။

လုကျန်းရင်ထိတ်သွားပြီး အင်္ကျီလက်ရှည်ဖြင့် ခတ်ထုတ်လိုက်သည်။

"ထောက် .... ထောက် .... ထောက် ...."

လက်နက်ပုန်းကလေးများ မြေပေါ်သို့ ကျသွားလျှင် ထိုလူရိပ်သည် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ချာခနဲလှည့်ကာ ပြေးသွားပြန်၏။

"ရပ်လိုက်စမ်း ...."

လုကျန်း အော်ငေါက်ကာ နောက်မှထက်ကြပ်မကွာ ပြေးလိုက်သွားသည်။

ယခုတစ်ကြိမ် သူကပို၍ လျင်မြန်သော အဟုန်ဖြင့် ပြေးလိုက်သွားခြင်းဖြစ်သည်။

ထို့ကြောင့် တစ်ခဏအတွင်းမှာပင် ရှေ့မှပြေးနေသူကို မီသွား၏။

ထိုလူသည် ပြေးမလွတ်မှန်းရိပ်မိသည်နှင့် လျှပ်တစ်ပြက်နောက်သို့လှည့်ကာ တိုက်ခိုက်လိုက်သည်။

ယင်းသို့ တိုက်ခိုက်လာမည်မထင်မှတ်သည့်အတွက် လုကျန်း **ထိတ်လန့်သွား**၏။

ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း **နောက်ကျသွား**ချေပြီ။

လက်ဝါးတစ်ဖက်ကို ရှေ့ဆန့်ထုတ်ကာ တိုက်ခိုက်မှုကို ခုခံကာကွယ်လိုက်ရသည်။

လက်ဝါးနှစ်ဖက် ရင်ဆိုင်တွေ့သည်နှင့် ....

"ဝုန်း ...."

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာသည်။

ထိုလူရိပ်မှာ ခန္ဓာကိုယ်ယိမ်းယိုင်ကာ ခြေသုံးလေးလှမ်းမျှ နောက်ဆုတ်သွားရလေသည်။

လုကျန်းကား နေရာတွင်ပင် မြဲမြံစွာ ရပ်နေနိုင်ခဲ့၏။

ထိုလူငယ်အတွင်းအား ပြည့်ဝခြင်းမရှိသေးကြောင်းလည်း ရိပ်မိလိုက်လေသည်။

ထိုလူက ....

"သေပေတော့ ...."

အော်ငေါက်ရင်း ထပ်မံတိုက်ခိုက်လာသည်။

ပတ်ဝန်းကျင်တွင် အလင်းရောင်သဲသဲကွဲကွဲ မရှိပါချေ။

အမှောင်ရိပ်ထိုးကျနေရာ တစ်ယောက်၏မျက်နှာ တစ်ယောက် ကောင်းစွာ မမြင်တွေ့ရပါချေ။

သို့သော် ငေါက်သံကြားရလျှင် ထိုလူမှာ မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း လုကျန်း နားလည်သွား၏။

ထိုမိန်းကလေး၏အသံကို ကြားဖူးသည်ဟုလည်း ထင်မိ၏။

ထို့ကြောင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

မိန်းကလေးက အံတင်းတင်းကြိတ်ရင်း .... ထပ်မံတိုက်ခိုက်လိုက်ပြန်၏။

လုကျန်း ရှောင်တိမ်းရင်း ,....



"မိန်းကလေး မင်းဘယ်သူလဲဆိုတာ ပြောစမ်း ...."

အော်မေးလိုက်၏။

သူ၏စကားကြားမှ မိန်းကလေးပိုပြီးဒေါသထွက်လာဟန်ဖြင့် ပြင်းထန်စွာ ဖိ၍တိုက်ခိုက်လေသည်။

ရှောင်ရင်းတိမ်းရင်းမှ လုကျန်းက ....

"မိန်းကလေးကို ကျုပ်က လူမှားမှာ စိုးရိမ်လို့ မေးနေတာပါ ....မိန်းကလေးနာမည် ဘယ်သူလဲပြောပါ ...."

ထပ်ပြောလိုက်သည်။

မိန်းကလေး နှာခေါင်းရှုံ့ကာ ....

"ဟွန့် ....လူယုတ်မာတွေရဲ့ နောက်လိုက်ခွေးက ကြီးကြီးကျယ်ကျယ် ကျွန်မနာမည် ဘယ်တော့မှ မသိရဘူး မှတ်ထား ...."

သူမ၏တိုက်ခိုက်မှုသည် ကြောက်စရာကောင်းအောင် ပြင်းထန်လာသည့်အတွက် ရှောင်တိမ်းနေရုံမျှဖြင့် မလုံလောက်တော့ကြောင်း လုကျန်း စဉ်းစားမိသည်။ သို့ဖြစ်ရာ လက်ဝါးနှစ်ဖက်ဖြန့်ရင်း ဖမ်းချုပ်ရာတွင် အသုံးပြုသောသိုင်းကွက်များ ဖော်ထုတ်လိုက်လေသည်။

သူ၏သိုင်းကွက်ထုတ်ဖော် တိုက်ခိုက်လိုက်သည်နှင့်ချက်ချင်းပင် မိန်းကလေးသည် အနောက်အတော်ဝေးဝေးသို့ ဆုတ်သွားရ၏။

နောက်မဆုတ်လျှင် လုကျန်း၏လက်ထဲ၌ အဖမ်းခံရတော့မည်ဖြစ်ပေသည်။

မိန်းကလေး ထိတ်လန့်သွားပုံရ၏။

"ရှင် ....ရှင်က ဘယ်သူလဲ ...."

မိန်းကလေးသည် လုကျန်းက သူမအား ဒဏ်ရာအနာတရဖြစ်စေလို၍ ရှောင်တိမ်းတိုက်ခိုက်နေခြင်းဖြစ်ကြောင်း ရိပ်မိသွား၏။

လူဆိုးဘက်မှ မဖြစ်နိုင်ဟု ဆင်ခြင်မိသည့်အတွက် မေးလိုက်ခြင်းဖြစ်ပေသည်။

လုကျန်း သက်ပြင်းချကာ ....

"ကျုပ်မေးတာ မိန်းကလေးမဖြေပေမယ့် မိန်းကလေး မေးတာ ကျုပ်ဖြေပါ့မယ် .... ကျုပ်နာမည် လုကျန်းလို့ခေါ်ပါတယ်"

"ရှင် ...."

မိန်းကလေး၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူမ၏တိုက်ခိုက်မှုများသည် ချက်ချင်းရပ်ဆိုင်းသွားတော့သည်။

"လုကျန်း .... ရှင်က ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား...."

သူမ ဝမ်းသာအားရပြောလိုက်လျှင် လုကျန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

မိန်းကလေး မည်သူမည်ဝါဖြစ်ကြောင်း သိနိုင်ရန် ရှေ့တိုးကြည့်လိုက်၏။

မိန်းကလေးကလည်း မီးရောင်ထဲသို့ထွက်ကာ ရပ်လိုက်လေသည်။

ယခုမှ မိန်းကလေး၏မျက်နှာကို သဲသဲကွဲကွဲမြင်လိုက်ရသည်။

"ဟင် .... ယင်းလိမ်ပါလား ...."

လုကျန်း အံ့သြသွား၏။

မမျှော်လင့်သူတစ်ယောက်အား တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ခေါ်လိုက်မိသည်။

ယင်းလိမ်ဆိုသော မိန်းကလေးမှာ ပန်းနီဂိုဏ်း၏ပိုင်နက်အတွင်း သိကျွမ်းခဲ့ရသော မိန်းကလေးဖြစ်၏။ သူမ၏မိခင်လူမမာကြီးအား ပြုစုစောင့်ရှောက်နေသူဖြစ်၏။



ယင်းလိမ်တို့သားအမိ နေရာထိုင်ခင်းအတွက် ဒုက္ခရောက်နေစဉ် လုကျန်းက သူ၏အခန်းတွင် တည်းခိုခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ထိုကျေးဇူးကြောင့် ပန်းနီဂိုဏ်သို့သွားရာတွင် ယင်းလိမ်လိုက်လာခဲ့ခြင်းဖြစ်လေသည်။

ယင်းလိမ် သဘောကျစွာရယ်မောလိုက်သည်။

"ကျွန်မတို့ မတွေ့ရတာကြာပြီနော် .... ကျွန်မ ရှင့်ကိုအမြဲတမ်း သတိရနေတာ ....မင်ဖုံးရဲ့သတင်းကြားတော့ ရှင်လည်း ဒီပတ်ဝန်းကျင်မှာ ရှိနိုင်မယ်လို့ တွေးမိပြီး လိုက်လာခဲ့တာ ...."

လုကျန်း မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး .... မင်ဖုံးရဲ့သတင်းတွေက ထူးခြားနေလို့လား"

"ထူးတာပေါ့ .... ရှင် မသိဘူးလား ...."

"မသိဘူး ...."

"မသိတာဘဲ ကောင်းပါတယ် ...."

"ဘာဖြစ်လို့လဲ ...."

ယင်းလိမ် နှာခေါင်းရှုံ့ကာ ....

"သိရင် ရှင်နဲ့သူ ထိပ်တိုက်ရင်ဆိုင်နေရမှာမို့ပေါ့ ...."

လုကျန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ယင်းလိမ်အား နားမလည်နိုင်စွာကြည့်ကာ ....

"ကျုပ်တို့ရင်ဆိုင်ကြရမယ် ဟုတ်လား ...."

"ဟုတ်တယ် ....မင်ဖုံးဟာ လူဆိုးတစ်ယောက်ဖြစ်နေပြီရှင့်"

"ဟာ .... မဟုတ်နိုင်တာ .... သူက သူများအပေါ် အထင်သေးတယ် .... မထီမဲ့မြင်ပြုတတ်တာကလွဲရင် စိတ်ကောင်းရှိပါတယ်ဗျာ ....သူကိုယ်တိုင် လူဆိုးဂိုဏ်းတွေကို ဖြိုခွဲခဲ့သေးတာပဲ မဟုတ်လား"

ယင်းလိမ် ပခုံးတွန့်လိုက်သည်။

"ရှင်မယုံလည်း ကျွန်မ မတတ်နိုင်ဘူး .... မင်ဖုံးဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာတော့ ရှင်နားလည်ထားစေချင်တယ် .... လောကမှာ ရှင်လိုစိတ်ထားရှိတဲ့လူ အင်မတန်နည်းပါတယ် .... ရှင်လည်း .... နေရာတကာ သဘောကောင်းနေတာနဲ့ပဲ တစ်နေ့ ဒုက္ခတွေ့ဦးမယ် ...."

လုကျန်း ပြုံးလိုက်သည်။

"ကံတရားပေါ့ဗျာ .... အများအကျိုးဆောင်ရွက်ရင် ကျုပ်အသက်သေရမယ်ဆိုရင်လည်း ကျုပ် သေပျော်ပါတယ် ...."

"ရှင်သေပျော်ပေမယ့် ကျွန်မတို့ လက်မခံနိုင်ဘူးရှင့် .... ရှင်လို လူကောင်းတစ်ယောက်တွေ့ဖို့ မလွယ်ဘူး ...."

"ဟာ .... ကျုပ်သူငယ်ချင်း ဝါးရီလည်း ရှိပါသေးတယ်ဗျာ"

"ဟွန်း .... ဝါးရီအကြောင်းလည်း ကျွန်မ သိပြီးပါပြီ .... သူ့အဖေဟာ လူဆိုးဓားပြကြီးတစ်ယောက်ပဲရှင့် ...."

"အဖေနဲ့သား ဘာမှမဆိုင်ပါဘူးဗျာ ....ဒါထက် ခင်ဗျား ဝါးရီကိုကော တွေ့မိသေးလား ...."

ယင်းလိမ် ခေါင်းခါယမ်းလိုက်သည်။

"မတွေ့မိဘူးရှင့် ...."

"မင်ဖုံးကော ...."

"မင်ဖုံးက ဝင်းယို့နန်းနဲ့ ကွမ်းကြုံးလုတို့ကို စိန်ခေါ်တဲ့ကိစ္စ ရှင်မသိဘူးလား ...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

ထိုသတင်းကို ဝူပိစားသောက်ဆိုင်၌ သူကြားသိခဲ့ပြီဖြစ်သည်။

"ဒီကိစ္စတော့ သိပါတယ် ...."



"သူက အပျော်သဘောမျိုး လုပ်တာမဟုတ်ဘူးရှင့် ....အမှန်တကယ်ပဲ ကွမ်းကြုံးလုနဲ့ ဝင်းယို့နန်တို့ကို သုတ်သင်လိမ့်မယ် .... ဒါပေမယ့် ဘယ်နေ့ဘယ်ရက် ဘယ်အချိန်အထိဆိုတာ မပြောနိုင်သေးဘူး ...."

"ဒါဖြင့် စောစောက စားသောက်ဆိုင်မှာလာပြီး ရန်စသွားတာ မင်ဖုံး ဖြစ်နိုင်တာပေါ့ ...."

"ခစ် .... ခစ် .... ခစ် ...."

ယင်းလိမ် ရယ်မောလိုက်သည်။

"ရှင် မဆိုးဘူး ....ဒါပေမယ့် ရှင်ထင်တာ လုံးလုံးမဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ ...."

"ကျွန်မပေါ့ ...."

"ဗျာ ...."

"ကွမ်းကြုံးလုတို့ကို ရန်စလိုက်တာ ကျွန်မပေါ့ .... အခုဆိုရင် သူတို့ ပိုပြီးသတိထားနေကြလိမ့်မယ် .... မင်ဖုံးအတွက် မလွယ်တော့ဘူးပေါ့ .... သူတို့တစ်တွေ တိုက်ခိုက်ရင်း သေကုန်ရင်အေးတာပဲ"

ယင်းလိမ် မကျေမနပ်ပြောသောအခါ လုကျန်းမှာ မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။ ယင်းလိမ် စကားဆက်လိုက်သည်။

"ကျွန်မ ရှင်းရှင်းပြောရရင် မင်ဖုံးကို ကွမ်းကြုံးလုတို့ထက် ပိုပြီး မုန်းသေးတယ်ရှင့် ...."

လုကျန်း စိတ်မကောင်းဖြစ်သွားသည်။

ယင်းလိမ်အား အံ့သြစွာကြည့်ကာ ....

"ဘာဖြစ်လို့ ဒီလောက်တောင် မုန်းတီးစက်ဆုပ်နေရတာလဲဗျာ ...."

"မင်ဖုံးဟာ အရင်ကရှင်သိထားတဲ့မင်ဖုံးမဟုတ်တော့လို့ပေါ့"

"ဘယ်လိုများ ပြောင်းလဲသွားလို့လဲ ...."

"**ပြောင်း**လဲတာကဆန်းတယ် .... သူဟာ မိန်းကလေးတွေကို **အလွတ်မပေးတော့**တဲ့လူစားမျိုး ဖြစ်လာပြီရှင့် ...."

"**ဗျာ —**"

**လုကျန်း မျက်လုံး**ပြူးသွားလေသည်။

**ကြားလိုက်ရ**သောစကားကို သူ မယုံကြည်နိုင်ပါချေ။

"**အင်း ....ဒီ**သတင်း ကျုပ်ဘယ်လိုလုပ် ယုံကြည်ရမှန်းတောင် မသိတော့ဘူးဗျာ ...."

"ရှင် မယုံရင် ဝါးရီကိုလိုက်ရှာပြီး မေးကြည့်နိုင်ပါတယ်"

"ဟာ .... ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ .... ကျုပ်က မယုံလို့ မဟုတ်ပါဘူး .... အံ့သြလွန်းလို့ပါ ...."

"ကဲ .... ဒါတွေထားလိုက်ပါတော့လေ .... အခု ရှင် ဘယ်ကို သွားမလို့လဲ ...."

လုကျန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

အတော်ကလေး ညဥ့်နက်လာပြီဖြစ်သည်။

လမ်းဝက်၌ လူသွားလူလာမဆိုထားနှင့် လေလွင့်ခွေးများပင် မတွေ့ရချေ။

"ဒီတစ်ည တည်းခိုခန်းမှာ သွားပြီးနေမယ်လို့ စိတ်ကူးထားတာပဲ ...."

"ဒါဖြင့် .... ကျွန်မ နောက်လိုက်ခဲ့ပါ ...."

လုကျန်း မျက်မှောင်ကြုတ်ကာ ....

"ကျုပ်အတွက် **တာဝန်ပိုနေလိမ့်မယ်**ဗျာ ...."

"အို .... ဘာမှ**တာဝန်မကြီး**ပါဘူး .... ကဲ .... လာသွားကြစို့"

လုကျန်းသည် **ယင်းလိမ်နှင့်အတူ**ထွက်လာခဲ့၏။



နံနက်မိုးစင်စင်လင်းသည်နှင့် မင်ဖုံး၏သတင်းကို စုံစမ်းရန် ဆုံးဖြတ်ထားလိုက်သည်။

ယင်းလိမ်က သူမတည်းခိုနေသော တည်းခိုခန်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

တည်းခိုခန်းတွင် အခန်းတစ်ခန်းရလျှင် လုကျန်းလည်း တစ်ညတာ အနားယူရန်အတွက် နေရာလိုက်လံရှာဖွေစရာ မလိုအပ်တော့ပါချေ။

မင်ဖုံးနှင့် ဝါးရီတို့အကြောင်းတွေ ကြားရသော သတင်းများမှားယွင်းနေပါစေဟု ကြိတ်၍ဆုတောင်းနေမိပေတော့သည်။

## အခန်း(၁၂)

## ဒုက္ခပင်လယ်ဝေသူနှစ်ဦး

အဝေးမှကြက်တွန်သံများ ထွက်ပေါ်လာသည်။

အရှေ့ဘက်ဆီ အရုဏ်ဦး၏ရောင်ခြည်များထွက်ပေါ်လာပြီဖြစ်သည်။

မကြာမီ မိုးစင်စင်လင်းလေတော့မည်။

လုကျန်းသည် ဝါးရီနှင့် မင်ဖုံးတို့အကြောင်းတွေးကာအတော်ကလေး ညဥ့်နက်မှ အိပ်ပျော်သွား၏။

သို့သော် သူနိုးလာသောအခါ၌လည်း မိုးကောင်းစွာမလင်းသေးချေ။

အိပ်ရာထက်တွင် လူးလိမ့်ရင်း ဆက်ပြီးအိပ်မရတော့သည့်တွက် ခုတင်ပေါ်မှဆင်းကာ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ယင်းလိမ် အခန်းတံခါးပိတ်ထား၏။

ယင်းလိမ် အိပ်ပျော်နေဦးမည်ဖြစ်ကြောင်းတွေးမိရာ အနှောင့်အယှက်မပေးဘဲ တည်းခိုခန်းရှေ့သို့ ထွက်လာခဲ့သည်။



တည်းခိုခန်းရှေ့၌ ဆိုင်အလုပ်သမားတစ်ယောက်သည် လမ်းပေါ်မှ အမှိုက်သရိုက်များကို တံမြက်စည်းတစ်ချောင်းဖြင့် လှဲကျင်းနေ၏။

လုကျန်းလည်း အေးမြလတ်ဆတ်သောလေကို ရှူရှိုက်ရင်း တည်းခိုခန်းရှေ့တွင် လမ်းလျှောက်နေမိလေသည်။

ထိုစဉ် ....

လမ်းပေါ်၌ လူတစ်ယောက် ဖြတ်သွားသည်ကို သတိပြုလိုက်မိ၏။

လုကျန်း၏မျက်လုံးများ ပြူးကျယ်သွားသည်။

"ဟင် .... မင်ဖုံးပါလား ...."

လွှတ်ခနဲပြောလိုက်မိသည်။

ခပ်လှမ်းလှမ်းမှ ဖြတ်သန်းသွားသူမှာ မင်ဖုံးနှင့်အလွန်တူနေသည်ဟု ထင်မိသည်။

သူ၏စိတ်ထဲ၌ မွဲလမ်းနေခြင်းကြောင့်လောဟု တွေးကာမျက်လုံးပွတ်ကြည့်လိုက်သည်။

ထိုအချိန်တွင် မင်ဖုံးနှင့်တူသော လူမှာ အတော်ဝေးဝေးသို့ရောက်ရှိသွားပြီဖြစ်လေသည်။

လုကျန်းက တည်းခိုခန်းအပေါ်သို့ မော့ကြည့်လိုက်သည်။

ယင်းလိမ်ကား ယခုတိုင်မနိုးသေးချေ။

လုကျန်းက နောက်မှလိုက်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး တံမြက်လှည်းကျင်းနေသော ဆိုင်လုလင်ကလေးအား မှာကြားလိုက်လေသည်။

"ညီလေး .... ယင်းလိမ်ဆိုတဲ့အမျိုးသမီး နိုးလာရင် အစ်ကို မကြာခင်ပြန်လာမယ် .... ဘာမှစိတ်မပူပါနဲ့လို့ ပြောပေးပါ ...."

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ခင်ဗျာ .... ကျွန်တော် ပြောလိုက်ပါ့မယ် ...."

လုကျွန်းက ခပ်သွက်သွက်ကလေး လမ်းပေါ်ပြေးထွက်သွားသည်။

ထို့နောက် **မင်ဖုံးနှင့်တူသူနောက်သို့** ပြေးလိုက်သွားလေတော့သည်။

ထိုလူသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ပေ့ါပါးဖျက်လတ်သော ခြေလှမ်းများဖြင့် ခပ်သုတ်သုတ်လျှောက်သွားနေ၏။

လုကျွန်းက ခပ်လှမ်းလှမ်းမှ မယောင်မလည်ဖြင့် နောက်ယောင်ခံလိုက်သွားသည်။

ထိုလူက ရှေ့သို့ တစိုက်မတ်မတ်သွားနေ၏။

သူတို့နှစ်ယောက်က ရှေ့ဆင့်နောက်ဆင့် သွားရင်း အရှေ့ဘက်ဆီ၌ ရောင်နီသန်းလာချိန်တွင် နဂါးအာမခံဌာနဟူသော ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် ခြံဝင်းကြီးရှေ့သို့ ရောက်ရှိလာသည်။

မင်ဖုံးသည် နဂါးအာမခံဌာနခြံဝင်းအတွင်းသို့ ပေ့ါပါးစွာ ခုန်ဝင်သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

လုကျွန်း မနေသာတော့ဘဲ နောက်မှလိုက်ဝင်သွားရ၏။

ခြံဝင်းအတွင်းသို့ ခြေချမိသည်နှင့် မင်ဖုံးမှာပျောက်ခြင်းမလှပျောက်သွားသည်ကို တွေ့ရလေသည်။

လုကျွန်း ရင်ထိတ်သွားသည်။

ပတ်ဝန်းကျင်တွင် သေသေချာချာ ရှာဖွေကြည့်လိုက်သော်လည်း လုံးဝမတွေ့ရချေ။



ထိုစဉ် အဝေးမှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ထို့ကြောင့် သူသည် အလျင်အမြန် နံရံကိုခုန်ကျော်ကာ ပြန်ထွက်ရသည်။

အပြင်ရောက်လျှင် လုကျွန်း ချက်ချင်းပင် သစ်ပင်တစ်ပင်နောက်ကွယ်သို့ ပြေးဝင်ပုန်းခိုနေလိုက်ရသည်။

ခြေသံမှာ တစ်စထက်တစ်စ ကျယ်လောင်လာသည်။

"မင်းဘယ်ပြေးမလဲ ...."

**အော်ငေါက်သံ** ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

**လုကျွန်း** ထိတ်လန့်သွားသည်။

**ချက်ချင်းပင်** အသံထွက်ပေါ်လာရာဘက်ဆီသို့ မှန်းဆကာ ပြေးသွား၏။

မကြာမီ ....

တောလမ်းကလေးတစ်ဘက် တောအုပ်ထဲသို့ ရောက်သွား၏။

ထိုမှတစ်ဆင့် ချောက်ကမ်းပါးတစ်ခု**အနီးသို့ ရောက်ရှိသွား**သည်။

ချောက်ကမ်းပါးတစ်လျှောက် **လူတစ်ရပ်စနှံမြင့်သော** ကိုင်းပင်များ ဖုံးလွှမ်းလျက်ရှိနေပါသည်။

ကိုင်းပင်များအကြား တိုးဝှေ့ဝင်ပုန်းလိုက်ရသည်။

"ဟား .... ဟား .... ဟား ...."

ထိုစဉ် ကျယ်လောင်သော ရယ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုကျွန်းသည်း အသံထွက်ပေါ်လာရာဆီသို့ နီးသထက်နီးအောင် ချဉ်းကပ်သွားသည်။

မကြာမီ ....

ကိုင်းပင်များကို ဖြတ်ကာ ချောင်းစပ်သို့ရောက်လာသည်။

ချောင်းရေများ နောက်ကျိနေ၏။

ချောင်းစပ်တွင် သဲသောင်ပြင်ရှိနေသည်ကို တွေ့ရ၏။

ကိုင်းပင်များအကြားမှ တိုးထွက်ရန် ဟန်ပြင်လိုက်စဉ် သဲသောင်ပြင်မှ လူရိပ်များကို တွေ့လိုက်ရသဖြင့် မထွက်တော့ဘဲ အသာငြိမ်နေလိုက်သည်။

ကိုင်းပင်များကို အသာဖြဲကာ ချောင်းကြည့်လိုက်၏။ လူနှစ်ယောက်က တစ်ယောက်အား ဝိုင်းရံထားကြောင်း တွေ့လိုက်ရသည်။

ဝိုင်းရံထားခြင်းခံရသူမှာ ဖာထေးရာအပြည့်ပါသော အဝတ်အစားများ ဝတ်ဆင်ထားသူဖြစ်၏။

ထိုသူကိုတွေ့ရလျှင် လုကျွန်း မျက်လုံးပြူးကျယ်သွားပြီး ....

"ဟင် .... ဆရာ ...."

တအံ့တသြ တီးတိုးရေရွတ်လိုက်မိသည်။

မှန်ပေသည်။

ထိုလူမှာ သူ့အား သိုင်းပညာသင်ကြားခဲ့ပေးသော ဗေဒါကြီး ထင်းစုပင် ဖြစ်လေတော့သည်။

ထင်းစုအား ဝိုင်းရံထားသူနှစ်ယောက်အနက် တစ်ယောက်မှာ ချန်တိုင်ဖြစ်သည်ကို တွေ့ရ၏။

ကျန်တစ်ယောက်ကိုကား လုကျွန်း မသိချေ။

ချန်တိုင်က ထင်းစုကိုကြည့်ကာ သဘောကျစွာဖြင့် ရယ်မောနေ၏။

"ဟား .... ဟား .... ဟား .... ထင်းစု ဒီကနေ့ ကျုပ်တို့လက်ထဲက မင်းပြေးလို့ လွတ်နိုင်ဦးမှာလား ...."

ထင်းစုက ....

"ချန်တိုင် .... မင်းသိပ်လည်း ဘဝင်မမြင့်နဲ့ .... လျူစင်းသာ မပါရင် မင်း ဘာများတတ်နိုင်မှာလဲကွ .... မင်းသတ္တိရှိရင် ကျုပ်နဲ့ တစ်ယောက်ချင်း ယှဉ်ပြိုင်မလား .... လျူစင်း ကျုပ်ပြောတာ ခင်ဗျား ဘယ်လိုသဘောရသလဲ ...."

ဆေးတံကိုင်ထားသူအား လှမ်းမေးလိုက်သည်။

ဆေးတံကိုင်ထားသူ၏အမည်မှာ လျူစင်းဖြစ်သည်။

လျူစင်းက ခေါင်းညိတ်ကာ ....

"တစ်ယောက်ချင်း ယှဉ်ပြိုင်တာလည်း ကောင်းတဲ့အလုပ်ပဲ"

သူ၏စကားကြောင့် ချန်တိုင် မျက်နှာပျက်သွား၏။

လျူစင်းကိုကြည့်ကာ မကျေမနပ်ပြောလေသည်။

"လျူစင်း ခင်ဗျား ဘာသဘောလဲဗျ .... ကျုပ်ကို ကူညီမယ် ဆိုဗျ ...."

"ဟုတ်တယ်လေ .... မင်းကို ကူညီမှာပေါ့ ...."

"ဒါဖြင့် သူ့စကားကို ဘာဖြစ်လို့ ထောက်ခံရတာလဲ ...."

"သူပြောတာလည်း မဖြစ်နိုင်လို့လား ...."

"သူ ကျုပ်တို့လက်ထဲက ထွက်ပြေးချင်လို့ ပြောတာ ...."

ထင်းစုက အော်ပြောလိုက်သည်။

"လျူစင်း ခင်ဗျားလည်း သိုင်းသမားတစ်ယောက်ပဲ .... တစ်ယောက်သမားကို နှစ်ယောက်သမားက ဝိုင်းတိုက်တာ တရားသလား၊ မတရားသလား ဆုံးဖြတ်ပါ ...."

လျူစင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... မတရားဘူး ...."

"ဒါဖြင့် **သူနဲ့ကျုပ်** တစ်ယောက်ချင်းယှဉ်မယ် ...."

ချန်တိုင် **ကောက်ကျစ်စဉ်းလဲစွာ** ပြုံးလိုက်သည်။

လျူစင်းအားစိုက်ကြည့်ကာ

"သူက တစ်ယောက်ချင်းယှဉ်ပြိုင်ချင်တယ် ....ဒါမှ မတရားတယ်လို့ သတ်မှတ်ရင် ခင်ဗျားကိုယ်တိုင် သူနဲ့ယှဉ်တာကောင်းမယ်"

လျူစင်းနှင့် လှည့်ကာ ရန်တိုက်ပေးလိုက်သည်။

လျူစင်းက ....

"ဟုတ်တယ် ....တစ်ယောက်ချင်းယှဉ်တာ တရားတယ် .... ကျုပ်နဲ့ယှဉ်မယ် ...."

ပြောရင်း ရှေ့သို့လှမ်းထွက်လိုက်သည်။

သူတို့၏ပြောစကားများကို နားထောင်ရင်း လျူစင်းဆိုသူမှာ သိုင်းပညာထက်မြက်သော်လည်း ဉာဏ်ကောင်းပုံသူမဟုတ်ကြောင်း လုကျန်း ဆင်ခြင်မိသည်။

လျူစင်းသည် သူများပြောတိုင်း နားယောင်တတ်သောလူစားမျိုးဖြစ်ကြောင်း သူတွေးမိသည်။

**မှားသည် မှန်သည်** ရန်သူမိတ်ဆွေဟူ၍ မိမိဦးနှောက်ဖြင့်စဉ်းစားသူမဟု**တ်ချေ။**

လျူစင်း **ရှေ့ထွက်လာလျှင်** ထင်းစုက ....

"လျူစင်း **....ခင်ဗျား ဘာကြောင့်** ချန်တိုင်နဲ့ ပေါင်းရတာလဲဗျ .... ချန်တိုင်ဟာ **ဘယ်လိုလူစားလဲဆို**တာ ခင်ဗျားသိရဲ့လား ...."

လျူစင်း **မျက်မှောင်ကြုတ်**ကာ ....

"ချန်တိုင်က ဘာဖြစ်လို့လဲ ...."

"လူကောင်းမဟု ်လို့ပေါ့ ...."

လျူစင်း တွေ သွားသည်။



ချန်တိုင်က ....

"လျူစင်း ခင်ဗျား ဘေးဖယ်နေပါတော့ ....ကျုပ် သူ့ကိုရှင်းလိုက်မယ် .... ကျုပ်အခြေအနေမဟန်မှ ခင်ဗျားဝင်ပါ .... ကျုပ်ကိုယ်စားတိုက်ခိုက်ပါ .... ဒါဆို မိတ်ဆွေကို ကူညီရာရောက်ပါတယ် ...."

လျူစင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ကောင်းပြီ .... ကောင်းပြီ .... မင်းသဘောပဲ ...."

ချန်တိုင်က **ထင်းစုနှင့်** မျက်နှာချင်းဆိုင်လိုက်၏။

လျူစင်း **ကြားဝင်တိုက်ခိုက်**ခြင်း မပြုသည့်အတွက် ထင်းစုဝမ်းသာသွားသည်။

လျူစ**င်း၏သိုင်း**ပညာ လွန်စွာကြောက်စရာကောင်းသော်လည်း **စဉ်းစားဆင်ခြင်**ဉာဏ် နည်းပါးလှကြောင်း လုကျန်းက ရိပ်မိသည်။

ကလေးငယ်ပမာ စိတ်တည်ငြိမ်မှု မရှိချေ။

ချန်တိုင်က ထင်းစုအား စိုက်ကြည့်ကာ ....

"နန်းကုန်းကျင်ဟာ ကျုပ်နဲ့ရင်းနှီးတဲ့ လူတစ်ယောက်ပဲ .... ခင်ဗျား သူ့ကိုသွားသွားပြီး ဒုက္ခပေးတော့ ကျုပ်ကလည်း ခင်ဗျားကို ခွင့်မလွှတ်နိုင်ဘူး .... ကဲ .... သတိသာထားပေတော့ ...."

စကားဆုံးလျှင် လက်ဝါးရိုက်ထုတ်ရင်း စတင်တိုက်ခိုက်လိုက်လေသည်။

ထင်းစုကလည်း ပြန်လည်တိုက်ခိုက်လိုက်။

လျူစင်းက ပါဝင်တိုက်ခိုက်ခြင်းမပြုဘဲ တိုက်ပွဲကိုရပ်ကြည့်နေ၏။

ထင်း**စုနှင့် ချန်**တိုင်တို့ကား သူနိုင်ကိုယ်နိုင် ပြင်းထန်စွာယှဉ်ပြိုင်တိုက်ခို**က်နေ**ကြလေတော့သည်။

လုကျန်းသည် ထင်းစုအတွက် စိတ်ပူမိသည်။

ချန်တိုင်တစ်ယောက်တည်းကိုပင် အနိုင်ရရန် မလွယ်ကူမှန်း ရိပ်မိသည်။ ရှေ့ရှည်တိုက်ခိုက်သွားလျှင် ထင်းစု ရှုံးနိမ့်သွားမည်ကို သိလေသည်။ ထို့ကြောင့် ကိုင်းပင်များအကြားမှ ကျောက်ခဲကလေး များ ကောက်ယူလိုက်၏။

တစ်ဖန် လက်ထဲတွင် အသင့်ဆုပ်ကိုင်ထားပြီး အခွင့်အရေး ရသည်နှင့် ချန်တိုင်အား ပစ်ပေါက်လိုက်လေသည်။

"ဗြိုး ...."

နောက်ကျောဘက်မှ လေတိုးသံ ထွက်ပေါ်လာသောအခါ ချန်တိုင် ရင်ထိတ်ကာ ဘေးသို့ခုန်ရှောင်ထွက်သွားသည်။

ဤတွင် သိုင်းကွက်အနေအထား ပျက်သွားသည့်အတွက် ထင်းစု၏လက်ချက် မိသွား၏။

"ပုန်း ...."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး ချန် တိုင် အဝေးသို့လွင့်စင်သွားလေ၏။

သို့သော် သူက ချက်ချင်းရှေ့သို့ ပြန်လည်ခုန်ထွက်လာလေ သည်။ လုကျန်း ပုန်းနေသော ကိုင်းပင်များအကြားသို့ လှမ်းကြည့်ရင်း

"ဘယ်သူလဲ .... ထွက်လာခဲ့စမ်း ...."

အော်ငေါက်လိုက်သည်။ လုကျန်း မျက်လုံးပြူးသွားသည်။

တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ အသာငြိမ်နေလိုက်သည်။

မည်သူမျှ ထွက်လာခြင်း မရှိသည်ကို တွေ့ရလျှင် ချန်တိုင် ဒေါပွသွားပြီး ....

"ဟေ့ .... ထွက်လာခဲ့လို့ ပြောနေတာ မကြားဘူးလား"

အော်ငေါက်လိုက်သည်။



တစ်ဆက်တည်းပင် လျူစင်းဘက်သို့လှည့်ကာ ....

"ကိုင်းပင်တွေကြားထဲမှာ ပုန်းနေတဲ့လူရှိတယ် .... ဒါလေး တောင် ခင်ဗျား မသိဘူးလား .... သွားပြီး ဆွဲထုတ်လိုက်စမ်းပါ ...."

သူ၏စကားကြောင့် လျူစင်း ဒေါပွသွားသည်။

"ကျုပ်သိသားပဲ .... မင်းတို့ မယှဉ်ပြိုင်ခင်ကတည်းက သူ ရောက်နေတာ ...."

သူ၏စကားကြားလျှင် ချန်တိုင် ပါးစပ်အဟောင်းသားဖြစ် သွားသည်။

"ခင်ဗျား သိတယ်ဟုတ်လား ....သိလျက်သားနဲ့ ဘာကြောင့် လွှတ်ပေးရတာလဲဗျ ...."

"သူရောက်နေတာ ကျုပ်သိပြီးပြီပဲ .... သူ့ရဲ့ကိုယ်ဖော့ပညာ နဲ့ အဟွင်းအား ထိပ်ကန်းအဆင့် မရောက်သေးပါဘူး .... ဘာမှ ကြောက်စရာမရှိလို့ လွှတ်ပေးထားတာပေါ့ ....သူ့ကိုဖမ်းချင်ရင် လွယ် လွယ်ကလေး ဖမ်းလို့ရတာပဲ ...."

သူတို့အချီအချပြောနေကြသော စကားများကြားရလျှင် လုကျန်းမှာ ပုန်းကွယ်ရာမှ ထွက်ပြေးလိုစိတ်များပင် ပေါက်လာတော့ သည်။ သို့သော် ယခုအချိန်မှ ထွက်ပြေး၍လည်း အချည်းနှီးသာ ဖြစ် ကြောင်း နားလည်ထားသည်။

ချန်တိုင် မကျေမနပ်ဖြင့် ....

"ဘာပဲဖြစ်ဖြစ် .... သူ့ကိုဖမ်းလိုက်တာ ကောင်းမယ်ဗျ ...."

"မင်းသွားဖမ်းပါလား ...."

"သူ ထွက်ပြေးသွားလိမ့်မယ် ...."

လျူစင်းက ပခုံးတွန့်ပြလိုက်၏။

ချန်တိုင်က မကျေမနပ်ဖြင့် ပြောလိုက်၏။

"လျူစင်း ခင်ဗျားအတွက် သံမဏိလက်ဝါးရအောင် စွမ်းဆောင်ပေးမယ်ဆိုရင် ခင်ဗျား ကူညီမလား ...."

**လျူစင်း၏မျက်လုံးများ** အရောင်တဖိတ်ဖိတ် ဝင်းလက်**တောက်ပလာလေသည်။**

"**ထင်မင်းရဲ့သံမဏိ**လက်ဝါး သိုင်းလောကမှာ ပြန်လည်ထွက်ပေါ်လာပြီဆိုတဲ့သတင်း ကျုပ်ကြားပြီးပြီ .... ပြီးတော့ ထင်မင်းရဲ့သားနှစ်ယောက်လည်း သိုင်းလောကထဲမှာ ရှိတယ်လို့ သတင်းကြားတယ် .... ကဲ .... သံမဏိလက်ဝါးဘယ်မှာလဲ ...."

"ခင်ဗျားကူညီမှ ပြောနိုင်မယ် ...."

"ကောင်းပြီ ...."

စကားဆုံးသည်နှင့် လှုပ်ရှားလိုက်၏။

လျူစင်း လှုပ်ရှားလာသည်နှင့် လုကျန်းမှာ ပုန်းကွယ်ရာမှ ထွက်လိုက်သည်။ တစ်ဆက်တည်း သူ့ထံခုန်ဝင်လာသော လျူစင်အား တိုက်ခိုက်လိုက်၏။ သို့သော် လျူစင်းမှာ သူ့ရှေ့မှပျောက်သွား၏။

လုကျန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိတ်လန့်ကာ နောက်လှည့်ရန် ဟန်ပြင်လိုက်စဉ် သူ၏ဘစ်ကိုယ်လုံး လှုပ်ရှားမရအောင် ဖမ်းဆီးချုပ်နှောင်ခြင်း ခံလိုက်ရလေတော့သည်။

လျူစင်း တဟားဟားရယ်မောရင်း ....

"ဟောသည်မှာ ပုန်းနေတဲ့လူကို မိပြီဟေ့ ...."

ပြောရင်း သဲသောင်ပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။

"ဝုန်း ...."

လုကျန်းမှာ သဲသောင်ပြင်ပေါ်သို့ ခြေပစ်လက်ပစ်ကျသွား၏။



သဲမြေဖြစ်သဖြင့်သာ တော်တော့သည်။ အကယ်၍ သဲမြေမဟုတ်ပါက လုကျန်း ဒဏ်ရာအနာတရရသွားပေလိမ့်မည်။

လုကျန်းအားတွေ့လျှင် ထင်းစု ဝမ်းသာသွားသည်။

"ဟာင် .... မင်းကိုး ...."

လုကျန်း မသိဟန်ဆောင်ကာ **မေးလိုက်သည်။**

"ဟာ .... ဆရာ .... ဆရာဘယ်လိုလုပ် **သည်**ကိုရောက်နေတာလဲ ...."

ထင်းစုက ....

"ကျုပ်က နန်းကုန်းကျင်**ကို လိုက်တာပေါ့** .... နန်းကုန်းကျင်ကို မဲနေတုန်း သူရောက်လာလို့ **ရှောင်ထွက်ခဲ့တာ** .... အခုအထိ မလွတ်သေးဘူး ဖြစ်နေတယ် ...."

"ဆရာ သူ့ကိုမနိုင်ဘူးလား ...."

"ဘာဖြစ်လို့ မနိုင်ရမှာလဲ ...."

ချန်တိုင် ဒေါပွကာ ....

"ကောင်းပြီ .... ခင်ဗျား ကျုပ်ကို နိုင်တယ်ဆိုရင် ကြိုးစားကြည့်ဦးပေါ့ ...."

စကားဆုံးလျှင် လျှပ်တစ်ပြက်တိုက်ခိုက်လိုက်ပြန်၏။

ထင်းစုကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

လျူစင်းက လှမ်းပြောလိုက်သည်။

"ဟေ့ .... သံမဏိလက်ဝါးဘယ်မှာလဲ ပြောလေ ...."

ချန်တိုင် မဖြေမီ လုကျန်းက ကြားဝင်အဖြေပေးလိုက်သည်။

"ကျွန်တော် သိတယ် ...."

"မင်း သိတယ်ဟုတ်လား .... တကယ်နော် ...."

"စိတ်ချပါဗျာ .... သံမဏိလက်ဝါးဟာ ကျွန်တော့်မိတ်ဆွေ

လက်ထဲမှာရှိပါတယ် ....”

“မင်းသူငယ်ချင်းက ဘယ်သူလဲ ....”

“ဝါးရီလို့ခေါ်တယ် ....”

“ဩော် .... ဒါဖြင့် မင်းသူငယ်ချင်း ဘယ်မှာရှိတယ်ဆိုတာ ပြောပြမှပေါ့ .... ဒါမှ ကျုပ်လိုက်ရှာလို့ရမှာ ....”

“ဒါတော့ ကျွန်တော် မသိဘူးဗျ ....”

“မင်း ကျုပ်ကို ညာတာလား ....”

“မညာပါဘူး ....”

ထိုစဉ် ထင်းစုက ....

“လုကျန်း မင်းဘာတွေ ပြောနေတာလဲ .... ပါးစပ်ပိတ်ထားစမ်း ....”

ငေါက်လိုက်လေသည်။

လုကျန်း ခေါင်းငုံ့ထားလိုက်၏။

လျူစင်းက ....

“မင်းမပြောရင် ကျုပ် မင်းကို လွှတ်မပေးနိုင်ဘူး ....”

လုကျန်းလည်း ဒေါပွလာသည်။

“ခင်ဗျား မယုံလည်း မတတ်နိုင်ဘူး ....”

လျူစင်း ပခုံးတွန့်လိုက်၏။ ထိုအချိန်တွင် ....

“ဝုန်း ....”

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာသည်။

ထင်းစုသည် ချန်တိုင်နှင့် တိုက်ခိုက်ရင်း နောက်သို့ခုန်ဆုတ်လိုက်ရာ ချောင်းထဲသို့ ပြုတ်ကျသွားခြင်းဖြစ်၏။ ချောင်းထဲမှ ပြန်ပေါ်လာခြင်း မရှိချေ။

“ဆရာ .... ဆရာ ....”



လုကျန်း မည်သို့ပင် ခေါ်ပါသော်လည်း ထင်းစုကား ပြန်ပေါ်မလာတော့ပါ။

ချောင်းရေအောက်သို့ စုန်းစုန်းနစ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။ ချန်တိုင် ပြုံးလိုက်သည်။

သူ၏လက်ချက်ကြောင့် ထင်းစု သေဆုံးသွားပြီဟု ယုံကြည်သည်။ လုကျန်းတို့အနီးသို့ လျှောက်လာပြီး ....

“တစ်ယောက်ကို ရှင်းလိုက်ပြီ .... တစ်ယောက်ပဲ ကျန်တော့တယ် ....”

လျူစင်းက ....

“မင်းအတွက် ကျုပ် ဟာကွယ်ပေးမယ် .... ဝါးရီ ဘယ်မှာလဲ ပြော ....”

လုကျန်း ခေါင်းယမ်းလိုက်သည်။

“ကျွန်တော် လုံးဝမသိပါဘူးဗျာ ....”

“ဒါဖြင့် သူ့ဆီမှာ သံမဏိလက်ဝါး ရှိတယ်ဆိုတာ မင်းဘယ်လိုလုပ်သိတာလဲ ....”

လုကျန်းက စားသောက်ဆိုင်ကလေး၌ ဝါးရီနှင့်တွေ့ကာ မိတ်ဆွေဖွဲ့ခဲ့ပုံကို ပြောပြလိုက်သည်။

ထိုအခါ ချန်တိုင်က ....

“ဝါးရီဆိုတာ ကျုပ်သိပြီ .... သူဟာ ယက္ခကြီးဝါးရှောင်ရဲ့သားပဲဖြစ်ရမယ် ....”

သူ၏စကားကြားလျှင် လျူစင်း စိတ်ဝင်စားကာ

“အင်း .... သည်လောက်ဆို ရှာဖို့မခက်တော့ဘူး .... ကဲ .... တို့သွားကြစို့ ....”

“သွားကြတာပေါ့ .... သူ့ကိုဘယ်လိုလုပ်မလဲ ....”

"လွှတ်ပေးလိုက်တာပေါ့ ...."

"မဖြစ်ဘူး ....တော်ကြာ သူက ဝါးရိကိုသွားပြောရင် ...."

လျူစင်း တွေဝေသွားသည်။

လုကျန်းမှာ မလွှတ်မှန်းသိလျှင် လက်ဝါးတွင် အတွင်းအားစုစည်းကာ ချန်တိုင်အား တိုက်ခိုက်လိုက်၏။

ချန်တိုင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။ မကြာပါချေ။

"ဝုန်း ...."

ချန်တိုင်မှာ လက်ဝါးရိုက်ချက် ထိမှန်သွားပြီးနောက်ဆုတ်သွားရ၏။ ချန်တိုင်၏မျက်လုံးကြီး ပြူးထွက်လာ၏။

သူ့အား ဒဏ်ရာရအောင် တိုက်ခိုက်နိုင်သည့်အတွက် မယုံကြည်နိုင်အောင် ဖြစ်နေရသည်။ လျူစင်းမှာလည်း အံ့ဩနေသည်။

လုကျန်းအား ကြည့်ကာ ....

"မင်းကို ကျုပ်စိတ်ဝင်စားနေပြီ ....လွှတ်မပေးနိုင်တော့ဘူး"

လုကျန်း ဒေါပွသွားသည်။

"သေပေတော့ ...."

အခြေအတင်ပြောမနေတော့ဘဲ လက်ဝါးနှစ်ဘက်တွင် အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်၏။

လျူစင်းကလည်း တိုက်ခိုက်လိုက်၏။

ယှဉ်ပြိုင်တိုက်ခိုက်မိသည်နှင့် ....

"ဝုန်း ...."

လုကျန်းနောက်သို့ ခြေသုံးလှမ်းဆုတ်သွားရ၏။

လျူစင်းကား ခြေတစ်လှမ်းဆုတ်လိုက်သည်။

လျူစင်းက မဲ့ပြုံးပြုံးကာ ....

"မင်း မဆိုးဘူး ....သည်တစ်ခါ ကြိုးစားကြည့်ပါဦး ...."



ပြောရင်း ထပ်မံတိုက်ခိုက်လိုက်သည်။

လုကျန်း **အံကိုတင်းတင်းကြိတ်ကာ** အစွမ်းကုန် ခုခံလိုက်သည်။ **သို့သော်** ....

**"ဝုန်း ...."**

အသံတစ်ချက် ထွက်ပေါ်လာကာ လုကျန်းမှာ ဒယိမ်းဒယိုင်ဖြင့် နောက်သို့ဆုတ်သွားရ၏။ ခြေလှမ်းငါးလှမ်းမျှ ဆုတ်ပြီးလျှင် .... ချောက်ကမ်းပါးစပ်သို့ ရောက်သွား၏။

သို့တိုင် ခန္ဓာကိုယ်တည်ငြိမ်အောင် မထိန်းနိုင်ခဲ့သည့်အတွက်

"ဝုန်း ...."

ချောင်းရေထဲသို့ ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားလေတော့သည်။ လုကျန်း ကြိုးစား၍ စိတ်ကိုထိန်းချုပ်နေသည့်ကြားမှပင် ဦးခေါင်းမိုက်ခနဲဖြစ်ကာ သတိလစ်မေ့မြောသွား၏။

ထို့နောက် လူသေအလောင်းတစ်ခုသဖွယ် ချောင်းရေစီးအတိုင်း မျောပါသွားလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အချိန်မည်မျှကြာသွားမှန်းမသိ လုကျန်း သတိရလာသောအခါ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်နေလေတော့၏။

နှုတ်ခမ်းများ ကွဲအက်နေပြီး ရေအလွန်ဆာနေ၏။

မျက်ခွံများ လေးလံကာ မျက်လုံးဖွင့်မရချေ။

"ရေ .... ရေပေးပါ ...."

ယောင်ယမ်းညည်းညူလိုက်သည်။ မကြာမီ ....

ချိုမြသော ရေစက်ရေပေါက်ကလေးများ တစ်စက်ချင်းတစ်စက်ချင်း ပါးစပ်ထဲသို့ကျလာသည်။

"လူလေး သတိရလာပြီ ...."

ကရုဏာ လွှမ်းသည့်အသံ နားထဲသို့ တိုးဝင်လာလေသည်။

လုကျန်း၏မျက်လုံးများ တဖြည်းဖြည်း ပွင့်လာသည်။

ပထမဦးစွာ လူတစ်ယောက်၏ မျက်နှာကို ဝိုးတဝါးတွေ့မြင်လိုက်ရ၏။ တဖြည်းဖြည်း ကြည်လင်လာပြီး အဘိုးအိုတစ်ယောက်၏ မျက်နှာကို ပြတ်သားစွာ တွေ့မြင်ရလေတော့သည်။

"ဆရာ ...."

လုကျန်း လွတ်ခနဲအော်ခေါ်လိုက်သည်။

သူ့အား အပေါ်စီးမှ စိုက်ကြည့်နေသူမှာ ထင်းစုဖြစ်လေတော့သည်။

"ဟုတ်တယ် .... မင်း သတိရလာပြီလား ...."

"ဟုတ်ကဲ့ ဆရာ .... ကျွန်တော့်ကို ဘယ်လိုကယ်ခဲ့တာလဲ"

ထင်းစု ရယ်မောလိုက်သည်။

"ကျုပ်နေတဲ့ တောင်ခြေမှာ ရေကန်ကြီးရှိတယ်ဆိုတာ မင်းမေ့နေပြီလား ...."

"မမေ့ပါဘူး ဆရာ ...."

"အေး .... ကျုပ်က ရေထဲမှာ ဘယ်နည်းနဲ့မှ မသေနိုင်ဘူးဆိုတာ မင်း မှတ်ထားပေတော့ ....ချောင်းထဲကျသွားတော့ ရေစုန်ပြီး အေးလွှတ်ရာကို ကူးခတ်သွားတာပေါ့ ...."

လုကျန်း လူးလိမ့်ထလိုက်၏။

ထင်းစုအားကြည့်ရင်း ....

"ကျွန်တော်ကတော့ ဆရာတစ်စုံတစ်ခု ဖြစ်သွားပြီထင်လို့ စိုးရိမ်လိုက်ရတာ ...."

ထင်းစု ရယ်မောလိုက်သည်။

"ကျုပ်က မင်းကို စိတ်မချလို့ ခပ်လှမ်းလှမ်း သစ်ပင်ကြီး



တစ်ပင်နောက်ကွယ်ကနေ အကဲခတ်ကြည့်နေခဲ့တာ ....မင်း ဘယ်ဆိုးလို့တုန်း .... ကျုပ်တို့ သင်ပေးထားတဲ့ ပညာတွေကို ကောင်းကောင်း အသုံးချနိုင်ခဲ့တာပဲ ...."

လုကျန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... ချန်တိုင် ကျွန်တော့်လက်ချက်နဲ့ ဒုက္ခရောက်တော့မလို့ လျူစင်း ဝင်ကယ်လို့ပေါ့ ....နို့မဟုတ်ရင် မလွယ်ဘူး"

"အေး .... လျူစင်းကိုလည်း မင်းယှဉ်နိုင်ဖို့ သိပ်မခက်ဘူး၊ မင်းက အတွေ့အကြုံနည်းသေးတယ် ....ဉာဏ်ကိုလွှာပြီး မသုံးတတ်လို့ အမှန်ဆိုတော့ သူ့ကို သိုင်းကွက်ငါးဆယ်လောက်တော့ မင်းယှဉ်နိုင်မယ်လို့ ကျုပ်ခန့်မှန်းမိတယ် ...."

"ဗျာ ...."

လုကျန်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ထင်းစု ....

"မင်း .... သတိလစ်နေတုန်း သံမဏိလက်ဝါးအကြောင်း တတွတ်တွတ် ပြောနေတာပဲ .... အခု သိုင်းလောကတစ်ခုလုံးလည်း သံမဏိလက်ဝါးနောက်ကို သဲကြီးမဲကြီးလိုက်နေကြတယ် ...."

လုကျန်းသည် ဝါးရီအတွက် စိတ်ပူသွားသည်။

သံမဏိလက်ဝါးအား လိုချင်မက်မောသူများသည် ဝါးရီအား မရမနေ ရှာဖွေကြတော့မည် မဟုတ်ပါလား။

လုကျန်းက ထင်းစုကိုကြည့်ကာ ....

"ဆရာ ....ကျွန်တော် ဝါးရီဆီကို သွားချင်တယ် ....သူ ဒုက္ခတွေ့ရတော့မှာ အမှန်ပဲ .... သူ့ကိုသွားပြီး သတိပေးချင်တယ် .... ကူညီချင်တယ် ဆရာ ...."

ထင်းစု လက်ကာပြရင်း ....

"အဲသည်ကိစ္စထက် ပိုပြီးအရေးကြီးတဲ့ကိစ္စ ရှိသေးတယ်ကွ"

"ဗျာ .... ဘယ်လိုကိစ္စများလဲဟင် ...."

"လာ .... ငါ့နောက်လိုက်ခဲ့ ...."

လုကျွန်း ထိုင်ရာမှထလိုက်သည်။

ထို့နောက် ထင်းစုနောက်သို့ လိုက်သွားလေသည်။

ထင်းစုက ရှေ့မှလမ်းပြခေါ်ဆောင်သွား၏။

သူတို့သည် တောအုပ်တစ်ခုအတွင်းရှိ တဲကလေးတစ်လုံး၌ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ယခုမှ **သတိပြုမိလိုက်သည်**။ တဲအိမ်ကလေး အပြင်ဘက်နောက်လျှင် **တောလမ်းကလေး**တစ်ခုကို တွေ့ရ၏။

တောလမ်း**ကလေး၏ အရှေ့**ဘက် ခပ်လှမ်းလှမ်းတွင် .... အဆောက် အအုံများ **ရှိနေ၏။ ထင်းစု**က တောလမ်းကလေးအတိုင်း ထိုအဆောက်အအုံ ဆီသို့ ဦးတည်လျှောက်သွားလေတော့သည်။

ပထမပိုင်းပြီး၏

ဒုတိယပိုင်း–ဓာတ်သိမ်းကို ဆက်လက်ဖတ်ရှုပါ။

တက္ကသိုလ်နေလင်းအောင်